www.burmeseclassic.com

[illegible]

# မောင်သာမည

# ခေါင်းဆောင်နှင့်အတွေး

သာရွှေမန္တလေး စာပေအဆုပ်တိုက်
အမှတ် ၂၉၀/၆၊ ကုန်သည်လမ်း
မန္တလေးမြို့

www.burmeseclassic.com

# မာတိကာ


စုဆောင်းပြန်ဆိုသူ၏အမှာစကား ..... ၆

၁။ လူသားအားလုံးသို့ အထူးသဝဏ်လွှာ
(ဘလိုင်းပေါ်ဆာ) ..... ၁၀

၂။ အစနိဒါန်းလေလား အဆုံးနိဂုံးလေလား
(ဘားထရန်ရပ်ဆဲလ်) ..... ၁၆

၃။ သိပ္ပံပညာရှင်တို့လောကအမြင်
(အိုင်းစတိုင်း) ..... ၂၈

၄။ လွတ်လပ်မှုနှင့် တာဝန်
(ယာန်ပေါ်ဆာတ်) ..... ၄၀

၅။ နုတ်ယူသောလုပ်
(အဲလ်ဘာတ်ရှိုက်ဇာ) ..... ၅၄

၆။ ချစ်ခြင်းမေတ္တာနှင့် တန်ခိုးအာဏာ
(ရှုရှုကိုး) ..... ၅၈

၇။ ကျွန်ုပ်၏ဘောင်း
(ရာဗိန်ဒြာနတ်တာဂိုး) ..... ၆၀

၈။ ကမ္ဘာ့အိပ်မက်
(မာတင်လူသာကင်း) ..... ၈၄

၉။ လူ့ယဉ်ကျေးမှုပေါ်ထွန်းလာခြင်း
(လင်ယုတာန်) ..... ၁၀၈

၁၀။ စီးစီးဝပ်ဝပ်နေဖို့
(အဲလ်ဘာတ်ကာမျူး) ..... ၁၂၂

၁၁။ မတည်မြဲခြင်းအကြောင်း
(ဆစ်ဓမန်ဖရွိုက်) ..... ၁၃၄

၁၂။ ကာရျာ သိမ်မှာတဲ့ တခြားအသိ
(ကြိတာစီယမ်ပက်) ..... ၁၄၄

၁၃။ ပေါ်ဇီဆောင်
(တိုင်းဟီ) ..... ၁၅၈

## စုဆောင်းပြန်ဆိုသူ၏ အမှာစကား

သြဒပ်ဟပ်စလီ (ALDOUS HUXLEY) အမည်ရှိ စာရေးဆရာကြီးက "အတွေးအခေါ်မရှိသူမရှိ" ဟု ပြောကြားဖူးသည်။ လူတွင် ရုပ်ခန္ဓာကိုယ်ကြီးအပြင် စိတ်လည်းရှိသည်။ စိတ်၏ အလုပ်တစ်ခုမှာ တွေးခေါ်ခြင်းဖြစ်၏။ တွေးခေါ်ခြင်းဟူရာ၌ ကြံစည်စဉ်းစားခြင်း၊ ဆင်ခြင်ဝေဖန်ခြင်း၊ မျှော်ခေါ်တွက်ဆခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ခြုံငုံခြင်း အစရှိသည့် အလုပ်တို့ ပါဝင်သည်။ လူသည် သက်ဝင်လှုပ်ရှားနေသရွေ့ တွေးခေါ်နေရသည်။ တွေးခေါ်ပြီးမှသာ ယင်းအတွေးအခေါ်၏ ဦးဆောင်မှုအတိုင်း ပြောဆိုလုပ်ကိုင်ရသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ယင်းသို့တွေးခေါ်ရာ၌ သတိရှိရှိ တွေးခေါ်ခြင်းကား ဟုတ်ချင်မှဟုတ်မည်။ စနစ်ကျချင်မှလည်း ကျမည်။ ခြေခြေမြစ်မြစ် ခံယူထားသည့် အတွေးအခေါ်မျိုး မဟုတ်သဖြင့် ဟိုခုန်သည်ကူး ဟိုရောက်သည်ရောက် ပြောက်သောက်လည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ဖြစ်စေ တွေးခေါ်မှုနှင့်ကား ကင်း၍မရ။ အတွေးအခေါ်မရှိဘဲ ရှင်သန်လှုပ်ရှား၍ မရနိုင်။

လူသည် အချိန်နှင့်အမျှ ပြဿနာမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ စားဝတ်နေရေးဟူသည် အခြေခံ

ပြဿနာများမှအစ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးအဆုံး အရေးကိစ္စများ၏ စိန်ခေါ်မှုများကို တုံ့ပြန်နေရသည်။ လူအဖြစ်နှင့် ရှင်သန်လှုပ်ရှားရင်း ပြဿနာမျိုးစုံ၊ စိန်ခေါ်မှု ပေါင်းစုံကို ရင်ဆိုင်ဖြေရှင်းရသည့်အခါ အတွေးအခေါ်မှန်လျှင် မှန်သည့်အလျှောက် ပြဿနာ ပြေလည်ပြီး ချမ်းသာရာ ရသည်။ မှားလျှင် မှားသည့်အလျှောက် ပြဿနာ ပိုရှုပ်ထွေးပြီး ဆင်းရဲရသည်။

လူတစ်ဦးချင်းစီသာမက လူ့အဖွဲ့အစည်း၏ ဖြစ်စဉ်မှာလည်း ထိုနည်းတူပင် ဖြစ်ပါသည်။ လူမှုရေးသိပ္ပံပညာရှင် ဆိုရိုကင် (SOROKIN) က လူ့လောကကြီး၏ ကောင်းကျိုးဆိုးပြစ်အတွက် အဓိကကျသည်မှာ တွေးခေါ်မှုဆိုင်ရာစနစ်များဖြစ်သည်ဟု“ကျွန်တော်တို့ခေတ်၏ အကျပ်အတည်း (CRISSI OF OUR AGE)” ဟူသည့် စာအုပ်တွင် ရေးသားခဲ့သည်။ အတွေးအခေါ် စနစ်တစ်ခု ပေါ်ပေါက်ထွန်းကားလာလျှင် နိုင်ငံရေး၊ ဘာသာရေး ၊ စီးပွားရေး၊ စာပေအနုပညာ၊ ပန်းချီ၊ ဂီတ အစစတွင် ယင်းအတွေးအခေါ်စနစ်၏ ခြယ်လှယ်လွှမ်းမိုးမှု ခံရပုံကို ယင်းစာအုပ်၌ စာရင်းဇယားနှင့် ဖော်ပြထားသည်။ ယင်းအတွေးအခေါ်စနစ်ကြောင့် လူ့အဖွဲ့အစည်း၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေဖြစ်ရပုံကို အကျယ်တဝင့် ရေးသားထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထို့ကြောင့်

ပင်ဖြစ်သည်။ “အတွေးအခေါ်တို့သည် လောကကြီးကို စနစ်တကျ အုပ်ချုပ်ထိန်းသိမ်း ပေးနိုင်သကဲ့သို့ ကသောင်းကနင်းအဖြစ်သို့လည်း ပို့ဆောင်ပေးနိုင်သည်” ဟု အတွေးအခေါ်ပညာရှင် ကွန့် (COMTE) က ကောက်ချက်ချသည်။

ယနေ့ကာလ၌ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ယင်းနိုင်ငံ၏ အတွေးအခေါ်တို့နှင့်စပ်ဟပ်ပြီး ဝေဖန်သံများ ပိုမိုကျယ်လောင်လာသည်။ အနောက်နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် လစ်ဘရယ်ဒီမိုကရေစီ အတွေးအခေါ်ကြောင့်ဖြစ်လာရသည်ဟုလည်းကောင်း၊ ကွန်မြူနစ်နိုင်ငံများပြိုကွဲပျက်စီးရခြင်းသည် မာ့က်စ်ဝါဒ တရားသေအတွေးအခေါ်ကြောင့်ဟုလည်းကောင်း၊အာရှနိုင်ငံများ ကြွယ်ဝချမ်းသာလာခြင်းသည် အာရှတန်ဖိုးခေါ်ကွန်ဖျူးရှပ် အတွေးအခေါ်ကြောင့် ဖြစ်သည်ဟုလည်းကောင်း ကောက်ချက်ဆွဲလာသည်။ နိုင်ငံတစ်နိုင်ငံ၏ ဘဝအခြေအနေကို အတွေးအခေါ်ကဖန်တီးကြောင်းလက်ခံလာသည့်သဘောဖြစ်သည်။

အနှစ်ချုပ်လိုက်လျှင်တော့ လူတစ်ယောက်ချင်း၏ အတွေးအခေါ် မှန်ကန်ကောင်းမွန်နေဖို့၊ တိုးတက်ဖွံ့ဖြိုးနေဖို့ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းနှင့်လူ့ဘောင်လောက၏ အခြေခံယူနစ်မှာ လူတစ်ဦးချင်းပင်ဖြစ်ပေ သောကြောင့် လူ့အဖွဲ့အစည်းနှင့် လူ့ဘောင်လောက၏ အတွေးအခေါ်များ ဖွံ့ဖြိုး

www.burmeseclassic.com

တိုးတက်ရေးသည် လူတစ်ဦးချင်း၏ အတွေးအခေါ် တိုးတက်ဖွံ့ဖြိုးရေး၌ အခြေခံရမည်ဖြစ်သည်။ မိမိသည်ပင် လောကကြီး ဖြစ်ပေသည်ဟူသော ကရစ်သျှမူရတီး။ (KRISHNAMURTI) ၏ စကားကို အလေးအနက် ထားသင့်ပါသည်။

လူတစ်ယောက်အတွက် အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်ရေးမှာ လွယ်လွယ်နှင့် ဖြစ်နိုင်သည့် ကိစ္စမဟုတ်။ သို့သော် မဖြစ်နိုင်လောက်အောင် ခက်ခဲသည့်အလုပ်လည်းမဟုတ်။ ပထမဆုံး လိုအပ်သည့်အချက်မှာ မိမိဦးနှောက်၏တံခါးကို ဖွင့်ထားဖို့ဖြစ်သည်။ ဒုတိယအားဖြင့် ကြီးမြတ်သော ပညာရှင်များ၊ ပုဂ္ဂိုလ်များ၏ အတွေးအခေါ် တို့ကို ရှာဖွေစူးစမ်းဖို့ဖြစ်သည်။ ဤသို့ဖြင့် ဖွင့်လှစ်ထားသော ဉာဏ်တံခါးမှ ကြီးမြတ်သော အတွေးအခေါ်တို့ ဝင်လာနိုင်မည်ဖြစ်သည်။ မိမိ၏ ဦးနှောက်တံခါးကို ပွင့်ပွင့်လင်းလင်း ဖွင့်လှစ်ထားရေးမှာ မိမိကိုယ်တိုင်လုပ်ရမည့် အလုပ်ဖြစ်သည်။ ပုဂ္ဂိုလ်ကျော်တို့၏ အတွေးအခေါ်များကို တွေ့ရှိလေ့လာနိုင်ရေး အတွက်ကား နောက်စာမျက်နှာများကို လှန်လိုက်ဖို့ဖြစ်ပါသည်။

❁

www.burmeseclassic.com



[ဒလိုင်းလားမား (၁၉၃၅ –        ) သည် တိဘက်လူမျိုးတို့၏အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သည်။ ပထမဒလိုင်းလားမားကြီး၏ ဆယ့်လေးကြိမ်မြောက် လူဝင်စားအဖြစ် တိဘက်လူမျိုးတို့က ယုံကြည်ကိုးကွယ်ကြသည်။ ၁၉၈၉ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆု ရရှိသည်။ အထက်ပါဆောင်းပါးမှာ **LEADER** မဂ္ဂဇင်း နံပါတ်(၁)၊ အတွဲ (၁၅)တွင်ပါရှိသည့် **A SPECIAL MESSAGE FROM HIS HOLINESS THE DALAI LAMA** ကို ပြန်ဆိုထားခြင်းဖြစ်သည်။]

## လူသားအားလုံးသို့ အထူးသဝဏ်လွှာ

ကျွန်ုပ်သည် နေရာဒေသအမျိုးမျိုးသို့ ခရီးထွက်ရင်း ယဉ်ကျေးမှုချင်း၊ ဘာသာရေးချင်း၊ အယူဝါဒချင်း အလွန်ကွဲပြား ခြားနားကြသည့် လူသားတို့နှင့် တွေ့ကြုံရသည့်အခါ လူသားအချင်းချင်း ကွဲပြားခြားနားချက်သည် အကယ်စင်စစ် အပေါ်ယံကြောမျှသာ ဖြစ်ပါကလားဟု သဘောပေါက်မိပါသည်။ ထို့ကြောင့် ချစ်ခင်ခြင်း၊ ကြင်နာသနားခြင်း၊ လေးစားမြတ်နိုးခြင်း၊ သည်းခံခွင့်လွှတ်ခြင်းဟူသော ဗြဟ္မဟိုရ်တရားလေးပါးကို လေ့ကျက်ပွားများကြရန် အရေးကြီးကြောင်း ကျွန်ုပ်အမြဲတမ်း ဟောပြောနေခြင်း ဖြစ်ပါသည်။ အကြောင်းသော်ကား အနာဂတ် မျှော်မှန်းချက်နှင့် အစ္စျတ္တငြိမ်းချမ်းရေးတို့သည် မေတ္တာတရားနှင့် ဂရုဏာတရားတို့ကို မှန်မှန်ကန်ကန် သိမြင်ရရှိလာခြင်းမှသာ ပေါက်ဖွားလာနိုင်မည်ဟု ကျွန်ုပ် ယုံကြည်သောကြောင့်ဖြစ်၏။

စင်စစ် ကောင်းမြတ်သော နှလုံးသားသည်သာ စစ်မှန်သောတိုးတက်မှု၏ မူလအရင်းအမြစ် ဖြစ်ပေသည်။ ယနေ့အချိန်တွင် မေတ္တာကရုဏာတရားအပေါ်၌ အခြေခံသော ကမ္ဘာလုံးဆိုင်ရာ တာဝန်ကြီးသည် လူ့ဘောင်လောက တည်တံ့ခိုင်မြဲရေး

www.burmeseclassic.com



အတွက် အဓိကသော့ချက်ဖြစ်နေလေပြီ။ ထို့ပြင် ကမ္ဘာငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးစီးပွားအတွက်လည်းကောင်း အကောင်းဆုံးသော အခြေခံအုတ်မြစ်လည်းဖြစ်ပေသည်။

နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ကျွန်ုပ်တို့အားလုံးကား လူမျိုးနွယ်စုကြီးအတွင်း၌ မိသားစုဝင်များအဖြစ်မွေးဖွားလာခဲ့ကြပါပြီ။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ၊ မည်သည့်နိုင်ငံသား၊ မည်သည့်ဘာသာဝင်၊ မည်သည့်ဝါဒရှင်ဖြစ်စေ ကျွန်ုပ်တို့အားလုံးသည်ကား လူသားတွေချည်း အမှန်ဖြစ်ကြပေ၏။ ထို့ကြောင့် အများနည်းတူပင် ကျွန်ုပ်တို့သည် ပျော်ရွှင်ချမ်းမြေ့လိုကြကုန်၏။ ဆင်းရဲဒုက္ခမှ ကင်းဝေးလိုကြကုန်၏။ ထို့ထက်ဆိုရပါမူ ကျွန်ုပ်တို့လူသားအားလုံး၌ ဆင်းရဲဒုက္ခကို ရှောင်ရှား၍ ချမ်းသာသုခကို ရယူနိုင်သော အခွင့်အရေးသည် တန်းတူညီမျှ ရှိနေပေသည်။

ဤအချက်သည်ကျွန်ုပ်တို့လူသားအားလုံး၏ သဘာဝဖြစ်ရုံမျှမကမူ၍ လက်ရှိကမ္ဘာကြီးကလည်း လူ့ဘောင်လောက၏ တစ်သွေးတည်း တစ်သားတည်းဖြစ်ရေးကို လက်ခံသင့်ရန် လိုလားတောင်းဆိုနေလေပြီ။ အတိတ်ကာလကမူ သီးခြားတည်ရှိကြကုန်သော လူ့အဖွဲ့အစည်းတို့သည် မိမိတို့ကိုယ်ကို အခြားလူ့အဖွဲ့အစည်းတို့နှင့် အခြေခံကစ၍ ကွဲပြားခြားနားကြသည်ဟု ယူဆနိုင်ခဲ့ကြပါ၏။ အချို့ဆိုလျှင် မည်သူနှင့်မှ ပေါင်းသင်းဆက်ဆံခြင်းမရှိဘဲ ကိုယ့်ဘာသာ သီးခြားရပ်တည်နိုင်ခဲ့ကြသည်။

www.burmeseclassic.com



သို့သော် ယနေ့အချိန်တွင်ကား ဆက်သွယ်ရေးနည်းလမ်းအဖုံဖုံသည် ပေါ်ပေါက်ထွန်းကားလာပြီဖြစ်ရာ တစ်သီးပုဂ္ဂလပြဿနာမှန်သမျှသည်လည်း ကမ္ဘာကြီးတစ်ခုလုံးနှင့် သက်ဆိုင်သောပြဿနာအဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်၏။

ကမ္ဘာလောကတစ်ခု၌ ဖြစ်ပျက်သည့်ကိစ္စမှန်သမျှသည် အပြန်အလှန် ဆက်သွယ်မှုမှတဆင့် အခြားကမ္ဘာဒေသအသီးသီးရှိ အဖြစ်အပျက်များအပေါ်သို့ အကျိုးသက်ရောက်နေပါတော့သည်။ ထို့ကြောင့် အရေးကြီးသော ပြဿနာမှန်သမျှကို ဖြစ်ဖြစ်ချင်းပင် ကမ္ဘာ့ပြဿနာအဖြစ် သဘောထား၍ ကိုင်တွယ်ကြဖို့လိုအပ်ပါသည်။

ကျွန်ုပ်တို့အချင်းချင်းကြား ကွဲပြားခြားနားစေသော နိုင်ငံရေး၊ လူမျိုးရေး၊ အယူဝါဒရေး အတားအဆီးများကို ရှေ့ဆက်ပြီး အရေးပေးရန် မဖြစ်နိုင်တော့ပါ။ ယင်းအတားအဆီးများသည် ဖျက်လိုဖျက်ဆီးလုပ်သော ဆိုးကျိုးတို့နှင့် အမြဲတစေဒွန်တွဲနေပါသည်။ ယင်းဆိုးကျိုးများနှင့်ကင်း၍ ထိုအတားအဆီးတို့ကိုလုပ်ရန် မဖြစ်နိုင်တော့ပါ။ အသစ်ဖြစ်ထွန်းလာသော လူသားအချင်းချင်း မှီခိုရိုင်းပင်းမှု အစဉ်ကြီးအတွင်း ကိုယ်ကျိုးစီးပွား အတ္တဟိတသည် သူတစ်ပါးအကျိုးစီးပွား ပရဟိတကို ဦးစားပေးခြင်း၌သာ အထင်အရှား တည်ရှိနေပါသည်။ ဤအချက်သည်ပင် အနာဂတ်မျှော်လင့်ချက်၏ အရင်းအမြစ်ဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်ပါ၏။ လူသားအချင်းချင်း ပူးပေါင်းဆောင်ရွက်လိုစိတ်ကသာ လူ့လောကကြီးကို သန်မာပြည့်ဖြိုးအင်အားတိုးစေမည်ဖြစ်၏။

အနာဂတ်ကမ္ဘာကြီး၏ တည်ရှိခြင်း၊ မတည်ရှိခြင်း

www.burmeseclassic.com



သည် သူတစ်ပါးအကျိုးစီးပွားနှင့် ဆင်းရဲဒုက္ခများအပေါ် ကျွန်ုပ်တို့ဂရုစိုက်ခြင်း၊ အလေးထားခြင်း ရှိမရှိ၌ မှီနေပါ၏။ စာပေကျမ်းဂန်ကို ဦးစားပေးသော ပညာရေးသည် ဗဟုသုတဆိုင်ရာစွမ်းရည်များ တိုးတက်ရေးကို ဖြစ်စေနိုင်ပါသည်။ သို့သော် အသိဉာဏ်နှင့် နှလုံးသား၏အကြားတွင် တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ ဟန်ချက်ညီမျှအောင်လုပ်ဖို့ လိုအပ်ပါသည်။ ဗဟုသုတပြည့်ဝကုံလုံသည့် ဦးနှောက်ကို ပိုင်ဆိုင်ထားသော်ငြားနှလုံးသားကင်းမဲ့သည့် လူသားတစ်ဦးသည် အလွန်အန္တရာယ်ကြီး၍ ဒုက္ခများစွာပေးမည့်သူဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်အဖို့ရာတွင် အသိပညာဗဟုသုတ ချို့ငဲ့နည်းပါးသော် နည်းပါးပါးစေ၊ ကောင်းမြတ်သောနှလုံးသားကို ပိုင်ဆိုင်ထားသည့် လူသားမျိုးကိုသာ ပို၍မြတ်နိုးပါသည်။ ဘာသာရေး၏ ရည်ရွယ်ချက်မှာ လူသားတို့အားနှလုံးသားဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ဖို့ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့လူသားအားလုံးသည် မိမိကိုယ်ကို သိမြင်ခြင်းတည်းဟူသော ပညာ၊ သူတစ်ပါးအား ချစ်ခင်ကြင်နာခြင်းတည်းဟူသော မေတ္တာကရုဏာတို့ဖြင့်ပြီးသော ဘဝလမ်းစဉ်အတိုင်း အစွမ်းကုန် လျှောက်လှမ်းကြရပါမည်။ သို့မှသာ မည်သည့်အဖြစ်အပျက်များနှင့် တွေ့တွေ့ နောင်တတစ်ဖန် ပူပန်ဆင်းရဲခြင်းဘေးမှ ကင်းဝေးကြရပါလိမ့်မည်။

ကျွန်ုပ်တို့သည် အတ္တစွဲ လွန်ကဲခြင်းအားဖြင့် မိမိတို့ကိုယ်ကို ဧရာမအခက်အခဲကြီးများအတွင်းသို့ အရောက်ပို့ဆောင်ခဲ့ကြပြီ။ ထို့ကြောင့် ယခုအခါတွင် ပြောင်းပြန်လှန်ပြီးသကာလ အခြားသက်ရှိသတ္တဝါမှန်သမျှတို့သည် သိမြင်နားလည်နိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည်သာ မြင့်မြတ်လှသော လူသားဘဝသို့

www.burmeseclassic.com




ရောက်ရှိလာကြပြီး သိမြင်နားလည်နိုင်ကြခြင်းဖြစ်၏။ ကျွန်ုပ်တို့တွင် အသိပညာများရှိပါ၏။ ယင်းအသိပညာများဖြင့် မိမိတို့ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ တန်ဖိုးကိုလည်း နားလည်နိုင်ခဲ့ကြ၏။ ယခုအချိန်တွင်ကား ယင်းသိမြင်နားလည်မှုကို သိမြင်နားလည်ရုံသက်သက်အဆင့်၌သာ မထားတော့ဘဲ လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်နေပါပြီ။ သည်အလုပ်ကို ယခုမလုပ်လျှင် ဘယ်တော့ အကောင်အထည်ဖော်နိုင်ပါအံ့နည်း” ဟု ကျွန်ုပ် တို့ တွေးသင့်ကြပြီ။

မည်သို့ဖြစ်စေ ဘဝ၏ နယ်ပယ်အားလုံးကို ရောမ အကျိုးကျေးဇူးဖြစ်ထွန်းစေသည့် ကမ္ဘာလုံးဆိုင်ရာ တာဝန်ကြီးကို သာမန်အဆင့်ပြေရုံအတွက်မျှသာ ရည်ရွယ်၍ကား အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ကမ္ဘာပုံစံအသစ်တစ်ခုကို တည်ဆောက်ရေးအတွက်တစ်ခုတည်းသော ခိုင်မာသည့် အခြေခံအုတ်မြစ်သည်ကား မေတ္တာဂရုဏာဖြင့်ပြီးသည့် အခြေခံအုတ်မြစ်သာ ဖြစ်ပေသည်။

လူ့လောကကြီး၏ အနာဂတ်အတွက်လည်းကောင်း၊ ပိုမိုကောင်းမွန်၍ ပိုမိုချမ်းမြေ့ပျော်ရွှင်ကာ ပိုမိုတည်ငြိမ်အေးဆေးပြီး ပိုမိုယဉ်ကျေးသော ကမ္ဘာကြီးတစ်ခုအတွက်လည်းကောင်း ကျွန်ုပ်တို့ လူသားအားလုံးသည် ရိုးသားသန့်စင်၍ ရင်းနှီးချစ်ခင်ကြည်မှုပြည့်လျှမ်းသည့် ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ကို တိုးတက်ထွန်းကားအောင် လုပ်ဆောင်ကြရမည်ဖြစ်ပါ၏။

*ဒလိုင်းလားမား*



[ဘာထရန်ရပ်ဆယ် (၁၈၇၂–၁၉၇၀) သည် အင်္ဂလိပ်လူမျိုး ဒဿနပညာရှင်၊ သင်္ချာပညာရှင်၊ စာရေးဆရာဖြစ်သည်။ ၁၉၅၀ ခုနှစ်တွင် စာပေဆိုင်ရာနိုဘယ်ဆုရရှိသည်။ အထက်ပါ ဆောင်းပါးမှာသူ၏ **(HUMAN SOCIETY IN ETHICS AND POLITICS** စာအုပ်မှ နောက်ဆုံးခန်း **PROLOGUE OR EP[ILOGUE?**ကို ပြန်ဆိုထားခြင်းဖြစ်သည်။ ]

www.burmeseclassic.com

## အစနိဒါန်းလော အဆုံးနိဂုံးလော

ဘူမိဗေဒနှင့် ဆင့်ကဲဖြစ်စဉ်သမိုင်းတို့တွင် ရေတွက်သောအချိန်ကာလအရ ဆိုလျှင် ဤကမ္ဘာမြေပေါ်သို့ လူသားတို့ရောက်ရှိလာသည်မှာ လက်တလောမျှသာ ကြာပါသေးသည်။ အသင်္ချေကာလတိုင်အောင် ဖွံ့စည်းပုံ အလွန်ရိုးစင်းသော သက်ရှိသတ္တဝါတို့ တည်ရှိနေခဲ့သည်။ နောက်ထပ် အသင်္ချေကာလအတွင်း ဖွံ့စည်းပုံ အသစ်အသစ်သော သက်ရှိသတ္တဝါတို့တရွေ့ရွေ့ဆင့်ကဲ၍ ဖြစ်ပေါ်လာကြသည်။ ငါးများ၊ တွားသွားသတ္တဝါများ၊ ငှက်များ၊ အဆုံး၌ နို့တိုက်သတ္တဝါများ။

လူသားမျိုးစိတ် ပေါ်ပေါက်တည်ရှိခဲ့သည်မှာ အလွန်ဆုံး အနှစ်တစ်သန်းမျှသာ ကြာပါဦးမည်။ ယခုလက်ရှိ ဦးနှောက်စွမ်းရည်မျိုးကို ပိုင်ဆိုင်ခဲ့သည်မှာလည်း အနှစ်တစ်သန်း၏ထက်ဝက်မျှသာ ရှိပါဦးမည်။ စကြဝဠာသမိုင်းနှင့် အသက်ဇီဝသမိုင်း၌ လူသား၏ပေါ်ပေါက်တည်ရှိမှုသည် လတ်တလောမျှသာကြာသေးသည့်နည်းတူ အံ့သြလေးစားဖွယ်လည်း ကောင်း၍ထိတ်လန့်ကြောက်ရွံ့ဖွယ်လည်း ကောင်းသောဧရာမ လူ့စွမ်းအားတို့ပေါ်ပေါက်မှုမှာ ပို၍ပင် လတ်တလော နိုင်ပါသေးသည်။

www.burmeseclassic.com



လူ့စွမ်းဆောင်ချက်များဟူ၍ တစ်သီးတခြား ထင်ရှားပေါ်ပေါက်စေသော စွမ်းရည်သတ္တိကို ရှာဖွေတွေ့ရှိခဲ့သည်မှာ အနှစ်ခြောက်ထောင်ခန့်သာ ရှိပါသေးသည်။ စာပေအရေးအသားနှင့် အစိုးရအဖွဲ့အစည်းတို့ကို တီထွင်ဖန်တီးခြင်းနှင့်အတူ အစပြုခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် မှတ်တမ်းဝင်သမိုင်းအစကတည်းက မှန်မှန်ကြီး တိုးတက်ခဲ့သည်တော့မဟုတ်။ ရံဖန်ရံခါမှ တစ်ချက်တစ်ချက် တိုးတက်ခဲ့ခြင်းဖြစ်သည်။ ပိရမစ်ကြီးများတည်ဆောက်သော ခေတ်၏နောက်တွင် ပထမဆုံးသော အရေးပါသည့်တိုးတက်မှုမှာ ဂရိခေတ်သို့ရောက်မှ ပေါ်ထွန်းလာခဲ့သည်။ထိုဂရိခေတ်မှလသည်လွန်ခဲ့သော အနှစ်ငါးရာကာလအထိ အဆင့်မီသောတိုးတက်မှု မပေါ်ထွန်းခဲ့ပါ။ လွန်ခဲ့သော အနှစ်ငါးရာနှင့် ယနေ့ကာလကြား၌ကား ပြောင်းလဲမှုများသည် အရှိန်မြင့်သည်ထက်မြင့်၍ ပေါ်ပေါက်နေခဲ့ပါသည်။ သက်ကြီးရွယ်အိုလူသားတစ်ဦးအဖို့ မိမိတည်ရှိရာ ကမ္ဘာကြီး၏အကြောင်းကို နားလည်သဘောပေါက်ရန် မဖြစ်နိုင်တော့သည်အထိ ပြောင်းလဲမှုအရှိန်မြန်လှသည်ဟု ဆိုရပါတော့မည်။ သက်ရှိဟူ၍ ပေါ်လာကတည်းက ရှိခဲ့သမျှသော အရာအားလုံးနှင့် အလွန်တရာခြားနားနေပြီဖြစ်သော အခြေအနေတစ်ခုသည် ချာလပတ်ရမ်းခြင်း ဘေးဆိုးကြီးနှင့်ကင်းပြီး ရှေ့ဆက်နိုင်တော့မည့်ပုံပင် မပေါ်တော့။ ဦးနှောက်နှင့် နှလုံးသားကို အင်အားကုန်သည်ထက်ကုန်အောင်လုပ်နေသော ရှုးရှူးမူးမူး အရှိန်အဟုန်ကြီးအား ယင်းချာလပတ်ရမ်းခြင်း ဘေးဆိုးကြီးကပင် အဆုံးသတ်ပေးပါလိမ့်မည်။ ဤသို့သော ကြောက်ရွံ့စိုးရိမ်မှုများကား ကြောင်းကျိုးမဲ့သည် မဟုတ်။ ကမ္ဘာအခြေအနေက ဤကြောက်ရွံ့ စိုးရိမ်မှုများကို

www.burmeseclassic.com



ထောက်ခံအားပေး နေပါ၏ ကသုတ်ကရက်နိုင်လှသော ပစ္စုပ္ပန်ကာလနှင့် အေးငြိမ်းသက်သာသော အတိတ်ကာလတို့ အကြားရှိ ခြားနားချက်ကလည်း စဉ်းစားဆင်ခြင်တတ်သော သမိုင်းပညာရှင်တို့၏ စိတ်ကူးအတွင်းသို့ ဤကြောက်ရွံ့စိုးရိမ်မှုများကို သွတ်သွင်းပေးနေပါသည်။

သို့သော် ပစ္စက္ခအရှုပ်အထွေးများကို မေ့ထားလိုက်ပြီး ဤကမ္ဘာမြေကြီးကို နက္ခတ္တပညာရှင်များ ကြည့်သလိုမျိုး ကြည့်ရှုလိုက်မည်ဆိုလျှင် ဘူမိဗေဒပညာ၌ တွေးဆထားသော ခေတ်ကာလတို့ထက် ပိုမိုများပြားသော ခေတ်ကာလတစ်လျှောက် ဖြန့်ကျက်တည်ရှိနေမည့် အနာဂတ်ကမ္ဘာကြီးကို တွေးတောထင်မြင်မိလျက်သား ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့ ကမ္ဘာကြီးသည် နောက်ထပ်နှစ်သန်းပေါင်းများစွာ တည်ရှိနေလိမ့်မည်ဟူသော အချက်ကို တားဆီးနေသည့် အကြောင်းများအား ရုပ်သဘာဝလောကအတွင်း၌ မတွေ့ရသေး။ ထို့ကြောင့် လူသားသည် ဆက်လက်တည်ရှိနိုင်မည်ဆိုပါက မိမိ၏ စိတ်ရှုးပေါက်မှုများကြောင့် ပေါ်ပေါက်လာမည့် ဘေးအန္တရာယ်များရှိစေကာမူ လက်ရှိရယူထားသော အောင်မြင်မှုများကို ရှေ့သို့ မပွားများနိုင်စရာ အကြောင်းမရှိပါ။ လက်ရှိအသိဉာဏ်က ပြသနေသရွေ့မှာကား နောင်နှစ်သန်းပေါင်းများစွာအတွက် လူ့ကံကြမ္မာသည် လူသား၏ ကိုယ်ပိုင်လက်ထဲမှာသာ ရှိနေပါသည်။ ပျက်စီးဆုံးရှုံးမှု ချောက်ကမ်းပါးကြီးအတွင်းသို့ ခုန်ဆင်းမည်လော– သို့မဟုတ် အိမ်မက်ပင် မမက်ခဲ့ဖူးသော အောင်မြင်မှုအထွတ်အထိပ်သို့ တက်လှမ်းမည်လော ဟူသည့်အချက်ကို ရွေးချယ်ဆုံးဖြတ်ရန်မှာ လူသား၏ တာဝန်သာဖြစ်ပေသည်။

www.burmeseclassic.com



"အနာဂတ်ကို အိပ်မက်နေသော လောကကြီး၏ ဝိညာဉ်တော်" အကြောင်းကို ရှိတ်စပီးယားက ပြောဖူးသည်။ အိပ်မက်သည် အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ခြင်း မရှိဟု ကျွန်ုပ်တို့ ယူဆကြမည်လော။ အိပ်မက်သည် သေခြင်း လျှင်အဆုံးရှိသည့် မာယာတစ်ခုထက် မပိုတော့ပြီလော။ ပြဇာတ် ကိုကား အစပြုခဲ့ပြီ။ ဇာတ်ဖွင့် နိဒါန်းစကားတို့လည်း ကြားနာခဲ့ ရပြီ၊ သို့သော် ရှေ့ဆက်စရာ မရှိတော့ဟု ထင်မှတ်ရမည်လော။

ဩဖစ်ဘာသာရေးဂိုဏ်းသားတို့ ဆိုသလိုပင် လူသား သည် မြေကြီး၏ ရင်သွေးလည်းဖြစ်၍ ကြယ်တာရာစုံ ကောင်း ကင်းဘုံ၏ ရင်သွေးလည်းဖြစ်၏။ ယနေ့အသုံးအနှုန်းနှင့် ဆိုရ ပါမူ လူသားသည် နတ်ဒေဝတာနှင့် အဟိတ်တိရစ္ဆာန်တို့ ပေါင်း စည်းထားမှုဖြစ်ပါသည်။ အဟိတ်တိရစ္ဆာန်ဘက်ကို မျက်စေ့ မှတ်ထားသူများလည်း ရှိသကဲ့သို့ နတ်ဒေဝတာဘက်ကို မျက်စေ့ မှတ်ထားသူများလည်းရှိပါသည်။

လူသား၏ ရုပ်ပုံလွှာကို အဟိတ်တိရစ္ဆာန်စစ်စစ်အဖြစ် ပုံဖော်ဖို့ကား အလွန်လွယ်ကူလှချေ၏။ ဆွစ် (SWIFT) သည် သူ၏ယဟူများ (YAHOO) ကို ထိုအတိုင်း ပုံဖော်ခဲ့ပါသည်။ သူ၏သရုပ်ဖော်ချက်မှာ လူအများ မမေ့ပျောက်နိုင်လောက်အောင် ပင် ကွင်းကွင်းကွက်ကွက်နိုင်လှသည်။ သို့သော် ဆွစ်၏ ယဟူ များသည် အဘယ်မျှရွံ့မုန်းဖွယ် ကောင်းလှစေကာမူ ခေတ်သစ် လူသားတို့၏ အဆိုးဝါးဆုံး အရည်အချင်းများကိုကား မပိုင်ဆိုင်

---

ယဟူများသည်ကား စာရေးဆရာကြီး ဆွမ်၏ "ဂါလီဗာ၏ ခရီးစဉ်များ" ဝတ္ထုထဲမှ ဆိုသွမ်းလှသော လူမျိုးတစ်မျိုးဖြစ်ပါ၏။

www.burmeseclassic.com



ကြကုန်။ အကြောင်းမှာ ယဟူများတွင် ခေတ်သစ်လူသား၏ အသိပညာ မရှိသောကြောင့်ဖြစ်သည်။

လူသားကို နတ်ဒေဝတာနှင့် အဟိတ်တိရစ္ဆာန်တို့ ပေါင်းစပ်ထားမှုအဖြစ် သရုပ်ဖော်ခြင်းကို တိရစ္ဆာန်တို့က ကျေနပ်နိုင်မည်မဟုတ်ပါ။ လူသားကို နတ်ဒေဝတာနှင့် မကောင်းဆိုးဝါး မာရ်နတ်တို့၏ ပေါင်းစပ်မှုအဖြစ် ယူဆပါမှ ပိုမို သင့်မြတ်ပါလိမ့်မည်။ မည်သည့်အဟိတ်တိရစ္ဆာန်နှင့် မည်သည့် ယဟူလူမျိုးကမှ ဟစ်တလာနှင့် စတာလင်တို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ကျူးလွန်နိုင်ကြမည်မဟုတ်ပါ။ မာရ်နတ်၏ စိတ်ယုတ်မာနှင့် သိပ္ပံဆိုင်ရာအသိဉာဏ်တို့ပေါင်းစပ်မှုက ဖန်တီးပေးနိုင်သည့် ကြောက်မက်ဖွယ်ဘေးအန္တရာယ်များကား အကန့်အသတ်ရှိမည် မဟုတ်ပါ။ ဟစ်တလာနှင့် စတာလင်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ဆင်ခြင်သုံးသပ်ပြီးလျှင် အနိပ်စက်ခံတို့သည်လည်း မိမိတို့နှင့်မျိုးနွယ်တူ လူသားတို့ပင်ဖြစ်ပါသည်။ တကားဟု စဉ်းစားလိုက်မည်ဆိုလျှင် စိတ်ဓာတ်ယုတ်နိမ့်လှသော ယဟူလူမျိုးများသည် ခေတ်သစ်နိုင်ငံကြီးများ၏ အာဏာပိုင်လူသားအချို့လောက် ကြောက်စရာမကောင်းတော့ပြီကို အလွယ်တကူသိရှိနိုင်ပေသည်။

ရှေးလွန်လေပြီးသောကာလက လူသားတို့သည် ငရဲဘုံကို စိတ်ကူးယာဉ်ခဲ့ကြသည်။ သို့သော် လည်ရှိအတတ်ပညာဖြင့် ယင်းစိတ်ကူးယာဉ်ကို အဟုတ်တကယ်ဖြစ်အောင် လူသားတို့ လုပ်နိုင်လေပြီ။ လူ့စိတ်သည် လင်းလက်တောက်ပသော ကောင်းကင်ဘုံ၏ ပေါင်းမိုးနှင့် မှောင်မိုက်လှသော ငရဲတွင်း၏ အကြားတွင် ထူးဆန်းလှစွာ တည်ရှိနေ၏။ မည်သည့်ဘက်သို့

www.burmeseclassic.com



ကြည့်လိုက်ကြည့်လိုက် ကျေနပ်စရာချည်း တွေ့ရပါ၏ သို့ဖြစ်ရာတစ်ဖက်ဖက်က ပို၍ သဘာဝကျသည်ဟု ဆိုနိုင်စရာမရှိ။

အထိတ်တလန့် ဖြစ်ရသည့်အခါမျိုးတွင် လူသားတည်းဟူသော သတ္တဝါတို့ ဆက်လက်တည်တံ့စေလိုသောဆန္ဒသည် ကျိုးကြောင်းဆီလျော်မှု ရှိမှရှိပါလေစဟု တစ်ခါတစ်ရံ သံသယဝင်မိပါ၏။ လူသားကို မိုက်မဲရက်စက်သူအဖြစ်လည်းကောင်း၊ ဆိုးသွမ်းယုတ်မာသော စွမ်းအားရှင်အဖြစ်လည်းကောင်း သန့်ရှင်းစင်ကြယ်သော စကြဝဠာမျက်နှာပြင်ထက်က အစွန်းအထင်း အညစ်အကြေးတစ်ခုအဖြစ်လည်းကောင်း အလွယ်တကူသိမြင်နိုင်ပါသည်။ သို့သော် ဤအသိအမြင်သည် လုံးဝဥသုံအမှန်တရားလည်းမဟုတ်။ နောက်ဆုံးပိတ် ပညာစကားလည်းမဟုတ်။

ဩဖစ်ဘာသာရေးဂိုဏ်းသားတို့ ဆိုသကဲ့သို့ပင် လူသည် ကြယ်တာရာစုံကောင်းကင်ဘုံ၏ ရင်သွေးလည်း ဖြစ်ချေသေး၏။ နက္ခတ္တပညာရှင်တို့၏ လောကရှိ နက္ခတ်တာရာတို့နှင့် နှိုင်းစာလျှင် လူသား၏ ခန္ဓာကိုယ်သည် အရေးလည်းမပါ။ အစွမ်းသတ္တိလည်း ကင်းမဲ့လှပါ၏။ သို့သော် ယင်းလူသားသည် လောကကြီးကို ထင်ဟပ်ဖော်ပြနိုင်စွမ်းကား ရှိနေ၏။ စိတ်ကူးစိတ်သန်းနှင့် သိပ္ပံပညာရှင်တို့ကိုသုံးပြီး အာကာသနှင့် ကာလတို့၏ ဧရာမချောက်နက်ကြီးများကို ဖြတ်သန်းကာ ခရီးဆန့်နိုင်စွမ်းလည်း ရှိနေ၏။ ယခုရရှိထားသော လောကဆိုင်ရာ အသိတရားတို့သည် လွန်ခဲ့သည့်အနှစ် တစ်ထောင်က ဘိုးဘေးဘီဘင်တို့အတွက် ယုံနိုင်ဖွယ်မရှိတော့ပြီ။ အသိပညာတို့ကို ယခုအရှိန်နှုန်း

www.burmeseclassic.com



အတိုင်း ဆက်၍ရှိနေမည်ဆိုလျှင် နောင်လာမည့် နှစ်ပေါင်း တစ်ထောင်၌ရရှိမည့် အသိတရားတို့သည် စိတ်ကူးနိုင်သည်ထက် ပင် ကျော်လွန်သွားမည်ဟု ဆိုနိုင်စရာ အကြောင်းတွေရှိနေသည်။

သို့သော် ဤအသိပညာတစ်ခုတည်းလောက်နှင့် လူသားကို လေးစားမြတ်နိုးအပ်သည်မဟုတ်။ အသိပညာသည် လေးစားမြတ်နိုးမှုအတွက် အဓိကအကျဆုံးမဟုတ်။ လူသားတို့သည် အလှအပတို့ကို ဖန်ဆင်းခဲ့ကြကုန်၏။ နတ်သမီးတိုင်းပြည်ကို လျှပ်တစ်ပြက် မြင်လိုက်ရသလိုမျိုး အမြင်ထူးအမြင်ဆန်းတွေကိုလည်း ပိုင်ဆိုင်ခဲ့ကြကုန်၏။ လူသားမျိုးနွယ်ကြီးတစ်ခုလုံးကို လွှမ်းခြုံသည့် မေတ္တာတရား၊ ကရုဏာတရား၊ ကိုယ်ချင်းစာတရားတို့ကိုလည်း ထားရှိနိုင်ခဲ့ကြကုန်၏။ လူ့လောကကြီးတစ်ခုလုံးနှင့်ချီ၍ မျှော်လင့်ရည်မှန်းချက်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထားရှိနိုင်ခဲ့ကြကုန်၏။ ဤစွမ်းဆောင်ချက်များသည် ထူးခြားသော လူသားတချို့၏ စွမ်းဆောင်ချက်များသာ ဖြစ်နေခဲ့၍ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ မုန်းတီးမှုနှင့်လည်း အမြဲလိုလို ရင်ဆိုင်ခဲ့ရ၏။

သို့သော် ယခုကာလ လူချွန်လူမွန်တို့သည် နောင်လာမည့်ခေတ်တွင် သူလိုငါလို သာမန်လူသားများ ဖြစ်မလာနိုင်ဟု ပြစရာအကြောင်း မရှိပါ။ ထိုသို့ဖြစ်လာလျှင် ယခုကာလ၌ ရှိတ်စပီးယားသည် သာမန်လူတို့ထက် မြင့်နေသလောက် ကမ္ဘာသစ်ရှိ လူချွန်လူမွန်တို့ကလည်း ရှိတ်စပီးယားထက် ပိုမြင့်နေပေလိမ့်မည်။

သို့သော် အသိပညာတို့ကို မကောင်းမှုတို့၌သာ အသုံးချလိုက်ရာ "ပါရမီရှင်စွမ်းရည်များကို လူများစု ပိုင်ဆိုင်ရရှိရေး"

www.burmeseclassic.com



ဟူသည့် အလုပ်အား မစဉ်းစားမိအောင် ဖြစ်နေပါတော့၏။ ကမ္ဘာကြီးကို လက်ရှိဆင်းရဲဒုက္ခများမှ ကင်းရှင်းသွားသည့် အနေအထားဖြင့် မျှော်ကြည့်လိုက်မိလျှင်သော်လည်းကောင်း၊ ကမ္ဘာအရေးအခင်းများကို စိမံခန့်ခွဲခြင်းအလုပ်သည် ရက်စက်ကြမ်းကြုတ်သည့် လူလိမ်တို့လက်ထဲတွင်မရှိဘဲ လက်ရုံးရည် နှလုံးရည်နှင့်ပြည့်ဝသည့် လူတို့အတွင်း ရောက်ရှိသွားသည့် အနေအထားကို မှန်းကြည့်လိုက်သည့်အခါတွင်လည်းကောင်း ကျွန်ုပ်၏ ရှေ့တွင် တောက်ပသော ကမ္ဘာကြီးတစ်ခုကို မြင်လာရပါ၏။ ယင်းကမ္ဘာကြီးသည်ကား ဝေဒနာကင်းမဲ့သူ ကင်း၏။ အနာရောဂါဖြစ်သူ ကင်း၏။ လွန်ကဲခြင်းမရှိသော ပျော်ရွှင်ဖွယ်အလုပ်တို့သာရှိ၏။ ကရုဏာတရားတို့ ပျံ့နှံ့၏။ အကြောက်တရား ကင်းရှင်းသော စိတ်ဓာတ်တို့က ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အာရုံတို့ကိုသာ ဖန်တီးပေးမည့် ကမ္ဘာကြီးဖြစ်၏။

ဤအရာကို မဖြစ်နိုင်ဟု မဆိုလိုက်ပါနှင့်။ မဖြစ်နိုင်သောအရာမဟုတ်။ နက်ဖြန်သန်ဘက်ခါဆိုသလို တစ်ရက်နှစ်ရက်အတွင်း ဖြစ်နိုင်သည့်အရာဟူကား ကျွန်ုပ် မဆိုလို။ သို့သော် လူဆန်သည့် ပျော်ရွှင်ချမ်းမြေ့မှုဘက်သို့ လူသားတို့ အာရုံစိုက်လာကြမည်ဆိုလျှင် အနှစ်တစ်ထောင်အတွင်း ထိုကမ္ဘာကြီး ဖြစ်ထွန်းလာလိမ့်မည်ဟု ကျွန်ုပ်ပြောရဲသည်။ လူဆန်သော ပျော်ရွှင်မှုဟု ကျွန်ုပ်ဆိုလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ဂရိဒဿန ပညာရှင်ကြီး ဧပီကျူးရပ် (EPICURUS) ဟောညွှန်ပြသည်ဟု သူ့ရန်သူများက စွပ်စွဲပြောဆိုသည့် ဝက်တို့၏ပျော်ရွှင်မှုမျိုးသည်ကား လူသားတို့အတွက် မသင့်လျော်သောကြောင့်ဖြစ်သည်။ လူသားတို့အနေနှင့် ဝက်တိရစ္ဆာန်တို့၏ ပျော်ရွှင်မှုမျိုး

www.burmeseclassic.com



လောက်နှင့် ကျေနပ်အားရနေမည်ဆိုလျှင်ကား မိမိတွင်ရှိနေသည့် အဖိနှိပ်ခံစွမ်းရည်တို့က မိမိတို့အား ပြန်ပြီးဒုက္ခပေးပါလိမ့်မည်။

မိမိတို့မှာရှိသည့် နတ်ဒေဝတာစွမ်းရည်တို့ကို အစွမ်းကုန်အသုံးချနိုင်သူတို့သည်သာ လူဆန်သည့် ပျော်ရွှင်မှု အစစ်အမှန်ကို ရရှိနိုင်မည်ဖြစ်သည်။ လက်ရှိကမ္ဘာကြီးအတွင်း၌ကား ထိုသူတို့ရရှိမည့် ပျော်ရွှင်မှုသည်ပင် ဆင်းရဲမှုတွေ ပြွမ်းတီးနေပါဦးမည်။ သူတစ်ပါး၏ ဆင်းရဲဒုက္ခတို့ကို မြင်တွေ့ရာမှ ဖြစ်ပေါ်လာမည့် ကရုဏာနှင့်ယှဉ်သော စိတ်မချမ်းမြေ့မှုကိုကား ရှောင်လွှဲ၍မရနိုင်သောကြောင့်ဖြစ်သည်။ ယင်းကဲ့သို့သော ဆင်းရဲဒုက္ခများကင်းရှင်းသည့် လူ့အဖွဲ့အစည်းအတွင်းမှာမူ လူဆန်သော ပျော်ရွှင်ချမ်းမြေ့မှုသည့် ကျွန်ုပ်တို့၏ လက်ရှိ ခေတ်ဆိုးကြီးအတွင်း လူဖြစ်နေရသူတို့ ရရှိနိုင်မည့် ပျော်ရွှင်ချမ်းမြေ့မှုထက် ပိုပြည့်စုံပါလိမ့်မည်။ စိတ်ကူးစိတ်သန်းများ၊ အသိပညာ ဗဟုသုတများပိုမို စာနာထောက်ထားမှုများ ရောပြွမ်းနေပါလိမ့်မည်။

ဤမျှော်လင့်ချက်သည်အချည်းအနှီးမျှော်လင့်ချက်သာဖြစ်ရမည်လော။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အရေးကိစ္စတို့ကိုကိုယ်ချင်းစာတရား၊အသိပညာတရားနှင့်စိတ်ကူးအမြော်အမြင်တရား ကင်းမဲ့သူတို့ထံတွင် ဆက်လက်အပ်နှံထားဦးမည်လော။ ကျွမ်းကျွမ်းကျင်ကျင် အပြစ်တင်တတ်ခြင်းနှင့် စနစ်တကျ ရန်လိုမုန်းတီးတတ်ခြင်းတို့မှတစ်ပါး တခြားအရည်အချင်း ဘာမှမရှိသူတို့ထံတွင် ဆက်လက်အပ်နှံထားဦးမည်လော။ ဩဘာယ်လို

---

ဩဘာယ်လိုသည်ရှိတ်စပီးယား၏ပြဇာတ်တစ်ပုဒ်မှ ဇာတ်ကောင်ဖြစ်သည် သူ့ဇနီးဒက်ဒီမိုနာသည် ဖောက်ပြန်နေသည်ဟု အီယာဂိုက လှည့်စားပြောဆိုမှုကို ယုံပြီးသတ်ပစ်ပါသည်။

www.burmeseclassic.com



(OTHELLO) သည် ဒက်ဒီမိုနာ (DESDEMONA) ကို သတ်တော့မည်ဟု အီယာဂို (IAGO) နှင့်တိုင်ပင်ရာတွင် "သနားစရာကလေးပါ အီယာဂိုရယ်၊ သနားစရာလေးပါ" ဟု ရေရွတ်မိနေသေးသည်။ လူ့လောကကြီးပျက်သုန်းအောင် ပြင်ဆင်နေကြသူတို့၏ စိတ်ဓာတ်အတွင်း၌ ယင်းကဲ့သို့သော ရေရွတ်မှုမျိုးပြုနိုင်လောက်အောင်ပင် ကရုဏာတရား ရှိမှရှိပါလေစဟု ကျွန်ုပ်သံသယဝင်နေပါသည်။ ကိုယ်လုပ်နေသည့် အလုပ်၏ သဘောသဘာဝကို နားလည်သဘောပေါက်နိုင်လောက်အောင်ပင် စာနာထောက်ထားစိတ် ရှိမှရှိပါလေစဟုလည်း သံသယရှိမိသည်။ သက်ရှိသတ္တဝါတို့အနက် ကြီးကျယ်မြင့်မြတ်နိုင်သည့် အလားအလာရှိသော မျိုးစိတ်မှာ လူသားမျိုးစိတ် တစ်ခုတည်းသာဖြစ်ပါသည်။ ယင်းအလားအလာကောင်းတို့ကို တကယ်ဖြစ်လာအောင်လည်း လုပ်နိုင်သလို ပျက်စီးပျောက်ကွယ်သွားအောင်လည်း လုပ်နိုင်သည်။ ယင်းအချက်ကို ထိုပုဂ္ဂိုလ်ကြီးများသည် တစ်ချက်ကလေး စဉ်းစားဖူးမည်မဟုတ်ဟု ကျွန်ုပ် ယူဆသည်။ ခဏပန်း အာဏာအတွက် ကျဉ်းမြောင်းသောပြိုင်ဆိုင်မှုအတွင်း ယာယီအဆင်ပြေအောင် အကြံထုတ်ရသည့် အလုပ်ထက် ပိုပြီး သူတို့စိတ်ကို ခိုင်းဖူးခြင်းမရှိကြ။ ထို့ကြောင့် တိုင်းပြည်တိုင်း၌ အမြင်ပိုကျယ်သော ခေါင်းဆောင်များ ရှိရပါမည်။ မည်သည့်တိုင်းပြည်၌မဆို ယင်းကဲ့သို့စွမ်းရည်နှင့် ပြည့်စုံသော လူတို့ကိုသာ လူ့မိတ်ဆွေတို့က တောင်းဆိုရပါမည်။


လူသား၏ အနာဂတ်သည် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ ဤအချက်ကို လူတော်တော်များများ သတိထားမိပြီဆိုလျှင်ပင် လူ့အနာဂတ်အတွက် စိတ်ချရပါပြီ။ လူ့လောက

www.burmeseclassic.com



ကြီးကို ဘေးဒုက္ခအပေါင်းမှ ထုတ်နုတ်ဆယ်ယူမည့်သူတို့တွင် ရဲစွမ်းသတ္တိရှိဖို့လိုအပ်၏။ ယုံကြည်မျှော်လင့်ချက်ရှိဖို့ လိုအပ်၏။ မေတ္တာတရားရှိဖို့ လိုအပ်၏ ယင်းအရည်အချင်းများနှင့် ပြည့်စုံသောလူသားတို့ လွှမ်းမိုးလာမည် မလာမည်ကို ကျွန်ုပ်မသိ။ သို့သော် ဆင်ခြင်တုံတရားအားလုံးကို ကျော်လွန်ပြီး ကျွန်ုပ်အခိုင်အမာ ယုံကြည်နေသည်မှာကား သူတို့လွှမ်းမိုးလာလိမ့်မည်ဟုသာ ဖြစ်ပေသတည်း။

*ဘာထရန်ရပ်ဆယ်*



[အိုင်းစတိုင်း (၁၈၇၉–၁၉၅၅)သည် ဂျူးလူမျိုး ရူပဗေဒပညာရှင် ဖြစ်သည်။ သိပ္ပံခေတ်သစ်တစ်ခုသို့ ကူးပြောင်းစေခဲ့သည့် နှိုင်းယှဉ်တည်ရှိမှု သဘောတရား **(THEORY OF RELATIVITY)** ကို ဖော်ထုတ်ခဲ့သူဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်ဆု ရရှိသည်။ အထက်ပါဆောင်းပါးမှာ **A SCIENTIST'S COSMOLOGY** ပြန်ဆိုထားခြင်းဖြစ်သည်။]

www.burmeseclassic.com

## သိပ္ပံပညာရှင်၏လောကအမြင်

လူသားမျိုးနွယ်တို့ ပြုလုပ်ကြံစည်ခဲ့သမျှ အရာခပ်သိမ်းသည် အလိုဆန္ဒပြည့်ဝရေး၊ ဆင်းရဲဒုက္ခပြေပျောက်ရေးတို့နှင့် ပတ်သက်ဆက်နွယ်နေပါသည်။ စိတ်ဓာတ်ရေးရာနှင့် သက်ဆိုင်သော လှုပ်ရှားမှုများနှင့် ယင်းလှုပ်ရှားမှုတို့ တိုးတက်ဖြစ်ထွန်းလာမှုကို နားလည်လိုလျှင် အထက်ပါအချက်ကို စွဲစွဲမြဲမြဲ မှတ်သားထားဖို့လိုသည်။ လူသား၏ ကြိုးပမ်းအားထုတ်မှုနှင့် တီထွင်ဖန်တီးမှုတို့သည် အဘယ်မျှ ကြီးကျယ်ခမ်းနားသောအသွင်ကို ဆောင်ထားစေကာမူ ယင်းတို့၏ နောက်ကွယ်မှာရှိသည့် တွန်းအားသည်ကား စိတ်ခံစားမှုနှင့် အလိုဆန္ဒတို့သာဖြစ်ပေ၏။

သို့ဆိုလျှင်လူသားတို့အား ဘာသာရေးအတွေးအခေါ်နှင့် ဘာသာရေးအတွေ့အကြုံဆီသို့ ဦးတည်သွားစေသည့် စိတ်ခံစားမှုနှင့် အလိုဆန္ဒတို့မှာ အဘယ်အရာများ ဖြစ်ကြလေသနည်း။ အတန်စဉ်းစားဆင်ခြင်ကြည့်လိုက်မည် ဆိုလျှင်ပင် ဘာသာရေးဆိုင်ရာ အတွေးအခေါ် အတွေ့အကြုံများအပေါ်၌ အပြောင်းအလဲအများဆုံး စိတ်ခံစားမှုများက လွှမ်းမိုးထားသည်

www.burmeseclassic.com



ကိုတွေ့ရပါလိမ့်မည်။ ကမ္ဘာဦးလူသားတို့၌ ဘာသာရေးအသိ နိုးကြားလာစေသည့်အရာမှာ ကြောက်ရွံ့စိတ်ဖြစ်၏၊ အစာရေစာ ဝတ်မွတ်မှုကို ကြောက်ရွံ့စိတ်။ သားရိုင်း တိရစ္ဆာန်တို့ကို ကြောက် ရွံ့စိတ်၊ ဖျားနာမည်ကို ကြောက်ရွံ့စိတ်၊ သေမည်ကို ကြောက်ရွံ့ စိတ် စသည်များဖြစ်သည်။ ကမ္ဘာဦး၏ ဘဝအခြေအနေတွင် ကြောင်းကျိုးဆက်စပ်မှုကို နားလည်မှုနည်းပါးနေသေးရာ မိမိတို့ ကြောက်ရွံ့သည့်ဖြစ်ရပ်များကို ဖန်တီးနေသောသူများ ရှိရာသည် ဟု ယူဆပြီးလျှင် ထိုထိုပုဂ္ဂိုလ်ကြီးများကို စိတ်ကူးကြံစည် ပုံထုတ် လိုက်ကြ၏။ ထိုပုဂ္ဂိုလ်ကြီးများမှာ မိမိတို့နှင့် အနည်းနှင့်အများ တူညီပေ၏။ သို့သော် အပြင်မှာတကယ်မရှိဘဲ စိတ်ကူးထဲမှာသာ ရှိနေသော စိတ္တဇပုဂ္ဂိုလ်များ (**ILLUSORY BEINGS**) သာ ဖြစ် ချေ၏။

ဤသို့ဖြင့် အဆိုပါပုဂ္ဂိုလ်ကြီးများ၏ မျက်နှာသာပေးမှု ကို ရရှိရန်အလို့ငှာ ဝတ်ပြုပူဇော်မှုများကို ပြုလာကြသည်။ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့သည့် အစဉ်အလာအရ ယင်းဝတ်ပြုပူဇော်မှုများသည် ထိုပုဂ္ဂိုလ်ကြီးများ၏စိတ်ကို အထူး ကျေနပ်နှစ်သိမ့်စေပြီးလျှင် ဝတ်ပြုပူဇော်သူအား အထူးကူညီမှုမ လာစေသည်ဟု ခံယူကြကုန်၏။ ဤသည်ကား ကြောက်ရွံ့မှုကို အခြေခံသည့် ဘာသာရေးတစ်ခုအကြောင်းဖြစ်ပါသည်။ ယင်း ဘာသာရေးကို သီးသန့်ဘုန်းကြီးလူတန်းစားတစ်ခု ဖွံ့စည်းဖြစ် ပေါ်လာခြင်းက တည်ငြိမ်အောင်လုပ်ပေးလိုက်ပါသည်။ ယင်းမှာ အရေးပါသော အဆင့်တစ်ဆင့်ဖြစ်သည်။ ယင်းဘုန်းကြီးအဖွဲ့ သည် လူသားနှင့် လူသားတို့ကြောက်ရွံ့သည့် ပုဂ္ဂိုလ်ကြီးများ အကြားတွင် ကြားခံအဆက်အသွယ်များအဖြစ် ကိုယ့်ဘာသာ

www.burmeseclassic.com



သတ်မှတ်လိုက်ကြပြီးလျှင် ထိုအချက်အပေါ်တွင် အခြေခံ၍ ဩဇာအာဏာတစ်ရပ်ကို ထူထောင်လိုက်ကြ၏။ အကြောင်းကြောင်းကြောင့် နေရာရနေကြကုန်သော ခေါင်းဆောင်တစ်ယောက် သို့မဟုတ် အုပ်စိုးသူတစ်ယောက် သို့မဟုတ် အခွင့်ထူးခံလူတန်းစားတစ်ရပ်သည် မိမိ၏လောကီအာဏာကို ပိုမိုလုံခြုံစေရန်အလို့ငှာ မိမိ၏လုပ်ပိုင်ခွင့် အာဏာအတွင်းသို့ ဘာသာရေးဝန်ထမ်းတို့၏ လုပ်ငန်းဆောင်တာများကို ပူးပေါင်းထည့်သွင်းတတ်ကြ၏။ သို့မဟုတ် နိုင်ငံရေးအုပ်ချုပ်သူများနှင့် ဘုန်းကြီးလူတန်းစားတို့ အကျိုးတူစီးပွားဖက်အဖြစ် ပူးပေါင်းလိုက်ကြသည်။

လူမှုရေးနှင့်သက်ဆိုင်သည့် လှုံ့ဆော်စိတ်များသည် ဘာသာရေးကိုခိုင်မာစေသည့် နောက်ထပ်အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ မိခင်များ၊ ဖခင်များ၊ အုပ်စုခေါင်းဆောင်များသည် တည်မြဲမှုမရှိသော လူသားများသာဖြစ်ကြ၍ အမှားလည်းမကင်းကြ။ ဦးဆောင်လမ်းညွှန်ပေးခြင်း၊ ချစ်ခင်မြတ်နိုးခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းများကိုလိုလားသည့်ဆန္ဒသည်လူမှုရေးနှင့်ကိုယ်ကျင့်တရားဆိုင်ရာ ဘုရားသခင်အယူကို ဖန်တီးစေခဲ့သည်။ ယင်းဘုရားသခင်သည် ကာကွယ်စောင့်ရှောက်တော်မူသော ဘုရားသခင်ဖြစ်၏။ ကူညီမိုင်းမတော်မူသော ဘုရားသခင်ဖြစ်၏။ ဆုလာဘ်များပေးသနားတော်မူပြီး အပြစ်ဒဏ်များ ချမှတ်တော်မူသော ဘုရားသခင်ဖြစ်၏။ လောက၏ အရှင်ဖြစ်သော ဘုရားသခင်ပေတည်း။ အကြင်ဘုရားသခင်သည် ယုံကြည်ကိုးကွယ်သူ၏ အသိအမြင်ကိုလိုက်၍ လူမျိုးစုတစ်စု၏ဘဝကို ချစ်ခင်မြှောက်စားသော် မြှောက်စား၏။ လူသားမျိုးနွယ်ကြီး၏

www.burmeseclassic.com



ဘဝကို ချစ်ခင်မြှောက်စားသော် မြှောက်စား၏။ အသက်ဘဝ ဟူသည်ကို ချစ်ခင်မြှောက်စားသော မြှောက်စား၏။ ဆင်းရဲဒုက္ခ ရောက်သူများကို၊ အလိုဆန္ဒမပြည့်ဝသူများကို နှစ်သိမ့်ပေးသူ လည်းဖြစ်၍ သေဆုံးသွားသူများ၏ ဝိညာဉ်တို့ကို ထိန်းသိမ်းသူ လည်းဖြစ်၏။ ဤသည်ကား လူမှုရေး သို့မဟုတ် ကိုယ်ကျင့် တရားရေးဆိုင်ရာ ဘုရားသခင်အယူ ဖြစ်ပေသည်။

ကြောက်ရွံ့မှုကိုအရင်းခံသော ဘာသာရေးမှ ကိုယ်ကျင့်တရားကို အရင်းခံသော ဘာသာရေးသို့ တိုးတက်ဖြစ်ထွန်း လာခြင်းကို ဂျူးလူမျိုးတို့၏ ဘာသာရေးကျမ်းစာများသည် ကောင်းကောင်းကြီး သရုပ်ဖော်ပြနေပါသည်။ သမ္မာကျမ်းစာသစ် (**NEW TESTAMENT**) ၌လည်း ဆက်လက်တိုးတက်သွားပါသေး သည်။ ယဉ်ကျေးသောလူသားအားလုံး၏ ဘာသာရေးများသည် (အထူးသဖြင့်အရှေ့တိုင်းသားတို့၏ဘာသာရေးများသည်)အဓိက အားဖြင့် ကိုယ်ကျင့်တရားကို အရင်ခံသော ဘာသာရေးများ ဖြစ်ကြသည်။ ကြောက်ရွံ့မှုကို အရင်းခံသော ဘာသာရေးမှ ကိုယ်ကျင့်တရားကိုအရင်းခံသော ဘာသာရေးသို့ ပြောင်းလဲတိုးတက်မှု သည် လူသားတို့၏ဘဝတွင် အလွန်ကြီးကျယ်သော ခြေလှမ်း ကြီးတစ်လှမ်းဖြစ်ပါသည်။

သို့တိုင် ကမ္ဘာဦးဘာသာရေးတို့သည် ကြောက်ရွံ့မှု အပေါ်၌သာ လုံးလုံးအခြေခံထားသည်ဟုလည်းကောင်း၊ ယဉ် ကျေးသောလူသားတို့၏ ဘာသာရေးတို့သည် ကိုယ်ကျင့်တရား အပေါ်၌သာသန့်သန့်လေး အခြေခံထားသည်ဟုလည်းကောင်း ယူဆခြင်းသည်ကား တစ်ဖက်သတ်အယူမှားဖြစ်၍ ကျွန်ုပ်တို့ ရှောင်ရှားရပါမည်။ တကယ့်အမှန်တရားမှာ ဘာသာရေးအားလုံး

www.burmeseclassic.com



ပင် နှစ်မျိုးစလုံး ပါဝင်ရောစပ်ထားပေ၏။ ရောစပ်သည့် အချိုးက တော့ အမျိုးမျိုးဖြစ်သည်။ လူမှုဘဝအဆင့်အတန်း ပိုမြင့်သည့် နေရာတွင် ကိုယ်ကျင့်တရားကို အရင်းခံသော ဘာသာရေးက လွှမ်းမိုးနေသည်ဟူသော ထူးခြားချက်တော့ရှိသည်။

ဘာသာရေးပုံစံအားလုံး၌ တူညီနေသည့်နေရာမှာ ဘုရားသခင်၏ လူဆန်သည့်စရိုက်လက္ခဏာဖြစ်ပါသည်။ ယေဘုယျအားဖြင့် အသိဉာဏ်စွမ်းရည် ထူးထူးကဲကဲမြင့်မားကြသူများနှင့် ထူးထူးကဲကဲ စိတ်နေမြင့်ကြသည့် လူ့အဖွဲ့အစည်းတို့သာလျှင် လူဆန်သော ဘုရားသခင်အယူကို အတော်အတန် ကျော်လွှန်သွားနိုင်ကြပါ၏။ သို့သော် ထိုသူအားလုံး၌ ပိုင်ဆိုင်ထားသည့် ဘာသာရေးအတွေ့အကြုံ တတိယအဆင့် ရှိပါသေးသည်။ ယင်းအတွေ့အကြုံမျိုးကို သူချည်းသန့်သန့် တွေ့ဖို့ကားခဲယဉ်းလှသည်။ ယင်းအတွေ့အကြုံကို "လောကကြီးတစ်ခုလုံးကိုအရင်းခံထားသော ဘာသာရေးအသိ" ဟု ကျွန်ုပ် ခေါ်ဆိုပါမည်။ ယင်းအသိမျိုး လုံးလုံးမရှိသူကို ယင်းအသိအကြောင်း ရှင်းလင်းပြောပြရန်မှာ အလွန်တရာခက်ခဲလှသည်။ အထူးသဖြင့် ယင်းအသိသည် လူဆန်သောဘုရားသခင်အယူနှင့် ပတ်သက်ဆက်နွှယ်ခြင်းမရှိသောကြောင့် ရှင်းပြရန်ခက်ခဲလှသည်။

လူသားတစ်ဦးသည် လူ့အလိုရမ္မက်များနှင့် ရည်မှန်းချက်များ၏အကျိုးမဲ့အချည်းအနှီးဖြစ်မှုကိုလည်းကောင်း၊သဘာဝလောကကြီးနှင့် အတွေးအကြံလောကကြီးအတွင်း သူ့ဘာသာထင်ရှားပေါ်လွင်နေသည့် ကြီးကျယ်မြင့်မြတ်မှုနှင့် နိယာမတရားတို့ကိုလည်းကောင်း သိရှိသွားသည်။ တစ်သီးပုဂ္ဂလဘဝသည် သူ့အဖို့ အကျဉ်းထောင်သဖွယ် ဖြစ်လာရပြီး လောကကြီးတစ်ခု

www.burmeseclassic.com



လုံးကို တစ်ခုတည်းသော အစုအစည်းကြီးအဖြစ် တွေ့ကြုံသိမြင်လိုစိတ် ပေါ်လာလေတော့သည်။

လောကလုံးဆိုင်ရာ ဘာသာရေးစိတ်ဓာတ်၏ မူလအစများကို တိုးတက်ဖွံ့ဖြိုးမှု အစောပိုင်းအဆင့်များ၌ပင် တွေ့ရှိသည်။ ဒေးဗစ်၏ ဆာလံကျမ်း (**PSALMS OF DAVID**) များစွာ၌လည်းကောင်း၊ အနာဂတ္တိကျမ်း (**THE PROPHTS**) အချို့၌လည်းကောင်း တွေ့ရသည်။ ရှိုပင်ဟောင်းဝါး (**SCHOPENHAUER**) ၏ ပြောင်မြောက်သောစာပေများမှ လေ့လာသိရှိရသည့် ဗုဒ္ဓဘာသာတွင် ပိုမိုအားကောင်းသော လောကလုံးဆိုင်ရာ ဘာသာရေးအသိ၏ အခြေခံအချက်တို့ ပါဝင်နေပါသည်။

ခေတ်ကာလမှန်သမျှတွင် ပေါ်ပေါက်ခဲ့သော ဘာသာရေးလူချွန်လူမွန်ကြီးများသည် ဤဘာသာရေးအသိ စိတ်ဓာတ်ကြောင့်ပင် ထင်ရှားကျော်စောခဲ့ကြကုန်၏။ ယင်းဘာသာရေးအသိစိတ်ဓာတ်၌ တစ်ယူသန် တရားသေဝါဒ မပါရှိ။ လူ့ပုံစံအတိုင်း စိတ်ကူးထားသည့် ဘုရားသခင်မပါရှိ။ ထို့ကြောင့် ယင်းဘာသာတရားအသိစိတ်ဓာတ်ပေါ်တွင် အခြေခံထားသည့် တရားဒေသနာတို့ကို ပိုင်ဆိုင်ထားမည့် ဘုရားကျောင်းဟူ၍လည်း မရှိနိုင်တော့။ ဤသို့ဖြင့် အမြင့်ဆုံးသော ဘာသာရေးအသိနှင့် ပြည့်စုံကြသူများ၊ ခေတ်ပြိုင်အချင်းချင်းက ဘုရားမဲ့ဝါဒီများအဖြစ် သတ်မှတ်ခြင်းခံရသူများကို ခေတ်တိုင်းခေတ်တိုင်းရှိ အစဉ်အလာဆန့်ကျင်သူများထဲတွင်သာ အကျအန တွေ့နေရပါတော့သည်။ ဤအမြင်ဖြင့်ကြည့်ပါက ဒီမောခရိတပ် (**DEMOCRITUS**)၊ အက်ဆီဇီမြို့က ဖရန်စစ် (**FRANSIS OF ASSISIS**) နှင့် စပီနိုဇာ (**SPINOZA**) တို့လို ပုဂ္ဂိုလ်များသည် တစ်ဦးနှင့်တစ်ဦး လွန်စွာ

www.burmeseclassic.com



တူညီနေသည်ကို တွေ့ရပါမည်။

လောကလုံးဆိုင်ရာ ဘာသာရေးအသိသည် ဘုရားသခင်တစ်ပါးကိုလည်းကောင်း၊ ဘာသာရေးအယူဝါဒတစ်ခုကိုလည်းကောင်း၊ တိတိကျကျ ဖော်ညွှန်းသတ်မှတ်နိုင်ခြင်းမရှိပါက ယင်းဘာသာရေးအသိကို လူတစ်ဦးမှတစ်ဦးသို့ အဘယ်သို့လက်ဆင့်ကမ်းနိုင်မည်နည်း။ ယင်းဘာသာရေးအသိစိတ်ဓာတ်ကို နှိုးဆော်ပေးရန်နှင့် ယင်းဘာသာရေးအသိအား လက်သင့်မခံနိုင်သူတို့ထံတွင် ရှင်သန်အောင် ထိန်းသိမ်းထားစေရန်မှာ အနုပညာနှင့် သိပ္ပံပညာတို့၏ အရေးအပါဆုံးအလုပ်ဟု ကျွန်ုပ်ထင်ပါသည်။

ဤသို့ဖြင့် သိပ္ပံပညာနှင့် ဘာသာရေးတို့ ဆက်သွယ်နေပုံနှင့်ပတ်သက်ပြီး အယူအဆသစ်တစ်ခုဆီသို့ ရောက်လာပါသည်။ ယင်းအယူအဆကား ယခင်အယူအဆဟောင်းများနှင့် အလွန်ခြားနား၏။ ဘာသာရေးနှင့် သိပ္ပံပညာတို့ ဆက်သွယ်မှုကို သမိုင်းအရကြည့်လိုက်မည်ဆိုလျှင် ယင်းနှစ်ခုသည် စေ့စပ်ဖြန်ဖြေ၍မရသော ရန်ဖက်များဖြစ်သည်ကိုသာ တွေ့ရပါမည်။ ယင်းသို့တွေ့မြင်ဖို့ အလွန်ထင်ရှားသော အကြောင်းအရာတစ်ခုလည်း ရှိနေ၏။ ကြောင်းကျိုးဆက်နိယာမတရားကြီးက လောကကြီးတစ်ခုလုံးအား လွှမ်းမိုးထားသည်ကို ကျေကျေလည်လည်သဘောပေါက်ထားသူသည် ယင်းကြောင်းကျိုး ဆက်တရားကို အလေးအနက်ခံယူမည်ဆိုလျှင် လောက၏ အဖြစ်အပျက်များအတွင်း ကြားဝင်နှောက်ယှက်နေသောသူ ရှိသည်ဟူသောအယူကို တစ်ဒင်္ဂမျှပင် လက်သင့်ခံနိုင်မည်မဟုတ်ပါ။ သူ့အဖို့ ကြောက်ရွံ့မှုအရင်းခံ ဘာသာရေးအရလည်းကောင်း၊ လူမှုရေး သို့မ ဟုတ်

www.burmeseclassic.com



ကိုယ်ကျင့်တရားရေး အရင်းခံ ဘာသာရေး သည်လည်း ကောင်း၊ ဘာမှ အသုံးမဝင်တော့ပါ၊ ဆုပေးဒဏ်ပေးအလုပ်ကို လုပ်သည့် ဘုရားသခင်တစ်ပါးသည် သူ့အဖို့ စိတ်ကူး၍မရနိုင် တော့သည့်အရာဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်း အတွက် အကြောင်းတရားမှာ ရိုးစင်းသည်။ လူတစ်ယောက်၏ အပြုအမူ တို့ကို အတွင်းရေအပြင်မှာပါရှိသည့် ဧကန်လိုအပ်ချက်တရား (NECESSITY) က ပြဋ္ဌာန်းထားသောကြောင့်ဖြစ်သည်။ ထို ကြောင့် ဘုရားသခင်၏ အမြင်တွင် သူသည် ဘာမှ တာဝန်မရှိနိုင် တော့ပါ။ သက်မဲ့ပစ္စည်းတစ်ခုသည် ယင်း၏ရွေ့လျားမှုအတွက် တာဝန်ရှိသလောက်မျိုးသာ လူသားမှာ တာဝန်ရှိတော့သည်။ ထို့ထက်မပိုနိုင်တော့။

ဤသို့ဖြင့် သိပ္ပံပညာသည် ကိုယ်ကျင့်တရားကို ဖျက် ဆီးပစ်လိုက်သည်ဟု အစွပ်စွဲခံခဲ့ရပါသည်။ သို့သော် ယင်းစွပ်စွဲ ချက်သည် သမာသမက်မကျပါ။ လူသား၏ ကိုယ်ကျင့်တရား ဆိုင်ရာ အပြုအမူ အကျင့်အကြံများသည် ကိုယ်ချင်းစာတရား ပညာရေး၊ လူမှုရေး နှောင်ကြိုးများနှင့် လူမှုရေးလိုအပ်ချက်များ အပေါ်၌သာ ခိုင်ခိုင်မာမာ အခြေခံထားသင့်ပါသည်။ ဘာသာ ရေးအခြေခံမှာ မလိုအပ်ပါ။ သေလွန်ပြီးနောက်၌ ရရှိမည်ဆို သော အပြစ်ဒဏ်ကို ကြောက်ရွံ့ခြင်းနှင့် ဆုလာဘ်ကို မျှော်ကိုး ခြင်းတို့ဖြင့် လူသားကို ထိန်းချုပ်ထားရမည်ဆိုလျှင် ယင်းလူသား သည် သိမ်ငယ်ဆင်းရဲသော ဘဝလမ်းစဉ်တစ်ခုအတွင်း၌သာ ဧကန် ကျရောက်ရပါလိမ့်မည်။

ထို့ကြောင့် သိပ္ပံပညာကို ဘုရားကျောင်းအသင်းတော် တို့က အဘယ့်ကြောင့် အမြဲတမ်း တိုက်ခိုက်နေခဲ့သည်ကိုလည်း

www.burmeseclassic.com



ကောင်း၊ သိပ္ပံပညာရှင်တို့ကို အဘယ့်ကြောင့် ကွပ်မျက်ခဲ့သည်ကို လည်းကောင်း အလွယ်တကူ သိမြင်နိုင်လေပြီ။ သို့သော် လောကလုံးဆိုင်ရာ ဘာသာရေးအသိစိတ်ဓာတ်သည် သိပ္ပံပညာ ဆိုင်ရာ စူးစမ်းလေ့လာမှုအတွက် အားအကောင်းဆုံးနှင့် အမြင့် မြတ်ဆုံးတွန်းအားဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။ သဘော တရားရေး သိပ္ပံပညာရပ်တွင် တီထွင်မှုအလုပ်ကို စွမ်းဆောင် နိုင်ရန်အတွက် ဘဝကို ရေရှည်မြှုပ်နှံဖို့ မရှိမဖြစ်လိုအပ်၏။ ယင်းရေရှည်မြှုပ်နှံမှုနှင့် အပတ်တကုတ်အားထုတ်မှုတို့ကို ပိုင်ဆိုင် ထားကြသူတို့သာလျှင် ယင်းအလုပ်မျိုးကို မွေးဖွားပေးမည့် စိတ် ခံစားမှုစွမ်းအားကို ရယူဆုပ်ကိုင်နိုင်ကြ၏။ ယင်းအလုပ်မျိုးတို့ သည် ဘဝ၏ ခဏပန်းအမှန်တရားတို့နှင့် အလှမ်းကွာလှသည် မဟုတ်ပါလား။

ကက်ပလာ (KEPLER) နှင့် နယူတန် (NEWTON)တို့ သည် နက္ခတ်တာရာတို့ လှည့်ပတ်သွားလာပုံနှင့် ပတ်သက်သော အခြေခံစည်းမျဉ်းတို့ကို ဖြေရှင်းပြရန် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ ကြသည်။ ထိုသို့ ကြိုးပမ်းခဲ့ရာ၌ အဖော်မပါပဲ တစ်ကိုယ်တော် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဤကမ္ဘာပေါ်က လူ့အသိစိတ်၏ စဉ်း စားဆင်ခြင်နိုင်စွမ်းသည် အလွန်အားနည်းလှ၏ အလွန်သေး မွှားလှ၏ သို့ပါလျှက် ထိုပုဂ္ဂိုလ်ကြီးများသည် မလျော့သော ခွဲလုံ့လနှင့် အပတ်တကုတ်အားထုတ်ကြိုးပမ်းခဲ့ကြ၏။ ယင်းသို့ ကြိုပမ်းအားထုတ်နိုင်အောင် သူတို့သည် လောကကြီး၏ ကြောင်းကျိုးညီညွတ်မှုအပေါ် အဘယ်မျှ နက်ရှိုင်းစွာ ယုံကြည် နေကြမည်နည်း။ ယင်းအကြောင်းကျိုးညီညွတ်မှုကို နားလည်လို စိတ်မည်မျှ ပြင်းပြထက်သန်နေကြမည်နည်း။

www.burmeseclassic.com



သိပ္ပံပညာရပ်ဆိုင်ရာ စူးစမ်းလေ့လာမှုတို့ကို လက်တွေ့အကျိုးရလဒ်တို့မှတစ်ဆင့်သာလျှင် သိကြသူများရှိ၏။ ထိုသူတို့သည် ဦးဆောင်လမ်းပြ သိပ္ပံပညာရှင်ကြီးများ၏ စိတ်နေစိတ်ထားနှင့် ပတ်သက်ပြီး တကက်တကက်စင်လွဲအောင် အသိမှားနေကြသည်။ ယင်းပုဂ္ဂိုလ်ကြီးများသည် ရေမြေဒေသချင်းလည်း ဝေးကွာ၊ ခေတ်ကာလချင်းလည်းခြားနားလျက် တည်ရှိကြသော စိတ်တူသဘောတူများကို သံသယဝန်းကျင်ကြီး ပတ်ဝိုင်းထားသည့်အကြားက လမ်းပြပေးခြင်းဖြစ်သည်။ ထိုဦးဆောင်လမ်းပြသူများ၏ ရည်မှန်းချက်မျိုး၌ ကိုယ့်ဘဝကို မြှုပ်နှံပစ်နိုင်သူတို့သည်သာလျှင် နောက်ကွယ်ကတွန်းအားကို သိမြင်နိုင်မည်ဖြစ်၏။ ရှုံးနိမ့်မှုပေါင်း အသင်္ချေအနန္တနှင့် တွေ့ကြုံရစေကာမူ ရည်မှန်းချက်မှမသွေဖည်သည့် ခွန်အားမျိုးကို နားလည်နိုင်မည်ဖြစ်ပါ၏။ ယင်းခွန်အားကိုပေးသည့်အရာမှာ လောကလုံးဆိုင်ရာ ဘာသာရေးအသိစိတ်ဓာတ်ဖြစ်ပါ၏။ ရုပ်ဝတ္ထုလွှမ်းမိုးသော ကျွန်ုပ်တို့ခေတ်တွင် တည်ကြည်လေးနက်သော သိပ္ပံပညာဆိုင်ရာ အလုပ်သမားတို့သည်သာ ဘာသာရေးကိုင်းရှိုင်းကြသူများဖြစ်ကြသည်ဟု ခေတ်ပြိုင်ပုဂ္ဂိုလ်တစ်ဦးက ပြောဖူးသည်။ ယင်းစကားသည် သမာသမတ်မကျသော စကားမဟုတ်ပါ။

*အိုင်းစတိုင်း*

❁

www.burmeseclassic.com

# လွတ်လပ်မှုနှင့် တာဝန်

www.burmeseclassic.com



[ယန်းပေါဆက် (၁၉၀၅–၁၉၈၀) သည် ပြင်သစ်လူမျိုး ဒဿန ပညာရှင် စာရေးဆရာ၊ ပြဇာတ်ဆရာဖြစ်သည်။ ဘုရားမဲ့ ဖြစ်တည်မှုဝါဒ **(ATHEIST EXISTENTIALISM)** ၏ ဦးစီးရှေ့ဆောင် တစ်ဦးဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် စာပေဆိုင်ရာနိုဘယ်ဆုကို ရရှိသော်လည်း လက်မခံဘဲ ငြင်းဆန်ခဲ့သည်။ ယခုဆောင်းပါး **FREEDOM AND RESPONSIBILITY** မှာ သူ၏ **BEING AND NOTHINGNESS** စာအုပ်မှ ဖြစ်ပါသည်။]

# လွတ်လပ်မှုနှင့်တာဝန်

လွတ်လပ်မှုဒဏ် ကျခံနေရသော လူသားသည် လောကကြီးတစ်ခုလုံး၏ဝန်ကို ပခုံးထက်မှာ ထမ်းထားရပါသည်။ ဆိုလိုသည်မှာ လူသားသည် တည်ရှိမှုနည်းလမ်းတစ်ခုအဖြစ်ဖြင့် လောကကြီးအတွက်ရော သူ့အတွက်ပါ တာဝန်ရှိနေပါသည်။ ဤနေရာ၌ "တာဝန်ရှိမှု" ဆိုသည့် စကားလုံးကို "ဖြစ်ရပ်တစ်ခု သို့မဟုတ် အရာဝတ္ထုတစ်ခု၏ မငြင်းသာသည့် ကာယကံရှင်ဖြစ်နေသည်ကို သိရှိခြင်း" ဟူသော သာမန်အနက်အဓိပ္ပာယ်ဖြင့် သုံးစွဲလိုက်ခြင်းဖြစ်သည်။ ဤအနက်အဓိပ္ပါယ်အရ အသိစိတ်ဖြင့် ရွေးချယ်ဆုံးဖြတ်နေသည့်လူသား (FOR-ITSELF) သည် လောကတစ်ခု ဖြစ်တည်လာစေသူဖြစ်ရကား သူ၏တာဝန်မှာ အလွန်တရာကြီးမားလှချေ၏။ ကိုယ့်ကိုကိုယ် ဖြစ်တည်လာစေသူဖြစ်၍လည်း ကိုယ့်ကိုကိုယ် ပြန်တွေ့မြင်ရသည့် အခြေအနေသည် မည်သို့ပင် ဖြစ်နေစေကာမူ ယင်းဘဝအခြေအနေကို လက်ခံတာဝန်ယူရပါမည်။ ယင်းဘဝအခြေအနေရှိ အနှာက်အယှက် အခက်အခဲများကိုလည်း တစ်ပါတည်း လက်ခံ

www.burmeseclassic.com



တာဝန်ယူရမည်ဖြစ်၏။ မခံရပ်နိုင်ဖွယ်ဖြစ်နေဦးတော့ တောင်မှ လက်ခံတာဝန်ယူရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိမိကို အန္တရာယ်ပေးနိုင်ဆုံးဆိုသည့် ဘေးရန်အနှောင့်အယှက်များသည် မိမိ၏ရွေးချယ်ဖော်ဆောင်ချက် (PROJECT) အားဖြင့်သာ အဓိပ္ပါယ်ရှိလာကြသောကြောင့်လည်းကောင်း၊ မိမိတည်းဟူသော "ဆက်စပ်တည်ရှိမှု" (ENGAGEMENT) ကို အရင်းခံကာ ပေါ်ပေါက်လာကြသောကြောင့်လည်းကောင်း ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ထိတွေ့ခံစားနေသည့်အရာ၊ မိမိတို့ ကျင့်သုံးလုပ်ဆောင်နေသည့်အရာ၊ မိမိတို့ ဖြစ်တည်နေရသည့်အရာ စသည်တို့ကို မည်သည့်ပြင်ပ ပယောဂကတစ်ခုခုကမှ ဆုံးဖြတ်သတ်မှတ်ပေးလိုက်ခြင်းမဟုတ်၊ ထို့ကြောင့် ကိုယ့်ဘဝအခြေအနေကို မကျေမနပ်ဖြစ်ပြီး ညည်းညူဖို့ စဉ်းစားခြင်းသည် မိုက်မဲရာကျလှပေသတည်း။

ထို့အပြင်ဤအကြွင်းမဲ့တာဝန်ရှိမှုသည် အညံ့ခံလိုက်နာရခြင်းမဟုတ်ပါ။ လွတ်လပ်မှု၏ အကျိုးဆက်များအတွက်ကြောင်းကျိုးဆီလျော်သော လိုအပ်ချက်မျှသာဖြစ်ပါ၏ မိမိ၌ဖြစ်ပွားနေသောအရာသည် မိမိကြောင့်သာ ဖြစ်ပွားလာရခြင်းဖြစ်၏။ ထို့ကြောင့် မိမိကိုယ်ကို ယင်းအရာဖြင့် ထိခိုက်စေနိုင်ခြင်းမရှိ။ ယင်းအရာအား ဆန့်ကျင်ခုခံနိုင်ခြင်းလည်း မရှိ။ မိမိကိုယ်ကို ယင်းအရာအောက်မှာ အညံ့ခံလိုက်နာနိုင်ခြင်းလည်းမရှိ။ မိမိ၌ဖြစ်ပွားလာသမျှ အရာရာတိုင်းသည် မိမိပိုင်ချည်းသာဖြစ်၏။ ထို့ကြောင့် လူတစ်ယောက်ဖြစ်သော မိမိထံ၌ ဖြစ်ပွားနေသမျှသည် မိမိနှင့် အမြဲတမ်း အတူတူဖြစ်သည် ဟူသောအချက်ကို ဦးစွာနားလည်ထားရမည်။ အကြောင်းမှာ လူသား

www.burmeseclassic.com



တစ်ယောက်ထံတွင် ကိုယ်တိုင်ကြောင့်သော်လည်းကောင်း၊ အခြားသူတို့ကြောင့်သော်လည်းကောင်း၊ ဖြစ်ပွားလာသည့်အခြေအနေသည် "လူ" ပင် ဖြစ်သောကြောင့်တည်း။

ကြောက်စရာအကောင်းဆုံး စစ်ပွဲအခြေအနေများနှင့် အဆိုးဝါးဆုံး ညှင်းပမ်းနှိပ်စက်မှုများသည် လူမဟုတ်သော အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ခြင်းမရှိပါ။ လူမဟုတ်သော အခြေအနေဟူ၍ မရှိပါ။ ကြောက်ရွံ့ခြင်း၊ ထွက်ပြေးခြင်း၊ မော်အတတ်ဆန်ဆန် ကျင့်ကြံနည်းများကို အားကိုးခြင်းတို့ဖြင့်သာ လူမဟုတ်သော အခြေအနေတစ်ရပ်ကို ဆုံးဖြတ်ရယူနိုင်မည်ဖြစ်၏။ သို့သော် ယင်းဆုံးဖြတ်ချက်ရယူမှုသည်ပင် လူ ဖြစ်ပါ၏။ ထို့ကြောင့် ယင်းဆုံးဖြတ်ချက်ရယူမှုအတွက် တာဝန်မှန်သမျှကို မိမိပင်ရယူရမည်ဖြစ်၏ ထို့ပြင်လည်း ယင်းဘဝအခြေအနေသည် မိမိကိုယ်ကို လွတ်လပ်စွာရွေးချယ်လိုက်ခြင်း၏ ရုပ်ပုံလွှာဖြစ်လေရကား မိမိပိုင်သာဖြစ်ပါ၏။ ယင်းဘဝအခြေအနေက မိမိအား ပေးအပ်လာသမျှအရာရာတိုင်းသည် မိမိကို ကိုယ်စားပြုပြီး သင်္ကေတ ဆောင်နေသောကြောင့်လည်း မိမိပိုင်ချည်းသာ ဖြစ်ပါ၏။ ကိုယ့်ကိုကိုယ် ရွေးချယ်ဆုံးဖြတ်ခြင်းအားဖြင့် ဘဝအခြေအနေအတွင်းရှိ အနှောင့်အယှက် အခက်အခဲတို့ကို ရွေးချယ်ဆုံးဖြတ်ခဲ့သူမှာ မိမိပင် မဟုတ်ပါလော။ ထို့အပြင် ယင်းအခြေအနေများ၏ အနာဂတ်နှင့် ပတ်သက်၍လည်း ကြိုတင်မသိနိုင်မှုများရှိနေရာ ယင်းအချက်ကို ရွေးချယ်ဆုံးဖြတ်ခဲ့သူမှာလည်း မိမိပင်မဟုတ်ပါလော။

ဤသို့ဖြင့် ဘဝတစ်ခုအတွင်း၌ မတော်တဆဖြစ်ရပ်ဟူ၍မရှိ။ ရုတ်ချည်း ဖြစ်ထွန်းပေါ်ပေါက်လာပြီး မိမိအား

www.burmeseclassic.com



ပါဝင်ပတ်သက်လာစေသည့် လူ့ပတ်ဝန်းကျင်ဖြစ်ရပ်တစ်ခုသည် အပြင်ဗဟိဒ္ဓမှ လာသည်မဟုတ်ပါ။ မိမိသည် စစ်ပွဲ၌ ပါဝင် ဆင်နွဲဖို့စာရင်း သွင်းပြီးဖြစ်နေလျှင် ယင်းစစ်ပွဲသည် မိမိ၏စစ်ပွဲ ဖြစ်ပါသည်။ ယင်းစစ်ပွဲသည် မိမိ၏ရုပ်ပုံအတွင်းမှာရှိနေပြီး မိမိသည်လည်း ယင်းစစ်ပွဲနှင့် ထိုက်သင့်သူဖြစ်၏။ ကိုယ့်ကိုကိုယ် သတ်သေခြင်းဖြင့်ဖြစ်စေ၊ တပ်ထဲမှ ထွက်ပြေးခြင်းဖြင့်ဖြစ်စေ စစ်အတွင်းမှ အချိန်မရွေး ထွက်သွားနိုင်ပါလျှက် မထွက်သော ကြောင့် စစ်ပွဲနှင့် ထိုက်သင့်ရခြင်းဖြစ်၏ အခြေအနေတစ်ရပ်ကို ပုံဖော်ကြည့်ရန် လိုအပ်သည့်အခါတွင် ဤသို့သော အဆုံးစွန် ဖြစ်နိုင်ခြေများသည် ရှိရမည့်အရာများဖြစ်ပါ၏။ စစ်ပွဲအတွင်းမှ ရုန်းမထွက်နိုင်ခြင်းကြောင့်ပင် စစ်ပွဲကို ရွေးချယ်လိုက်ရပါသည်။ စစ်ပွဲမှ ရုန်းမထွက်နိုင်ခြင်းမှာ အပြောင်းအလဲ လုပ်နိုင်စွမ်းမရှိသော ကြောင့်လည်း ဖြစ်နိုင်သည်။ လူထုဆန္ဒနှင့် ဆန့်ကျင်ရမည်ကို ကြောက်သောကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် စစ်ပွဲ၌ ပါဝင်ရန် ငြင်းဆန်ရခြင်းထက် ဆွေမျိုးသားချင်းတို့၏ အထင် ကြီးလေးစားမှု၊ မိသားစု၏ ဂုဏ်ရှိမှု စသည့်အရာများကို ပိုပြီး တန်ဖိုးထားသောကြောင့်လည်း ဖြစ်နိုင်သည်။ သည်ကိစ္စမှာ မည်သို့ပင်ကြည့်ကြည့် ရွေးချယ်မှုဆိုင်ရာ ကိစ္စတစ်ရပ်သာ ဖြစ်ပါသည်။ ယင်းရွေးချယ်မှုကို စစ်ပွဲမပြီးမချင်း မပြတ်တရစပ် ထပ်ကာထပ်ကာ လုပ်နေရပါသည်။ ထို့ကြောင့် "စစ်အတွင်း၌ အပြစ်ကင်းသောတန်ဆာခံ ဟူ၍မရှိ" ဟူသော ဂျူးရိုမိန်း (**JULES ROMAINS**) ၏အဆိုကို သဘောတူရမည်ဖြစ်သည်။ စစ်တိုက်ရခြင်းကို သေဆုံးရခြင်းထက်ဖြစ်စေ၊ ဂုဏ်သိက္ခာကျ ဆင်းရခြင်းထက်ဖြစ်စေ ပိုမိုသဘောကျခဲ့ပါက ယင်းစစ်ပွဲအတွက်

www.burmeseclassic.com



တာဝန်တစ်ခုလုံးကို ထမ်းထားရသကဲ့သို့ ဖြစ်လာပါသည်။ စင်စစ်အခြားသူတို့ကသာ စစ်ပွဲကို ကြေညာခဲ့ကြခြင်းဖြစ်၍ မိမိမှာမူ သာမန်ကြံ့ရာပါကလေးတစ်ဦး မျှသာဖြစ်ပါသည်ဟု ကိုယ့်ဘာသာ ထင်မြင်နိုင်ကောင်း ထင်မြင်နိုင်ရာ၏။ သို့သော် ကြံ့ရာပါဟူသော အယူအဆတွင် တရားဥပဒေဆိုင်ရာ အဓိပ္ပါယ်မျှသာ ပါရှိလေရာ ဤနေရာ၌ကား အကျုံးမဝင်ပေ။ မိမိအတွက်လည်းကောင်း၊ မိမိကြောင့်လည်းကောင်း ဤစစ်ပွဲ မတည်ရှိလာစေရန်မှာ မိမိအပေါ်၌သာ တည်နေပြီး မိမိပင်လျှင် ယင်းစစ်ပွဲကို တည်ရှိလာစေရန် ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်၏။ ဤနေရာတွင် မလုပ်မနေရဟူ၍ မရှိပါ။ မလုပ်မနေရ တိုက်တွန်းမှုသည် လွတ်လပ်မှုကို လုံးဝ ထိန်းချုပ်နိုင်ခြင်းမရှိပါ။ အကြိမ်ကြိမ် ပြောခဲ့ပြီးသည့်အတိုင်းပင် လူသားဆိုင်ရာ အမှန်တရား (HU-MAN-REALITY) ၏ ဝိသေသလက္ခဏာသည်ကား တာဝန်ကင်းကြောင်း ပြသစရာ ဆင်ခြေကင်းမဲ့မှုပင်ဖြစ်ပါ၏။ ထို့ကြောင့် ဤစစ်ပွဲသည် မိမိ၏စစ်ပွဲဖြစ်သည်ဟု ဆိုရန်သာ ရှိပေတော့သည်။

စစ်ပွဲသည် မိမိဖန်တီးလိုက်သည့် အခြေအနေတစ်ရပ်အတွင်း ပေါ်ပေါက်လာခြင်းဖြစ်၏။ ထို့အပြင် ယင်းစစ်ပွဲကို တွေ့ရှိနိုင်ရန်မှာလည်း ယင်းစစ်ပွဲအား ထောက်ခံရာ၌ဖြစ်စေ၊ ကန့်ကွက်ရာ၌ဖြစ်စေ ကိုယ်ကိုယ်တိုင် ပါဝင်ပတ်သက်မှသာ တွေ့ရှိနိုင်မည်ဖြစ်၏။ ထိုအချက်များကြောင့် ကိုယ့်ကိုကိုယ် ဖန်တီးလိုက်သည့် ရွေးချယ်မှုနှင့် စစ်ပွဲကို ဖန်တီးလိုက်သည့် ရွေးချယ်မှုတို့ကို ခွဲခြားနိုင်ခြင်း မရှိတော့ပါ။ ထို့ကြောင့် ဤစစ်ပွဲသည် မိမိ၏စစ်ပွဲပင် ဖြစ်ပါတော့သည်။ စစ်ပွဲကို ဆင်နွှဲခြင်းသည်

www.burmeseclassic.com



ယင်းစစ်ပွဲမှတစ်ဆင့် ကိုယ့်ကိုကိုယ် ရွေးချယ်ခြင်းဖြစ်၍၊ ကိုယ့်ကိုကိုယ် ရွေးချယ်ခြင်းအားဖြင့် စစ်ပွဲကို ရွေးချယ်ခြင်းဖြစ်ပါ၏။ မိမိ၏တာဝန်များထဲက အရေးပါသည့် တာဝန်များသည် အိမ်ထောင်ရေးဘဝ၊ မိသားစုဘဝ၊ အသက်မွေးအလုပ်အကိုင်ဘဝများ၌လည်း ရှိနေလေရာ စစ်တိုက်နေချိန်တွင် ယင်းတာဝန်များ ကင်းမဲ့နေသောကြောင့် ဤစစ်ပွဲကို လေးနှစ်တာအားလပ်ချိန် အလုပ်နားချိန်အဖြစ် စဉ်းစားနိုင်မည်လားဟုဆိုစရာ ရှိပါ၏။ သို့သော် စဉ်းစားဖို့ကား မရှိနိုင်။ မိမိရွေးချယ်လိုက်သော စစ်ပွဲအတွင်းမှာ ကိုယ့်ကိုကိုယ် တစ်နေ့ပြီးတစ်နေ့ ဆက်တိုက်ရွေးချယ်နေရပါသည်။ ကိုယ့်ကိုကိုယ်ဖန်တီးခြင်းဖြင့် စစ်ပွဲကို မိမိပိုင်ဖြစ်အောင် လုပ်နေရပါသည်။ အကယ်၍ စစ်ပွဲသည် လေးနှစ်တာအားလပ်ချိန် ဖြစ်ရမည်ဆိုလျှင်လည်း ယင်းသို့ဖြစ်ရခြင်းအတွက် တာဝန်ကိုယူရမည့်သူမှာ မိမိပင်ဖြစ်ပါ၏။

ရှေ့၌ညွှန်းဆိုခဲ့သည့်အတိုင်းပင် အဆုံး၌ကား လူတစ်ဦးချင်းသည် မိမိကိုယ်မိမိ အဆုံးစွန်ရွေးချယ်မှုတစ်ခုစီသာ ဖြစ်ပါ၏။ ယင်းရွေးချယ်မှုမှာ အသိပညာဗဟုသုတများ၊ နည်းပညာများဖြင့်ပြီးသည့် လောကတစ်ခု၏ရှုထောင့်မှ ရွေးချယ်မှုဖြစ်၍ ရွေးချယ်မှုကပင် ယင်းလောကကို ရယူလက်ခံပြီး အကောင်အထည်ပေါ်အောင် လုပ်ပေးလိုက်ပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးချင်းစီသည် အဆုံးစွန်ပြီးပြည့်စုံသော အချိန်ကာလတစ်ခု၌ရှိသည့် အဆုံးစွန်ပြီးပြည့်စုံသော ပေါ်ထွန်းမှုတစ်ခု ဖြစ်ပါ၏။ ထို့ကြောင့် အခြားတစ်ပါး အချိန်ကာလတစ်ခုကို စဉ်းစားဖို့ လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့် သည်စစ်ပွဲကြီးသာ မဖြစ်ပွားခဲ့ပါက မိမိဘာဖြစ်ခဲ့လိမ့်မည်နည်းဟူသော မေးခွန်းသည် သက်သက်

www.burmeseclassic.com



အချိန်ဖြုန်းသော မေးခွန်းသာဖြစ်ပေ၏။ အဘယ့်ကြောင့်ဆိုသော် စစ်ပွဲဆီသို့ မသိမသာ ဦးတည်သွားနေသော ခေတ်ကာလတစ်ခု၏ ဖြစ်နိုင်စရာ အဓိပ္ပါယ်များစွာအနက်က အဓိပ္ပယ်တစ်ခု အဖြစ် မိမိကိုယ်ကို ရွေးချယ်ခဲ့သောကြောင့်ဖြစ်သည်။ မိမိသည် ယင်းခေတ်နှင့် တခြားစီမဟုတ်ပါ။ တစ်ခုတည်း တစ်သားတည်း ဖြစ်ပါသည်။ ဆန့်ကျင်မှုတွေမလုပ်ဘဲနှင့် အခြားခေတ်ကာလ တစ်ခုဆီသို့ ကူးပြောင်းနိုင်ခြင်းမရှိပါ။ ဤသို့ဖြင့် ရှေ့ကခေတ်ကို ပြီးဆုံးသွားအောင် ကန့်သတ်လိုက်ပြီး သိမြင်နားလည်နိုင်စရာဖြစ်အောင်လုပ်ပေးလိုက်သည့် ဤစစ်ပွဲသည် မိမိပင်ဖြစ်ပေတော့ ၏။ ဤသို့ဖြင့် "အပြစ်ကင်းသော တန်ဆာခံဟူ၍မရှိ" ဟူသော ရှေ့မှာဖေါ်ပြခဲ့သည့် ကောက်နုတ်ချက်စကားတွင် "မိမိတို့သည် ကိုယ်နှင့်ထိုက်သင့်သော စစ်ပွဲကို ရရှိကြသည်" ဟူသော စကားကို ဖြည့်စွက်ပေးလိုက်မည်ဆိုလျှင် အသိစိတ်နှင့် ရွေးချယ်ဆုံးဖြတ်နေသောလူသား (**FOR-ITSELF**) ၏ တာဝန်ကိုပိုပြီး တိတိကျကျ ဖွင့်ဆိုသတ်မှတ်နိုင်ပါလိမ့်မည်။ ဤသို့ဖြင့် လုံးဝဥသုံ လွတ်လပ်နေသော အကြင်လူသား၊ ခေတ်ကာလ (ယင်းခေတ်ကာလအတွက် မိမိကိုယ်ကို အဓိပ္ပါယ်တစ်ခုဖြစ်လာအောင် ရွေးချယ်ပေးခဲ့ရသည်) နှင့် ခွဲခြားမရ တစ်ခုတည်းဖြစ်နေသည့် အကြင်လူသား၊ ကိုယ်တိုင်ကြေညာခဲ့သလောက်ပင် စစ်ပွဲအတွက် ကြီးမားစွာတာဝန်ရှိနေသော အကြင်လူသား၊ မိမိ၏ဘဝအခြေအနေအတွင်းသို့ စစ်ပွဲကို တစ်သားတည်းပေါင်းစပ်ခြင်းမရှိဘဲ အသက်ရှင်ရန် မစွမ်းနိုင်သော အကြင်လူသား၊ မိမိကိုယ်ကို စစ်ပွဲနှင့် လုံးလုံးလျားလျား ပတ်သက်ဆက်စပ်ထားသော အကြင်လူသား၊ စစ်ပွဲကို မိမိ၏ အမှတ်တံဆိပ်ဖြင့် ခပ်နှိပ်ထားသော

www.burmeseclassic.com



အကြင်လူသား၌တာဝန်မရှိကြောင်း ပြသစရာ ဆင်ခြေဆက်လက်မရှိသကဲ့သို့ နောင်တရ စရာလည်းမရှိချေ။ အကြောင်းမှာ ရုတ်ချည်းဖြစ်လာသည့် အချိန်မှစ၍ လောကကြီး၏ ဝန်ကို မိမိတစ်ဦးတည်း ဘယ်သူကမှ ဝင်ရောက်ကူညီပေးနိုင်ခြင်းမရှိဘဲ ထမ်းပိုးနေရသောကြောင့် ဖြစ်ပါသည်။

သို့တိုင် ဤတာဝန်ရှိမှုသည် အလွန်ထူးခြားသော ပုံစံတစ်ခုဖြစ်၏။ တစ်စုံတစ်ယောက်အနေနှင့် "ကျွန်ုပ်သည် မွေးဖွားလာဖို့ တောင်းဆိုခဲ့ခြင်းရှိပါ" ဟု ပြောလာပါအံ့။ ဤသည်မှာမိမိတို့၏တည်ရှိမှုဆိုင်ရာ အချက်အလက် (**FACTICITY**) အပေါ်သို့ ပိုမိုအလေးတင်းလိုက်သည့် နည်းရိုးကြီးတစ်ခု ဖြစ်ပါသည်။ မိမိသည် အရာရာတိုင်းအတွက် တာဝန်ရှိသည်ဆိုသော်လည်း မိမိ၏တာဝန်ရှိမှုအတွက်ကား တာဝန်မရှိ။ အဘယ်ကြောင့်ဆိုသော် မိမိသည် မိမိ၏တည်ရှိမှုအတွက် အရင်းခံအကြောင်းမဟုတ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် မိမိမှာ အတင်းအကျပ် တာဝန်အရှိခိုင်းခြင်း ခံနေရသလို ဖြစ်နေပါ သည်။ မိမိသည် လောကကြီးအတွင်း အစွန့်ပစ်ခံလိုက်ရ၏။ သို့သော် ရန်များလှသည့် ကမ္ဘာလောကကြီး တစ်ခုအတွင်း ရေမျော ထင်းတုံးတစ်တုံးပမာ ပြုသမျှနုနေရမည့် အစွန့်ပစ်ခံဘဝမျိုး၌ ထာဝရတည်ရှိနေရမည့် သဘောမျိုးကားမဟုတ်။

မိမိလုပ်သမျှ အရာရာတိုင်းအတွက် တစ်ခဏမျှပင် ခေါင်းရှောင်၍မရနိုင်လောက်အောင် လုံးဝတာဝန်ယူထားရသော လောကကြီးတစ်ခုအတွင်း ပါဝင်ပတ်သက်နေရသည့် မိမိကိုယ်ကို ကူဖော်လောင်ဖက်မပါ တစ်ကိုယ်တော်အနေနှင့် ပြန်မြင်နေရသည့် ဘဝမျိုးသို့ အစွန့်ပစ်ခံလိုက်ရခြင်းသာဖြစ်ပါ၏။ တာဝန်

www.burmeseclassic.com



များမှ ရှောင်ပြေးလိုသည့် ဆန္ဒအတွက်လည်း မိမိပင် တာဝန်ယူရမည်ဖြစ်ပါ၏။ မိမိကိုယ်ကို လောကကြီးအတွင်း တုံ့ပြန်မှုကင်းမဲ့စွာနှင့် ငြိမ်ဝပ်နေခြင်းသည်လည်းကောင်း၊ အခြားလူသားများနှင့် အရာဝတ္ထုများအပေါ် တုံ့ပြန်ဆက်ဆံရန် ငြင်းဆန်ခြင်းသည်လည်းကောင်း မိမိကိုယ်ကိုမိမိ ရွေးချယ်နေခြင်းသာဖြစ်၏။ ထို့အပြင် မိမိကိုယ်ကို သတ်သေခြင်းသည်လည်း လောကကြီးအတွင်း တည်ရှိနည်းတစ်ခုဖြစ်ပါသည်။ သို့တိုင် မိမိတို့၏တည်ရှိမှုဆိုင်ရာ အချက်အလက် (ဤနေရာ၌ မိမိ၏မွေးဖွားလာမှု) ကို တိုက်ရိုက်နားလည်သိမြင်နိုင်ခြင်း၊ တွေးထင်နိုင်ခြင်းမရှိ သည့်အချက်အတွက် အကြွင်းမဲ့တာဝန်တစ်ခုကို တွေ့နေရပါသည်။ အဘယ့်ကြောင့်ဆိုသော မိမိ၏မွေးဖွားလာမှုတည်းဟူ သောအချက်သည် မိမိတွင်ရှိသော ကိုယ့်အတွက် တည်ရှိခြင်း (FOR-ITSELF) ၏ ရွေးချယ်ဖော်ဆောင်ချက်ကို ဖြတ်သန်းပြီးသည့်အခါမှသာ ပေါ်ပေါက်စမြဲဖြစ်သောကြောင့်ပင်တည်း။ မိမိသည် မွေးဖွားလာရခြင်းကို ရှက်မိသည်။ သို့မဟုတ် အံ့သြမိသည်။ သို့မဟုတ် ဝမ်းမြောက်မိသည်။ သို့မဟုတ် ကိုယ့်ဘဝကို သုတ်သင်ပစ်ခြင်းဖြင့် မိမိအသက်ရှင်နေသည့်အချက်ကို ဟုန်မှန်ပါသည်ဟု အတည်ပြုပြီး ယင်းဘဝကို ဆိုးဝါးသည်ဟု ယူဆမိသည်။ ဤသို့ဖြင့် တစ်နည်းနည်းနှင့် မိမိ၏မွေးဖွားလာရခြင်းကို ရွေးချယ်နေပါသည်။ မရွေးချယ်ရန် မတတ်နိုင်ကတည်းက ယင်းရွေးချယ်မှုကိုယ်တိုင်သည် တည်ရှိမှုဆိုင်ရာ အချက်အလက်ဖြင့် အကျိုးသက်ရောက်ခြင်းခံရပြီး ဖြစ်ပါ၏။ သို့သော် ယင်းတည်ရှိမှုဆိုင်ရာအချက်အလက်သည်ပင် မိမိ၏ ရည်မှန်းချက်များပြီးမြောက်ရေးအတွက် ယင်းတည်ရှိမှုဆိုင်ရာ အချက်အလက်ကို

www.burmeseclassic.com



မိမိဖြတ်ကျော်သည့် အခါ၌သာ ထင်ပေါ်လာပေသည်။ သို့ဖြင့် တည်ရှိမှုဆိုင်ရာအချက်အလက် သည် နေရာတကာမှာ ရှိနေပါလျက် မသိမြင်နိုင်ခြင်းဖြစ်၏။ ဆိုလိုသည်မှာ မိမိသည် မိမိ၏ တာဝန်ရှိမှုမှတစ်ပါး အခြားမည်သည့် အရာကိုမှမတွေ့ကြုံ ရပါ။ ဤသည်ကြောင့်ပင် "ကျွန်ုပ် ဘာကြောင့် မွေးဖွားလာရသနည်း" ဟူသောမေးခွန်းကို မမေးနိုင်ရခြင်းဖြစ်၏။ မိမိ၏မွေးနေ့ကို မကျိန်ဆဲနိုင်ရခြင်းဖြစ်၏။ မွေးဖွားပေးဖို့ မတောင်းဆိုခဲ့ပါဘူးဟု မပြောနိုင်ရခြင်းဖြစ်၏။ "မိမိမွေးဖွားလာမှု" အပေါ် တစ်နည်းအားဖြင့် "လောကကြီးတွင် တည်ရှိမှုတစ်ခုအား သိမြင်လိုက်သည့်အချက်" အပေါ်ထားရှိသည့် ဤသဘောထားအမျိုးမျိုးသည် ယင်းမွေးဖွားမှုကို တာဝန်အပြည့်ယူလိုက်ပြီး မိမိပိုင်လုပ်လိုက်သည့် နည်းလမ်းများသာ ဖြစ်ကြ၏။ အခြားမဟုတ်ကြကုန် ဤနေရာ၌လည်း မိမိ၏ရွေးချယ်ဖော်ဆောင်ချက်များနှင့် မိမိကိုယ်ကိုသာ တွေ့ကြုံရပြန်သည်ဖြစ်ရာ အဆုံးမှာကား မိမိ၏ အစွန့်ပစ်ခံရမှုတွင် (တစ်နည်း) မိမိ၏တည်ရှိမှုဆိုင်ရာအချက်အလက်တွင် "မိမိအတွက်တာဝန်ကို မိမိသာ လုံးလုံးယူရခြင်း" ဟူသော ပြစ်ဒဏ်ကျခံရသည့် အချက်မျှသာ ပါဝင်တော့သည် အထိဖြစ်ပါသည်။ မိမိသည် တည်ရှိမှုတစ်ခုဖြစ်၍ ယင်းတည်ရှိမှု၏ တည်ရှိမှုအတွင်းတွင် ယင်းတည်ရှိမှု၏ တည်ရှိမှုသည် ရှိမှုရှိပါလေစဟု အငြင်းပွားစရာနည်းလမ်းမျိုးဖြင့် တည်ရှိနေပါသည်။ (**I AM THE BEING WHICH IS IN SUCH A WAY THAT IN ITS BEING ITS BEING IS IN QUESTION**)။ ထို့ကြောင့် မိမိတည်ရှိမှု၏ "ရှိ" ခြင်းမှာ တကယ်ရှိပြီး နားလည်သိမြင်၍ မရနိုင်သည့် အရာ ဖြစ်နေပါတော့သည်။

www.burmeseclassic.com



မိမိအနေနှင့် လောကအတွင်းရှိ ဖြစ်ရပ်တိုင်းကို အခွင့်အလမ်းတစ်ရပ်စီအဖြစ်သာ တွေ့မြင်နိုင်ပါသည်။ (အသုံးချလိုက်သည့် အခွင့်အလမ်း၊ မရရှိလိုက်သည့်အခွင့်အလမ်း၊ ဘေးဖယ်ပစ်လိုက်သည့် အခွင့်အလမ်းစသည်ဖြင့်)။ သို့မဟုတ် မိမိအပေါ်ဖြစ်ပွားလာသည့်အရာတိုင်းကို အခွင့်ထူးတစ်ခုအဖြစ်လည်း ထင်မှတ်ယူဆနိုင်ပါသည်။ (ဆိုလိုသည်မှာ မိမိတို့၏ တည်ရှိမှုအတွင်း၌ အငြင်းပွားနေရသည့် ယင်းတည်ရှိမှုကို နားလည်သဘောပေါက်သည့် နည်းလမ်းတစ်ခုအဖြစ်မျှသာ ယင်းဖြစ်ရပ်တို့ထင်ပေါ်လာနိုင်ပါသည်။) ထို့ပြင် အခြားသူတို့သည်လည်း အကျော်လွန်ခံကျော်လွန်မှုများ( **TRANSCENCES-TRANSCEND ED**)အဖြစ်နှင့်သူတို့ကိုယ်တိုင်အခွင့်အလမ်းများ၊ အခွင့်ထူးများသာ ဖြစ်နေကြပါသည်။ ဤသို့သော အခြေအနေများအောက်တွင် အသိစိတ်နှင့် ရွေးချယ်ဆုံးဖြတ်နေသောလူသား (**FOR-ITSELF**)၏တာဝန်ရှိမှုသည် လောကကြီးတစ်ခုလုံးကို လွှမ်းခြုံဖြန့်ကျက်ထားပေသည်။ လောကကြီးတစ်ခုလုံးသည်လည်း လူသားတို့ဖြင့်ပြီးသော လောကကြီးပမာ ဖြစ်နေပါသည်။ အသိစိတ်နှင့် ရွေးချယ်ဆုံးဖြတ်နေသော လူသားသည် မိမိကိုယ်ကို ပူပန်မှုဖြင့် နားလည်သိရှိနေသည်ကား ဧကန်ဖြစ်ပါ၏။ မိမိကိုယ်ပိုင်တည်ရှိမှု၏ အခြေခံအကြောင်းရင်းလည်းမဟုတ်၊ သူတစ်ပါးပိုင်တည်ရှိမှု၏ အခြေခံအကြောင်းရင်းလည်းမဟုတ်၊ လောကကြီးကို ဖွဲ့စည်းထားသည့် သိစိတ်မဲ့တည်ရှိမှု (**IN-ITSELF**) တို့၏ အခြေခံအကြောင်းရင်းလည်းမဟုတ်၊ သို့သော် ကိုယ့်အတွင်းမှာရော ကိုယ့်အပြင်နေရာတကာမှာပါ။ တည်ရှိမှု၏ အနက်အဓိပ္ပါယ်ကို သတ်မှတ်ဆုံးဖြတ်ခိုင်းခြင်း ခံနေရသည့် တည်ရှိမှုတစ်ခုအဖြစ်

www.burmeseclassic.com



မိမိကိုယ်ကို နားလည်သိမြင်နေပါသည်။ ကူဖော်လောင်ဖက် ကင်းမဲ့စွာ အစွန့်ပစ်ခံရသည့် အနေအထားမျိုးအထိရောက်အောင် ကျယ်ပြန့်လှသော တာဝန်ကြီးတစ်ခုအတွင်း ပစ်သွင်းခြင်းခံရ သည့် တည်ရှိမှုအဖြစ် မိမိအခြေအနေကို သဘောပေါက် နားလည်နေသောသူတွင် နောင်တရစရာလည်း မရှိသကဲ့သို့ ဆင်ခြေဆင်လက်ပေးစရာလည်း မရှိချေ။ လူသည် သူဘာသာ ပြီးပြည့်စုံအောင် ဖော်ထုတ်ပြသနေသည့် လွတ်လပ်မှုတစ်ခုမှ တစ်ပါး အခြားမဟုတ်ပေ။ လူ၏ တည်ရှိမှုသည်လည်း ယင်း လွတ်လပ်မှု၏ ဖော်ထုတ်ပြသမှုအတွင်းမှသာ ကိန်းအောင်း တည်ရှိနေပါသည်။ သို့သော် ရှေ့မှာ ညွှန်ပြခဲ့သည့် အတိုင်းပင် မိမိတို့သည် မိမိကိုယ်ကိုလှည့်စားခြင်းတည်းဟူသော မရိုးသားမှု (BAD FAITH)ဖြင့် ပူပန်မှုမှ အချိန်တိုင်းလိုလို ထွက်ပြေး နေကြ သည်။

ယန်းပေါ်ဆက်

❁

## ဝေါဟာရရှင်းတမ်းများ

* တည်ရှိမှု (BEING) ။ ယန်းပေါ်ဆက်က လူတွင် တည်ရှိမှု နှစ်မျိုးရှိသည်ဟုဆိုသည်။ ကိုယ့်ဘာသာတည်ရှိမှု (BEING-IN-ITSELF)နှင့် ကိုယ့်အတွက်တည်ရှိမှု (BEING-FOR-ITSELF)ဟူ၍ ဖြစ်သည်။ အတိုကောက် IN-ITSELF နှင့် FOR-ITSELF ဟုသုံး သည်။ IN-ITSELF သည် အသိစိတ်မဲ့တည်ရှိမှု ဖြစ်သည်။ FOR-ITSELF သည် IN-ITSELF ကိုငြင်းပယ်မှုဖြစ်၍ အသိစိတ်ကိုဆိုလို သည်။ယင်းအသိစိတ် သည်တည်ရှိမှုမရှိသည့်အရာလည်း ဖြစ်၍ တည်ရှိမှုကို လိုလားသည့်

www.burmeseclassic.com



ဆန္ဒလည်းဖြစ်သည်။ စာဖတ်သူများ နားလည် လွယ်ရန်အတွက် ယင်း FOR-ITSELFကို အသိစိတ်နှင့် ရွေးချယ်ဆုံးဖြတ်နေသောလူသားဟုပင် ဘာသာပြန်ပေးထားသည်။

* ရွေးချယ်ဖော်ဆောင်မှု (PFOJECT)။ ။ FOR-ITSELF သည် တည်ရှိမှုဆိုင်ရာနည်းလမ်းတစ်ခုကို ရွေးချယ်ရသည်။ ယင်းရွေးချယ်ဖေါ်ဆောင်ချက်ဖြင့်ပင် လောကတစ်ခုနှင့်ပတ်သက် ဆက်နွယ်မှု (ENGAGEMENT) ဖြစ်လာသည်။ ထို့ကြောင့် အသိစိတ်နှင့် ရွေးချယ်ဆုံးဖြတ်နေသည့် လူသားဟူသည် လောကတစ်ခုနှင့် မလွဲသာ မရှောင်သာ ပတ်သက်ဆက်စပ်မှုပင်ဖြစ်တော့သည်။

* ကျော်လွန်မှု (TRANSCENDENCE) ။ ။ FOR-ITSELF သည် အနာဂတ်ဖော်ဆောင်ချက်ကို လုပ်ခြင်းဖြင့် မိမိကိုယ်ကို ကျော်လွန်ရပါသည်။ ထို့ကြောင့် FOR-ITSELF ကိုပင် ကျော်လွန်မှုဟု ခေါ်ရပါမည်။ အခြားသူတို့ထံမှ တစ်စုံတစ်ခု ထုတ်ယူဖေါ်ဆောင်လိုက်သည့်အခါတွင်ကား ယင်းအခြားသူများသည် မိမိအတွက် အကျော်လွန်ခံကျော်လွန်မှုများ (TRANSCENDENCE-TRANSCENDED) ဖြစ်လာတော့သည်။

* မရိုးသားမှု (BAD FAITH) ။ ။ မိမိကိုယ်မိမိ လိမ်လည်လှည့်စားမှုဖြစ်သည်။ လူတစ်ယောက်သည် ယင်းမရိုးသားမှုဖြင့်ပင် FOR-ITSELF ၏တာဝန်ရှိသောလွတ်လပ်မှုကို ရှောင်ပြေးရန် ကြိုးစားပါသည်။။ မိမိ၏ဘဝအခြေအနေအတွက် မိမိမှာတာဝန်ရှိသည်ဟုမမြင်ဘဲပတ်ဝန်းကျင်သို့ လက်ညှိုးထိုးပြခြင်းမျိုးဖြစ်သည်။

* တည်ရှိမှုဆိုင်ရာအချက်အလက် (FACTICITY) ။ ။ FOR-ITSELF၏ IN-ITSELFနှင့် ဆက်စပ်နေမှုဖြစ်သည်။ ယင်းအချက်အလက်ကြောင့်ပင်FOR-ITSELFရှိနေသည်ဟုပြောနိုင်ခြင်း ဖြစ်သည်။



[အဲဘာတ်ရှိုက်ဇာ (၁၈၇၅–၁၉၆၅) သည် ဩစတြေးရီးယားနိုင်ငံ သား စာရေးဆရာ၊ဆရာဝန်၊ ဂီတပညာရှင်၊ သာသနာပြု ဖြစ်သည်။ အာဖရိကတိုက်အတွင်း ဆေးရုံများ ဖွင့်လှစ်ကုသ၍ သာသနာပြုခြင်း ကြောင့် ၁၉၅၂ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိခဲ့သည်။ အထက်ပါဆောင်းပါးမှာ သူ၏ **YOUR SECOND JOB** ကို ပြန်ဆိုခြင်းဖြစ်ပါသည်။]

www.burmeseclassic.com

## ဒုတိယအလုပ်

"လူ့လောကအတွက် ကောင်းကျိုးပြုတဲ့ အလုပ်တစ်ခုခုတော့ လုပ်ချင်သား။ နို့ပေမယ့် အိမ်မှုကိစ္စတွေကလည်းများ အလုပ်တာဝန်တွေကလည်း မနည်းလှတာမို့ အားတယ်လို့ကို မရှိပါဘူး။ ဗာဟီရအလုပ်ကလေးတွေထဲမှာ နစ်နေရပါတယ်။ ကိုယ့်ဘဝအတွက် အဓိပ္ပါယ်တစ်ခုခု ရှိလာအောင် လုပ်ဖို့ အခွင့်အလမ်းကိုမရှိဘူး ဖြစ်နေတယ်"

ဤစကားမျိုးကို မကြာခဏ ပြောတတ်ကြသည်။ လူတိုင်းလိုလို မှားနေကျအမှားမျိုးဖြစ်၍ အန္တရာယ်ရှိသည်။ သူတစ်ပါးအကျိုးသယ်ပိုးကူညီရေးကိစ္စတွင် ကူညီစရာအလုပ်ကို မိမိ၏ အိမ်တံခါးဝမှာတင် လူတိုင်း တွေ့ရှိနိုင်ပါသည်။ သူတစ်ပါးအကျိုး သယ်ပိုးခြင်းသည် စိတ်ဝိညာဉ်အတွက် စွန့်စားမှုဖြစ်၍ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ရာသက်ပန် ချမ်းမြေ့နှစ်သိမ့်မှုတို့အတွက် အသေချာဆုံး အရင်းအမြစ်လည်း ဖြစ်ပေသည်။ ဤပျော်ရွှင်ချမ်းမြေ့မှုကို ရရှိခံစားရန်အတွက် မိမိတို့၏တာဝန် ဝတ္တရားများကို လျစ်လျူရှု ပစ်ဖို့လည်း မလို

www.burmeseclassic.com



အပ်။ ကြီးကျယ်ခမ်းနားသည့်အလုပ်မျိုးတွေကို လိုက်လုပ်နေဖို့လည်း မလိုအပ်။

စိတ်ဝိညာဉ်အတွက် လုပ်ရသော ဤအလုပ်ကို "ဒုတိယအလုပ်" ဟု ကျွန်ုပ် ကင်ပွန်းတပ်ပါမည်။ ဒုတိယအလုပ်တွင် ယင်းအလုပ်ကို လုပ်ရခြင်းဟူသော အခွင့်အရေးမှ တစ်ပါး အခြားလစာငွေကြေး မပါရှိပါ။ ယင်းအလုပ်၌ မြင့်မြတ်သောကြံ့ကြိုက်မှုများကိုလည်းကောင်း၊နက်နဲသောအင်အားတို့ကိုလည်းကောင်း ကြုံရပါလိမ့်မည်။ သင်သိမ်းဆည်းထားသည့် အရန်အင်အားများကိုလည်း ယင်းအလုပ်တွင် အကုန်အသုံးချနိုင်ပါမည်။ ယနေ့ မျက်မှောက်ကမ္ဘာကြီးတွင် အရှားပါးဆုံးနှင့် အလိုအပ်ဆုံးအရာသည်ကား သူတစ်ပါး၏ လိုအပ်ချက်တို့ကို မိမိ၏ လိုအပ်ချက်များအဖြစ် ခံယူထားသူများဖြစ်သည်။ အတ္တစွဲ စိတ်ကင်းမဲ့သော ဤအလုပ်တွင် ကူညီသူအပေါ်မှာရော အကူညီခံရသူအပေါ်မှာပါ ကောင်းချီးမင်္ဂလာအဖြာဖြာ ကျရောက်နေပါသည်။

သည်လိုစိတ်ဝိညာဉ်ဆိုင်ရာ စွန့်စားမှု အလုပ်မျိုးမရှိဘဲနှင့် ယနေ့ခေတ်ယောကျာ်း၊ မိန်းမတို့သည် အမှောင်ထုထဲတွင် လျှောက်လှမ်းနေကြသည်။ ခေတ်သစ်အဖွဲ့အစည်း၏ ဖိစီးမှုအောက်တွင်ကျွန်ုပ်တို့သည်မိမိတို့၏ ပုဂ္ဂလိကဘဝကို လက်လွှတ်ဆုံးရှုံးရမလို ဖြစ်နေသည်။ တီထွင်ဖန်တီးလိုသောဆန္ဒများနှင့် မိမိခံစားချက်ကို ထုတ်ဖော်တင်ပြ လိုသည့် ဆန္ဒများသည် အဖိနှိပ်ခံနေရသည်။ ယဉ်ကျေးမှုအစစ်သည် ထိုမျှလောက်အထိပင် အပိတ်ပင်ခံနေရပါ၏။

ဤရောဂါကို မည်သည့်ဆေးဖြင့် ကုသရမည်နည်း။

www.burmeseclassic.com



လူတိုင်းသည် မည်မျှပင် အလုပ်ရှုပ်စေကာမူ စိတ်ဝိညာဉ်ဆိုင်ရာ အလုပ်အတွက် အခွင့်ကောင်းမှန်သမျှကို မလွတ်တမ်း အရယူခြင်းဖြင့် မိမိ၏ပုဂ္ဂလအရည်အသွေးကို အခိုင်အမာ ပြသနိုင်ပါသည်။ ဘယ်လိုဘယ်ပုံ ပြသရမည်နည်း။ ဒုတိယအလုပ်ဖြင့် ပြသရမည်။ ဘဝတူလူသားတို့၏ ကောင်းကျိုးအတွက် မည်မျှသေးဖွဲ့ သည့် အလုပ်ကိုမဆို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခြင်း နည်းဖြင့် ပြသရပါမည်။

ပုဂ္ဂလလူသားများအဖြစ်နှင့် ကျွန်ုပ်တို့၏ အကြီးဆုံးအမှားမှာ မျက်စိကိုစုံမှိတ်ပြီး ဘဝလမ်းကို လျှောက်လှမ်းနေပြီး အခွင့်အလမ်းတို့ကို မမြင်ခြင်းပင်ဖြစ်သည်။မျက်စိကိုဖွင့်၍ သတိရှိရှိနှင့် ရှာကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် အကူအညီ လိုနေသူများကို အများအပြားတွေ့ရပါမည်။အကူအညီကြီးကြီးမားမား လိုနေသူများကိုသာမက အကူအညီ သေးသေးဖွဲ့ဖွဲ့ လိုနေသူများကိုပါ တွေ့ရပါမည်။မည်သည့်ဘက်သို့ လှည့်ကြည့်လိုက် လှည့်ကြည့်လိုက် အကူအညီလိုနေသူ တစ်ယောက်ယောက်ကိုတော့ တွေ့နိုင်ပေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ဂျာမနီနိုင်ငံအတွင်း မီးရထားစီး၍ ခရီးလှည့်နေခဲ့သည်။ ကျွန်ုပ်စီးသည်မှာ တတိယတန်းတွဲဖြစ်သည်။ ကျွန်ုပ်၏ဘေးတွင် လူငယ်တစ်ဦး ထိုင်နေပါသည်။ ထိုလူငယ်သည် တစ်ခုခုကိုရှာဖွေနေသည့်ပုံစံမျိုးနှင့် ထိုင်နေသည်။ သူ့မျက်နှာချင်းဆိုင်မှာက အဘိုးအိုတစ်ဦး။ အဘိုးအိုမှာ ပူပင်သောကရောက်ကာ စိုးရိမ်နေကြောင်း ထင်ရှားသည်။ ထိုအချိန်၌ လူငယ်က နောက်မြို့သို့ မရောက်ခင် မှောင်လိမ့်မည်ဖြစ်ကြောင်း ပြောလိုက်သည်။

www.burmeseclassic.com



"အဲသည်ရောက်ရင် ဘာလုပ်ရမယ် မသိပါဘူး" ဟု အဘိုးအိုက စိုးရိမ်စွာပြောသည်။ "ငါ့ရဲတစ်ဦးတည်းသောသား ဟာ ဆေးရုံပေါ်မှာ အသည်းအသန်ဖြစ်နေတယ်။ ချက်ချင်းလိုက် လာပါဆိုတဲ့ သံကြိုးစာရလို့ လိုက်လာရတာပဲ။ မသေခင်တော့ သားကိုတွေ့ရမယ်လေ။ ဒါပေမယ့် ငါက တောကကွ။ မြို့ရောက် ရင် မျက်စေ့လည်မှာပဲထင်တယ်"

ထိုအခါ လူငယ်က ဤသို့ပြန်ဖြေလိုက်သည်။ "သည် မြို့ကို ကျွန်တော် ကောင်းကောင်းကျွမ်းကျင်ပါတယ်။ အဘနဲ့ အတူလိုက်ပြီး အဘသားဆီပို့ပေးပါမယ်။ ပြီးတော့မှ နောက် ရထားနဲ့ ကျွန်တော်ဆက်လိုက်မယ်"

သူတို့နှစ်ဦး တကယ့်ညီရင်းအစ်ကိုသဖွယ် ရထား ပေါ်မှ ဆင်းသွားကြပါသည်။

သေးမွှားသော ဤအလုပ်ကလေး၏ အကျိုးကို ဘယ်သူတန်ဖိုးဖြတ်နိုင်မည်နည်း။ သင်သည်လည်း ထိုကဲ့သို့ပင် ကူညီစရာအလုပ်ကလေးများကို ရှာဖွေနိုင်ပါသည်။

လန်ဒန်အရှေ့ပိုင်းသား အငှားယာဉ်မောင်းသမားတစ် ဦး ကိုလည်းကြည့်ပါဦး။ ပထမကမ္ဘာစစ်ဖြစ်သည့်အချိန်တွင် သူ့ အသက်မှာ စစ်မှုထမ်းဖို့အတွက် လွန်နေပြီဟု အသတ်မှတ်ခံရပါ သည်။ ဌာနတစ်ခုမှသည် နောက်ဌာနတစ်ခုသို့ ခြေတိုအောင် လျှောက်ပြီး အားလပ်ချိန်မှာ လုပ်အားပေးပါရစေဟု ဆိုသော် လည်း အမြဲပင် အငြင်းခံခဲ့ရသည်။ နောက်ဆုံးမှာတော့ ကိုယ့်ကို ကိုယ် အလုပ်တစ်ခု သတ်မှတ်ပေးလိုက်ရတော့သည်။ မြို့နှင့်ဝေး သော တပ်စခန်းတို့မှ စစ်သားတို့ကို ရှေ့တန်းသို့မပို့မီ မြို့ထဲ၌ လည်ပတ်ခွင့်ပေးထားသည်။ ညရှစ်နာရီထိုးပြီဆိုလျှင် ယင်းအငှား

www.burmeseclassic.com



ယာဉ်မောင်း သမားကြီးသည် ဘူတာရုံတစ်ခုခုဆီသို့ ရောက်လါပြီး ဘယ်သွားလို့ ဘယ်လာရမှန်းမသိဖြစ်နေသည့် စစ်သားတို့ကို ရှာသည်။ ထို့နောက်လန်ဒန်မြို့ကြီး၏ ရှုပ်ထွေးပွေလီသော လမ်းများတစ်လျှောက် အခမဲ့လမ်းညွှန်အဖြစ် လိုက်ပို့၏။ တစ်ညလျှင် လေးငါးကြိမ် ထိုသို့လမ်းညွှန်အလုပ်ကို လုပ်နေခဲ့သည်မှာ တပ်ဖွဲ့တွေ ကုန်သွားသည်အထိ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ရိုးတိုးရှန့်တန့်ဖြစ်တတ်သည့်စိတ်ကြောင့် လူစိမ်းတစ်ဦးအနား ချဉ်းကပ်ဖို့ တွန့်ဆုတ်နေတတ်သည်။ ငြင်းပယ်ခံရမည်ကို ကြောက်ခြင်းသည် စိမ်းကားပြတ်တောက်မှုများစွာ၏ အကြောင်းရင်းပင်ဖြစ်သည်။ စိတ်မဝင်စားသလိုနေခြင်း၊ လျစ်လျူရှု၍ ဂရုမစိုက်သလိုနေခြင်းများသည် စင်စစ် ကြောက်ရွံ့နေခြင်းသာ ဖြစ်နေတတ်ပါသည်။ စွန့်စားဆောင်ရွက်လိုသူသည် ယင်းအတားအစီးကို ဖျက်ဆီးရမည်။ ငြင်းပယ်ခံရခြင်းကို အမှုမထားဖို့ ကြံ့တင်သံဓိဋ္ဌာန် ချထား ရမည်။ ချဉ်းကပ်သည့်နေရာတွင် ဏ္ဍန္ဒေကိုထိန်းပြီး ပညာနှင့် ယှဉ်၍ ချဉ်းကပ်ပါမူ မိမိကိုယ်ကို ပွင့်ပွင့်လင်းလင်း ဖွင့်လှစ်လိုက်သည့်အခါတိုင်း အခြားသူတို့၏ တံခါးများကိုလည်း ဖွင့်လှစ်ပြီး ဖြစ်နေသည်ကို တွေ့ရပါသည်။

အထူးသဖြင့် မြို့ကြီးပြကြီးများ၌ နှလုံးသားတံခါးများကို ဖွင့်လှစ်ထားဖို့ လိုအပ်လှသည်။ ချစ်ခြင်းမေတ္တာသည် လူစု လူဝေးကြား၌ အမြဲတမ်း အထီးကျန်ဖြစ်နေတတ်သည်။ ကျေး လက်တောရွာက သူတို့မှာမူ တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြပြီး တစ်ဦးကိုတစ်ဦး မှီခိုနေရသည့်အဖြစ်အားနားလည်သဘောပေါက်ကြသည်။ သို့သော် မြို့ကြီးသားတို့ကတော့

www.burmeseclassic.com



တစ်ဦးကိုတစ်ဦး တွေ့သော်မှ နှုတ်မဆက်ကြအောင် သူစိမ်းဆန်နေကြသည်။ ကင်းကွာပြတ်တောက်ကြသည်။ သို့နှင့် စိတ်ပျက်အားငယ်ကြသည်။ မေတ္တာကရုဏာနှင့်ပြီးသော လူတစ်ယောက်အဖြစ်ကိုသာ လိုချင်သူတို့အတွက် အခွင့်ထူးကြီး တစ်ခုသည်စောင့်နေပါသည်။

ရုံးတွင်ဖြစ်စေ၊ စက်ရုံတွင်ဖြစ်စေ၊ ရထားပေါ်တွင်ဖြစ်စေ ကြုံကြိုက်သည့်နေရာတွင် စတင်လိုက်ပါ။ မြို့ပတ်ရထားပေါ်မှာ ပြုံးပြလိုက်ခြင်းသည် ကိုယ့်ကိုကိုယ်သတ်သေမည့် အကြံအစည်တစ်ခုကို ရပ်ဆိုင်းသွားစေနိုင်ပါသည်။ ရင်းနှီးဖော်ရွေသော အကြည့်တစ်ချက်သည် လင်းလက်တောက်ပသော နေရောင်ခြည်မျှင်တစ်မျှင်ကို အမှောင်ထုအား ဖောက်ထွင်းသွားနိုင်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ငယ်စဉ်ဘဝကို ပြန်တွေးကြည့်လိုက်သည့်အခါ ကျွန်ုပ်အား အခြားသူတို့ကပေးသည့် ကူညီမှု၊ နားလည်မှု၊ ရဲရင့်မှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် အသိပညာတို့သည် အလွန်အရေးပါလှသည်ကို သိမြင်မိပါသည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်၏ဘဝအတွင်းသို့ ဝင်ရောက်လာပြီး ကျွန်ုပ်၏ အတွင်းအားများဖြစ်လာကြသည်။ သို့သော် ထိုသို့ဖြစ်သွားသည်ကို ထိုပုဂ္ဂိုလ်များ မသိကြ။ ထိုအကူအညီများ ရစဉ်တုန်းကဆိုလျှင် သည်လောက်အရေးပါလိမ့်မည်ဟု ကျွန်ုပ်လည်း မသိမြင်ခဲ့။

ကျွန်ုပ်တို့သည် အခြားသူတို့၏ ကူညီစောင်မမှု၊ ကျေးဇူးပြုမှုတို့ကို များစွာရရှိနေကြပါသည်။ ထို့ကြောင့် အခြားသူတို့တွင်လည်း ကျွန်ုပ်တို့ ကူညီစောင်မပေးဖို့၊ ကျေးဇူးပြုပေးဖို့ဘာတွေလိုအပ်နေမည်ကို ကိုယ့်ကိုကိုယ် မေးကြည့်နိုင်

www.burmeseclassic.com



ရာသည်။ ပြီးပြည့်စုံသော အဖြေကိုကား ရမည်မဟုတ်။ သို့သော် စွန့်လွှတ်ရဲသည့် သတ္တိတွေ မကုန်ခန်းသွား၊ မပျောက်ဆုံးသွားရလေအောင် ယင်းအဖြေ၏ အစိတ်အပိုင်း သေးသေးကလေးကိုတော့ မကြာခဏ မြင်တွေ့ခွင့်ရတတ်သည်။ မည်သို့ဖြစ်စေ သင့်ပတ်ဝန်းကျင်အပေါ် သက်ရောက်နေသည့် သင့်ဘဝ၏ ဩဇာမှာ အလွန်ကြီးမားသည် သို့မဟုတ် အလွန်ကြီးမားနိုင်သည်ဆိုသည့်အချက်နှင့် ပတ်သက်၍ကား သံသယမရှိနိုင်။

သူများထက်ပို၍ ကျန်းမာရေးကောင်းသည်ဖြစ်စေ၊ သူများထက် ပို၍ တိုးတက်အောင်မြင်သည်ဖြစ်စေ၊ သူများထက် ပို၍ ပျော်ရွှင်ချမ်းမြေ့သော ကလေးဘဝကို ရရှိသည်ဖြစ်စေ၊ သူများထက်ပို၍ အရည်အချင်းရှိသည်ဖြစ်စေ၊ သူများထက် ပို၍ လက်ရုံးရည် နှလုံးရည်ရှိသည်ဖြစ်စေ၊ သူများထက်ပို၍ သာယာသောအိမ်ထောင်ရှိသည်ဖြစ်စေ၊ ဤအကျိုးကျေးဇူးအားလုံးကို သင် တစ်ဦးတည်းသာ သိမ်းကျုံးခံစားရန်မသင့်။ သင်၏ ကောင်းမွန်သော ဘဝကြမ္မာအတွက် ကျေးဇူးတင်သည့်အနေနှင့် အခြားသူတို့၏ ဘဝအတွက် သင့်ဘဝအချို့အဝက်ကို စတေးသင့် ပါသည်။

ထူးထူးခြားခြား ဒုက္ခခံစားခဲ့ရသူများအတွက် အကူအညီပေးစရာ အခွင့်အလမ်းများလည်း ထူးထူးခြားခြားရှိနေသည်။ ပုံစံအားဖြင့် ဆင်းရဲဖော်ဆင်းရဲဖက် ရှိနေခြင်းမျိုး။ ဆင်းရဲဝေဒနာတစ်ခုခုမှ လွတ်သည်နှင့် သင့်ကိုယ်သင် လွတ်မြောက်ပြီဟု ယူဆ၍မရ။ ယင်းဆင်းရဲဝေဒနာမှ လွတ်သည့်အချိန်မှစ၍ အခြားသူတို့ကိုလည်း လွတ်မြောက်အောင် လုပ်ပေးရမည့် ဝတ္တရားရှိနေပါသည်။ ခွဲစိတ်ကုသပညာကြောင့် သေတွင်းမှ

www.burmeseclassic.com



လွတ်ခဲ့လျှင်ဖြစ်စေ၊ ရောဂါပျောက်ကင်းခဲ့လျှင်ဖြစ်စေ၊ သေခြင်းတရားနှင့် ဆင်းရဲဝေဒနာတို့ အကွပ်အထိန်းမဲ့ လွှမ်းမိုးအုပ်စိုးနေသည့် ဒေသများဆီသို့ ဆေးသိပ္ပံပညာ ရောက်ရှိနိုင်အောင် သင်ပါဝင်ကူညီရပါမည်။ ထိုနည်းတူပင် အသက်မဆုံးရအောင် ဆေးကုသပေးခြင်းခံရသည့် ရင်သွေးငယ်၏ မိခင်သည်လည်းကောင်း၊ ရောဂါဝေဒနာ နှိပ်စက်ခံရမှုကို လျော့ပါးသက်သာအောင် ဆေးကုသပေးခြင်းခံရသည့် ဖခင်၏ သားသမီးတို့သည်လည်းကောင်း အခြားသူတို့လည်း မိမိတို့နည်းတူ ကံကောင်းကြရစေရန် ဝိုင်းဝန်းကူညီကြရပါမည်။

ကျွန်ုပ်တို့၏ဘဝကို စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း ကိစ္စ၌ အများဆုံး အသုံးချရပါမည်။ ဆယ်ဒေါ်လာလိုအပ်နေသူကို ဆယ်ဒေါ်လာပေးကမ်းခြင်းသည် တတ်နိုင်သူအဖို့ စွန့်လွှတ်ခြင်း အနစ်နာခံခြင်းမဟုတ်ပါ။ မုဆိုးမတစ်ယောက်၏ တစ်ကျပ်တစ်ပြားက လူချမ်းသာ၏ အလှူဒါနထက် ပို၍ တန်ဖိုးကြီးမားသည်။ အကြောင်းမှာ မုဆိုးမ၏ တစ်ကျပ်တစ်ပြားမှာသူ့ရှိသမျှ အကုန်ပင်ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့သည် စွန့်လွှတ်ဖို့ ခက်ခဲသည့်အရာတစ်ခုကို ကိုယ့်နည်းကိုယ့်ဟန် စွန့်လွှတ်ပေးကမ်းရပါမည်။ ရုပ်ရှင်ကြည့်မည့်အချိန်ကို စွန့်လွှတ်လိုက်ခြင်းမျိုးဖြစ်ချင်ဖြစ်မည်။ ပျော်ပွဲရွှင်ပွဲသွားမည့်အချိန်ကို သူတစ်ပါး အတွက် အသုံးချလိုက်ခြင်းမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

"ငါချမ်းသာလို့ကတော့ လူတွေကို အကြီး အကျယ် ကူညီပစ်လိုက်မယ်" ဟု ပြောဆိုကြသံကို ကျွန်ုပ် ကြားရသည်။ သို့သော် ကျွန်ုပ်တို့သည် ငွေကြေးအားဖြင့် မချမ်းသာနိုင်စေကာမူ မေတ္တာတရားနှင့် စေတနာအရာ၌မူ

www.burmeseclassic.com



ချမ်းသာနိုင်ကြပါ၏။ ထို့ပြင် အကူအညီလိုနေသူတို့၏ တကယ့် လိုအပ်ချက်ကို ကြည့်လိုက်မည်ဆိုလျှင်လည်း ကျွန်ုပ်တို့ပေးရမည့် အရာမှာ မေတ္တာတရားနှင့်ယှဉ်သော အားပေးကူညီမှုသာ ဖြစ်နေပါသည်။ ယင်းမေတ္တာနှင့် အားပေးကူညီမှုသည် ဤကမ္ဘာ အတွင်းရှိ ငွေကြေးဓနအားလုံးထက် ပို၍တန်ဘိုးရှိသည်။

လောက၏နိယာမအရ မေတ္တာတရားကို သင်ပေးဝေ လိုက်သည့်အခါ နောက်ထပ်ပေးဝေစရာ မေတ္တာများ၊ သုခ ချမ်းသာများကို သင်ရရှိလာပါသည်။

လူအများ စုပေါင်းလုပ်ဆောင်သော လူမှုရေးလုပ်ငန်း တို့သည် အမှန်ပင် လိုအပ်ပါ၏။ သို့သော် ယင်းလုပ်ငန်းများရှိ လစ်ဟာကွက်များကို မေတ္တာတရား၊ ကရုဏာတရားတို့ဖြင့်ပြည့် ဝသော တစ်သီးပုဂ္ဂလ ဆောင်ရွက်မှုတို့နှင့် ဖြည့်ဆည်းရပါမည်။ ပရဟိတအဖွဲ့သည် ရှုပ်ထွေး၏။ မော်တော်ကားကြီးတစ်စီးကဲ့သို့ လမ်းမကြီးတစ်ခု လိုအပ်၏။ လူသွားလမ်းကလေးများပေါ် မသွားနိုင်။ လူသွားလမ်းကလေးများသည် ပွင့်လင်းသောမျက်လုံး နှင့် ခံစားတတ်သောနှလုံးသားတို့ကို ပိုင်ဆိုင်ထားကြသည့် အကြင်ယေကျ်ား မိန်းမတို့ လျှောက်လှမ်းဖို့အတွက်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားဆိုင်ရာ အသိစိတ်ကို အဖွဲ့အစည်းတစ်ခုခု၊ အစိုးရအဖွဲ့တစ်ခုခုထံ လွှဲအပ် ထား၍မရ။ ကျွန်ုပ်သည် ကျွန်ုပ်ညီ၏ အုပ်ထိန်းသူပင် မဟုတ်ပါ လော။ ဧကန်မုချ ဟုတ်ပါပေ၏။ လိုအပ်ချက်အားလုံးကို အစိုးရ က လုပ်ပေးလိမ့်မည်ဟု ပြောခြင်းဖြင့် မိမိ၏တာဝန်ဝတ္တရားကို ရှောင်၍မရနိုင်ပါ။ သို့သော် ယနေ့ကာလမှာတော့ ရှောင်လွှဲ၍ ရနိုင်သည်ဟု လူများစွာက တွေးထင်နေကြသည်မှာ ဝမ်းနည်း

www.burmeseclassic.com



စရာကောင်းလှသည်။

မိသားစု တို့၌ပင် သားသမီးဖြစ်သူတို့သည် မိအိုဖအိုတို့အား စောင့်ရှောက်ဖို့မလိုဟု ယူဆလာကြသည်။ သို့သော် သက်ကြီးထောက်ပံ့ကြေးသည် သားသမီးတို့အား တာဝန်ဝတ္တရားမှ ကင်းလွတ်ခွင့်မပေး။ မိအိုဖအိုစောင့်ရှောက်မှုကို ထိုသို့ ထောက်ပံ့ကြေးငွေဖြင့် လူမဆန်အောင်လုပ်ပစ်ခြင်းသည် မှားယွင်းလှ၏။ အကြောင်းမှာ မေတ္တာတရား၏နိယာမသဘောကို ဖျက်သိမ်းပစ်လိုက်သောကြောင့်ဖြစ်သည်။ မေတ္တာတရား၏ နိယာမသဘောသည် လူသားနှင့် လူ့ယဉ်ကျေးမှုကို တိုးတက်မြင့်မားအောင် လုပ်ပေးသည့် အခြေခံအုတ်မြစ်ဖြစ်သည်။

မိမိထက် အားနည်းသူတို့အပေါ် ကရုဏာထားခြင်းသည် နှလုံးသားကိုပို၍ အားကောင်းစေသည်။ အသိတရားနှင့် စာနထောက်ထားမှု မရှိကြသောကြောင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အန္တရာယ်ပေးနေကြသည်။ အသိတရားနှင့် စာနာထောက်ထားမှုရှိလာပြီး ခွင့်လွှတ်သည်းခံလိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ့်ကိုကိုယ် ဆေးကြောသန့်စင်ပြီးဖြစ်ကာ ကမ္ဘာကြီးသည်လည်း ပို၍စင်ကြယ်သွားပေတော့သည်။

ဘဝတူလူသားတစ်ယောက်ကို ဘာကြောင့် ခွင့်လွှတ်သည်းခံသင့်သနည်း။

ခွင့်လွှတ်သည်းခံခြင်းမရှိပါက ကိုယ့်ကိုကိုယ် လိမ်လည်လိုက်ခြင်း ဖြစ်သွားသောကြောင့်ပင်တည်း။ ခွင့်မလွှတ်ခြင်းသည် ထိုသူကျူးလွန်သောအပြစ်မျိုး မိမိမကျူးလွန်သလို ဟန်ဆောင်နေခြင်းသာဖြစ်ပါသည်။ စင်စစ် မကျူးလွန်ဖူးသည်မဟုတ်။ ကျူးလွန်ဖူးသည်သာ။ မိမိ၏လုပ်ရပ်များစွာသည်လည်း အလိမ်

www.burmeseclassic.com



အညာတို့ဖြင့် ကြိမ်ဖန်များစွာ စွန်းထင်းနေခဲ့ဖူးသည် ဖြစ်သော ကြောင့် မိမိအပေါ် လိမ်ညာလာသည်တို့ကို ခွင့်လွှတ်သည်းခံရပါ မည်။ မိမိတို့ကိုယ်တိုင် ကြိမ်ဖန်များစွာ မေတ္တာတရားကင်းမဲ့ဖူး သောကြောင့် ၊ အမုန်းတရားရှိခဲ့ဖူးသောကြောင့်၊ အတင်းအဖျင်း ပြောခဲ့ဘူးသောကြောင့်၊ လိမ်ညာခဲ့ဘူးသောကြောင့်၊ မောက်မာ ဝါကြွားခဲ့ဖူးသောကြောင့် မိမိတို့တွေ့ကြုံရသည့် မေတ္တာတရား ကင်းမဲ့မှုများ၊ အမုန်းတရားများ၊ အတင်းအဖျင်းပြောမှုများ၊ လိမ်ညာမှုများ၊ ဝါကြွားမောက်မာမှုများကို သည်းခံခွင့်လွှတ်ရပါ မည်။ ထို့ပြင် ခွင့်လွှတ်သည့်နေရာမှလည်း ပူညံပူညံမလုပ်ဘဲ ခွင့်လွှတ်ရပါမည်။ တည်တည်ငြိမ်ငြိမ် ခွင့်လွှတ်ရပါမည်။

ယေဘုယျအားဖြင့် ကျွန်ုပ်သည် အပြည့်အဝခွင့်လွှတ်၍ မရနိုင်ဘဲ ဖြစ်တတ်သည်။ အမြဲတမ်း တရားမျှတနေဖို့ပင် ကျွန်ုပ်မှာ မတတ်နိုင်။ သို့သော် ရိုးရိုးစင်းစင်းကလေးနှင့် ကျင့်သုံး ဖို့ခက်လှသော ဤသဘာဝတရားကို ကျင့်သုံးရန် ကြိုးစားနေသူ သည် စိတ်ဝိညာဉ်၏ တကယ့်စွန့်စားမှုနှင့် အောင်မြင်မှုတို့ကို သိမြင်လာပါလိမ့်မည်။

လူတစ်ယောက်သည် ကျွန်ုပ်အပေါ် အမှားတစ်ခု ကျူး လွန်ခဲ့သည်ဖြစ်အံ့။ ခွင့်လွှတ်ပါခင်ဗျားဟု ထိုသူက တောင်းပန် သည်အထိ ကျွန်ုပ်စောင့်ရမည်လော။ ထိုသို့စောင့်နေပါက ထိုသူမတောင်းပန်လျှင် ကျွန်ုပ်ကလည်း ဘယ်တော့မှ ခွင့်လွှတ် ဖြစ်တော့မည်မဟုတ်ပေ။ ယင်းသည် မကောင်းမှုပင် ဖြစ်ချေ တော့သည်။ ယင်းအစား ဤသို့သာ ရိုးရိုးကလေး ပြောလိုက်ကြ ပါစို့လား။ ပြီးသွားပါပြီ၊ မရှိတော့ပါဘူး။

ဘူတာရုံတစ်ခုတွင် သန့်ရှင်းရေး အလုပ်သမားတစ်

www.burmeseclassic.com



ယောက်ကို ကျွန်ုပ် စောင့်ကြည့်ဖူးသည်။ ခရီးသည်တို့ စောင့်ကြို သည့်အခန်းထဲတွင် တံမြက်စည်းတစ်ချောင်း၊ အမှိုက်ပုံးတစ်ပုံးနှင့် သူ အမှိုက်လှဲနေပါသည်။ သူသည် အခန်း၏ အပိုင်းတစ်ပိုင်းကို ပထမလှဲ၏။ ပြီးသော် နောက်တစ်ပိုင်းကိုလှဲ၏။ လှဲကျင်းပြီး သည့်အပိုင်းကို လည်ပြန်လှည့်ကြည့်မည်ဆိုလျှင် လူတစ်ယောက် က စီးကရက်တိုကို ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်ကိုလည်း ကောင်း၊ ကလေးတစ်ယောက်က စာရွက်တွေ ကြဲချလိုက်သည် ကိုလည်းကောင်း၊ သန့်ရှင်းခဲ့ပြီးနေရာ၌ အမှိုက်သရိုက်တွေ ရောက်နေသည်ကို လည်းကောင်းတွေ့ရပါမည်။ သို့တိုင် သူကား သူ့အလုပ်ကို ဆက်လုပ်နေရမည်သာဖြစ်၍ ဒေါသထွက်စရာ မလိုပါ။ ကျွန်ုပ်တို့အားလုံးသည် ထို့အတူပင်ဖြစ်ရမည်။ လူတွေ နှင့် ဆက်ဆံရသည့်အခါတိုင်း အမှိုက်ပုံးနှင့် တံမြက်စည်းကို အမြဲ ကိုင်ဆောင်ထားရပါမည်။ အမှိုက်သရိုက်တွေကို အဆက်မပြတ် လှဲကျင်းနေရပါမည်။ မိမိကိုယ်ကို အမှိုက်သရိုက်များ၊ အဖျင်း အမှုန်များမှ စင်ကြယ်အောင် လုပ်ရပါမည်။ ဆောင်းဦးရာသီ မှာ သစ်ရွက်တွေ မကြွေလျှင် နွေဦးရာသီမှာ ရွက်သစ်တွေ ဝေဖို့ နေရာရှိမည်မဟုတ်။

အီကွေတာ သစ်တောအတွင်းက ကျွန်ုပ်တို့ဇနီးမောင်နှံ ၏ ဘဝသည် အလွန်ထူးဆန်းအံ့ဩဖွယ်ရာ ဘဝတစ်ခုဖြစ်သည် ဟု သင်မှတ်ထင်နိုင်ပါ၏။ သို့သော် ကံအားလျော်စွာ ရောက်ရှိ သွားခြင်းမျှသာ ဖြစ်ပါ၏။ သင်သည်လည်း ကျရောက်ရာနေရာ မှာ နေထိုင်ပြီး မိမိ၏စိတ်ဝိညာဉ်ကို စမ်းသပ်မှု ထောင်ပေါင်း များစွာ အစမ်းခံ၊ ထို့နောက် မေတ္တာတရား၏ အောင်ပွဲများကို ရယူခြင်းဖြင့် ပို၍ ထူးဆန်းအံ့ဩဖွယ်ရာ ဘဝတစ်ခု၌ ရှင်သန်

www.burmeseclassic.com



နေထိုင်နိုင်ပေသည်။ ဤကဲ့သို့သော စိတ်ဝိညာဉ်အလုပ်တွင် ကြီးမားသော စိတ်ဆန္ဒနှင့် စွဲမြဲခိုင်မာသော မေတ္တာတရားတို့ လိုအပ်၏။ ယင်းအလုပ်သည် လူတစ်ယောက်အတွက် အကြီးဆုံး စမ်းသပ်မှုပင်ဖြစ်သည်။ သို့သော် ခက်ခဲလှစွာသော ဤဒုတိယ အလုပ်အတွင်း၌သာ စစ်မှန်သော သုခချမ်းသာကို ရှာတွေ့နိုင်ပါသည်။

အဲဘတ်ရှိုက်ဇာ

www.burmeseclassic.com



[ရာဝိန္ဒြနတ်တဂိုး (၁၈၆၁–၁၉၄၁) သည် အိန္ဒိယလူမျိုး ကဗျာစာဆိုတော်ကြီးဖြစ်၏။ သို့သော် ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း ရေး၏။ ပြဇာတ်များကိုလည်း ရေး၏။ သီချင်းများလည်း ဖွဲ့စပ်၏ ပန်းချီလည်းဆွဲ၏ သန္တိကေတန်အမည်ရှိ ကျောင်းကြီးဖွင့်လှစ်ပြီး ပညာလည်းသင်ပေး၏ ၁၉၂၁ ခုနှစ်တွင် စာပေဆိုင်ရာနိုဘယ်ဆုကို ရရှိ၏ အထက်ပါဆောင်းပါး **MY SCHOOL** မှာ သူ၏ **PERSONALITY** အမည်ရှိစာအုပ်မှကောက်နုတ်ပြန်ဆိုခြင်းဖြစ်သည်။]

# ကျွန်ုပ်၏ ကျောင်း

ဤလောကကြီးအတွင်းသို့ ကျွန်ုပ်တို့ ရောက်ရှိလာကြသည်မှာ ဤလောကကြီးအကြောင်းကို သိရုံသက်သက်အတွက်မဟုတ်။ ဤလောကကြီးကို လက်ခံရန်အတွက်လည်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသိပညာဗဟုသုတကြောင့် တန်ခိုးစွမ်းအားရှင်များဖြစ်လာနိုင်ပါ၏။ သို့သော် ပြည့်ဝသူအဖြစ်ကို ရရှိဖို့ရန်ကား မျှဝေခံစားမှု (ဝါ) စာနာထောက်ထားမှုရှိမှဖြစ်မည်။ ထိပ်တန်းအကျဆုံး ပညာရေးဆိုသည်မှာ သတင်းအချက်အလက်မျှ လောက်ကိုသာပေးသည့် ပညာရေးမျိုးမဟုတ်။ မိမိ၏ဘဝကို ရှိသမျှအရာခပ်သိမ်းနှင့် သဟဇာတဖြစ်အောင် လုပ်ပေးသည့် ပညာရေးမျိုးဖြစ်သည်။ သို့သော် လောကကြီးနှင့် သဟဇာတဖြစ်အောင်လုပ်ပေးသည့် ပညာရေးမျိုးကို စာသင်ကျောင်းတို့တွင် စနစ်တကျ လျစ်လျူရှုထားရုံမက အပြင်းအထန်ပင် နှိပ်ကွပ်နေကြသည်။

ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ ကျွန်ုပ်တို့၏ ဘဝကို သဘာဝလောကကြီးနှင့် အဆက်ပြတ်သွားအောင်နှင့်

www.burmeseclassic.com



ကျွန်ုပ်တို့၏ စိတ်ကို လောကကြီးနှင့် ဆန့်ကျင်ဘက်ဖြစ်သွားအောင် အကျင့်များကျင့်ပေး၏။ အသိတွေ သွင်းပေး၏။ ဤသို့ဖြင့် ကျွန်ုပ်တို့ သင်ယူဖို့ပြင်ဆင်ထားသော ထိပ်တန်းပညာရေးကို လျစ်လျူရှုပစ်လိုက်ကြသည်။ သတင်းအချက်အလက်တွေ တစ်ပွေ့တစ်ပိုက်ကြီး ရရှိရန်အလို့ငှာ သဘာဝလောကကြီးကို လက်လွှတ်၍ အဆုံးရှုံးခံလိုက်ရပါတော့သည်။ ကလေးငယ်ကို ပထဝီ ပညာသင်ပေးရန်အတွက် သူ့ထံမှ ကမ္ဘာမြေကြီးကို လုယူလိုက်ကြသည်။ သဒ္ဒါပညာကို သင်ပေးရန်အတွက် ဘာသာစကားကို လုယူလိုက်ကြသည်။ ကလေးငယ် ချင်ခြင်းတပ်သည်မှာ မော်ကွန်းမဟာကဗျာကြီး ဖြစ်သော်လည်း တကယ်အပေးခံရသည်မှာ ခုနှစ်သက္ကရာဇ်များသာဖြစ်သည်။ ကလေးငယ်သည် လူ့လောကအတွင်း မွေးဖွားလာသူဖြစ်ပါလျက် ဓာတ်ပြားစက် လောကကြီးအတွင်းသို့ နှင်လွှတ်ခြင်း ကို ခံရရှာ၏။ အကြောင်းမှာ မသိမှုနှင့်အတူ မွေးဖွားလာရခြင်းအပြစ်ကို ဆေးကြောရန်ဟူလို။ ကလေးငယ်ရှိသဘာဝသည် ယင်းဘေးရန်ကြီးကို ခံနိုင်စွမ်းအပြည့်နှင့် ခုခံတွန်းလှန်၏။ သို့သော် အဆုံးမှာတော့ အပြစ်ဒဏ်ပေးခံရသောကြောင့် ငြိမ်ပြီး အညံ့ခံလိုက်ရပါတော့သည်။

ကလေးငယ်တို့သည် မြေကြီးကို ချစ်သူများဖြစ်ကြောင်း ကျွန်ုပ်တို့အသိ ဖြစ်သည်။ ပန်းကလေးများ လေကောင်းလေသန့်ကိုကြိုက်သလို သူတို့၏ရုပ်ခန္ဓာတစ်ခုလုံးကလည်း လေကောင်းလေသန့်ကို ကြိုက်၏။ ပန်းကလေးများ နေရောင်ခြည်ကို ဆာလောင်မွတ်သိပ်သလို သူတို့၏ ရုပ်နာမ်ခန္ဓတစ်ခုလုံးကလည်း နေရောင်ခြည်ကို ဆာလောင်မွတ်သိပ်

www.burmeseclassic.com



၏။ သဘာဝလောကကြီးသည် ကလေးငယ်တို့၏ အာရုံများကို သူနှင့် တိုက်ရိုက်ထိတွေ့ဖို့ အစဉ်ဖိတ်ခေါ်နေပါသည်။ ယင်း ဖိတ်ခေါ်ချက်ကို ကလေးငယ်တို့ကလည်း ဘယ်တော့မှ ငြင်းဆန် လိုခြင်းမရှိခဲ့။

သို့သော် ကလေးငယ်တို့အဖို့ ကံဆိုးသည်မှာကား မိဘလုပ်သူများသည် အသက်မွေးအလုပ်တို့ကိုလုပ်ရင်း၊ လူမှု ဓလေ့ထုံးတမ်းများကို လိုက်နာကျင့်သုံးရင်း၊ တစ်မူထူးခြားသော အကျင့်တွေနှင့် နေထိုင်နေကြသည့် အချက်ဖြစ်သည်။ ယင်း အကျင့်တို့ကို ရှောင်လွှဲ၍ မရနိုင်ပါ။ အကြောင်းမှာ ပတ်ဝန်းကျင် ၏ တွန်းအားနှင့် လူမှုရေးညီညွတ်မှုအတွက် လိုအပ်ချက်တို့ ကြောင့် ဓလေ့ထုံးတမ်းတစ်ခုခုမှာ စွဲမြဲကပ်ငြိနေဖို့ လိုအပ်သော ကြောင့်ဖြစ်ပါသည်။

သို့သော် ကလေးဘဝသည် လွတ်လပ်မှု ပိုရှိရမည့် (သို့မဟုတ်) ပိုရှိသင့်သည် ကာလဖြစ်သည်။ ဤတွင် လွတ်လပ် မှုဟူသည် လူမှုရေးဓလေ့ထုံးတမ်းများနှင့် အသက်မွေးအလုပ်ဆိုင် ရာ အစဉ်အလာစည်းကမ်းများ၏ ကျဉ်းမြောင်းသော နယ်နိမိတ် အတွင်း စွဲမြဲစွာ ဝင်ရောက်နေထိုင်ဖို့မလိုအပ်ဘဲ ကင်းလွတ်ခြင်း ကိုဆိုလိုပါသည်။

ကျွန်ုပ်၏ကျောင်းက ကလေးငယ်တစ်ယောက် သစ် ပင်ပေါ်တက်ပြီး စာကျက်သည်ကို မြင်ရသဖြင့် အံ့အားသင့်ကာ စိတ်အနှောက်အယှက်ဖြစ်ရရှာသော ကျောင်းအုပ်ကြီးတစ်ယောက် ကို သတိရမိပါသည်။ ထိုကျောင်းအုပ်ဆရာကြီးမှာ လုပ်သက် ရင့်လှပြီး စည်းကမ်းသမားကြီးအဖြစ် အောင်မြင် ထင်ရှားသူ ဖြစ်သည်။ သူ့ကို ဤသို့ ရှင်းပြရပါမည်။

www.burmeseclassic.com



"လူယဉ်ကျေးတစ်ယောက်အနေနဲ့ သစ်ပင်နဲ့ ဧည့်ခန်းအကြား ကြိုက်ရာရွေးနိုင်တဲ့အချိန်ဟာ ကလေးဘဝအချိန်သာဖြစ်ပါတယ်။ ကျွန်တော်ကတော့ လူကြီးဖြစ်နေပြီမို့ အဲသလိုအခွင့်အရေးမျိုး မရှိတော့ပါဘူး။ ကိုယ့်မှာ မရှိတာကြောင့် ကလေးမှာလည်း မရှိရဘူးလို့ ပိတ်ပင်သင့်ပါ့မလား"

ယင်းကျောင်းအုပ်ဆရာကြီးသည် ကလေးငယ်များ ရုက္ခဗေဒပညာသင်ကြားခြင်းကို ထောက်ခံအားပေးကြောင်း သိရလေရာ အံ့သြဖို့တော့ တော်တော်ကောင်းပေသည်။ ရုက္ခဗေဒပညာသည် သိပ္ပံပညာဖြစ်သောကြောင့် ပုဂ္ဂိုလ်စွဲမပါသော ဓိမ္မဓိဋ္ဌာန်ကျသည့် အသိမျိုးဖြစ်ရမည်ဟုသူ ယုံကြည်ထားသည်။ ထို့ကြောင့် သစ်ပင်များနှင့် တိုက်ရိုက်ထိတွေ့ရာမှရသော ပညာမျိုးကို သူမယုံကြည်။ စင်စစ် ယင်းသို့တိုက်ရိုက် ထိတွေ့ရမှုသည်ပင် သဘာဝအသိ ဖြစ်ပေါ်ရေးကို ရှေ့ရှုနေပါသည်။ သဘာဝအသိသည်ကား သဘာဝလောကကြီး၏ ကိုယ်ပိုင်သင်ကြားနည်းမှ ထွက်ပေါ်လာသည့် အကျိုးရလဒ်ပင် ဖြစ်ပါသည်။

ကျွန်ုပ်၏ကျောင်းက ကလေးများသည် သစ်ပင်အကဲခတ်ပညာကို သဘာဝအသိဖြင့် တတ်မြောက်ထားကြသည်။ သစ်ပင်ကို ကိုင်ကြည့်လိုက်ရုံနှင့် ဘယ်နေရာက နင်းတက်၍ရမည်ကို သိကြသည်။ တက်၍မရနိုင်သည့် ပုံစံမျိုးပေါ်နေသည့် ပင်စည်မျိုးကိုပင် ဘယ်နေရာက ရွေး၍တက်ရမည်ကို သိကြသည်။ သစ်ကိုင်းတွေကိုလည်း ဘယ်လောက်လှုပ်ရမ်း၍ရသည်ကို သိကြသည်။ သစ်ကိုင်းနုနုကလေးတွေအပေါ်မှာ ကိုယ်ကိုဖော့၍ နေနည်းကိုပင် သိကြသည်။ သစ်သီးခူးခြင်းကိစ္စ၊ အနားယူ

www.burmeseclassic.com



ခြင်းကိစ္စ၊ ကိုယ်ရောင်ဖျောက်ခြင်းကိစ္စတို့၌ သစ်ပင်ကို ဘယ်လို အကောင်းဆုံး အသုံးချရမည်ကို သူတို့သိကြသည်။

ကျွန်ုပ်ကိုယ်တိုင်မှာ မြို့ကြီးသားလူယဉ်ကျေးတို့၏ အိမ်၌ မွေးဖွားကြီးပြင်းလာရသူဖြစ်ပေရာ သစ်ပင်မရှိသည့် ကမ္ဘာတစ်ခုမှာ နေရသလိုမျိုး ဘဝတစ်လျှောက်လုံး နေခဲ့ရပါသည်။ ထို့ကြောင့် "သစ်ပင်ဟူသည် ကလိုရိုဖီးဓာတ်ကို ထုတ်လုပ်ပြီး လေထဲမှ ကာဗွန်ဓာတ်ကို စုပ်ယူသည့်အရာမျှ သာမကပဲ အသက်ဘဝနှင့် ရှင်သန်နေသည့် အရေးပါသော အရှိတရား တစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့အရေးပါလှသည့် သစ်ပင်များ တည်ရှိနေသော ဘဝအစီအစဉ်တစ်ခုအတွင်းမှာ မိမိရောက်ရှိ နေခြင်းဖြစ်ကြောင်းကို ပြည့်ပြည့်ဝဝ သဘောပေါက်နားလည်ရန်မှာ ပညာရေး၏ ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်"ဟုကျွန်ုပ်ယူဆသည်။

မြေကြီးပေါ်တွင် မတ်မတ်ရပ်ပြီး လမ်းလျှောက်သွားဖို့ အတွက် အကောင်းဆုံးကိရိယာများဖြစ်လာအောင် ကျွန်ုပ်တို့၏ ခြေဖဝါးများကို သဘာဝက စီမံပြုလုပ်ထားသည်။ ရှူးဖိနပ်များကို စတင်စီးနင်းသည့်နေ့မှစ၍ ခြေထောက်များ၏ ရည်ရွယ်ချက်ကို အရာမသွင်းကြတော့။ ခြေထောက်တို့သည်လည်း တာဝန်အလျှော့ခံရခြင်းနှင့်အတူ မိမိတို့၏ဂုဏ်ရည်ကို လက်လွှတ်ဆုံးရှုံး သွားကြတော့သည်။ ယခုအခါသော် တန်ဖိုးအမျိုးမျိုးရှိသော၊ ပုံသဏ္ဌာန်အမျိုးမျိုးဆောင်သော၊ အချိုးအစားမကျ ကိုရိုးကားရားနိုင်သော ခြေအိတ်များ၊ ညှပ်ဖိနပ် ရှူးဖိနပ်များဖြင့် ကိုယ့်ကိုကိုယ် အလိုရှိသလို တန်ဆာဆင်လိုက်ကြသည်။ကျွန်ုပ်အဖို့ကား ယင်းသို့တန်ဆာဆင်ခြင်းအမှုသည် နူးညံ့လှပသော ခြေဖဝါးများ အစား မာကြောသောခွာတို့ကို မပေးရကောင်းလားဟုဆိုကာ

www.burmeseclassic.com



ဘုရားသခင်ကို မကျေနပ်ကြောင်း ပြသခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။

ခြေနင်းဖိနပ်တို့ကိုမသုံးဘဲ စွန့်လွှတ်ပစ်ဖို့ ကျွန်ုပ်ပြောနေခြင်းမဟုတ်။ သို့သော် သဘာဝလောကကြီးက အခမဲ့ပေးထားသည့် အသိပညာကို ကလေးငယ်တို့၏ ခြေထောက်၊ ခြေဖဝါးများ မရရှိအောင် လုပ်ခြင်းကိုမူ မသင့်မြတ်ဟုကားအလျင်စလိုပင် ပြောလိုသည်။ ကျွန်ုပ်တို့၌ ရှိသမျှ ကိုယ်အင်္ဂါများအနက် ခြေဖဝါးများကို မြေကြီးအား ထိရှုနှင့် သိကျွမ်းသွားအောင်အကောင်းဆုံးပြုပြင်ထားပါသည်။ အကြောင်းမှာ မြေကြီးထဲတွင် ချစ်သူစစ် ချစ်သူမှန်ဖြစ်သော ခြေထောက်များ၊ နမ်းရှိုက်ဖို့အတွက် နူးညံ့သိမ်မွေ့သော အကွေးအညွှတ် အသွဲ့အပြောင်းများ ရှိနေသောကြောင့်ဖြစ်သည်။

နောက်တစ်ဖန် ဝန်ခံပြောဆိုစရာ ရှိပါသေးသည်။ ကျွန်ုပ်သည် ကြေးရတတ်မိသားစုတစ်ခုအတွင်း ကြီးပြင်းလာရသည်ဖြစ်ရာ ကျွန်ုပ်၏ခြေထောက်တို့မှာ ငယ်စဉ်မှစ၍မြေမှုန့်တို့နှင့် တိုက်ရိုက်ထိတွေ့ခြင်းမရှိအောင် အထိန်းအကွပ်ခံခဲ့ရပါသည်။ ကျောင်းသားကလေးများလို ဖိနပ်မပါဘဲ လမ်းလျှောက်ကြည့်သည့်အခါ ကျွန်ုပ်ခြေထောက်များသည် မြေကြီးအကြောင်းကို ဘာမှမသိလောက်အောင်ပင် နုံအလှကြောင်း စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် သိလိုက်ရပါတော့သည်။ ကျွန်ုပ်သည် ဆူးများအပေါ်တွင်သာ တစ်သမတ်တည်း ရွေးလျှောက်နေမိရာ ဆူးများဝမ်းသာဖို့ လျှောက်သည့်နည်းကို ရွေးသလိုဖြစ်နေသည်။ ကျွန်ုပ်၏ ခြေထောက်များသည် အသက်သာဆုံး၊ အဆင်ပြေဆုံးလမ်းကိုလိုက်ဖို့ သဘာဝအသိမရှိကြ။ အပြန့်ပြူးဆုံးမြေပြင်၌ပင်

www.burmeseclassic.com



သေးငယ်သော အမို့အမောက် အချိုင့်အဝှမ်းကလေးများ ရှိနေရာ ယင်းတို့ကို သဘာဝအသိရှိသည့် ခြေထောက်တို့ကသာ သိမြင်နိုင်ပါသည်။

လုံးဝပြန့်ပြူးသော ကွင်းပြင်များကို ဖြတ်နေသည့် လူသွားလမ်းကလေးများ၏ ကွေ့ကောက်နေပုံကို ကြည့်ပြီး အကြောင်းရှာမရဖြစ်ကာ အံ့ဩမိပါသည်။ လူသွားလမ်းတစ်ခုကို လူတစ်ဦးတစ်ယောက်တည်းက သူ့စိတ်ကြိုက်ဖောက်လုပ်ထားခြင်း မဟုတ်ကြောင်းကို စဉ်းစားကြည့်မိလိုက်လျှင် ပို၍ပင် စိတ်ရှုပ်သွားဦးမည်။ ယင်းလူသွားလမ်းကို လျှောက်လှမ်းကြသူ အများစုတွင် ထူးဆန်းသောအရည်အချင်းတစ်ရပ် အတူအညီ ရှိနေကြပါသည်။ မရှိပါက သည်လို ကွေ့ကွေ့ကောက်ကောက်လမ်း ဖြစ်မလာနိုင်ပါ။ သို့သော် ကတယ့်အကြောင်းရင်းမှာ မြေပြင်ဆီမှလာသော သိမ်မွေ့သည့်အကြံပြုချက်များအတွင်း၌သာ ရှိနေပါသည်။ ယင်းမြေပြင်၌ အကြံပြုချက်အတိုင်း ကျွန်ုပ်တို့၏ခြေထောက်များက မသိစိတ်ဖြင့် တုံ့ပြန်နေပါသည်။ သည်လို မြေပြင်နှင့်ခြေဖဝါးကြားရှိ ဆက်သွယ်မှုကို ဖြတ်တောက်ပစ်ခြင်းမခံရသူများသည် သူတို့၏ခြေထောက် ကြွက်သားများကို အလွန်လျင်မြန်စွာ ပြောင်းလဲလှုပ်ရှားနိုင်ကြပါသည်။ ထို့ကြောင့် ဆူးပေါ်တတ်နင်းမိသော်မှ ဆူးစူးမခံရအောင် လုပ်နိုင်ကြ၏။ ကျောက်ကြမ်းလမ်းပေါ်မှာပင် ဖိနပ်မစီးဘဲ သက်သက်သာသာ လျှောက်သွားနိုင်ကြ၏။

လက်တွေ့လောကကြီးအတွင်း၌ ရှူးဖိနပ်များကို စီးကြရမည်ဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ လမ်းတွေခင်းပြီး၊ ကားတွေ စီးကြရမည်ဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ သို့သော် ပညာသင်

www.burmeseclassic.com



ယူနေသည့်ကာလတွင် ကလေးငယ်တို့ကို “ကမ္ဘာလောကကြီး သည် ဧည့်ခန်းမဆောင်တစ်ခုမျှသာ မဟုတ်ကြောင်း၊ သဘာဝ လောကဆိုသည့် အရာတစ်ခုကလည်းရှိသေးကြောင်း ယင်းသ ဘာဝ လောကကြီးကို တုံ့ပြန်ဆက်ဆံရန်အတွက် မိမိတို့၏ကိုယ် လက်အင်္ဂါများကို အလွန်ကောင်းမွန်စွာ ပြုလုပ်ထားကြောင်း” စသည့်အချက်တို့ကိုသိအောင် မသင်ကြားပေးသင့်ဘူးလား။

ကျွန်ုပ်၏ကျောင်းတွင် ရိုးရိုးဆင်းဆင်းနေထိုင်ရေးကို သင်ကြားပေးပါသည်။ ထိုသို့ သင်ကြားပေးသည်ကိုကြည့်ပြီး ကျွန်ုပ်သည် အလယ်ခေတ်ကလွှမ်းမိုးခဲ့သည့် ဆင်းရခြင်းအားအ မြတ်ဆုံးသဘောထားသည့် အယူအကျင့်ကို သင်ကြားပေးနေ သည်ဟု ထင်မှတ်တနေကြသူများရှိကြသည်။ ယင်းအယူအ ကြောင်းကို ဤစာတမ်း၌အပြည့်အဝ မဆွေးနွေးလိုပါ။ သို့သော် ပညာရေးရှုဒေါင့်မှကြည့်ပါက ဆင်းရဲခြင်းသည် ပညာသင် ကျောင်းတစ်ကျောင်းပင်ဖြစ်၍ လူသည်ယင်းကျောင်းမှ ရှေးဦးသင် ခန်းစာများနှင့် အကောင်းဆုံးလေ့ကျင့်မှုတို့ကို ရရှိခဲ့သည်ဟု ဝန်ခံ ရမည်မဟုတ်ပါလော။

သန်းကြွယ်သူဌေး၏သားသည်ပင် အားကိုးရာမဲ့ ပင်ပန်းဆင်းရဲစွာ မွေးဖွားလာခဲ့ရပါသည်။ ဘဝသင်ခန်းစာကို စာ မျက်နှာတစ်မှပင် စ၍သင်ယူရပါသည်။ ခြေထောက်ကိုမသုံးဘဲ တခြားနည်းလမ်းတွေနှင့်သွားလာဖို့ တတ်နိုင်စေကာမူ လမ်း လျှောက်ဖို့ကိုကား အခြားဆင်းရဲသားကလေးငယ်ကဲ့သို့ပင် သင် ယူလေ့ကျင့်ရသည်သာဖြစ်သည်။ ဆင်းရဲခြင်းသည် ကျွန်ုပ်တို့ အား ဘဝနှင့် လုံးဝထိစပ်သွားအောင်လုပ်ပေးသည်။ ကမ္ဘာလော ကကြီးနှင့် လုံးဝထိစပ်သွားအောင်လုပ်ပေးသည်။ အဘယ့်ကြောင့်

www.burmeseclassic.com



ဆိုသော ချမ်းချမ်းသာသာယာနေထိုင်ခြင်းသည် လူစားထိုနေထိုင်ခြင်းသာဖြစ်၍ အတုအယောင်လောကအတွင်း၌ နေထိုင်ခြင်းသာဖြစ်သောကြောင့်ပင်။ ချမ်းချမ်းသာသာယာနေထိုင်ခြင်းသည် ပျော်ရွှင်မြူးတူးခြင်းနှင့် မာန်မာနထောင်လွှားခြင်းအတွက်မူကား ကောင်းလှပါ၏။ သို့သော် ပညာရေးအတွက်ကား မကောင်းပါ။ ချမ်းသာခြင်းသည် သားငယ်သမီးငယ်တို့ကို စွမ်းရည်စွမ်းအားတို့ကုန်ခန်းပျောက်ကွယ်သွားအောင် ကျွေးမွေးပြုစုရာ ရွှေလှောင်အိမ်တစ်ခုပင် ဖြစ်ပါသည်။

ထို့ကြောင့် အဖိုးတန်ပစ္စည်းများကို သုံးစွဲနေကျပုဂ္ဂိုလ်များ၏ ရှုံ့ရှာမှုကိုခံ၍ ပရိဘောဂအဆောင်အယောင်ကင်းမဲ့ခြင်းတည်းဟူသော ဆရာမြတ်ကို ကျွန်ုပ်၏ကျောင်းတွင် ထားရှိခြင်းဖြစ်သည်။ ယင်းဆရာမြတ်သည် ဆင်းရဲခြင်းဖြစ်သောကြောင့် ကျွန်ုပ်၏ကျောင်းတွင် ထားရှိခြင်းမဟုတ်။ ကမ္ဘာလောကကြီးနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံသိမြင်စေနိုင်သည့်အတွက်ကြောင့်သာ ထားရှိခြင်းဖြစ်ပါသည်။

ရာဝိန္ဒြာနတ်တဂိုး

❁

www.burmeseclassic.com



[ဒေါက်တာဆူဇူကီး (၁၈၇၀–၁၉၆၆) သည် ဂျပန်လူမျိုး ဗုဒ္ဓစာပေပညာရှင်ဖြစ်၏။ ဇင်ဗုဒ္ဓဘာသာနှင့်ပတ်သက်လျှင် ဆရာတစ်ဆူအဖြစ် ကမ္ဘာကသတ်မှတ်ထားသည်။ အထက်ပါဆောင်းပါးမှာ ၁၉၅၈ခုနှစ်၊ ဘယ်ဂျီယန်နိုင်ငံ၊ဘရပ်ဆဲမြို့တော်၌ ကျင်းပခဲ့သည့် “မျက်မှောက်ကမ္ဘာကြီးအတွင်း စိတ်ဓာတ်တန်ဖိုးများ ထိန်းသိမ်းကာကွယ်ရေးကွန်ဖရင့်” တွင် ဖတ်ကြားခဲ့သည့် **LOVE AND POWER** အမည်ရှိ စာတမ်းကို ပြန်ဆိုထားခြင်းဖြစ်သည်။]

## ချစ်ခြင်းမေတ္တာနှင့် တန်ခိုးအာဏာ

လူ့ဘောင်လောက၏ သမိုင်း၌ ကျွန်ုပ်တို့၏ မျက်မှောက် ခေတ်ထက်ပို၍ စိတ်ဓာတ်ရေးရာခေါင်းဆောင်များနှင့် စိတ်ဓာတ် တန်ဖိုးမြှင့်တင်ရေးလုပ်ငန်းများကို အပူတပြင်း လိုအပ်သော ခေတ်ကာလမျိုးမရှိခဲ့ဘူးပါ။ ကျွန်ုပ်တို့သည် ကြီးပွားတိုးတက်ရေး ဆီသို့ ဦးတည်ကာ အံ့မခန်း စွမ်းဆောင်မှုတို့ကို ယခင်ရာစုနှစ် အတွင်းမှာရော၊ ယခုရာစုနှစ်အတွင်းမှာပါ ပြုလုပ်ခဲ့ပြီးလေပြီ။ သို့ရာတွင် ကြီးပွားတိုးတက်ရေးဟူသည် စိတ်ဓာတ်ပိုင်းနှင့် သက် ဆိုင်သော 'ပညာ နှင့် စည်းကမ်း' တို့အပေါ်၌သာ အဓိက တည်မှီ နေသည်ဟူသော အချက်ကိုကား ကျွန်ုပ် တို့သည် ထူး ဆန်းလှစွာပင် မေ့ယောင်ယောင်ဖြစ်နေကြသည်။ ဤအချက်ကို သတိမထား မေ့လျော့နေခြင်းကြောင့်ပင် မုန်းတီးမှု၊ အကြမ်းဖက် မှု၊ ကြောက်ရွံ့မှု၊ လိမ်လည်လှည့်ဖြားမှု စသည့် အပုပ်နံ့တို့ဟောင် နေသော ကမ္ဘာကြီးကို ယနေ့အချိန်၌ မြင်တွေ့နေခြင်းဖြစ်၏။ အမှန်စင်စစ် ကျွန်ုပ်တို့သည် လူသားတစ်ဦးတစ်ယောက်ကိုသာမ က လူ့လောကကြီးတစ်ခုလုံးနှင့် လူ့အနွယ်ကြီးတစ်ခုလုံး ပျက်

www.burmeseclassic.com



စီးရေးအတွက် အပြန်အလှန် ကြိုးပမ်းအားထုတ်နေကြပါသည်။

ယနေ့အချိန်၌ ကျွန်ုပ်တို့အဖို့ အလိုရှိအပ်သော စိတ်ဓာတ်တန်ဖိုးဟူသမျှအနက် မေတ္တာတရားထက် ပို၍ဦးစားပေးပြီး လိုအပ်သည့်အရာ မရှိ။

ဘဝကို ဖန်ဆင်းသည့်အရာကား မေတ္တာတရားဖြစ်ပါ၏။ ဘဝသည် မေတ္တာတရားမရှိဘဲလျက် ထီးတည်းရပ်တည်၍ မရနိုင်ပါ။ မုန်းတီးမှု၊ ကြောက်ရွံ့မှုတို့နှင့် ညစ်ညူးမွန်းကြပ်နေသော ယနေ့အခြေအနေသည် မေတ္တာတရား၊ ကရုဏာတရား၊ လူသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးတရားတို့ကို ဖိနှိပ်ထားရာမှ ပေါက်ဖွားဖြစ်ပေါ်လာရသည်ဟု ကျွန်ုပ် အခိုင်အမာ ယုံကြည်သည်။ ထို့ကြောင့် ဤမွန်းကြပ်မှုကြီးသည် တစ်ခုသောအမှန်တရားကို မသိမြင်ခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟူသော အချက်မှာလည်း ပြောဖို့ပင်မလိုတော့ချေ။ ယင်းအမှန်တရားသည်ကား လူ့အဖွဲ့အစည်းဟူသည် အရှုပ်ထွေးဆုံးနှင့် အကျယ်ပြန့်ဆုံး အပြန်အလှန်မှီခိုမှု ကွန်ယက်ကြီးတစ်ခု ဖြစ်သည်ဟူသော အချက်ပင်တည်း။

အရေးပါသော အကျိုးပြုမှုများနှင့်ပြီးသည့် တစ်သီးပုဂ္ဂလဝါဒဆိုင်ရာ ကိုယ်ကျင့်တရားသည် အကယ်သင့်မြတ်လှပါသည်။ သို့သော် သူကျင်လည်ရာ အုပ်စုအတွင်းမှ ထုတ်ပယ်၍ အခြားသူများနှင့် သီးခြားခွဲထုတ်လိုက်သည့်အခါတွင် တစ်သီးပုဂ္ဂလဟူ၍ မရှိတော့ပြီကိုလည်း ကျွန်ုပ်တို့ သိမှတ်ထားရပါမည်။ အဖွဲ့ဟူရာ၌ ဇီဝဆိုင်ရာအဖွဲ့ သို့မဟုတ် နိုင်ငံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် စကြဝဠာဆိုင်ရာအဖွဲ့တစ်ခုခုဖြစ်ပါမည်။ သင်္ချာစကားဖြင့်ဆိုသော ဂဏန်းနံပါတ်တစ်သည် အခြားသော အသေချော်

www.burmeseclassic.com



အနန္တ ဂဏန်းနံပတ်တို့နှင့် ဆက်သွယ်မှုမရှိပါက “တစ်”ဟူ၍ တည်ရှိနိုင်မည်မဟုတ်တော့ပါ။ ဂဏန်းနံပါတ်တစ်ခုတည်း၏ ထီးတည်း ရပ်တည်မှုဟူသည် စဉ်းစား၍ရနိုင်ကောင်းသော အရာမဟုတ်ပါ။ ဆိုလိုသည်မှာ တစ်သီးပုဂ္ဂလဘဝအသီးသီး သည် အပိုင်းအခြား မထင်အောင် ဖြန့်ကျက်လွှမ်းခြုံနေသော မေတ္တာယှက်နွယ်မှုကြီး၏ ကျေးဇူးတရားနှင့် မကင်းချေ။ ယင်းယှက်နွယ်မှုကြီးသည် ကျွန်ုပ်တို့ လူသားတစ်ဦးချင်းအပေါ်၌ သာမက ရှိရှိသမျှ အရာအားလုံးကို ကျေးဇူးပြုနေပါသည်။ လောကကြီးသည် မိသားစုကြီးတစ်ခုဖြစ်၍ ကျွန်ုပ်တို့အသီးသီး သည်ကား မိသားစုဝင်များ ဖြစ်ကြပါ၏။

လူသား၏ အတွေးအခေါ်အပေါ်၌ ရေမြေဒေသ အဘယ်လောက်ပုံသွင်းပေးသည်ကို ကျွန်ုပ်မသိ။ သို့သော် ကေဂွန်းဒဿနဂိုဏ်းဟု အမည်တွင်၍ ခုနစ်ရာစုနှစ်အတွင်း ဖြစ်ထွန်းလာခဲ့သော ဒဿနစနစ်တစ်ခုတည်းသာ အရှေ့ဖျား ဒေသ၌ ပေါ်ပေါက်ခဲ့ပါသည်။ ကေဒွန်းဒဿနသည် အပြန် အလှန်စပ်ယှက်ဆက်နွယ်မှု (ဝါ) အပြန်အလှန် ကျေးဇူးပြုမှုဟူ သော သဘောတရားအပေါ်၌ အခြေခံထားပေသည်။

အရာရာတို့၏ အပြန်အလှန် ဆက်သွယ်မှုဆိုင်ရာ သဘောတရားကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီ ဆိုလျှင် ချစ်ခြင်းမေတ္တာတရားကိုလည်း စတင်သိမြင်လာပါ လိမ့်မည်။ အကြောင်းမှာ ချစ်ခြင်းမေတ္တာဟူသည် တစ်ပါးသူတို့ ကို အသိအမှတ်ပြုခြင်း၊ ဘဝပုံစံအမျိုးမျိုး၌ ထည့်သွင်းစဉ်းစား ခြင်း ဖြစ်သောကြောင့်ပင်။ မိမိကို ပြုစေချင်သည့်အတိုင်း သူတစ်ပါးကို ပြုခြင်းဟူသော ကိုယ်ချင်းစာတရားသည် ချစ်ခြင်း

ယနေ့မန္တလေးစာအုပ်တိုက်

www.burmeseclassic.com



မေတ္တာ၏ သော့ချက်ဖြစ်ရကား အပြန်အလှန် ဆက်သွယ်မှုကို သဘောပေါက်သည်နှင့် မေတ္တာတရားသည်လည်း သဘာဝ အလျောက် အလိုလိုပေါက်ဖွားလာရပေတော့သည်။

အပြန်အလှန် ဆက်သွယ်မှုနှင့် ကိုယ်ချင်းစာနာမှု သဘောတရားသည် တန်ခိုးအာဏာ အသိကို ဘေးဖယ်ထား သည်။ အကြောင်းမှာ တန်ခိုးအာဏာဟူသည် အပြန်အလှန် ဆက်သွယ်မှု အဆောက်အဦးအတွင်းသို့ အပြင်မှယူဆောင်လာ သည့်အရာ ဖြစ်သောကြောင့်ပေးတည်း။ တန်ခိုးအာဏာကို အသုံးချခြင်းသည် ငါတကောရေး၊ အာဏာရှင်ဆန်ရေးနှင့် သွေးကွဲစိမ်းကားရေးများကိုသာ အစဉ်ထာဝရ ဖြစ်ပေါ်စေပေ သည်။

ယနေ့ကာလ ကျွန်ုပ်တို့အား ဒုက္ခအပေးဆုံးအရာ သည်ကား တန်ခိုးအာဏာနှင့်ပတ်သက်ပြီး ကောက်ကောက် ကျစ်ကျစ် စန်းတင်ဝါကြွားချက်မှတစ်ပါး အခြားမဟုတ်ချေ။ ဝါကြွားကြသူများသည်ကား တန်ခိုးအာဏာ၏ စစ်မှန်သော သဘာဝကို မသိမြင်ကြသူများဖြစ်ကြ၍ ထို့ကြောင့်ပင် တန်ခိုး အာဏာကို အားလုံး၏ ကောင်းကျိုးအတွက် အသုံးမချနိုင်သူ များ ဖြစ်ကြပေသည်။

ချစ်ခြင်းမေတ္တာသည် အပြင်အပပုဂ္ဂိုလ်တစ်ဦးဦးမှ ထုတ်ပြန်လိုက်သော ပညတ်ချက်တစ်ခုမဟုတ်။ ယင်းသို့ထုတ်ပြန် ချက်မှာ တန်ခိုးအာဏာသာဖြစ်၏။ ချစ်ခြင်းမေတ္တာမဟုတ်။ လွန်ကဲသော တစ်သီးပုဂ္ဂလဝါဒသည် တန်ခိုးအာဏာမက်စိတ်တို့ ရှင် သန်ပေါက်ဖွားရာ ဘူမိနက်သန်ဖြစ်ပေသည်။ အဘယ့် ကြောင့်ဆိုသော် အာဏာစိတ်သည် သူတစ်ပါးကိုအုပ်စိုးရန်

www.burmeseclassic.com



ကြိုးစားသည့်အခါတွင် ကိုယ့်ကိုကိုယ် မာန်အပြည့်နှင့် ရှေ့တန်းတင်ခြင်း၊ မကြာခဏ နိုင့်ထက်စီးနင်း ရှေ့တန်းတင်ခြင်းအားဖြင့် အတ္တစွဲသဘော ရှိနေသောကြောင့်ဖြစ်သည်။ မေတ္တာတရားသည်ကား ထိုသို့မဟုတ်။ မေတ္တာတရားသည် အပြန်အလှန်အကျိုးပြုမှုနှင့် အပြန်အလှန်ဆက်သွယ်မှုတို့မှ ပေါက်ဖွားလာသည်ဖြစ်ရာ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ကိုယ့်ကိုကိုယ်ရှေ့တန်းတင်ခြင်းတို့နှင့် အလှမ်းကွာလှသည်။ အပေါ်ယံအမြင်၌ တန်ခိုးအာဏာသည် မလှန်သာအောင် အင်အားကြီးသည့်ပုံ ပေါ်စေကာမူ တကယ့်တကယ်မှာတော့ သူ့ဘာသာသူပင် အားကုန်နေတတ်သည့်သဘောရှိပါသည်။ သို့သော် ချစ်ခြင်းမေတ္တာ ကတော့ အတ္တကို ပယ်ထားစေကာမူ အစဉ်ထာဝရဖန်တီးတတ်သော သဘာဝရှိနေပါ၏။ အကြောင်းမှာ မေတ္တာတရားသည် ဘဝ၏ အရင်းအမြစ် ဖြစ်သောကြောင့်ပင်တည်း။ မေတ္တာတရားသည် ရှင်သန်လှုပ်ရှားရန်အတွက် ပြင်ပမှ အနန္တ တန်ခိုးရှင်ကိုမလိုအပ်။ မေတ္တာတရားသည် ဘဝဖြစ်၍ ဘဝသည် မေတ္တာတရားဖြစ်ချေ၏။

အကန့်အသတ်မရှိ ရှုပ်ထွေးသော အပြန်အလှန်ဆက်သွယ်မှု ကွန်ယက်ကြီးတစ်ခုဖြစ်လေသည့် ဘဝသည် မေတ္တာတရား၏ ထောက်ပံ့ကူညီမှုမရဘဲ မရပ်တည်နိုင်ပေ။ ဘဝကို ပံ့သဏ္ဌာန်တစ်ခုပေးလိုသဖြင့် မေတ္တာတရားသည် ရှိရှိသမျှ အရာအားလုံးတွင် ကိုယ့်ကိုကိုယ် ဖော်ကျူးနေပေသည်။ ပံ့သဏ္ဌာန်သည် လိုအပ်ချက်အရ တစ်သီးပုဂ္ဂလသဘော ဆောင်ရပါမည်။ ယင်းပံ့သဏ္ဌာန်ကို ပိုင်းခြားစိတ်ဖြာသောဉာဏ်က အဆုံးသတ်အမှန်တရားဟု ထင်မှတ်နေတတ်သည်။ ယင်းထင်မှတ်မှုမှ

www.burmeseclassic.com



အာဏာစိတ် ပေါက်ဖွားလာပါသည်။ ပိုင်းခြားစိတ်ဖြာသော ဉာဏ်တိုးတက်မှုဖွံ့ဖြိုးလာပြီး ထိုနည်းအတိုင်းပင် ဆက်သွားနေပါက အသုံးမကျမှုနယ်ပယ်အတွင်း ရရှိသော အောင်မြင်မှုတို့ဖြင့် ယစ်မူးကာ တန်ခိုးအာဏာသည်လည်း ထိန်းမနိုင်သိမ်းမရအောင် ထင်ရာစိုင်း၍ ပတ်ဝန်းကျင်တစ်ခုလုံးကို ဒုက္ခပေးလေတော့သည်။

မေတ္တာတရားသည် ထောက်ပံ့သောသဘောရှိ၏ ဖန်တီးမှုရှိရှိထောက်ပံ့၏။ဘယ်သောအခါမှ ဖျက်လိုဖျက်ဆီးမလုပ်တတ်။ အဘယ့်ကြောင့်ဆိုသော မေတ္တာတရားသည် တန်ခိုးအာဏာလိုမဟုတ်ဘဲ အရာရာကို လွှမ်းခြုံထွေးပိုက်ပြီး အရာရာကို ခွင့်လွှတ်သောကြောင့်ဖြစ်၏။ မေတ္တာတရားသည် ထိတွေ့သည့် အရာ၏ အတွင်းသို့ဝင်ရောက်ပြီး ယင်းအရာနှင့်တစ်သားတည်း ဖြစ်လာ၏။ တန်ခိုးအာဏာကား ထိုသို့မဟုတ်။ တန်ခိုးအာဏာ၌ နှစ်ခုနှစ်ခုခွဲခြားတတ်သော သဘောရှိ၏။ ပိုင်းခြားစိတ်ဖြာတတ်၏။ မိမိနှင့်ဆန့်ကျင်ဘက်ပြုသော အရာမှန်သမျှကို ချေမှုန်းဖျက်ဆီးပစ်တတ်၏။ သို့မဟုတ်ပါက အနိုင်အထက်ပြု လွှမ်းမိုးအောင်နိုင်ပြီး လက်အောက်ခံကျေးကျွန်အဖြစ်သို့ ပြောင်းပစ်လိုက်မည်ဖြစ်၏။

တန်ခိုးအာဏာသည် သိပ္ပံပညာကိုရော သိပ္ပံပညာက ပိုင်ဆိုင်သည့် အရာမှန်သမျှကို အသုံးချ၏ အကြင်မျှလောက်သောကာလပတ်လုံး သိပ္ပံပညာသည် ခွဲခြမ်းစိတ်ဖြာသည့်သဘောကိုဆောင်ပြီး အထွေထွေအပြားပြားသော ပုံသဏ္ဍာန်အနန္တနှင့် ယင်းတို့၏ အရေအတွက် အတိုင်းအတာတို့ကို လေ့လာခြင်းမှ မကျော်လွန်နိုင်သေး။ ထိုမျှလောက်ကာလပတ်လုံး ဖန်တီးမှု

www.burmeseclassic.com



သဘောကို ဆောင်လိမ့်မည်မဟုတ်ပေ။ သိပ္ပံပညာ၌ ဖန်တီးမှု သဘောကိုဆောင်သောအရာမှာ စူးစမ်းလေ့လာစိတ်ဖြစ်၍ ယင်း စိတ်ဓာတ်ကို တန်ခိုးအာဏာ မဟုတ်မူဘဲ မေတ္တာတရားက အားပေးနေခြင်းဖြစ်ပါသည်။ တန်ခိုးအာဏာနှင့် သိပ္ပံပညာ အကြား ပူးပေါင်းဆောင်ရွက်မှု ရှိနေသေးသရွေ့ အဖျက်လုပ်ငန်း ဆိုင်ရာ နည်းလမ်းအဖုံဖုံကို တီထွင်ကြံဆခြင်း၌သာ အဆုံးသတ် ပေလိမ့်မည်။

မေတ္တာတရားနှင့် ဖန်တီးမှုသည် အမှန်တစ်ရားတစ်ခု တည်း၏ ခေါင်းနှင့်ပန်းဖြစ်ပေသည်။ သို့သော်ဖန်တီးမှုနှင့် မေတ္တာတရားကို မကြာခဏ ခွဲခြားပစ်တတ်ကြသည်။ ဤသို့ မမှန်မကန်ခွဲခြားမှုဖြစ်လာသည့်အခါ ဖန်တီးမှုသည် တန်ခိုး အာဏာနှင့် သွား၍ပေါင်းမိလေတော့သည်။ စင်စစ် တန်ခိုး အာဏာသည် ချစ်ခြင်းမေတ္တာနှင့် ဖန်တီးမှုတို့ထက် အဆင့်နိမ့်ပါ သည်။ တန်ခိုးအာဏာသည် ဖန်တီးမှုကို အဓမ္မသိမ်းပိုက်ပြီးသည် နှင့် ဘေးဒုက္ခအမျိုးစုံပေးသော အန္တရာယ်အကြီးဆုံးအရာ ဖြစ် လာလေတော့သည်။

တန်ခိုးအာဏာစိတ်သည် အမှန်တရားကို ဒွိတ္တဖွင့်ဆို နည်း (နှစ်ခုနှစ်ခုခွဲခြားဖွင့်ဆိုနည်း) ဖြင့် ဖွင့်ဆိုရာမှ မလွှဲသာ မရှောင်သာထွက်ပေါ်လာပါသည်။ ဒွိတ္တဝါဒသည် နောက်ကွယ် မှာ ရှိနေသော ပေါင်းစည်းခြင်းသဘောတရားကို အသိအမှတ် မပြု လျစ်လျူရှုလိုက်သည့်အခါ ယင်း၏ မွေးရာပါ ဖျက်ဆီးလို စိတ်သည်လည်း ထိန်းမနိုင်သိမ်းမရ ကမူးရှူးထိုး ကိုယ်ထင်ပြလာ ပါတော့သည်။

တန်ခိုးအာဏာကို ဖော်ပြပုံနှင့်ပတ်သက်၍ အထင်ရှား

www.burmeseclassic.com



ဆုံးပုံစုံတစ်ခုကို သဘာဝတရားအပေါ်၌ထားရှိသော အနောက်တိုင်းသဘောထား၌ ရှုမြင်နိုင်ရာသည်။ အနောက်တိုင်းသားတို့သည် သဘာဝအပေါ် အောင်နိုင်ရေးအကြောင်းကိုသာ ပြောတတ်ကြ၍ သဘာဝနှင့် ခင်မင်ရင်းနှီးရေးကိုကား ဘယ်တော့မှ မပြောတတ်ကြ။ သူတို့သည် တောင်မြင့်ကြီးတစ်လုံးကို တတ်ရောက်ပြီးသကာလ ယင်းတောင်တန်းကြီးကို အောင်မြင်နိုင်လေပြီဟု ဟစ်ကြွေးတတ်ကြ၏။ အာကာသကောင်းကင်အတွင်းသို့ ဒုံးပျံဂြိုလ်တုတစ်ခုခုကို ပစ်လွှင့်ပြီးသကာလ လေထုကိုအောင်နိုင်လေပြီဟု လက်ရုံးလက်မောင်း ဆန့်တန်းလာကြ၏။ သဘာဝကြီးနှင့် တိုး၍တိုး၍ ရင်းနှီးကျွမ်းဝင်လာပြီဟုကား အဘယ်ကြောင့် သူတို့မဆိုကြလေသနည်း။ အကြောင်းမလှစွာပင် မုန်းတီးရေးအယူသည် ကမ္ဘာဒေသတိုင်းကို ထိုးဖောက်နေပြီးလျှင် လူသားတို့သည်လည်း 'ထိန်းချုပ်ရေး'၊ 'လွှမ်းမိုးအောင်နိုင်ရေး' 'ကန့်သတ်ရေး' စသည့် အကြောင်းတို့ကိုသာ ပြောကြဆိုကြလေတော့သည်။

အာဏာစိတ်သည် ပုဂ္ဂလဂုဏ်ရည်ကို လည်းကောင်း အပြန်အလှန်သဘောကိုလည်းကောင်း၊ ကျေးဇူးတရားကိုလည်းကောင်း၊ အပြန်အလှန် ဆက်သွယ်မှုမှန်သမျှကို လည်းကောင်း သိသည့်အသိကို ဘေးဖယ်ထုတ်ထား၏။ သိပ္ပံပညာရပ်များ၊ အစဉ်တိုးတက်နေသော နည်းပညာများ၊ စက်မှုလုပ်ငန်းများမှ အကျိုးကျေးဇူးတို့ကို ရရှိနိုင်စေကာမူ လူသားတစ်ရပ်လုံးအနေနှင့်ကား ယင်းအကျိုးကျေးဇူးတို့ကို ခွဲဝေခံစားနိုင်ခွင့် မရှိကြကုန်၏။ အဘယ့်ကြောင့်ဆိုသော တန်ခိုးအာဏာသည် ယင်းအကျိုးအမြတ်တို့ကို လူသားအချင်းချင်းကြား အညီအမျှ ခွဲဝေပေးမည့်

www.burmeseclassic.com



အစား လက်ဝါးကြီးအုပ်လိမ့်မည်သာ ဖြစ်သောကြောင့်ပင်။

တန်ခိုးအာဏာသည် မောက်မာသောသဘောရှိ၏။ ကိုယ့်ကိုကိုယ် ရှေ့တန်းတင်တတ်၏။ ကန့်သတ်တတ်၏။ ချစ်ခြင်းမေတ္တာသည်ကား ကိုယ့်ကိုကိုယ် နှိမ့်ချတတ်၏။ အရာရာကို လွှမ်းခြုံတတ်၏။ တန်ခိုးအာဏာသည် ချစ်ခြင်းမေတ္တာ၏ ဖန်တီးမှုနှင့် လုံးဝခြားနားကာ ဖျက်ဆီးမှုကို ကိုယ်စားပြု၏။ ကိုယ့်ကိုကိုယ်ပင် ဖျက်ဆီးတတ်၏။ ချစ်ခြင်းမေတ္တာသည် သေဆုံးပြီး တစ်ဖန်ပြန်လည်ရှင်သန်လာတတ်သော်လည်း တန်ခိုးအာဏာက တော့ သတ်လိုက် အသတ်ခံလိုက် ဖြစ်နေပေသည်။

တန်ခိုးအာဏာသည် သက်ရှိကို သက်မဲ့အဖြစ်သို့ ပြောင်းပစ်လိုက်သော အင်အားတစ်ခုဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့သူမှာ ဆိုင်မွန်ဝေး (**SIMON WELL**) ဖြစ်ပါသည်။ ကျွန်ုပ်ကမူ မေတ္တာတရားသည် သက်မဲ့ကို သက်ရှိအဖြစ်သို့ ပြောင်းလဲစေနိုင်သော အင်အားတစ်ခုဖြစ်သည်ဟု ဖွင့်ဆိုချင်ပါသည်။ ဤသို့ဖြင့် မေတ္တာတရားသည် တန်ခိုးအာဏာနှင့် လုံးလုံးလျားလျား ခြားနားဆန့်ကျင်သောအရာတစ်ခုအသွင်ကို ဆောင်လာနိုင်ပါသည်။ ထို့အပြင် မေတ္တာတရားနှင့် တန်ခိုးအာဏာတို့ကို အပြန်အလှန် ငြင်းဆန်နေသော အရာများအဖြစ်လည်း သန်မှတ်နိုင်ပါသည်။ တန်ခိုးအာဏာရှိသည့်နေရာတွင် မေတ္တာတရားသည် အရိပ်မျှပင်မရှိ။ မေတ္တာတရားရှိသည့်နေရာကို တန်ခိုးအာဏာသည် ထိပါးနိုင်ခွင့်မရှိ။

ဤအချက်သည် အတိုင်းအတာတစ်ခုအထိသာမှန်၏ တကယ့်အမှန်တရားမှာ မေတ္တာတရားသည်တန်ခိုးအာဏာကို ဆန့်ကျင်ဘက်မပြုပါ။ မေတ္တာတရားသည် တန်ခိုးအာဏာထက်

www.burmeseclassic.com



ပို၍ အဆင့်မြင့်ပါသည်။ တန်ခိုးအာဏာကသာ မေတ္တာတရားနှင့် ဆန့်ကျင်နေသည်ဟု ကိုယ့်ဘာသာ တွေးတောနေခြင်း ဖြစ်ပါသည်။ စင်စစ် မေတ္တာတရားသည် အရာရာကို လွှမ်းခြုံထွေးပိုက်ထား၍ အရာရာကိုခွင့်လွှတ်၏။ တစ်လောကလုံးကို အဆင်ပြေအောင် ဖြေရှင်းပေးသည့်အရာဖြစ်၏။ အကန့်အသတ်မရှိ ဖန်တီးပေးသောအရာ၊ ထောက်ပံ့ကူညီသောအရာဖြစ်၏။ တန်ခိုးအာဏာသည်ကား အမြဲတမ်းနှစ်ခုနှစ်ခု ပိုင်းခြားတတ်သည့်သဘော ရှိရကား ထို့ကြောင့်ပင် မာကျော်ခက်ထန်၏။ ကိုယ့်ကိုကိုယ် ရှေ့တန်းတင်၏။ ဖျက်ဆီး၏ သုတ်သင်ချေမှုန်း၏။ အခြားတစ်ပါး လွှမ်းမိုးအောင်နိုင်စရာ မရှိတော့လျှင် ကိုယ့်ကိုကိုယ် ပြန်ဆန့်ကျင်ပြီး ကိုယ့်ကိုကိုယ် ပြန်ဖျက်ဆီး၏။ ဤကား တန်ခိုးအာဏာ၏ သဘာဝအတွင်းရှိသော အရာများဖြစ်၍ ယနေ့အချိန်၌ ကျွန်ုပ်တို့မြင်တွေ့ နေရသောအရာသည်လည်း ဤအတိုင်းပင် မဟုတ်ပါလော။ အထူးသဖြင့် နိုင်ငံတကာအရေးကိစ္စတို့၌ မြင်တွေ့နေရသောအရာတို့သည် ဤအတိုင်းပင် မဟုတ်ပါလော။

မျက်စိကန်းနေသူမှာ မေတ္တာတရားမဟုတ်ဘဲ တန်ခိုးအာဏာဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော တန်ခိုးအာဏာသည် ယင်း၏ တည်ရှိမှုအတွက် တစ်စုံတစ်ခုအပေါ် မှီခိုနေရသည့်အချက်ကို လုံးလုံးမမြင်နိုင်သောကြောင့်ဖြစ်၏။ မိမိထက် အသေချော်အနန္တ ကြီးမားသော အရာတစ်ခုကို မဟာမိတ်ပြုခြင်းဖြင့်သာ ရပ်တည်နိုင်ခြင်းဖြစ်သည်ဟူသော အချက်ကို သိမြင်ရန် တန်ခိုးအာဏာသည် ငြင်းဆန်၏ ယင်းအချက်ကို မသိသဖြင့် တန်ခိုးအာဏာသည် ကိုယ့်ကိုကိုယ် ဖျက်ဆီးခြင်း တွင်းနက်ကြီး

www.burmeseclassic.com



အတွင်းသို့ တည့်တည့်ခုန်ချ၏။ အလင်းဉာဏ် ပေါက်ရန် အတွက်မှာ မျက်စိကို ကန်းစေသည့် တိမ်သလာကို ဖယ်ရှားပစ် ရပါမည်။ ယင်းအလင်းဉာဏ် မပေါက်သေးပါက တန်ခိုး အာဏာ၏ မှုန်ဝါးဝါးတိမ်စွဲမျက်လုံးများရှေ့တွင် အရာရာတိုင်း သည် အတုအယောင်များသာ ဖြစ်နေပေလိမ့်မည်။

အမှန်တရားကို သူ့အတိုင်းတိုင်း မမြင်နိုင်လျှင် မျက်စိရှေ့ရောက်လာသမျှ အရာရာတိုင်းအပေါ်တွင် ကြောက်ရွံ့ ခြင်းနှင့် သံသယတိမ်တိုက်နှင့် ဖုံးလွှမ်းလာပါသည်။ အမှန် တရားကို သူ့အတိုင်းတိုင်း မမြင်နိုင်သောအခါ မျက်လုံးသည် ကိုယ့်ကိုကိုယ် လှည့်စားပါတော့သည်။ ရင်ဆိုင်ရသမျှ အရာရာ တိုင်းကို သံသယဝင်လာပြီး ဖျက်ဆီးပစ်လိုသည့် ဆန္ဒလည်း ဖြစ်ပေါ်လာပါတော့သည်။ ဤသို့ဖြင့် အပြန်အလှန် သံသယ ဝင်ခြင်းသည် အနှောင်အဖွဲ့မှ လွတ်လာတော့သည်။ အပြန် အလှန် သံသယဝင်ခြင်း လွှမ်းမိုးနေရာယူလာသောအခါ ဖြေရှင်း ချက်တွေ ဘယ်မျှ များစေကာမူ တင်းမာမှုကို မပြေလျော့စေနိုင် တော့ပါ။ သူ့ဘက်ကိုယ့်ဘက် လှည့်စားမှုမျိုးစုံ၊ နည်းပရိယာယ် မျိုးစုံ၊ မာယာမျိုးစုံကို အသုံးချကြပါတော့သည်။ယင်းနည်းလမ်း တို့သည် နိုင်ငံတကာနိုင်ငံရေးတွင် သံခင်းတမန်ခင်းဟူသော အမည်နာမကို ခံယူထားပါ၏။ သို့သော် အပြန်အလှန်ယုံကြည် မှု၊ အပြန်အလှန်ချစ်ကြည်မှုနှင့် ပြန်လည်သင့်မြတ်ကြေအေးလို သော စိတ်ဓာတ်တို့ ကင်းမဲ့နေသမျှကာလပတ်လုံး မည်သည့် သံတမန်ဆက်ဆံရေးကမှ သူ့အတတ်နှင့်သူ ဖန်တီးထားသော အရေးအခင်းတို့၏ အရှိန်ဟုန်ကို လျော့ပါးစေလိမ့်မည် မဟုတ်ပါ။

www.burmeseclassic.com



အာဏာယစ်မူးနေကြသူတို့သည် အာဏာ၏ မျက်မမြင်ဖြစ်နေမှုကိုသော်လည်းကောင်း၊ အာဏာက ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းနေသော မြင်ကွင်းထဲ၌သာ သူတို့အားပိတ်ထားသည့် အဖြစ်ကိုသော်လည်းကောင်း၊ မမြင်ကြချေ။ ဤသို့ဖြင့် တန်ခိုးအာဏာသည် ဉာဏ်နီဉာဏ်နက်တို့နှင့် ပေါင်းမိသွားသည်။ ထို့နောက် ဉာဏ်နီဉာဏ်နက်တို့ကို နည်းကုန်လမ်းကုန် အသုံးချပါတော့သည်။

သို့တိုင် မေတ္တာတရားသည်ကား တန်ခိုးအာဏာကို ကျော်လွန်နေပါသည်။ အဘယ့်ကြောင့်ဆိုသော အမှန်တရား၏ အနှစ်သားကို ထိုးဖောက်ရာ၌ မေတ္တာတရားသည် ကြံစည်ဉာဏ်၏ အကန့်အသတ်ရှိမှုထက် ကျော်လွန်ပြီး သူကိုယ်တိုင် အကန့်အသတ်မဲ့နေသောကြောင့် ဖြစ်သည်။ အပိုင်းအခြား မထင်အောင် လွှမ်းမိုးဖြန့်ကျက်နေသော ဆက်သွယ်မှု ကွန်ယက်ကြီးတည်းဟူသော အမှန်တရားကို မေတ္တာတရားနှင့်ကင်း၍ မမြင်နိုင်ပါ။ ဤစကားကို ပြောင်းပြန်ပြန်ဆိုနိုင်ပါသေးသည်။ အကန့်အသတ်မဲ့ အမှန်တရားကွန်ယက်ကြီးနှင့်ကင်းပြီး မေတ္တာတရားကို အစစ်အမှန် မတွေ့ကြုံနိုင်ပါ။

မေတ္တာတရားသည် ယုံကြည်မှုရှိ၏။ အစဉ်ထာဝရ ထောက်ခံအားပေး၏။ အရာရာကို လွှမ်းခြုံ၏။ မေတ္တာတရားသည် ဘ၀ဖြစ်၏။ ထို့ကြောင့်ပင် ဖန်တီးသည့်သဘောရှိ၏။ မေတ္တာတရားကထိတွေ့လိုက်သည့် အရာရာတိုင်း အသစ်ဖြစ်ထွန်းဖွံ့ဖြိုးရန် ရှင်သန်လာ၏။ အားပြည့်လာ၏။ တိရစ္ဆာန်တစ်ကောင်ကို ချစ်မြတ်နိုးလိုက်ပါက ပိုမိုတက်သိလိမ္မာလာပါသည်။ အပင်တစ်ပင်ကို ချစ်မြတ်နိုးလျှင် ယင်းအပင်၏ လိုအပ်ချက်

www.burmeseclassic.com



တိုင်းကို သိမြင်လာပါသည်။ မေတ္တာတရားသည် ဘယ်တော့မှ မျက်စေ့မကန်း။အနန္တအလင်းရောင်းကို သိလျှောင်ထားသည့်အရာ ဖြစ်ပါသည်။

မျက်စိလည်းကန်း၊ ကိုယ့်ကိုကိုယ်လည်း ကန့်သတ်ချုပ်ချယ်ထားသော တန်ခိုးအာဏာသည်ကား အမှန်တရားကို သူ့အတိုင်းတိုင်း မမြင်နိုင်ပါ။ ထို့ကြောင့် သူမြင်သည့်အရာသည် အတုအယောင်မျှသာဖြစ်သည်။ စင်စစ် တန်ခိုးအာဏာကိုယ်တိုင်သည်ပင် အတုအယောင်ဖြစ်၏။ သို့ဖြင့် တန်ခိုးအာဏာနှင့် ထိတွေ့သမျှအရာအားလုံး အတုအယောင်များ ဖြစ်သွားကြတော့၏။ တန်ခိုးအာဏာသည် အတုအယောင်လောကကြီးအတွင်း၌သာ ကြီးပွားစည်ပင်နိုင်ပါသည်။ ဤသို့ဖြင့် တန်ခိုးအာဏာသည် မရိုးသားခြင်းနှင့် အတုအယောင်တို့၏ သင်္ကေတ ဖြစ်လာပါတော့သည်။

နိဂုံးချုပ်ပါတော့မည်။

တည်ရှိသမျှအရာအားလုံး၏ အပြန်အလှန်ဆက်သွယ်မှုတည်းဟူသော အမှန်တရားကို သတိထင်မြင် သိမြင်ခြင်းအားဖြင့် ကျွန်ုပ်တို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမှသာ ကြီးပွားတိုးတက်နိုင်မည်ဟူသောအချက်ကို ပထမဦးစွာ သဘောပေါက်နားလည်ကြပါစို့။ တန်ခိုးအာဏာနှင့် လွှမ်းမိုးအောင်နိုင်မှုအယူတို့၌ရှိသော ကျွန်ုပ်တို့၏ဘဝကို အဆုံးသတ်လိုက်ကြပြီး အရာရာကိုလွှမ်းခြုံ၍ အရာရာကိုခွင့်လွှတ်သည့် မေတ္တာတရား၏ နာဝရဖန်းတီးမှု၌ ပြန်လည်ရှင်သန်ကြပါစို့။ မေတ္တာတရားသည် အမှန်တရားကို သူ့အတိုင်း မှန်ကန်စွာသိမြင်မှုမှ ပေါက်ဖွားလာသည်ဖြစ်ရာ ကျွန်ုပ်တို့၌ အသိစိတ်ဓာတ် တစ်ခု ဖြစ်ပေါ်လာ

www.burmeseclassic.com




အောင် လုပ်သည့်အရာမှာ ယင်းမေတ္တာတရားပင်ဖြစ်ပါသည်။ ယင်းအသိစိတ်ဓာတ်သည်ကား "ကျွန်ုပ်တို့သည် လူ့ဘောင်လောကကြီးအတွင်း ဖြစ်ပွားနေသော ကောင်းကောင်းဆိုးဆိုး အပြစ်မျိုးစုံအတွက် တစ်သီးပုဂ္ဂလအနေနှင့်လည်းကောင်း၊ အစုအစည်းအနေနှင့်လည်းကောင်း တာဝန်ရှိနေပါသည်။ ထို့ကြောင့် လူ့လောက၏ ကြီးပွားချမ်းသာနှင့် အသိပညာတိုးတက်ရေးကို အနှောက်အယှက်ပြုနေသည့်အခြေအနေမှန်သမျှကို ပြုပြင်ဖယ်ရှားရေးအတွက် ကျွန်ုပ်တို့ အားသွန်ခွန်စိုက် ပြုလုပ်ကြရမည်" ဟူသော အသိစိတ်ဓာတ်ဖြစ်ပါသည်။

**ဆူဇူကီး**

❁

www.burmeseclassic.com

# ကမ္ဘာအိမ်




**[မာတင်လူသားကင်း (၁၉၂၉–၁၉၆၈) သည် အမေရိကန်နိုင်ငံသား နီဂရိုးလူမျိုးတို့၏ အမျိုးသားခေါင်းဆောင်ဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင်ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရရှိသည်။ အလုပ်ကြံခံရပြီး သေဆုံးသွားရ ခြင်းဖြစ်သည်။ အထက်ပါဆောင်းပါး THE WORLD HOUSE မှာ သူ၏ CHAOS OR COMMUNITY စာအုပ်မှ ကောက်နှုတ် ပြန်ဆို ခြင်းဖြစ်၏။]**

## ကမ္ဘာအိမ်

လွန်ခဲ့သောနှစ်အတန်ကြာက ကျော်ကြားသည့် စာရေးဆရာကြီး တစ်ဦး သေဆုံးသွားသည်။ ကျစ်ရစ်သည့် စာရွက်စာတမ်းများ အကြားတွင် နောင်ရေးမည့်ဝတ္ထုများအတွက် ဇာတ်ကွက်ပန္နက် များအကြောင်း စာရင်းတစ်ခုကို တွေ့ရသည်။ ယင်းတို့အထဲတွင် အထင်ရှားဆုံး အာရုံစိုက်စရာ ဇာတ်ကွက်သည်ကား "ဟိုတစ်ယောက်သည်တစ်ယောက် ပြန့်ကျဲ ကွဲပြားနေကြကုန် သော မိသားစုတစ်ခုသည် အတူးနေထိုင်ရန် အိမ်တစ်လုံးကို အမွေရလိုက်ကြသည်" ဟူ၍ဖြစ်သည်။

ဤဇာတ်ကွက်သည်ပင် လူ့လောက၏ ကြီးမားလှစွာ သော ပြဿနာသစ်ကြီးတစ်ခု ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အိမ်ကြီးတစ်လုံးကို အမွေရလိုက်ကြ၏။ ယင်းအိမ်ကြီးအတွင်း၌ အသားမည်းတိုင်းသားပါ။ဂျူးလူမျိုးတွေရော ဂျူးလူမျိုးမဟုတ်သူ တွေပါ၊ ကတ်သလစ်ဘာသာဝင်တွေရော ပရိုတက်စတင့်ဘာ သာဝင်တွေပါ၊ မွတ်စလင်များရော ဟိန္ဒူများပါ အားလုံး

www.burmeseclassic.com



အတူတူ နေထိုင်ကြရမည့်အိမ်ကြီးဖြစ်ပါ၏။ အယူအဆရေးရာများ၊ ယဉ်ကျေးမှုရေးရာများ၊ ဝါသနာများ၌ အလွန်အကျူးကွဲပြားနေကြကုန်သော မိသားစုကြီးတစ်ခုသည် တသီးတခြားစီနေထိုင်ဖို့ မဖြစ်နိုင်တော့လေရာ ဘယ်လို ဘယ်နည်းအားဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရမည်ကိုသာ လေ့လာကြရပေလိမ့်မည်။

ဤကမ္ဘာကြီးအတွင်း မှီတင်းနေထိုင်ကြသူအပေါင်းသည် ယခုအခါတွင် အိမ်နီးချင်းများ ဖြစ်နေကြလေပြီ။ ခေတ်သစ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ တော်လှန်ရေးကြီးက ယင်းကဲ့သို့ ကမ္ဘာကြီးတစ်ခုလုံးအိမ်နီးချင်းသဖွယ် ဖြစ်သွားအောင် လုပ်ပေးလိုက်ခြင်းဖြစ်သည်။ မျက်မှောက်ခေတ်ကမ္ဘာကြီးသည် လွန်ခဲ့သောနှစ်တစ်ရာက ကမ္ဘာကြီးနှင့် အလွန်အမင်း ခြားနားသွားလေပြီ။ လွန်ခဲ့သော အနှစ်တစ်ရာကဆိုလျှင် သောမက်အက်ဒီဆင် (THOMAS EDISON) သည် ကမ္ဘာမြေ၏ မှောင်မိုက်သောနေရာများစွာကို အလင်းရောင်ပေးမည့် မီးသီးကို မတီထွင်ရသေးပါ။ ကောင်းကင်တလွှား တောင်ပံဖြန့်ဝဲမည့် ယန္တရားငှက်ကိုလည်း ရိုက်ညီနောင် (WRIGHT BROTHERS) တို့က မတီထွင်ရသေးပါ။ ယင်းယန္တရားငှက်သည် အကွာအဝေးကို ကျုံ့သွားစေကာ အချိန်ကိုလည်း လူ့အသုံးချခံအဖြစ်သို့ ပို့ဆောင်လိုက်ပါ၏။ အိုင်းစတိုင်းကလည်း တရားသေအယူအဆတစ်ရပ်ကို စိန်ခေါ်ခြင်းမရှိသေး။ နှိုင်းယှဉ်တည်ရှိခြင်း သဘောတရား (RELATIVITY THEORY) ကို မဖော်ထုတ်သေး။

ယခုကာလလိုပင် ပညာဗဟုသုတကို တိုးတက်ရှာဖွေခဲ့ကြကုန်သော လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာက လူသားတို့တွင်

www.burmeseclassic.com



ရုပ်မြင်သံကြား မရှိကြသေး။ ရေဒီယို မရှိကြသေး။ တယ်လီဖုန်း မရှိကြသေး။ ရုပ်ရှင်မရှိကြသေး။ အလွန်ကြောက်မက်ဖွယ် ကောင်းသည့် ကပ်ရောဂါတို့ကို အဆုံးသတ်ပေးမည့် ဆေးကောင်း ဝါးကောင်းတို့ကိုလည်း ဆေးသိပပညာက ရှာဖွေတွေ့ရှိခြင်း မရှိသေး။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာက စစ်သားတို့သည် ကျွန်ုပ်တို့ ယနေ့သိမြင်နေကြသည့် ထိတ်လန့်ဖွယ်စစ်လက်နက် များကို မထုတ်လုပ်ကြသေး။ လူမြောက်များစွာ သေကျေပျက်စီး စေသည့် ဗုံးကြဲလေယာဉ်ကြီးမျိုး၊ ထိမှန်သည့် အရာမှန်သမျှ လောင်ကျွမ်းစေသည့် နပမ်းဗုံးလက်နက်မျိုးကို မထုတ်လုပ်ကြ သေး။ လွန်ခဲ့သည့် အနှစ်တစ်ရာကဆိုလျှင် ကြယ်တာရာတို့ကို နမ်းနေကြသည့် မိုးထိတိုက်ကြီးများ၊ အလွန်ရှည်လျားလှသည့် တံတားကြီးများ မရှိကြသေး။ သိပ္ပံပညာသည်လည်း ထောက်မမီ နိုင်သည့် အကာသအတွင်းသို့ ချောင်းကြည့်နိုင်ခြင်းပင်မရှိသေး။ ပင်လယ်သမုဒ္ဒရာ၏ ကြမ်းပြင်သို့လည်း ဆင်းသက်နိုင်ခြင်းမရှိ သေး။ ယင်းတီထွင်မှုအားလုံး၊ ယင်းအကြံသစ် ဉာဏ်သစ် များအားလုံး (တစ်ခါတစ်ရံ စိတ်ဝင်စားဖွယ်ကောင်းလှ၍ တစ်ခါ တစ်ရံကြောက်မက်ဖွယ်ကောင်းလှသော) တိုးတက်မှုများအားလုံး သည် နောက်ပိုင်းခေတ်ကျမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းတီထွင် တိုးတက်မှုအများစုသည် လွန်ခဲ့သည့် အနှစ်ခြောက် ဆယ်အတွင်း ပေါ်ပေါက်ခဲ့သည်။ တစ်ခါတစ်ရံ ပေါ်ပေါက် လာပုံမှာ အံ့သြစရာ နှေးကွေးလှ၍ တစ်ခါတစ်ရံမူ မယုံနိုင် လောက်ဖွယ် အရှိန်အဟုန်မျိုးနှင့် မြန်ဆန်လှသည်။ သို့သော် အမြဲတမ်း ကျွန်ုပ်တို့၏ အနာဂတ်အတွက် ကြီးမားစွာ အရေးပါ သည်ချည်းဖြစ်ပါ၏။

www.burmeseclassic.com



ရှေ့လာမည့်နှစ်တွေမှာလည်း ထိုနည်းတူ ကြီးမားသော တိုးတက်မှုတွေ ဆက်လက်နေမည်ကို တွေ့ရပါလိမ့်မည်။ ရူပသိပ္ပံပညာသည် အာကာသအတွင်းမှာ အဝေးပြေးလမ်းမကြီးများကို ဖောက်လုပ်ပါလိမ့်မည်။ အာကာသယာဉ်မှူးများသည် လ၏ ပတ်လမ်းများကို ဖြတ်ပြီး သက်တောင့်သက်သာ လမ်းလျှောက်နိုင်ပါလိမ့်မည်။ အသံထက်မြန်သော ဂျက်လေယာဉ်များကြောင့် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ နယူးရော့နှင့် လန်ဒန်ခရီးကို နှစ်နာရီခွဲမျှနှင့် ရောက်နိုင်ပါလိမ့်မည်။ လာမည့်နှစ်များတွင် ကင်ဆာရောဂါနှင့် နှလုံးရောဂါများအတွက် ဆေးကို သိပ္ပံပညာက ရှာဖွေတွေ့ရှိပြီး လူတို့၏အသက်ကို ပိုရှည်စေပါလိမ့်မည်။ အလိုအလျောက်လုပ်သည့် ယန္တရားအတတ်ပညာတို့က လူတို့အား အိမ်မက်ပင် မမက်ဖူးသေးသည့် အားလပ်ချိန်ကို ပေးပါလိမ့်မည်။ ဤအရာအားလုံးသည် ကျွန်ုပ်တို့နေထိုင်ကြရမည့် ကမ္ဘာအိမ်ကြီးရှိ ပရိဘောဂများ၊ အလုပ်ခန်းများ၊ လူနေခန်းများ၊ မွမ်းမံပြင်ဆင်မှုနှင့် ဗိသုကာပုံစံသစ်များ၏ ရုပ်ပုံလွှာပင် ဖြစ်လေတော့သည်။

သိပ္ပံနှင့် နည်းပညာဆိုင်ရာ တော်လှန်ရေးကြီးနှင့် အတူ ကမ္ဘာ့အနှံ့ကျယ်ပြန့်သည် လွတ်လပ်မှုဆိုင်ရာ တော်လှန်ရေးကြီးတစ်ရပ်ကိုလည်း လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပါသည်။ ယခုလတ်တလောဖြစ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုအတွင်းရှိ နီဂရိုးလူမျိုးတို့၏ ထကြွမှုသည် လွတ်လပ်ရေးနှင့် တန်းတူညီမျှရေးတို့ကို တကယ့်အရှိတရားတစ်ခုအဖြစ်သို့ရောက်အောင်လုကပ်ဖို့ ပြင်းပြထက်သန်သော သန္နိဋ္ဌာန်တစ်ခုမှ ထွက်ပေါ်လာခဲ့ပေသည်။ အမေရိကန်ပြည်ထောင်စုအတွင်း နိုင်ငံသားဆိုင်ရာ အခွင့်အရေးလှုပ်ရှားမှု

www.burmeseclassic.com



သည် အမေရိကန်နှင့်သက်ဆိုင်သည့် သီးသန့်ကိစ္စရပ်တစ်ခုသာ ဖြစ်ပါသည်။ ယင်းကိစ္စကို အမေရိကန်၏သမိုင်းရေး၊ အမေရိကန်၏အခြားအနေနှင့်သာ ဆက်စပ်နားလည်ရမည်ဖြစ်ပါသည်။ သို့သော် နောက်ထပ်ပို၍ အရေးပါပါ နားလည်ရမည့်အရာမှာ အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပျက်နေသည့်အရာသည် ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုကြီးတစ်ခု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ဟူသော အချက်ပင်ဖြစ်ပါ၏။

ဒဿနပညာရှင်ကြီး အဲဖရက်နော့ဝှိုက်ဟက် (ALFRED NORTH WHITEHEAD) က "ကျွန်ုပ်တို့သည်ယဉ်ကျေးမှု၏ အခြေခံအမြင်များပြောင်းလဲနေသည့်ခေတ်တွင် နေထိုင်နေကြပါသည်။ ယနေ့သည် သမိုင်းတွင် အလှည့်အပြောင်းကြီးတစ်ခု ဖြစ်၏ လူ့အဆောက်အဦး၏ အခြေခံအုတ်မြစ်ဖြစ်သော အကြံအစည်၊ အယူအဆများကို ပြန်လည်ဝေဖန် သုံးသပ်ပြီး နက်နက်နဲနဲ ပြောင်းလဲပစ်သည့် အချိန်ဖြစ်ပါ၏" ဟု ပြောခဲ့ပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့တွေ့မြင်နေရသည့်အရာမှာ လွတ်လပ်မှုဆိုင်ရာ ပေါက်ကွဲမှုကြီးဖြစ်ပါသည်။ စာရေးဆရာကြီး ဗစ်တာဟူးဂိုး (VICTOR HUGO) ၏ စကားကို ယူရမည်ဆိုလျှင် "အချိန်ကျလာပြီဖြစ်သည့် အယူအဆတစ်ခုကို နားလည်ရေး" ဟူသော လွတ်လပ်မှုဆိုင်ရာ ပေါက်ကွဲမှုကြီးကို တွေ့မြင်နေရသည့်အခါကာလဖြစ်ပေသည်။ ကျွန်ုပ်တို့ ယနေ့ကြားနေရသော မကျေနပ်မှု၏ ဆူပွက်လောရိုက်နေသံသည် ဖိနှိပ်မှု မြေတိုက်အကျဉ်းခန်းများဆီမှ လင်းလက်တောက်ပသော လွတ်လပ်မှုတောင်ကုန်းများဆီသို့ ချီတက်နေကြသည့် အပယ်ခံလူသားတို့၏ မိုးကြိုးထစ်သံဖြစ်ပေ၏။

www.burmeseclassic.com



အုံကြွလာနေသည့် လူထုကြီးသည် “မည်သူမှ ကျွန်ုပ်တို့အား မငြင်းပယ်စေရ” ဟူသော လွတ်လပ်ရေးတေးသံကို သံပြိုင် သီကျူးနေကြပါသည်။ လွတ်လပ်မှုသည် ကူးစက်ရောဂါတစ်ခုလို ကမ္ဘာတစ်လွှား ပျံ့နှံ့နေရာ သမိုင်းတွင် အကျယ်ပြန့်ဆုံး လွတ်မြောက်ရေးလှုပ်ရှားမှုကြီးတစ်ခု ဖြစ်နေပါတော့သည်။ ကြီးမားသော လူထုကြီးသည် မိမိတို့၏ လူမျိုးအပေါ်တွင်လည်းကောင်း၊ မိမိတို့တိုင်းပြည် နိုင်ငံပေါ်တွင်လည်း ကောင်းခေါင်းပုံဖြတ် အမြတ်ထုတ်နေခြင်းကို အဆုံးသတ်ရန် သန္နိဋ္ဌာန်ချထားကြကုန်သည်။ သူတို့သည် နိုးကြားလာကြပြီး သူတို့၏ပန်းတိုင်ရှိရာသို့ ဒီလှိုင်းတစ်ခုလို ရွေ့လျားနေကြ၏။ သူတို့၏ ဟစ်ကြွေးသံကို တောလက်ကျေးရွာလမ်းတိုင်းမှာ ကြားရနိုင်ပါသည်။ သင်္ဘောကျင်းတိုင်းမှာ၊ အိမ်တိုင်းမှာ ကြားရနိုင်ပါသည်။ ကျောင်းသားများအတွင်းမှာ၊ ဘုရားကျောင်းအတွင်းမှာ၊ နိုင်ငံရေးအစည်းအဝေးမှာ ကြားရနိုင်ပါသည်။ ရာစုနှစ်များစွာကြာအောင် သမိုင်း၏ဦးတည်ချက် လားရာသည် အနောက်ဥရောပ၏ တိုင်းနိုင်ငံနှင့် လူ့အဖွဲ့အစည်းများမှသည် ကျန်ကမ္ဘာဒေသများဆီသို့ “လွှမ်းမိုး” ပုံစံအမျိုးမျိုးဖြင့် ရောက်ရှိသွားခဲ့သည်။ ဤကိုလိုနီခေတ်ကြီးသည်ကား နိဂုံးကမ္ပတ်အဆုံးသတ်လေပြီ။ အရှေ့သည် အနောက်ကို လှုပ်ရှားစေလေပြီ။ ကမ္ဘာမြေကိုလည်း အသစ်တစ်ဖန် ပြန်လည်ခွဲဝေနေလေပြီ။ မှန်ပေ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အခြေခံအမြင်များကို ပြောင်းလဲနေကြလေပြီတည်း။

ဤတိုးတက်ဖြစ်ထွန်းမှုများသည် သမိုင်းပညာလေ့လာသူ မည်သူ့ကိုမှ အံ့အားသင့်စေမည်မဟုတ်။ အဖိနှိပ်ခံလူသားတို့

www.burmeseclassic.com



အနေနှင့် အစဉ်ထာဝရ အဖိနှိပ်ခံနေကြမည်မဟုတ်။ လွပ်လပ်မှုကိုလိုလားတောင့်တသော ဆန္ဒကြီးသည် နောက်ဆုံးတွင် အလိုလိုပေါ်ထွန်းထင်ရှားလာမည်သာ ဖြစ်သည်။ လွန်ခဲ့သည့် ရာစုနှစ်များစွာက မိုးဆက် (MOSES) သည် ဖာရိဘုရင် (PHAROAH) ၏ နန်းတော်ထဲမှာ မတ်မတ်ရပ်ပြီး “ ငါ၏လူမျိုးတို့အား သွားခွင့်ပြုလော့” ဟု ဟစ်ကြွေးခဲ့သည် တုန်လှုပ်ဖွယ် အဖြစ်အပျက် အကြောင်းကိုသမ္မာကျမ်းစာတွင် ဖော်ပြထားပါသည်။ ယင်းအဖြစ်အပျက်သည် အခန်းဆက်ဝတ္ထု ကြီးတစ်ပုဒ်၏ အခန်းတစ်ခန်းဖြစ်ပါသည်။ ယနေ့ အမေရိကန် ပြည်ထောင်စုအတွင်း လှုပ်ရှားရုန်းကန်နေမှုသည် ယင်းဝတ္ထုကြီး ၏နောက်ပိုင်းအခန်းဖြစ်သည်။ မိမိ၏အတွင်းအဇ္ဈတ္တမှာရှိသည့် တစ်စုံတစ်ခုသောအရာက နီဂရိုးလူမျိုးတစ်ဦးကို မွေးရာပါလွတ် လပ်ခွင့်အကြောင်းသတိရစေခဲ့ပြီ။အပြင်ဗဟိဒ္ဓမှာရှိသည့် တစ်စုံ တစ်ခုက ယင်းမွေးရာပါ လွတ်လပ်ခွင့်ကို ရရှိနိုင်သည်ဟု သတိရ စေခဲ့ပြီ။ အသိရှိရှိနှင့်ဖြစ်စေ၊ မသိနိုးနားဖြစ်စေ သူသည် ခေတ် အလိုဆန္ဒ၏ ဖမ်းယူခြင်းကို ခံလိုက်ရပြီးလျှင် အာဖရိကတိုက်ရှိ အသားမည်းညိုအစ်ကိုများ၊ အာရှတိုက်၊ မြောက်အမေရိကတိုက် နှင့် ကာရစ်တီယန်ဒေသရှိ အသားညိုနှင့် အသားဝါညီအစ်ကိုများ နှင့်အတူ လူမျိုးရေးခွဲခြားမှုမရှိသော ကတိခံနယ်မြေဆီသို့ အဆောတလျင် ချီတက်ရွေ့လျားနေလေပြီ။

သည်လိုတော်လှန်ရေးကာလထဲတွင် နေထိုင်ပါလျက် အခြေအနေသစ်က တောင်းဆိုသည့် စိတ်နေသဘောထားအသစ်များနှင့် အသိအမြင်သစ်များကို ခံယူကိုင်စွဲဖို့ ပျက်ကွက်ခြင်းတောက် ကြေကွဲဝမ်းနည်းဖွယ် ကောင်းသော အရာမရှိ။ စာရေး

www.burmeseclassic.com



ဆရာကြီး ဝါရှင်တန်အာဗင်း (**WASHINGTON IRVING**) ၏ လူသိများသည့် ရစ်ဗန်ဝင်ကယ်ပုံပြင် (**RIP VAN WINKLE**) တွင် ကျွန်ုပ်တို့ သတိရတတ်သည့်အရာမှာ ရစ်ဗန်ဝင်ကယ်တစ်ယောက် အနှစ်နှစ်ဆယ်ကြာ အိပ်မောကျနေခဲ့သည့်အကြောင်း ဖြစ်ပါသည်။ သို့သော် လူတိုင်း အမှတ်မထားတတ်သော အရေးကြီးသည့် အချက်တစ်ချက်ရှိပါသေးသည်။ ယင်းကား ရစ်ဗန်ဝင်ကယ် မူလက နေထိုင်ခဲ့သည့် မြို့ငယ်ကလေးရှိ စားသောက်ဆိုင်ထဲက ဓာတ်ပုံဖြစ်ပါသည်။ ရစ်ဗန်ဝင်ကယ် တောင်ပေါ်၌ အိပ်မောမကျမီ ယင်းဆိုင်အတွင်းရှိ ဓာတ်ပုံမှာ တတိယမြောက် ဂျော့ဘုရင်မင်းမြတ်၏ ရုပ်ပုံဖြစ်သည်။ အနှစ်နှစ်ဆယ်ကြာမြင့်ပြီးနောက် သူပြန်ရောက်သည့်အခါ ယင်းဓာတ်ပုံမှာ ဂျော့ဝါရှင်တန် ဖြစ်နေလေသည်။ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော သမ္မတကြီး၏ ဓာတ်ပုံကို မြင်လိုက်ရသော အခါ ရစ်ဗန်ဝင်ကယ်၏ စိတ်ထဲမှာ ရှုပ်ထွေးပွေလိမ်သွားသည်။ ယောက်ယက်ခက်သွားသည်။ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။ သူသည် ဝါရှင်တန်ကို ဘယ်သူမှန်းမသိ။ ဤအဖြစ်အပျက်နှင့်ပတ်သက်၍ အထင်ရှားဆုံးအချက်မှာ ရစ်ဗန်ဝင်ကယ် အနှစ်နှစ်ဆယ် အိပ်မောကျနေခဲ့သည့် အချက်မဟုတ်။ လူ့သမိုင်းစဉ်ကြီးကို ပြောင်းလဲပေးလိုက်သည့် တော်လှန်ရေးကြီးတစ်ရပ်အတွင်းမှာမှ အိပ်ပျော်နေခဲ့သည့် အချက်သာ ဖြစ်သည်။

သမိုင်း၏ မဟာ အကွေ့ကြီးတစ်ခုမှာ လူသားပေါင်းများစွာတို့သည် လူမှုပြောင်းလဲရေးခေတ်ကြီးများအတွင်း၌ နိုးကြားမှုမရှိဘဲ အိပ်မောကျနေခဲ့ခြင်းဖြစ်ပေသည်။ လူ့အဖွဲ့အစည်း

www.burmeseclassic.com



မှန်သမျှတွင် နဂိုနေမြဲအတိုင်းကို ထိန်းသိမ်းသူများ ရှိကြသည်။ တော်လှန်ရေးအတွင်း တမေ့တမော အိပ်ပျော်နေသည့် ထုံအအ လူတို့ဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့တွေ ရှိတတ်ကြသည်။ သို့သော် ယနေ့အခါတွင် ကျွန်ုပ်တို့၏ ဆက်လက်ရှင်သန်ရေးသည် နိုးနိုး ကြားကြားနေနိုင်စွမ်းအပေါ်တွင် တည်နေပါသည်။ အယူအဆ သစ်၊ အတွေးအခေါ်သစ်တို့နှင့် ကိုက်ညီနိုင်စွမ်းအပေါ်တွင် တည် နေပါသည်။ ပြောင်းလဲခြင်း၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်စွမ်းအပေါ် တွင် တည်နေပါသည်။ ကျွန်ုပ်တို့ နေထိုင်ရမည့် အိမ်ကြီးသည် ကမ္ဘာ့အိမ်နီးချင်းအဖြစ်ကို ကမ္ဘာ့အိမ်သားချင်းအဖြစ်သို့ ပြောင်းလဲ ခိုင်းနေလေပြီ။ ကျွန်ုပ်တို့သည် ညီအစ်ကို မောင်နှမများအဖြစ် နေထိုင်ဖို့ကို လေ့လာသော်လေ့လာ သို့မဟုတ် လူမိုက်များအဖြစ် သေဆုံးပျက်စီးသည့်အဖြစ်သို့ ရောက်သော် ရောက် တစ်ခုခု ရွေးရပေလိမ့်မည်။

ကျွန်ုပ်တို့ပိုင်ဆိုင်ထားသည့် သိပ္ပံဆိုင်ရာ တိုးတက်မှုနှင့် ကျွန်ုပ်တို့တွင်ရှိသည့် ကိုယ်ကျင့်တရားတိုးတက်မှုအကြား ကွာဟ ချက် ချောက်ကမ်းပါးကြီးကို တံတားထိုးရန် မလျှော့သော ဇွဲလုံ့လဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားကြပါမည်။ လူ့လောက ကြီး၏ ပြဿနာတစ်ရပ်မှာ သိပ္ပံနှင့် နည်းပညာ၏ ကြွယ်ဝမှုနှင့် လုံးဝပြောင်ပြောင်တင်းတင်း ဆန့်ကျင်နေသော အသိစိတ်ဓာတ် ဆိုင်ရာ ဆင်းရဲချို့တဲ့မှုကို ခံစားနေရခြင်းဖြစ်၏။ ရုပ်ဝတ္ထုပိုင်း၌ ချမ်းသာကြွယ်ဝလာလေလေ ကိုယ်ကျင့်တရားပိုင်းနှင့် စိတ်ဓာတ် ပိုင်း၌ ဆင်းရဲလာလေလေ ဖြစ်နေသည်။

လူတိုင်းလူတိုင်း အတွင်းအဇ္ဈတ္တပိုင်းဆိုင်ရာ နေရာမှာ ရော၊ အပြင်ဗဟိဒ္ဓပိုင်းဆိုင်ရာ နေရာတို့မှာပါ နေထိုင်ကြသည်။

www.burmeseclassic.com



အတွင်းအရှုတ္တပိုင်းသည် စိတ်ဓာတ်ဆိုင်ရာ ရည်မှန်းချက်တို့၏ နယ်မြေဖြစ်သည်။ ယင်းကို အနုပညာ၊ စာပေ၊ ကိုယ်ကျင့်တရား နှင့် ဘာသာရေးတို့၌တွေ့ရသည်။ အပြင်ဗဟိဒ္ဓနယ်မြေမှာ ကျွန်ုပ်တို့အသက်ရှင်ရာတွင် အသုံးချသည့် ကိရိယာတန်ဆာ ပလာများ၊ နည်းပညာများ၊ စက်ယန္တရားများနှင့် အသုံးအဆောင် များဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် ပြဿနာ မှာ အတွင်းအရှုတ္တနယ်မြေကို အပြင်ဗဟိဒ္ဓနယ်မြေမှာ အပျောက် ဆုံးခံလိုက်သည့် ကိစ္စဖြစ်သည်။ အသက်ရှင်ရာတွင် အသုံးချ သည့်နည်းလမ်းများကို အသက်ရှင်ရခြင်းရည်မှန်းချက်ထက် အများကြီး ကျော်လွန်သွားစေခဲ့ပါပြီ။ ခေတ်သစ်ဘဝကို သောရိုး (THOREAU) ၏ ဆိုစကား၌ အနှစ်ချုပ် ဖော်ပြနိုင်ရာသည်။

"တိုးတက်ပြုပြင်မှုမရှိသော ရည်ရွယ်ချက်အတွက် တိုး တက်ပြုပြင်ထားသောနည်းလမ်း" ဟူသော စကားဖြစ်ပါ၏။

ဤသည်ကား ခေတ်သစ်လူသားကို ထိပ်တိုက်တိုးနေ သည့် မဟာပျက်ယွင်းမှုကြီးဖြစ်ပါ၏။ ခေတ်သစ်လူသားကို အမြဲခြောက်လှန့်နေသော မဟာပြဿနာကြီးဖြစ်ပါ၏။ ကြီးထွား လာသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တန်ခိုးစွမ်းအားသည် အချိုးညီ သော စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်မှုမရှိခဲ့လျှင် ဆင်းရဲဒုက္ခ တို့ကိုသာ ကြီးထွားလာစေလိမ့်မည်။ လူ့သဘာဝ၏ အပြင် ဗဟိဒ္ဓ အပိုင်းသည် အတွင်း အရှုတ္တပိုင်းကို လွှမ်းမိုးအောင်နိုင်သွား ခဲ့ပါက မည်းမှောင်သော မုန်တိုင်းတိမ်တိုက်ကြီးများ ဖွဲ့စည်း ဖြစ်ပေါ်လာပေတော့သည်။

ကျွန်ုပ်တို့၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြွယ်ဝချမ်းသာမှု သည် စိတ်ငြိမ်းချမ်းမှုကိုလည်းကောင်း၊ စိတ်တည်ငြိမ်မှုကိုငှင်း၊

www.burmeseclassic.com



ကျွန်ုပ်တို့ထံ ယူဆောင်လာခဲ့ခြင်းမရှိလေရာ အနောက်တိုင်းယဉ်ကျေးမှုသည် ယခုအချိန်တွင် အလွန်အန္တရာယ်ရှိသည့် အနေအထားသို့ ရောက်နေပါပြီ။ အရှေ့တိုင်းသား စာရင်းဆရာတစ်ယောက်က ကျွန်ုပ်တို့၏ ရှေ့တိုးမရ နောက်ဆုတ်မရ အကျဉ်းအကျပ်ကျနေသည့် အနေအထားကို ဤသို့ ပွင့်လင်းသောစကားများဖြင့် သရုပ်ဖော်ပြပါသည်။

"သင်တို့သည် သင်တို့၏ ထောင်ချီသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပစ္စည်းကိရိယာတို့ကို လုပ်သက်သာစေသော စက်ယန္တရားဟုခေါ်ခဲ့လေပြီ။ သို့တိုင် သင်တို့ကား အလုပ်ရှုပ်မြဲရှုပ်နေပါလျက်ပါတကား။ စက်ပစ္စည်းများကို ထပ်ထပ်တိုးပွားရင်းသင်တို့သည်လည်း ပို၍အားအင်ကုန်ခမ်း ပင်ပန်းနွမ်းနယ်နေကြကုန်၏။ ပို၍ စိတ်ပူပန်နေကြကုန်၏။ ပို၍ စိတ်တုန်လှုပ်ချောက်ချားနေကြကုန်၏။ ပို၍ မကျေမနပ် ဖြစ်နေကြကုန်၏။ သင်တို့မှာ ဘာတွေပဲရှိနေနေ သင်တို့ကား လိုမြဲ လိုအပ်နေဆဲသာတည်း။ ဘယ်နေရာမှာပင် ရောက်နေရောက်နေ သင်တို့ကားနောက်ထပ်တစ်နေရာရာသို့ သွားချင်နေမြဲသာတည်း။ သင်တို့၏ပစ္စည်းကိရိယာများသည်ကား အချိန်ကိုသက်သာစေ သော စက်များလည်းမဟုတ်။ စိတ်ကိုသက်သာစေသော စက်များလည်းမဟုတ်။ နောက်ထပ် စက်ယန္တရားများကို ထပ်ထပ်ပြီးထွင်စေရန်နှင့် နောက်ထပ်အလုပ်တွေ ထပ်ထပ်ပြီးလုပ်စေရန် နှိုးဆွတွန်းထိုးနေသည့် ဆူးချွန်ကြီးတွေသာ ဖြစ်ကြလေကုန်၏"

ဤပြောဆိုချက်ကို အနောက်တိုင်း၏ ကြီးပွားတိုးတက် မှုအပေါ်မနာလိုဝန်တိုစွာဖြင့်ပြောလိုက်သော အရှေ့တိုင်းသားတွေးချေခေါ်ရှင်တစ်ယောက်၏အာဃာတစကားအဖြစ်ဘေး

www.burmeseclassic.com



ဖယ်ပစ်၍မရနိုင်ပါ။ ယင်းစကားသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှု နှင့်ပတ်သက်ပြီးတစ်စုံတစ်ခုကို ပြောပြနေပါသည်။ ကျွန်ုပ်တို့သည် သူ၏ အပြစ်တင်စွဲချက်မှ မလွတ်နိုင်ပါ။

ဤစကားက သိပ္ပံပညာတိုးတက်မှု၏ နာရီကိုနောက် ပြန်လှည့်ရမည်ဟု ဆိုလိုသည်ကားမဟုတ်ပါ။ ကျွန်ုပ်တို့၏ ဘဝအပေါ်သို့ သိပ္ပံပညာက ကျေးဇူးပြုခဲ့သော အံ့လောက်ဖွယ် အကျိုးတရားတို့ကို မည်သူမှ လျစ်လျူရှု၍ မရနိုင်။ မြင်းလှည်း များကို နေရာပေးဖို့ မော်တော်ကားက နန်းဆင်းပေးမည်မဟုတ်။ မြင်းရထားကို နေရာပေးဖို့ စက်ရထားက နန်းဆင်းပေးမည် မဟုတ်။ လက်ကိုင်ထယ်သွားကို နေရာပေးဖို့ လယ်ထွန်စက်က နန်းဆင်းပေးမည်မဟုတ်။ မသိမှု အဝိဇ္ဇာနှင့် အယူသည်းမှုများကို နေရာပေးဖို့ သိပ္ပံဆိုင်ရာနည်းလမ်းတို့က နန်းဆင်းပေးမည် မဟုတ်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ် ပိုင်းဆိုင်ရာ နောက်ကျကျန်နေမှုကိုကား ပြန်လည်တိုးတက် အောင် လုပ်ရပါလိမ့်မည်။ သိပ္ပံပညာဆိုင်ရာ စွမ်းအားသည် ကိုယ်ကျင့်တရားဆိုင်ရာ စွမ်းအားကို ကျော်လွန်သွားလျှင် ကျွန်ုပ် တို့သည် ထိန်းချုပ်ခံဒုံးပျံများ၊ ထိန်းချုပ်မဲ့လူသားများနှင့် နိဂုံး ချုပ်ရပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဘဝ၏ အပြင်ဗဟိဒ္ဓကိုသာ အစွမ်းကုန် ကြီးထွားစေပြီး အတွင်း အဇ္ဈတ္တကိုမူ ဆုတ်ယုတ် လျော့ပါးစေမည်ဆိုလျှင် ကမ္ဘာပျက်ခြင်းနေ့အတွက် ပျက်ခွင့် ဝရမ်းအမိန့် ကို လက်မှတ်ရေးထိုးပေးခြင်းပင် ဖြစ်ပေတော့မည်။

ကျွန်ုပ်တို့အားလုံး အမွေဆက်ခံရရှိထားသော ကမ္ဘာ အိမ်ကြီးအတွင်း အကျိုးရှိရှိ ဘဝရှင်သန်ရေးအတွက် မျှော်လင့် ချက်သည်ကား တစ်သီးပုဂ္ဂလအရည်အသွေးတွင်ရှိသော ဘဝ၏

www.burmeseclassic.com



ကိုယ်ကျင့်တရားရည်မှန်းချက်များနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုတို့ကို ပြန်လည်တည်ဆောက်နိုင်စွမ်းအပေါ် မှီနေပါသည်။ ဤကဲ့သို့သော စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ပြန်လည်နိုးကြားမှု ကင်းမဲ့နေပါမူ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပိုင်ဆိုင်ထားသည့် လက်နက်ကိရိယာများကို အလွဲသုံးစားလုပ်ခြင်းဖြင့် မိမိတို့ကိုယ်မိမိ ပြန်ပြီးဖျက်ဆီးမိရက်သားဖြစ်ကြပါလိမ့်မည်။

မာတင်လူသာကင်း

❁

www.burmeseclassic.com



[လင်ယုတန် (၁၈၉၅–၁၉၇၆)–ခရစ်ယာန်ဘာသာရေးဝန်ထမ်းတစ်ဦး၏သားဖြစ်သူ လင်ယုတန်သည် ငယ်စဉ်က ဘာသာရေးဝန်ထမ်းဖြစ်ဖို့အတွက် ပညာသင်ကြားခဲ့သော်လည်း အသက် ၂၀ အရွယ်တွင် ခရစ်ယာန်ဘာသာကို စွန့်လွှတ်ပြီး အင်္ဂလိပ်စာပါမောက္ခဖြစ်လာခဲ့သည်။ အမေရိကန်နှင့် ဥရောပတက္ကသိုလ်ကြီးများတွင် ဘွဲ့လွန်ပညာရပ်များ သင်ကြားပြီး တရုတ်ပြည်သို့ ပြန်ရောက်သောအခါ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ တရုတ်ပြည်သူပြည်သားတို့အကြောင်းနှင့် ယဉ်ကျေးမှုဒဿန စာပေအကြောင်းများကို အင်္ဂလိပ်လိုရေးပြီး ကမ္ဘာသိစာရေးဆရာဖြစ်လာခဲ့သည်။ ယခုဖော်ပြသော **THE RISE OF HUMAN CIVILIZATION** မှာသူ၏ **IMPORTANCE OF LIVING** စာအုပ်မှ ကောက်နှုတ်ပြန်ဆိုခြင်းဖြစ်သည်။]

www.burmeseclassic.com

## လူ့ယဉ်ကျေးမှုပေါ်ထွန်းခြင်း

အလေလိုက်နေသည့် လူသားသည် ယဉ်ကျေးမှုဆီသို့ဘယ်လို ဘယ်ပုံများ စတင်တက်လှမ်းခဲ့ပါလိမ့်။ တိုးတက်မည့် အလား အလာကိုပြနေသည့် လူသား၏ ပထမဆုံးလက္ခဏာရပ်များမှာ ဘာတွေပါလိမ့်။ လူ့အသိဉာဏ်ဖွံ့ဖြိုးမှု၏ ဦးဆုံးလက္ခဏာ များမှာ ဘာတွေဖြစ်ပါလိမ့်။

လူသား၏ အပျော်အပြတ် စပ်စုတတ်သည့်အကျင့်၊ လက်အစုံဖြင့် ဟိုနှိုက်သည်နှိုင်နှိုက်ပြီး အထဲကအရာကို အပြင် သို့ထုတ်ကာ ဖင်ပြန်ခေါင်းပြန် လှန်လှောကြည့်တတ်သည့် အကျင့်ထဲ၌ပင် အဖြေကို ဧကန်မုချ တွေ့ရပါလိမ့်မည်။ အလုပ်မရှိသော မျောက်တစ်ကောင်က အခြားမျောက်တစ်ကောင် နားရွက်လှန်နေကြသည့် မျောက်စုံတွဲကို ကြည့်လိုက်ပါ။ အိုက်ဖက်နယူတန်လောင်း သို့မဟုတ် အိုင်စတိုင်းလောင်းတို့ကို တွေ့ရပါလိမ့်မည်။

www.burmeseclassic.com



စပ်စုကျသောလူသား၏ အပျော်အပြက် တောင်လုပ်မြောက်လုပ်လုပ်နေသည့် အသွင်သဏ္ဍာန်သည် အသွင်သဏ္ဍာန်သက်သက်မျှမကပါ။ သိပ္ပံပညာဆိုင်ရာ အမှန်တရားတစ်ခုလည်းဖြစ်၏။ လူသားသည် ခန္ဓာကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး ခြေနှစ်ချောင်းတည်းနှင့် လမ်းလျှောက်လိုက်သည့်အခါ လက်များသည်လွတ်လပ်သွားပါသည်။ ယင်းသို့ လက်များလွတ်လပ်ရေးရသွားခြင်းနှင့်အတူ လူ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်သလည်းဖြစ်ထွန်းလာပါတော့သည်။ ဤသို့ အပြောင်အပြက် စပ်စုကျတတ်သည့်အကျင့်ကို ကြောင်သတ္တဝါတို့၌လည်း တွေ့မြင်ရပါသည်။ လမ်းလျှောက်နေခြင်းလည်းမရှိ၊ ခန္ဓာကိုယ်ကိုလည်းထိန်းနေစရာမလိုသည့် အချိန်မျိုးတွင် ကြောင်၏ ရှေ့ခြေထောက်နှစ်ချောင်းသည် လွတ်လပ်သွားပါသည်။ ထိုအချိန်၌ ကြောင်၏စပ်စုကျမှုကို မြင်တွေ့နိုင်ရာသည်။ ထိုသို့ စပ်စုကျပြီး စူးစမ်းတတ်သည့်အကျင့် ရှိသည့်အတွက် မျောက်တွေ၊ ကြောင်တွေဆီမှယဉ်ကျေးမှုတွေ ဖြစ်ထွန်းလာနိုင်ပါ၏။ သို့သော် သူတို့မှာချို့ယွင်းချက်တွေ ရှိနေသေးသည်။ မျောက်တို့၏ လက်ချောင်းများမှာ သစ်ကိုင်းသစ်ခက်များကို ဆွဲဆုပ်ဖမ်းကိုင်ရလွန်းသဖြင့်ကြီးမားလွန်းနေသည့် ချို့ယွင်းချက်။ ကြောင်တွေမှာတော့ သူတို့ခြေဖဝါးများသည် အသားနှင့် အရိုးနုအတုံးအခဲကလေးမျှသာဖြစ်နေသည့် ချို့ယွင်းချက်။

ကျွန်ုပ်သည် အရည်အချင်းနှင့် ပြည့်စုံသော ဇီဝဗေဒပညာရှင်တစ်ယောက်မဟုတ်ပါ။ ယင်းအချက်ကို ခေတ္တခဏမေ့ထားခွင့်ပြုပါ။ လက်အစုံလွတ်လပ်လာရာမှ လူ့ယဉ်ကျေးမှုပေါ်ထွန်းလာပုံကို သုံးသပ်တင်ပြပါရစေ။ ကျွန်ုပ်တွင် ပြောစရာ

www.burmeseclassic.com



နည်းနည်းရှိနေပါသည်။ ကျွန်ုပ် ပြောမည့်အချက်တို့ကို တချို့က သိပြီးဖြစ်ချင် ဖြစ်နေပါမည်။ သိချင်မှလည်း သိကြပါမည်။

ကိုယ်ကိုမက်မတ်ရပ်လိုက်ခြင်းနှင့် လက်၏လွတ်လပ်ခြင်းတို့တွင် အပြောကျယ်လှသော အကျိုးကျေးဇူးတွေရှိ၏။ လက်နက်ကိရိယာသုံးစွဲမှုတွေ ဖြစ်လာသည်။ အရှက်အကြောက်စိတ်တွေ ဖြစ်လာသည်။ မိန်းမတွေအား နှိမ့်ချမှုတွေ ဖြစ်လာသည်။ မိန်းမကို နှိမ့်ချမှုနှင့်အတူ ဘာသာစကားတွေ တိုးတက်ဖြစ်ထွန်းလာသည်။ နောက်ဆုံး အပျော်သက်သက် စူးစမ်းမှုတွေ၊ သုတေသနပြု လေ့လာလိုသည့်စိတ်တွေ အကြီးအကျယ် တိုးပွားကြီးထွားလာသည်။

လူ့ယဉ်ကျေးမှုသည် လက်နက်ကိရိယာများ ရှာဖွေတွေ့ရှိမှုနှင့် အစပြုခဲ့သည့်အချက်ကိုလည်းကောင်း၊ လက်နက်ကိရိယာများသည်လည်း လူ့လက်များ ဖွံ့ဖြိုးတိုးတက်ရာမှ ဖြစ်ပေါ်လာသည်ဟူသောအချက်ကို လည်းကောင်း၊ ကောင်းကောင်းကြီး သိရှိကြလေပြီ။ လူလောင်း မျောက်ဝံကြီးသည် သစ်ပင်ပေါ်မှ ဆင်းလာသည့်အခါ။(ခန္ဓာကိုယ် လေးလံလွန်းသောကြောင့် ဖြစ်နိုင်သည်) လမ်းနှစ်သွယ်ကို တွေ့ရပါသည်။ ဘာဘွန်းမျောက် (**BABOON**) တို့၏ လမ်းကိုတည်းလိုက်မည်လော၊ သို့မဟုတ် အူရန် အူတန်မျောက် (**ORANG-OUTANG**) တို့၏ လမ်းကိုတည်း လိုက်မည်လော။ ဘာဘွန်းတို့လမ်းကို လိုက်မည်ဆိုလျှင် လေးဖက်ထောက်၍ သွားရပါမည်။ အူရန်အူတန်လမ်းကို လိုက်မည်ဆိုလျှင် နောက်ခြေနှစ်ချောင်းပေါ်မှာ ရပ်ပြီး လမ်းလျှောက်ရန် ကြိုးစားရပါမည်။ လူသား၏ ဘိုးဘွားဘီဘင်တို့ကား ဘာဘွန်းမျိုးမှ ဆင်းသက်လာခြင်း မဖြစ်နိုင်။

www.burmeseclassic.com



ဘာဘွန်းမျောက်၏ ရှေ့ခြေများမှာ သိပ်ဝန်ပိနေသောကြောင့် ဖြစ်ပါသည်။ အူရန်အူတန်မျောက်တို့ အနည်းနှင့်အများ အောင်မြင်ရရှိထားသည့် မတ်မတ်ရပသည့် အနေအထားမျိုး အတိုင်း လိုက်လုပ်ခြင်းနှင့်အတူ လက်များသည် လွတ်လပ်ရေး ရရှိလာသည်။ ယင်းလွတ်လပ်ရေးသည် ယဉ်ကျေးမှုခပ်သိမ်း အတွက် အဘယ်မျှ အရေးပါလိုက်လေသနည်း။

လက်တို့ လွတ်လပ်လာသည့်အချိန်၌ပင် လူလောင်း မျောက်ဝံသည် သစ်သီးကို ပါးစပ်ဖြင့် ကိုက်ပြီး ခူးမည့်အစား လက်ဖြင့်ဆွတ်ပြီး ခူးသည့်အလုပ်ကို တတ်မြောက်ခဲ့လေပြီ။ ကျောက်တောင်ထွတ်တစ်ခု၏ ဂူအတွင်းမှာနေထိုင်စဉ် ရန်သူတို့ အပေါ် ကျောက်တုံးကျောက်ခဲများ ပစ်ပေါက်လိမ့်ချခြင်းမှာ လွယ်ကူရိုးဆင်းသောအဆင့် ဖြစ်ပါသည်။ ယင်းကျောက်တုံး ကျောက်ခဲတို့သည် လူသား၏ ဖွဲ့ဆော်ဦး လက်နက်ကိရိယာ ဖြစ်သည်။ လူသားသည် သူ့လက်တို့ကို မှောက်ချည်လှန်ချည်၊ မြှောက်ချည်ချချည် အမျိုးမျိုး လုပ်ကြည့်နေပါမည်။ ရည်ရွယ် ချက်ရှိရှိ မရှိရှိ တွေ့ကရာကို ဆုပ်ကိုင်ကြည့်နေပါမည်။ ရည်ရွယ် ချက်မရှိဘဲ လျှောက်လုပ်ရင်းဖြင့်ပင် အသွားရှသည့် ကျောက်ပြား များ၊ ချွန်ထက်သည့်ကျောက်တုံးများသည် လုံးဝန်းသောကျောက် တုံးများထက် ရန်သူကိုသတ်ရာတွင် ပိုပြီးအသုံးဝင်သည်ကို မတော်တဆ တွေ့ရှိခဲ့ပါလိမ့်မည်။ အရာဝတ္ထုတို့ကို လှည့်ပတ် ကြည့်ရှုခြင်း (ပုံစံအားဖြင့် နားရွက်ကို ရှေ့ကကြည့်လိုက်၊ နောက်ကကြည့်လိုက်လုပ်ခြင်းမျိုး) သည် နံ့နံ့စပ်စပ် ကြည့်ရှု တတ်သည့်အစွမ်းကို တိုးပွားစေခဲ့ပါမည်။ ဤသို့ဖြင့် သူ့ဦးနှောက် အတွင်း သယ်ဆောင်ထားသော စိတ်ကူးရုပ်ပုံအရေအတွက်ကို

www.burmeseclassic.com



လည်းများပြားစေခဲ့ပြီး၊ ဦးနှောက်၏ ရှေ့အခန်းကိုလည်း ကြီးထွားစေခဲ့မည် ဖြစ်သည်။

လိင်မှုကိစ္စ၌ ရှက်ကြောက်တတ်မှုသည် တိရစ္ဆာန်တို့၌ လုံးဝမရှိပါ။ လူသားတို့၌သာ ရှိနေပါသည်။ ယင်းရှက်ကြောက်စိတ်သည်လည်း ခန္ဓာကိုယ်ကို မတ်မတ်ထားရာမှ အစပြုလာသည်ဟုပင် ကျွန်ုပ် ယုံကြည်ပါသည်။ သဘာဝဖခင်ကြီး၏ မူလအစီအမံတွင် ပါဝင်ခြင်းမရှိသော မတ်မတ်ရပ်သည့် အနေအထားကြောင့် ခန္ဓာကိုယ်၏နောက်ပိုင်းမှာရှိသည့် အင်္ဂါအစိတ်အပိုင်းမချို့သည် ခန္ဓာကိုယ်၏ အလယ်ဗဟိုသို့ ရောက်ရှိလာခဲ့သည်။ နောက်မှာရှိသည့်အရာတွေ ရှေ့သို့ရောက်လာသည်။ ထိတ်စရာလန့်စရာ အနေအထားသစ်တစ်ခုနှင့်အတူ အဆင်ပြေမှုတွေလည်း ပူးတွဲပါရှိလာသည်။ ယင်းအဆင်မပြေမှုများသည် အဓိကအားဖြင့် မိန်းမများကို ထိခိုက်စေသည်။ မကြာခဏ ကိုယ်ဝန်ပျက်ကျခြင်း၊ ရာသီသွေးဆိုင်ရာ ရောဂါဝေဒနာများဖြစ်ခြင်းတို့မှာ ယင်းအဆင်မပြေမှုတို့ကြောင့် ဖြစ်ပါ၏။

ခန္ဓာဗေဒအရ ကျွန်ုပ်တို့၏ ကြွက်သားများသည် ခြေလေးချောင်းထောက်သတ္တဝါတို့အတွက် ဖန်တီးထားသည့် ကြွက်သားများသာဖြစ်ပါသည်။ ပုံစံအားဖြင့် ကိုယ်ဝန်ဆောင်ဝက်မကိုကြည့်ပါ။ ကိုယ်ဝန်ဆောင်ဝက်မသည် သန္ဓေသားကို လွယ်ထားရာတွင် အလျားလိုက် တည်ရှိနေသော ကျောရိုးမှ အလိုက်သင့် တွဲခိုနေသည့်အနေအထားဖြင့် လွယ်ထားပါသည်။ အဝတ်ကြိုးတန်းတွင် အဝတ်လှန်းထားသည့်ပုံစံမျိုးဖြစ်သည်။ ကိုယ်ဝန်ဆောင်လူသားမိန်းမကို မတ်မတ်ရပ်ခိုင်းခြင်းသည်ကား အဝတ်ကြိုးတန်းကို အလျားလိုက်မထားဘဲထောင်လိုက်ထားကာ

www.burmeseclassic.com



အဝတ်လှန်းခိုင်းသလို ဖြစ်နေသည်။ အကယ်၍ ကျွန်ုပ်တို့သည် ခြေနှစ်ချောင်းထောက်သတ္တဝါသာ ဖြစ်ခဲ့ပါမူ ကျွန်ုပ်တို့၏ ဝမ်းဗိုက်ကြွက်သားများသည် တော်တော်အဆင်မပြေအောင်လုပ်ထားသည့် အရာများဖြစ်နေပါမည်။ စင်စစ် ယင်းကြွက်သားများကို ပခုံးနှင့်အဆင်ပြေအောင် ဟန်ချက်ညီညီ တွဲချိတ်ထားရပါမည်။ သို့မှသာ ဝမ်းဗိုက်ပိုင်းအလုပ်သည် သက်သက်သာသာရှိမည်။ သားအိမ်နှင့် မျိုးဥအိမ်ဆိုင်ရာ ခန္ဓာဗေဒကို သိရှိထားသူတစ်ယောက်အဖို့ ယင်းပစ္စည်းများ နေရာမှန်မှာ ပုံမှန်အလုပ်လုပ်နေသည်ကို မြင်ရလျှင်ဖြစ်စေ၊ အံလွဲနေမှုများ၊ ရာသီသွေးဆိုင်ရာ ရောဂါဝေဒနာများ မဖြစ်သည်ကို မြင်ရလျှင်ဖြစ်စေ အကြီး အကျယ် အံ့သြရပါလိမ့်မည်။ ယနေ့ထင်တိုင်အောင် ရာသီသွေးဆင်းရသည့်အကြောင်းနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်အတွက် ကျေနပ်လောက်သည့် ဖြေရှင်းချက်ကို မပေးနိုင်ကြသေးပါ။ လစဉ် မျိုးဥအသစ်လဲလှယ်ဖို့ အမှန်တကယ်လိုအပ်သည် ထားဦးတော့။ ရာသီသွေးဆင်းရသည့်အလုပ်သည် မလိုအပ်ဘဲနှင့် ကြာလည်းကြာ၊ နာလည်းနာနေရလေရာ အလုပ်လုပ်ပုံ ဟန်မကျလှသည်ကို ဝန်ခံကြရပါမည်။ ယင်းသို့ ဟန်မကျရခြင်းမှာ ခြေနှစ်ချောင်းပေါ်တွင် မတ်မတ်ရပ်လိုက်သည့် အနေအထားကြောင့်ဖြစ်သည်ဟု ကျွန်ုပ်သံသယကင်းစွာယုံကြည်၏။

ထို့နောက် မိန်းမတို့အား နှိမ့်ချသည့်အခြေအနေသို့ ရောက်လာပါတော့သည်။ ထိုအတူ လက်ရှိစရိုက်လက္ခဏာများရှိသည့် လူ့အဖွဲ့အစည်းလည်း ဖြစ်ထွန်းလာတန်ရာသည်။ ကိုယ်ဝန်ဆောင်မိန်းမသည် လေးဖက်ထောက်၍သာ သွားလာနိုင်ခဲ့လျှင် ယောကျာ်းဖြစ်သူ၏ အပြီးအပိုင် လွှမ်းမိုးအောင်နိုင်မှုကို

www.burmeseclassic.com



ခံခဲ့ရလိမ့်မည်ဟု ကျွန်ုပ်မထင်။ မတ်မတ်ရပ်လိုက်သည့်အချိန်တွင် တွန်းအားကြီးနှစ်ရပ်သည် တစ်ပြိုင်နက်တည်း ပေါ်ထွန်းလာပြီး မိန်းမသားကိုလူသားယောကျ်ား၏ အောက်သို့ နိမ့်ကျရောက်ရှိသွားစေတော့သည်။

ပထမတွန်းအားကြီးမှာ ဤသို့ဖြစ်သည်။ လူသားယောကျ်ားနှင့် လူသားမိန်းမတို့သည် အလုပ်မရှိဘဲ အားလပ်နေပါသည်။ ဟိုဟိုသည်သည် စပ်စုနေတတ်ပြီး မြူးတူးဆော့ကစားနေသည့် သတ္တဝါများသာ ဖြစ်နေပါသေးသည်။ ချစ်စိတ်ကြိုက်စိတ်သည် အမူရာသစ်တို့ကို ဖြစ်ထွန်းစေခဲ့သည်။ နှုတ်ခမ်းစုပ်၍ နမ်းရှုပ်ခြင်းအလုပ်ကတော့ လုံးလုံးလျားလျားသာယာဖွယ်မဖြစ်သေး။ သို့မဟုတ် ပြည့်ပြည့် ဝဝ အောင်မြင်မှုမရသေး။ မာကျောပြီး ငေါထွက်နေသည့် ပါးရိုးကြီးများရှိသည့် ချင်ပန်ဇီမျောက်နှစ်ကောင် နမ်းရှုပ်ဖို့ကြိုးစားနေပုံကို ကြည့်လိုက်လျှင်သဘောပေါက်နိုင်ပါသည်။ သို့သော် လူသား၏လက်တို့သည် ပွတ်သပ်ခြင်း၊ အသာအယာတို့ထိခြင်း၊ ကလိထိုးခြင်း၊ယုယစွာပွေ့ဖက်ခြင်း၊ စသော သိမ်မွေ့ညင်သာသည့် လှုပ်ရှားမှုတို့ကိုမူလုပ်နိုင်နေလေပြီ။ ယင်းလှုပ်ရှားမှုများကို တစ်ဦးနှင့်တစ်ဦးသန်းရှာပေးရာမှ မတော်တဆ တတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ကျွန်ုပ်တို့၏ အမွေးအမျှင်ထူပြောသော ဘိုးဘွားဘီဘင်များတွင် သန်းသာမရှိခဲ့ပါမူ အချစ်ကဗျာတွေပင်ပေါ်ပေါက်လာမည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်သည်။ ထို့ကြောင့်သန်းရှာခြင်းအကျင့်သည် ချစ်စိတ်ကြိုက်စိတ်ကို ကောင်းကောင်းကြီးတိုးပွားဖွံ့ဖြိုးစေခဲ့ရပါမည်။ ယင်းချစ်စိန် ကြိုက်စိတ်သည် တွန်းအားကြီးတစ်ခုဖြစ်၏။

www.burmeseclassic.com



နောက်တွန်းအားမှာ ဤသို့ဖြစ်သည်။ ခြေနှစ်ချောင်းပေါ် ရပ်နေရသည့် ကိုယ်ဝန်ဆောင်လူသားမိန်းမသည် ပင်ပန်းဆင်းရဲပြီး အားကိုးရာမဲ့သည့်ဘဝတွင် ရည်ရှည်လများ နေနေရပါသည်။ ခြေထောက်များ၊ ခြေဖနောင့်များကို မတ်မတ်ရပ်ဖို့အတွက် အဆင်ပြေအောင် မပြုပြင်ရသေးခင် ဆီးခုံရိုးကလည်း ရှေ့မှာလွယ်ထားရသည့် ကိုယ်ဝန်အလေးချိန်ကို ပြန်ထိန်းနိုင်ဖို့အတွက် နောက်သို့အချိုးညီညီ ပြန်ကောက်ကွေးခြင်းမရှိသေးခင်၊ အထူးသဖြင့် မတ်တက်အနေအထားအတွက် အဆင်ပြေအောင် ပြည့်ပြည့်စုံစုံ မပြုပြင်ရသေးသည့် အစောပိုင်းကာလတွင် ကိုယ်ဝန်ဆောင်မိခင်လောင်းသည် ကိုယ်ဝန်ကို ယခုထက်ပို၍ ပင်ပန်းကြီးစွာ လွယ်ထားရလိမ့်မည်ဖြစ်ကြောင်း အလွယ်ပင်သိမြင်နိုင်ပါသည်။ အစောပိုင်းအဆင့်များတွင် ခြေနှစ်ချောင်းအပေါ် မတ်မတ်ရပ်ရခြင်းသည် အတော်ဆင်မပြေလှပေရာ ပလိုင်စတိုဆင်း (**PLEISTOCENCE**)ခေတ်က မိခင်လောင်းသည် မည်သူကမှသူ့ကို ကြည့်မနေသည့် အချိန်များတွင် ကျောရိုးအနာသက်သာစေရန်အလို့ငှာ အရှက်ကိုဘေးဖယ်ပြီး လေးဖက်ထောက်သွားလာနေပေလိမ့်မည်။ မိန်းမသားဘဝ၏ ဤသို့သောဆင်းရဲဒုက္ခကြောင့် မိခင်လောင်းသည် ချစ်ခြင်းမေတ္တာကိုရရှိဖို့ မာယာပရိယာယ်ကို စတင်အသုံးချခဲ့ပေလိမ့်မည်။ ဤသို့ဖြင့် လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း နှင့် နေထိုင်လိုသည့် စိတ်ဓာတ်တစ်ချို့ကို အဆုံးရှုံးခံလိုက်ရပါတော့သည်။ ကိုယ်ဝန်ဆောင်နေရချိန်၌ ချစ်ခင်ယုယမှုကို လိုအပ်နေသည်သည် မဟုတ်ပါလား။ မွေးကင်းစကလေးငယ်အဖို့မှာလည်း မတ်မတ်ရပ်၍ လမ်းလျှောက်ဖို့ လေ့ကျင့်ရခြင်းမှာ ခက်ခဲလှလေရာ

ယနေ့မန္တလေးစာအုပ်တိုက်

www.burmeseclassic.com



မတ်မတ်ရပ်ခြင်းအနေအထားသည် ကလေးဘဝကို တာရှည်သွားစေပြန်သည်။ နွားကလေး၊ ဆင်ကလေးများမှာမူ မွေးလာသည်နှင့်တစ်ပြိုင်နက် လမ်းလျှောက်သွားနိုင်ပါသည်။ သို့သော် လူသားကလေးငယ်သည်ကား လမ်းလျှောက်နိုင်ရန် နှစ်နှစ် ၊ သုံးနှစ် အချိန်ယူရပါသည်။ သို့ဖြစ်ရာ ကလေးငယ်ကို စောင့်ရှောက်ထိမ်းသိမ်းရန် သဘာဝအကျဆုံး ပုဂ္ဂိုလ်မှာ သူ့မိခင်ကလွဲ၍ ဘယ်သူများ ဖြစ်ဦးမည်နည်း။

သို့နှင့်လူသားသည် တိုးတက်မှုလမ်းသစ်တစ်ခုအတွင်း ဝင်ရောက်သွားခဲ့ပါသည်။ လူ့အဖွဲ့အစည်းသည် တစ်ခုတည်းသောအချက်မှာ ဖြစ်ထွန်းလာခဲ့သည်။ လူသား၏နေ့စဉ်ဘဝကို လိင်က အရောင်ခြယ်ထားသည့်အချက်ဖြစ်ပါ၏။ လူသားမိန်းမသည် တိရစ္ဆာန်အမတို့ထက် အမပိုဆန်သည်။ အမဘာဝမှာ ပို၍စွဲစွဲမြဲမြဲနေရသည်။ နီဂရိုးအမျိုးသမီးတစ်ဦးသည် ကျားမတစ်ကောင်ထက်လည်းကောင်း၊ မြို့စားကတော်တစ်ဦးသည် ခြင်္သေ့မတစ်ကောင်ထက်လည်းကောင်း မိန်းမပိုဆန်သည်။ မိန်းမဘဝမှာ ပိုနေရသည်။ သို့ဖြင့် ယောကျ်ားနှင့် မိန်းမအကြား ခွဲခြားမှုသည်စတင်ဖြစ်ထွန်းလာတော့သည်။ အစဉ်အလာအား ဖြင့်ဖိုသတ္တဝါတို့ကသာ အလှပြင်ခဲ့ရာမှ ယင်းအစား လူသားမိန်းမသည် အလှပြင်လာတော့သည်။ ယင်းသို့ အလှပြင်ရာ၌ မျက်နှာနှင့် ရင်ဘတ်မှ အမွေးအမျှင်များ နှုတ်ပယ်ခြင်းကိုပင် လုပ်ခဲ့တန်ရာသည်။ စင်စစ်မူကား ယင်းသို့ အလှပြင်ခြင်းအလုပ်သည် သက်ရှင်သန်ရေးအတွက် နည်းဗျူဟာများသာ ဖြစ်ပါသည်။ ယင်းနည်းဗျူဟာမျိုးကို တိရစ္ဆာန်တို့၌ပင် အထင်အရှားတွေ့မြင်ရသည်။ ကျားတို့က သတ်ပုတ်တိုက်ခိုက်ကြ၍၊ မြင်းတို့

www.burmeseclassic.com



က ပြေးလွှားကြကာ၊ လိပ်တို့ကမူ ပုန်းအောင်းကြကုန်၏။ အားလုံး အသက်ရှင်သန်ရေးအတွက်ချည်းဖြစ်သည်။ မိန်းမတို့၏ ချစ်ခြင်းမေတ္တာ သို့မဟုတ် အလှအပနှင့် ပရိယာယ်မာယာ တို့တွင် အသက်ဆက်လက်ရှင်သန်ရေးဆိုင်ရာ တန်ဖိုးတစ်ခု ပါရှိနေပါသည်။ ယေကျ်ားတွင် သန်မာထွားကျိုးသော လက်ရုံးလက်မောင်းတို့ရှိလေရာ သူတို့ကို တိုက်ခိုက်သတ်ပုတ် ခြင်းဖြင့် ဘာမှအကျိုးမရှိနိုင်။ သို့ဆိုလျှင် လာဘ်ထိုးခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ အလိုလိုက်၍ အကြိုက်ဆောင်ခြင်းဖြင့် မအောင်နိုင်ပေဘူးလား၊ ဤသည်ပင် ကျွန်ုပ်တို့ယဉ်ကျေးမှု၏ အဓိက စရိုက်လက္ခဏာ ဖြစ်ပါ၏။ ယနေ့ထက်တိုင် ဖြစ်နေ ပါသေး၏ မိန်းမသားတို့သည် တိုက်ခိုက်တွန်းလှန်မည့်အစား ဖြားယောင်း ဆွဲဆောင်ရန် ကြိုးစားလာကြ၏။ မိမိအလိုပြည့်ဖို့ အတွက် အင်အားနှင့်လုပ်ယူမည့်အစား သိမ်မွေ့နူးညံ့သောနည်း လမ်းကိုသာ အစွမ်းကုန် အသုံးချ၏။ ဤသို့ဖြင့် နောက်ဆုံးမှာ သိမ်မွေ့ခြင်းသည် ယဉ်ကျေးမှုဖြစ်လာတော့သည်။

ဘာသာစကားဟု ယနေ့ခေါ်တွင်နေကြသည့် စကား စမည်ပြောဆိုခြင်းအမှု ဖြစ်ထွန်းလာရာမှာလည်း မိန်းမ၏ အခန်းကဏ္ဍက ယောကျ်ား၏ အခန်းကဏ္ဍထက်ပိုသည်ဟုသာ ယူဆရပါသည်။ စကားပြောသည့် ဗီဇသည် မိန်းမတို့၌ အလွန် အားကြီးလှပေရာ လူ့ဘာသာစကားကို ဖန်တီးရာ၌ မိန်းမတို့က ယောကျ်ားတို့ထက် ပိုပြီးအရေးပါမည်ဟု ကျွန်ုပ်အခိုင်အမာ ယုံကြည်သည်။ ရှေးဦးယောကျ်ားတို့သည် သုန်သုန်မှုန်မှုန်နှင့် နှုတ်ဆိတ်လှသည့် သတ္တဝါများဖြစ်မည်ဟုသာ ကျွန်ုပ် ထင်သည်။ ဘာသာစကားစတင်မှုကို ဤသို့ တွေးမိပါသည်။ လူသားအဖို့

www.burmeseclassic.com



သည် အမဲလိုက်အုံသောဟာ မိမိ၏နေအိမ်လှိုဏ်ဂူအတွင်းမှ ထွက်ခွာသွားချိန်တွင် ဂူနီးချင်းလူသား အမနှစ်ယောက်တို့သည် သူတို့၏ဂူဝေဟာများရှေ့တွင် ထိုင်ပြီး စကားစမြည် ပြောဆိုဆွေးနွေးကြပေလိမ့်မည်။ ဝီလျံနှင့် ဟာရီးတို့တွင် ဝီလျံက ပိုကောင်းသလား၊ ဟာရီးကပိုကောင်းသလား စသည်ဖြင့် ဝေဖန်ပြောဆိုကြပါမည်။ ဟာရီးတစ်ယောက် ယမန်ညက မုန်းစရာကောင်းလောက်အောင် ချစ်ရမ္မက်တွေပြင်းထန်ကြောင်း၊ သူသည် လွယ်လွယ်နှင့် စိတ်တိုတတ်သူဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးကြပါမည်။ သည်လိုပုံစံမျိုးနှင့်ပင် လူ့ဘာသာစကားသည် အစပြုခဲ့ရပါမည်။ အခြားနည်းလမ်းမရှိနိုင်ပါ။ လူ့သွားရိုးများသည် မူလက အစားအစာကို ယူလည်းယူငင်ရ၏ စားလည်း စားရ၏။ အလုပ်နှစ်လုပ်လုပ်ခဲ့ရ၏။ ထို့နောက်ယူငင်ရခြင်းအလုပ်ကို လက်တို့ကလုပ်သောအခါ အလုပ်တစ်ခု လျော့သွားပါသည်။ သို့ဖြင့် သွားရိုးများ သေးငယ်လာပြီး ဘာသာစကား ဖြစ်ထွန်းလာဖို့ အကူအညီပေးပါတော့သည်။

သို့သော် ကျွန်ုပ်တင်ပြခဲ့သည့်အတိုင်းပင် မတ်တပ်ရပ်သည့်အနေအထား၏ အရေးအပါဆုံး အကျိုးရလဒ်မှာ တွေ့ကရာကို ဟိုနှိုက်သည်နှိုက်၊ ဟိုလှန်သည်လှန်၊ ဟိုစမ်းသည်စမ်းလုပ်ပြီး စပ်စုဖို့အတွက် လက်တွေ လွတ်လပ်ရေးရလာခြင်းဖြစ်ပါ၏။ မျောက်တွေ သန်းရှာသလိုမျိုးဟု တင်စားပြောဆိုခဲ့ပြီ။ ယင်းသို့ သန်းရှာသည့် အကျင့်မှပင် အသိပညာရရှိရေးအတွက် လွတ်လပ်စွာ စူးစမ်းရှာဖွေတတ်သည့်စိတ်ဓာတ် စတင်ဖြစ်ထွန်းလာခဲ့ပါသည်။ ယနေ့တိုင်လည်း လူသား၏ တိုးတက်မှုအများစုမှာ လူ့အဖွဲ့အစည်းကို ဒုက္ခပေးနေသည့် သန်းကောင်တစ်မျိုးမျိုး

www.burmeseclassic.com



ကိုလိုက်လံရှာဖွေနေခြင်းပင်ဖြစ်သည်။ စူးစမ်းလိုသည့် ဗီဇသည် ဖွံ့ဖြိုးလာလေရာ ပညာရပ်မျိုးစုံ၊ လူမှုရောဂါမျိုးစုံကို လွတ်လပ်ပျော်ရွှင်စွာ စူးစမ်းလေ့လာအောင် လူ့အသိစိတ်အား တွန်းအားပေးခဲ့သည်။

အသိစိတ်နှင့်သက်ဆိုင်သော ဤအလုပ်သည် အစာရှာဖွေရေးနှင့် ဘာမှမပတ်သက်။ ဤအလုပ်သည် လူ့စိတ်ဝိညာဉ်၏ လေ့ကျင့်ခန်းသန့်သန့်ကလေးသာဖြစ်၏။ မျောက်တို့ သန်းရှာကြသည်မှာ စားဖို့အတွက်မဟုတ်ဘဲ အပျော်သက်သက်ရှာကြခြင်းသာဖြစ်သည်။ ဤသည်ပင် တန်ဖိုးရှိသော လူလေ့လာစူးစမ်းမှုအလားလုံး၏ ဝိသေသလက္ခဏာဖြစ်ပါသည်။ စိတ်ဝင်စား မှုသက်သက်၊ သိချင်စိတ်သက်သက်ဖြင့် စူးစမ်းခြင်းဖြစ်ပါသည်။ စူးစမ်းရာမှရရှိသည့် အသိပညာသည် ဝမ်းဗိုက်အတွင်းအစာဖြည့်သွင်းရေးကို တိုက်ရိုက်အကူအညီပေးသောကြောင့်မဟုတ်ပါ။ သည်လိုစိတ်ဓာတ်မျိုးကိုသာ လူသားဆန်သော စိတ်ဓာတ်ဟု ကျွန်ုပ်သတ်မှတ်ပါသည်။ လူသား၏ဂုဏ်ရည်သိက္ခာကို အကြီးအကျယ် မြင့်တက်စေသည့်အရာဟု ကျွန်ုပ်သတ်မှတ်ပါသည်။ အသိပညာသို့မဟုတ် အသိပညာရှာဖွေခြင်းသည် ကစားနည်းတစ်ခုသာဖြစ်ပါ၏။ တန်ဖိုးရှိသော အကျိုးရလဒ်များကို စွမ်းဆောင်ပေးခဲ့ကြပြီး ဂုဏ်သိက္ခာနှင့် ပြည့်စုံကြသော သိပ္ပံပညာရှင်အားလုံးနှင့် တီထွင်သူအားလုံးတို့အတွက် အထက်ပါအဆိုသည်မှန်ကန်ပါပေ၏။ ဆေးသုတေသနလုပ်ငန်းကို လုပ်နေကြသော ဆရာဝန် လူချွန်လူမွန်တို့သည် လူထက်ပို၍ အနုဇီဝပိုးမွှားတို့ကို စိတ်ဝင်စားသည်။ နက္ခတ္တပညာရှင်တို့သည် မိုင်ပေါင်းကုဋေကုဋာဝေးကွာသော နေရာက ကြယ်တာရာကို

www.burmeseclassic.com



လှည့်ပတ် သွားလာပုံကို မှတ်တမ်းတင်ရန် ကြိုးစားကြသည်။ ယင်းကြယ်တာရာများသည် ဤကမ္ဘာမြေပေါ်က လူသားတို့ အပေါ် ဘာမှ တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်ခြင်း မရှိ။ တိရစ္ဆာန်တိုင်းလိုလို အထူးသဖြင့် တိရစ္ဆာန်အရွယ်ငယ်ငယ်တိုင်း မှာလို သည်လိုအပျော်အပြတ်ကစားတတ်သည့် ဗီဇ ပါရှိသည်။ သို့သော် လူသား၌သာ ယင်းအပျော် အပြက်စူးစမ်းမှုသည် အရေး ပါသော အတိုင်းအတာတစ်ခုအထိ တိုးတက်ဖွံ့ဖြိုးခဲ့ါသည်။

လင်ယုတန်

❁

www.burmeseclassic.com



[အဲဘာက်ကမျူး (၁၉၁၃–၁၉၆၀) သည် ပြင်သစ်လူမျိုး စာရေးဆရာကြီးဖြစ်သည်။ ၁၉၅၇ တွင် စာပေဆိုင်ရာ နိုဘယ်ဆုရသည်။ အထက်ပါစာတမ်း **THE MYTH OF SISYPHUS** ကို သူ၏ **THE MYTH OF SISYPHUS AND OTHER ESSAYS** စာအုပ်မှ ထုတ်နှုတ်ပြန်ဆိုခြင်း ဖြစ်ပါသည်။]

## စီစီဖပ် ဒဏ္ဍာရီ

ကျောက်တုံးကြီးတစ်တုံးကို တောင်ထိပ်တစ်ခုဆီသို့ မနားမနေ လိမ့်တင်တွန်းပို့စေ ဟု နတ်ဘုရားတို့က စီစီဖပ်အား အပြစ်ပေး ထားသည်။ တောင်ထိပ်သို့ရောက်သည်နှင့် ယင်းကျောက်တုံး ကြီးသည် သူ့အလေးချိန်ကြောင့် ပြန်လိမ့်ဆင်းသွားမည်ဖြစ် သည်။ ဘယ်တော့ ပြီးဆုံးမည်ဟု မျှော်လင့်၍ မရနိုင်သော အချည်းအနှီးအလုပ်မျိုးထက် ပို၍ ကြောက်မက်ဖွယ်ကောင်းသည့် အပြစ်ဒဏ်မရှိဟု နတ်ဘုရားတို့ တွက်ဆခဲ့ကြသည်။

ကဗျာဆရာကြီး ဟိုးမား (HOMER)၏ အဆိုမှန်ကန် ပါမူ စီစီဖပ်သည် လူသားတို့အနက် ပညာအရှိဆုံးနှင့် အမြော်အမြင်အရှိဆုံးပုဂ္ဂိုလ်ဖြစ်ပေသည်။ သို့သော် အခြား ဆိုရိုးတစ်ခုအရကား စီစီဖပ်သည် လမ်းဓားပြအလုပ်ကို အာရုံ ညွတ်သူဖြစ်ပါသည်။ ဒုတိယအဆို၌ ပထမအဆိုအား ဆန့်ကျင် မှုကိုမတွေ့ပါ။ စီစီဖပ်တစ်ယောက် တမလွန်ဘုံတွင် အကျိုးမပြီး အချည်းအနှီးသောအလုပ်ကို လုပ်ရသူအဖြစ်သို့ ကျရောက်ရခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ကား အယူအဆအမျိုးမျိုး ကွဲပြား နေပါ၏။

www.burmeseclassic.com



ပထမအယူအဆမှာ ဤသို့ဖြစ်သည်။ စီစီဖပ်သည် နတ်ဘုရားတို့ကို မထီမဲ့မြင်လုပ်သည်။ နတ်ဘုရားတို့၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေသည်။ ဖြစ်ပုံမှာ ... နတ်မင်းကြီး ဂျူပီတာသည် မြစ်နတ်မင်းအာဆိုပပ် (AESOPUS)၏ သမီးတော် အီဂျိုင်းနား (AEGINA) ကို ခိုးယူပေါင်းသင်းသည်။ မြစ်နတ်မင်း အာဆိုပပ်မှာ သမီးတော်ပျောက်ဆုံး၍ စိတ်နှလုံး ထိခိုက် ကြေကွဲကာ စီစီဖပ်ထံလာပြီး စွပ်စွဲရှာဖွေသည်။ အဖြစ်မှန်ကို သိသော စီစီဖပ်က အကယ်၍ အာဆိုပပ်ကသာ မိမိ၏ ကောရင့် ခံတပ် (CITADEL OF CORINTH) ကို ရေးပေးမည်ဆိုလျှင် အဖြစ်မှန်ကို ပြောပြမည်ဟု အပေးအယူလုပ်ကာ ဖွင့်ပြောလိုက် သည်။ ကောင်းကင်ဘုံက မိုးကြိုးသွားတို့ထက် (ဝါ) နတ်ဘုရား တို့ထက် ရေကရရှိမည့် ကောင်းကျိုးချမ်းသာကို စီစီဖပ် ပိုပြီး ဦးစားပေးခဲ့သည်။ ထို့ကြောင့်ပင် တမလွန်ဘုံ၌ အပြစ်ဒဏ်ခံရ ခြင်းဖြစ်သည်ဟူ၏။

ဟိုးမားကပြောသည်မှာ . . . စီစီဖပ်သည် မရဏနတ်ကို ဖမ်းဆီးချုပ်နှောင်ထားသည်။ ထို့ကြောင့် နတ်မင်းကြီးပလူတို၏ တမလွန်ဘုံသည် တိတ်ဆိတ်ခြောက်ကပ်ကာ ကျီးနှင့် ဖုတ်ဖုတ် ဖြစ်သွားသည်။ ပလူတိုသည် ယင်းအဖြစ်ကို သည်းမခံနိုင်တော့ သဖြင့် စစ်ပွဲနတ်ကိုစေလွှတ်ပြီး စီစီဖပ်လက်မှ မရဏနတ်ကို လွတ်မြောက်အောင် လုပ်ခိုင်းတော့သည်။ ထို့ကြောင့်ပင် စီစီဖပ် အပြစ်ဒဏ်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

နောက်တစ်မျိုးပြောပြန်သည်မှာ . . . စီစီဖပ်သည် သေအံ့မူးမူးတွင် ဇနီးသည်၏အချစ်ကို စမ်းသပ်လိုစိတ်ရုတ်တ ရက်ဖြစ်ပေါ်ခဲ့သည်။ထို့ကြောင့် သူ့ရုပ်ကြွင်းအလောင်းကိုမြေတွင်

www.burmeseclassic.com



မမြှုပ်နှံဘဲ ပြည်သူ့ရင်ပြင်အလယ်မှာ ပစ်ထားဖို့ မှာကြားသည်။ ထို့နောက် တမလွန်ဘုံသို့ စီစီဖပ် ရောက်သွားသည်။ တမလွန်ဘုံတွင်ကား လူသားတို့၏ မေတ္တာတရားမျိုးမရှိ၊ ယင်းနှင့် လုံးဝခြားနားသော အမိန့်နာခံမှုမျိုးသာရှိလေရာ စီစီဖပ်ခမျာ စိတ်ကသိကအောက် ဖြစ်ရတော့သည်။ သို့နှင့် မိမိ၏ရုပ်ကြွင်းကို မြေမြှုပ်ရန်ပျက်ကွက်သည့် ဇနီးသည်အား ရိုက်နှက်ဆုံးမပါရစေဟု နတ်မင်းကြီး ပလူတိုထံခွင့်ပန်ပြီး မြေကမ္ဘာသို့ပြန်လာခဲ့သည်။ သို့သော် လူ့ဘုံခန်းဝါ မြေကမ္ဘာကို ပြန်မြင်လိုက်ရပြီး သကာလ ကြည်လင်သောရေ၊ လင်းလက်တောက်ပသောနေ၊ ပူနွေးသော ကျောက်တုံးကျောက်ခဲများနှင့် ကျယ်ပြန့်သောပင်လယ်ပြင်ကြီးတို့ကို အာရုံခံစားလိုက်ရသည့်အခါတွင်ကား တမလွန် အမှောင်ဘုံကြီးဆီသို့ ပြန်သွားချင်စိတ် ကုန်ခန်းသွားလေတော့သည်။ နတ်မင်းကြီးပလူတိုက အကြိမ်ကြိမ်ပြန်ခေါ်သော်လည်း မပြန်တော့။ အမျိုးမျိုး ကြိမ်းမောင်းခြိမ်းခြောက် ပြသော်လည်း မသွားတော့။ အဖန်ဖန်သတိပေးစကားတို့သည် လည်း အချည်းနှီးဖြစ်ချေသည်။ ဤသို့ဖြင့် ပင်လယ်ကမ်း ခြေသောင်ပြင်ကွေ့ကြီးကိုလည်းကောင်း၊ ပြုံးပြက်လင်းလက် နေသော ပင်လယ်ပြင်ကြီးကိုလည်းကောင်း၊ ကမ္ဘာမြေ၏ ပြုံးပျော်ရွှင်မြူး ကြည်နူး

---

သေခါနီးတွင် မိမိ၏ရုပ်အလောင်းကို မြေမှာ မမြှုပ်နိုင်းခြင်းသည် မြေမမြှုပ်သည့် အလောင်းပိုင်ရှင်ကို တမလွန်ဘုံသို့ ဝင်ခွင့်မပေးသည့် စည်းကမ်းကို စီစီဖပ်သိထားသောကြောင့်ဖြစ်သည်။ တမလွန်ဘုံသို့ ရောက်လျှင်ဤအချက်ကိုအကြောင်းပြု၍ မြေကကမ္ဘာသို့ ပြန်ခွင့်ရအောင် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါသည်။ (ဘာသာပြန်သူ)

www.burmeseclassic.com



သာယာမှုတို့ကိုလည်းကောင်း ရှုမောခံစားရင်းဖြင့်ပင် နှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့၏။ ထို့ကြောင့် နတ်ဘုရားတို့အနေနှင့် စီစီဖပ်အပေါ် ပြစ်ဒဏ်တစ်ခုချမှတ်ဖို့ မလွဲမသွေ လိုအပ်လာခဲ့လေပြီ။ မာကျူရီ (MERCURY) နတ်သားသည် မခန့်လေးစားနိုင်လှသော ထိုလူသားကို လည်ကုတ်မှဖမ်းကိုင်ပြီး အပျော်ကျူးနေရာမှ ဆွဲထုတ်ကာ တမလွန်ဘုံသို့ အတင်းအဓမ္မ ပြန်လည်ခေါ်ငင်လာခဲ့သည်။ တမလွန်ဘုံတွင်ကား ကျောက်တုံးကြီးက အသင့်စောင့် ကြိုနေလေပြီ။

ဤမျှဖြင့် စီစီဖပ်သည် အဓိပ္ပါယ်မရှိသည့်အလုပ်တွေကို စွန့်စားလုပ်ကိုင်တတ်သော လူစွမ်းကောင်းတစ်ယောက်အဖြစ် ပုံပေါ်လောက်ပါပြီ။ မှန်လှပေ၏။ စီစီဖပ်သည် အလိုရမ္မက်ခံစားမှုအရာ၌ အဓိပ္ပါယ်မဲ့ သလောက်ပင် အပြစ်ဒဏ်ကျခံရာ၌လည်း အဓိပ္ပါယ်မဲ့သူဖြစ်ပေ၏။ နတ်ဘုရားတို့ကို မထီမဲ့ မြင်လုပ်ခြင်း၊ သေခြင်းတရားကို မုန်းတီးခြင်း၊ လူ့ဘဝကို တပ်မက်ခြင်းတို့ကြောင့် ပြောဝံ့စရာမရှိသော အပြစ်ဒဏ်ကြီးကို ရရှိခဲ့သည်။ မိမိ၏ရုပ်နာမ်ခန္ဓာတစ်ခုလုံးကို အချည်းအနှီးသော အကျိုးအတွက် ရေကုန်ရေခန်းအသုံးချရမည့် အပြစ်ဒဏ်ကြီးဖြစ် ပေ၏။ ဤသည်ကား ကမ္ဘာမြေကို တပ်မက်မှုအတွက် ပေးရမည့် တန်ဖိုးဖြစ်ပေသည်။

တမလွန်ဘုံရောက် စီစီဖပ်၏ အကြောင်းကို ဘာမှ ပြောမထား။ ဒဏ္ဍာရီတို့ကို ဖန်တီးထားသည့် ရည်ရွယ်ချက်မှာ ယင်းဒဏ္ဍာရီတို့ကို အသက်သွင်းပေးမည့် စိတ်ကူးစိတ်သန်းအတွက်ဖြစ်ပါသည်။ ဤဒဏ္ဍာရီကိုကြားလိုက်ရလျှင် ကြားရသူသည် ဧရာမကျောက်တုံးကြီးကို မတ်စောက်သော တောင်

www.burmeseclassic.com



စောင်းအတိုင်း အကြိမ်ပေါင်းရာနှင့်ချီ၍ လိမ့်တွန်းနေသည့် လူ့ခန္ဓာကိုယ်တစ်ခု၏ ကြိုးပမ်းအားထုတ်နေမှုကိုသာ တွေ့မြင်ရပါမည်။ ရှုံ့မဲ့နေသောမျက်နှာ၊ ကျောက်တုံးနှင့် အတင်းထိကပ်ထားသည့် ပါးပြင်၊ ရွှံ့ဖုံးနေသည့် ကျောက်တုံးကြီးကို ထိန်းပင့်ထားသည့်ပခုံး၊ ကျောက်တုံးကြီးကို ထောက်ကန်ထားသည့် ခြေထောက်၊ လက်မောင်းတို့ကို ဆန့်ထုတ်ပြီး နောက်ထပ် စတွန်းလိုက်ပုံ၊ မြေကြီးများနှင့် ပေကျံနေသည့် လက်နှစ်ဖက် ဖြင့်သာ စောင့်ရှောက်ထားရသည့် လူသား၏ အသက်လုံခြုံမှု စသည်တို့ကိုသာ မြင်မိပေလိမ့်မည်။ ရှည်လျားကြာမြင့်လှစွာ ကြိုးပမ်းအားထုတ်ပြီးသော ရည်မှန်းရာတောင်ထိပ်သို့ ရောက်လေတော့သည် ထို့နောက်သော်ကား တောင်အောက်ဆီသို့ ကျောက်တုံးကြီး တစ်မုဟုတ်အတွင်း တစ်ရှိန်ထိုး လိမ့်ဆင်းသွားသည်ကို စီစီဖပ် အတိုင်းသားကြည့်နေသည်။ ပြီးလျှင် တောင်အောက်သို့ သူ ပြန်ဆင်းလာတေတော့သတည်း။

ကျွန်ုပ်အဖို့ကား ကျောက်တုံးကြီးကို လိမ့်တွန်းရခြင်း မရှိတော့ဘဲ ပြန်ဆင်းလာသည့် ကာလကလေးအတွင်းရှိ စီစီဖပ်ကို စိတ်ဝင်စားခြင်းဖြစ်ပါသည်။ ကျောက်တုံးများနှင့် ပူးကပ်လျက် တရွေ့ရွေ့သွားနေသော လူ့မျက်နှာတစ်ခုသည် ကိုယ်တိုင်ပင် ကျောက်တုံးဖြစ်နေပါတကား။ ဘယ်တော့ပြီးဆုံးမည်ဟု မသိရသော ဆင်းရဲဒုက္ခရှိရာဆီသို့ ခြေလှမ်းကို ဖြည်းဖြည်းမှန်မှန်လှမ်းရင်း ဆင်းသွားသော ထိုလူသားကို ကျွန်ုပ်မြင်နေရသည်။ ဆင်းရဲဒုက္ခ ပြန်ပန်ခံရသလို ပြန်ပြန်ရရှိသော ဤအနားရချိန်ကာလကလေးမှာ အသိတရားနှင့် ပြီးသောကာလကလေးဖြစ်သည်။ တောင်ထိပ်ကိုကျောခိုင်းပြီး နတ်ဘုရားတို့၏

www.burmeseclassic.com



ဘုံဌာနဆီသို့ တရွေ့ရွေ့ ဆင်းသက်လာနေသည့် ဤကာလ ကလေးတိုင်းတွင် စီစီဖပ် သည် သူ့ကံကြမ္မာထက် ပို၍ကြီးမြင့်နေပါ၏။ ကံကြမ္မာ၏အောက်မှာ မရောက်မူဘဲ အထက်ဆီးမှာ ရောက်နေပါ၏။ ထိုအချိန်တွင် စီစီဖပ်သည် သူတွန်းတင်ရသော ကျောက်တုံးကြီးထက် ပို၍ အင်အားကြီးသူ ဖြစ်နေပါသည်။

ဤဒဏ္ဍာရီသည် ကြေကွဲစရာဖြစ်နေပါမူ ယင်းသို့ ဖြစ်ရခြင်းမှာ ဒဏ္ဍာရီပါ လူစွမ်းကောင်း ဇာတ်လိုက်သည် အသိတရား ရှိနေသောကြောင့်သာ ဖြစ်ပါသည်။ တကယ်မှာတော့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းတွင်အောင်မြင်မှုအတွက် မျှော်လင့်ချက်ကသာ သူ့အား ပံ့ပိုးပေးနေပါမူ ဆင်းရဲဒုက္ခ ဟူ၍ အဘယ်မှာ ရှိပါလိမ့်မည်နည်း။ မျက်မှောက်ခေတ်အလုပ်သမား တစ်ယောက်သည်လည်း နေ့စဉ်နေ့တိုင်း တစ်ခုတည်းသော အလုပ်ကိုသာ လုပ်နေရပါ၏။ သူ့ကံကြမ္မာသည်လည်း စီစီဖပ်၏ ကံကြမ္မာထက် ပိုပြီးအဓိပ္ပါယ်ရှိလှသည်မဟုတ်။ သို့သော် အသိတရားဝင်လာသည့်အခိုက်မှာသာ ကြေကွဲစရာ ဖြစ်လာရပါသည်။ (နတ်ဘုရားတို့၏ အခိုင်းခံ ပစ္စည်းမဲ့အလုပ်သမားကြီး) စီစီဖပ် သည် ကံဆိုးမိုးမှောင်ကျနေသည့် သူ့ဘဝအခြေအနေကို အလုံးစုံ သိရှိနေပါသည်။ တောင်အောက်သို့ ပြန်ဆင်းလာသည့်အချိန်တွင် သူစဉ်းစားနေသည့်အရာမှာ ထိုကံဆိုးမိုးမှောင်ကျနေသည့် သူ့ဘဝအခြေအနေဖြစ်ပါ၏။ သို့သော် တစ်ချိန်တည်းမှာပင် မိမိ၏ဆင်းရဲဒုက္ခကို လင်းလင်းရှင်းရှင်း ပြန်လည်သိမြင်မှုသည်ပင် အောင်မြင်မှုကို သရဖူဆောင်းပေးလိုက်ပါ၏။ ဘာမထီ စိတ်ဓာတ်ဖြင့် မကျော်လွှားနိုင်သော ကံကြမ္မာဟူ၍ မရှိချေပြီတည်း။

www.burmeseclassic.com



တောင်အောက်သို့ ပြန်ဆင်းရသည့်အခါ ရုံဖန်ရံခါအား ဖြင့် ကြေကွဲဝမ်းနည်းစွာ ပြန်ဆင်းရတတ်စေကာမူ ပျော်ရွှင်ဝမ်း မြောက်စွာဖြင့်လည်း ဆင်းသွားနိုင်ပါ၏။ ဤစကားသည် လေ လုံးထွားလိုက်ခြင်းမဟုတ်။ စီစီဖပ်တစ်ယောက် ကျောက်တုံးကြီး ဆီသို့ ပြန်သွားရသည့်အခါ ဝမ်းနည်းကြေကွဲစွာ ပြန်သွားရသည့် ပုံကိုလည်း စိတ်ကူးကြည့်မိပါသည်။ မြေကမ္ဘာ၏ အဆင်းအာရုံ များကို တစွဲတလန်း တအောက်မေ့မေ့ဖြစ်သည့်အခါ ၊ ပျော်ရွှင် မှု၏ခေါင်ငင်သံ ကြီးမားပြင်းထန်လွန်းသည့်အခါ လူသား၏နှလုံး သားအတွင်းတွင် အားငယ်ပူဆွေးခြင်း ဖြစ်ပေါ်လာပါသည်။ ယင်းအဖြစ်သည် ကျောက်တုံးကြီး၏ အောင်ပွဲဖြစ်၏။ ယင်းသည် ပင် ကျောက်တုံးကြီးကိုယ်တိုင်ဖြစ်ပါ၏။ အကန့်အသတ်မရှိ သည့် ပူဆွေးသောကသည် မခံသာအောင် ကြီးမားလေးလံလှပါ သည်။ ယင်းကာလများသည်ကား ဂါဆီမန်နီညများ (NIGHTS OF GHTHSEMANE) ဖြစ်ပါ၏။ သို့သော် ဖိစီးနေသော အမှန်တရားတို့သည် အသိအမှတ်ပြုလက်ခံလိုက်လျှင် ပျောက် ကွယ်သွားတတ်သော သဘောရှိ၏။ ဩဒီပပ် (OEDIPUS)သည်

---

ဂါဆီမန်နီအရပ်သည် ယေရှုခရစ်တော် အဖမ်းခံရသောအရပ်ဖြစ်၏။ အဖမ်းမခံရမီ ခရစ်တော်သည် ပူဆွေးသောကပြင်းစွာ ခံစားရသည်။ ထို့ကြောင့် ဂါဆီမန်နီ ပူဆွေးသောကရောက်ခြင်းကို ရည်ညွှန်းသော ဝေါဟာရဖြစ်လာပါသည်။

ဩဒီပပ် ဆိုသူကား အဖေရင်းကိုသတ်ပြီး အမေရင်းကို မိဖုရား မြှောက်မိသူဖြစ်၏။ အကြောင်းစုံကိုသိသောအခါ ဩဒီပပ်သည် ကိုယ့် ကိုကိုယ်သတ်သေသွားသော မိခင်၏ဝတ်ရုံမှ တွယ်ချိတ်ကိုယူကာ ကိုယ့်မျက်လုံးကို ပြန်ဖောက်ပစ်သည်။ ထို့နောက် သမီးတစ်ယောက် ၏လက်ကိုဆွဲ၍ ဆက်အသက်ရှင်နေခဲ့၏။

www.burmeseclassic.com



အစပိုင်းတွင် သူ့ကံကြမ္မာကို မသိနိုးနားဖြင့် ခံယူနေခဲ့သည်။ အသိတရားဝင်လာသည်နှင့် တစ်ပြိုင်နက် ပူဆွေးကြေကွဲခြင်းလည်း အစပြုပါတော့သည်။ တစ်ချိန်တည်းမှာပင် မျက်စိလည်း စုံလုံးကန်း၊ မျှော်လင့်ချလည်း ကုန်ခန်းနေသည့် ဩဒီပင်သည် သူနှင့် လောကကြီးအကြား ဆက်သွယ်ပေးနေသည့်အရာမှာ လုံမငယ်တစ်ဦး၏ အေးစက်စက်လက်တစ်ဖက်မျှသာ ဖြစ်ပါကလားဟု သဘောပေါက်သွားပါသည်။ ထိုအခါ သူ့နှုတ်ဖျားမှ အံ့တနန်းစကားတစ်ခွန်း ဟိုန်းထွက်လာသည်။ “ငါ့မှာ ရင့်ကျက်တဲ့အသက်အရွယ်လည်းရောက်ပြီ။ မြင့်မြတ်တဲ့စိတ်ဝိညာဉ်လည်း ရှိပြီ။ ဒါ့ကြောင့် လောကခံရဲ့ နိုပ်စက်မှုကို ဘယ်လောက်တွေ့ရပါစေ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲ” ။ ဤနည်းအားဖြင့် ဒိုစတော့ယက်စကီး (DOSTOIEVSKY) ၏ ဇာတ်ကောင်ကီရီလော့ (KIRILOV)ကဲ့သို့ပင် ဆိုဖိုကလီ (SOPHOCLES) ၏ဇာတ်ကောင် ဩဒီပပ်သည်လည်း အဓိပ္ပါယ်ကင်းမဲ့သော အောင်ပွဲဆီသို့ ရောက်ရှိရေးဖော်နည်းကားကို ပေးပါသည်။ ရှေးဟောင်းပညာက ခေတ်သစ်လူစွမ်းကောင်းဝါဒကို အတည်ပြုပေးနေပါ၏။

ပျော်ရွှင်ချမ်းမြေ့မှုနှင့် ပတ်သက်သော လက်စွဲစာအုပ်တစ်အုပ်ကို ရေးသားလိုစိတ် မရှိဖူးသေးလျှင် အဓိပ္ပါယ်မဲ့ခြင်းသဘောကို တွေ့မြင်ရမည်မဟုတ်။ မည်သို့ဖြစ်စေ လောကကြီးမှာတစ်ခုတည်းသာရှိပါ၏။ ပျော်ရွှင်ချမ်းမြေ့မှုနှင့် အဓိပ္ပါယ်မဲ့မှုတို့သည် တစ်ခုတည်းသော လောကကြီး၏ သားနှစ်ယောက်ဖြစ်၏။ ယင်းသားနှစ်ယောက်ကို တစ်ယောက်တခြား ခွဲထား၍မရ။ ပျော်ရွှင်ချမ်းမြေ့မှုသည် အဓိပ္ပါယ်မဲ့မှုကို တွေ့မြင်

www.burmeseclassic.com



ရာမှမလွဲမရှောင်သာ ပေါ်ပေါက်လာရသည်ဟု ပြောလျှင် မှားယွင်းပါလိမ့်မည်။ ထို့အတူ အဓိပ္ပာယ်မဲ့မှုကို သိရှိခဲ့စားရခြင်းသည် ပျော်ရွှင်ချမ်းမြေ့မှုမှ ပေါ်ပေါက်လာသည်ဟု ဆိုခြင်းသည်လည်း အမှားဖြစ်သည်။

"အဆုံးမှာတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ပဲ ငါမြင်မိပါရဲ့" ဟု ဩဒီပပ်က ပြော၏။ မြင့်မြတ်လှသော စကားဖြစ်ပါသည်။ သူ၏စကားသည် ကန့်သတ်ထိန်းချုပ်မှုတွေ့ရှိသော လူ့လောကအရိုင်းကြီးထဲတွင် ပဲ့တင်ထပ်နေသည်။ အရာအားလုံး ဆုံးရှုံးကုန်ခန်းသွားခြင်း မရှိသေးကြောင်း၊ ဆုံးရှုံးကုန်ခန်းခဲ့ဖူးခြင်းလည်းမရှိကြောင်းကို ယင်းစကားက ညွှန်ပြနေသည်။ ဤကမ္ဘာမြေကြီးအတွင်းသို့ မကျေနပ် မရောင့်ရဲနိုင်သော စိတ်၊ အကျိုးမဲ့ ဆင်းရဲဒုက္ခတွေ့ရှိနေစေချင်သည့် ဆန္ဒတို့ဖြင့် ဝင်ရောက်လာခဲ့သော နတ်ဘုရားတစ်ဆူကိုလည်း ယင်းစကားက မောင်းထုတ်လိုက်ပါသည်။ ကံကြမ္မာကို လူသားတို့အကြားမှာ သာထားရမည့် လူ့ကိစ္စတစ်ရပ်ဖြစ်အောင် ယင်းစကားက ပြုလုပ်လိုက်သည်။

စီစီဖပ်၏ အသံတိတ်ပျော်ရွှင်မှုသည် ယင်းစကား၌ပင် အလုံးစုံပါဝင်နေပါ၏ သူ့ကံကြမ္မာကို သူသာလျှင် ပိုင်ဆိုင်၏။ သူ့ကျောက်တုံးကြီးသည်လည်း သူပိုင်ကျောက်တုံးကြီးဖြစ်၏။ အဓိပ္ပါယ်ကင်းမဲ့နေသောလူသားသည် မိမိ၏ ဆင်းရဲဒုက္ခကို ပြန်လည်ဆင်ခြင်မိလိုက်လျှင် နတ်ဘုရားတွေအားလုံး နှုတ်ပိတ်သွား ရတော့သည်။ ရုတ်တရက်ပြန်လည်တိတ်ဆိတ်သွားသော လောကကြီးအတွင်း လူ့ကမ္ဘာမြေ၏ အသံငယ်ပေါင်း ကုဋေကဋာ ထွက်ပေါ်လာပါတော့သည်။ လူသားအားလုံးတို့၏

www.burmeseclassic.com



မျက်နှာများထံမှ မသိစိတ်ဖြင့် လျှို့ဝှက်ခေါ်သံများ၊ ဖိတ်ခေါ်သံများ။ ယင်းတို့သည်ကား အောင်ပွဲ၏ ဆန့်ကျင်ဘက်၊ အောင်ပွဲ၏ တန်ဖိုးဖြစ်၍ မရှိမဖြစ်အရာများပင်ဖြစ်ကြ၏။ နေရှိလျှင် အရိပ်ရှိမည်။ အရိပ်မရှိသောနေဟူ၍ မရှိ။ ထို့ကြောင့် အမှောင်ညကိုသိထားဖို့လည်း မရှိမဖြစ်လိုအပ်ပါ၏။ အဓိပ္ပါယ်ကင်းမဲ့နေသောလူသားသည် ဟုတ်ကဲ့ဟူသော စကားကိုသာ ဆိုပါ၏။ ထို့ကြောင့် သူ၏ကြိုးပမ်းအားထုတ်မှုမှာ ဘယ်တော့မှ ဆုံးခန်းတိုင်မည်မဟုတ်။ ကိုယ်ရေးကိုယ်တာ ကံကြမ္မာတစ်ခု ရှိသည်ဆိုပါလျှင် ရှောင်လွဲပစ်ပယ်၍ မရနိုင်ဟု နောက်ဆုံးကောက်ချက်ချရမည့် ကံကြမ္မာမျိုးမှတစ်ပါး အခြားမရှိပြီ။ သူ့ဘဝ၏ အရှင်သခင်မှာ သူသာဖြစ်သည်ဟု သိဖို့သာရှိတော့သည်။ လူသားသည် မိမိ၏ ဘဝကို နောက်ပြန်စောင်းငဲ့ကြည့်လိုက်သည့် အခိုက်အတန့်ကလေး၊ စီစီဖပ်တစ်ယောက် ကျောက်တုံးကြီးဆီသို့ ပြန်ဆင်းလိုက်သည့် အခိုက်အတန့်ကလေး၊ ယင်းသိမ်မွေ့လှသည့် အလှည့်အပြောင်းကလေး၌ သူ့ကံကြမ္မာအပေါ် ပြန်သုံးသပ်ဆင်ခြင် မိလိုက်သည်မှာ– မိမိ၏ ကံကြမ္မာအဖြစ်သို့ ရောက်ရှိ လာကြသည့် အဆက်အစပ်မဲ့ ပြုမူလုပ်ဆောင်ချက်တို့ကို မိမိပင် ဖန်တီးခဲ့ခြင်းပါကလား၊ ယင်းပြုမူလုပ် ဆောင်ချက်တို့သည် မိမိ ၏အမှတ်သညာ မျက်စိအောက်မှာပင် ပေါင်းစုလာကြခြင်း ဖြစ်ပါကလား၊ ယင်းသို့ သေခြင်းတရားက ချိတ်ပိတ်လိုက် ခြင်းဖြစ်ပါကလား–ဟူ၍တည်း။ ဤသို့ဖြင့် လူနှင့်ပတ်သက်သည့်အရာအားလုံး၏ မူလရင်းမြစ် သဘောကိုသဘောပေါက် နားလည်သွားပြီးနောက် မျက်မမြင်လူသား တစ်ဦးသည် ညမှာအဆုံးမရှိကြောင်းဘယ်သူသိသနည်းဟုသိသူကို တွေ့မြင်

www.burmeseclassic.com



လို စိတ်ပြင်းပြသွားသည်။ သူသည် မနားမနေအားထုတ်နေဆဲ ဖြစ်ပါ၏ ကျောက်တုံးကြီးလည်း တလိမ့်တည်း လိမ့်နေဆဲပါ တည်း။

ကျွန်ုပ်သည် စီစီဖပ်ကို တောင်ခြေရင်းမှာသာ ထားပါ အံ့။ လူတိုင်းသည် ထမ်းစရာဝန်ထုတ်ဝန်ပိုးကို အမြဲတမ်း တွေ့နေရမည်သာ။ သို့သော် နတ်ဘုရားတို့ကို ငြင်းပယ်ပြီး ကျောက်တုံးကြီးကို တွန်းပင့်လိုက်သည့် မြတ်သော ကတိသစ္စာ တရားကို စီစီဖပ် ညွှန်ပြခဲ့လေပြီ။ စီစီဖပ်သည်လည်း "ဖြစ်သမျှ အကြောင်းအကောင်းချည်းပဲ" ဟူ၍ပင် နိဂုံးစကား ဆိုပါ၏။ သို့ဖြစ်ရကား အရှင်သခင်မရှိ၍လည်း ဤလောကကြီးသည် သူ့အဖို့အချည်းနှီးမဟုတ်။ အကျိုးမဲ့မဟုတ်။ ထိုကျောက်တုံးကြီး ၏ မြူမှုန်ကလေးတစ်ခုစီတိုင်းပင် ကမ္ဘာတစ်ခု ဖြစ်နေပါသည်။ ညအမှောင်ဖုံးနေသည့် ဤတောင်တန်းကြီး၏ သတ္တုချပ်ကလေး တစ်ခုစီတိုင်းပင် လောကတစ်ခုဖြစ်နေပါသည်။ တောင်ထွက် တောင်ထိပ်များဆီသို့ ဦးတည်ပြီး လှုပ်ရှားရုန်းကန်ရခြင်းနှင့်ပင် လူ့နလုံးသား ပြည့်ဝကျေနပ်လောက်ပါသည်။ စီစီဖပ်တစ် ယောက် ပျော်ရွှင်လန်းဆန်းနေမည်ဟုသာ ထင်မြင်အပ်ပါ သတည်း။

အဲဘတ်ကမျူး

❀

www.burmeseclassic.com



[ဆစ်ခမန်ဖရိုက် (၁၈၅၆–၁၉၃၉) သည် ဩစထရီးယားလူမျိုး စိတ်ပညာရှင်ကြီးဖြစ်သည်။ စိတ်ခွဲပညာ **PSYCHOANLYSIS** ကို တီထွင်ခဲ့သူဖြစ်သည်။ အထက်ပါဆောင်းပါး **ON TRANSIENCE** မှာ သူ၏ **COLLECTED PAPERS** အတွဲ ၅ မှ ထုတ်နှုတ်ပြန်ဆိုခြင်းဖြစ်သည်။]

## မတည်မြဲခြင်းအကြောင်း

မကြာသေးခင်ကာလက ကျွန်ုပ်သည် တောပိုင်းဒေသသို့ လမ်းလျှောက်ခရီးထွက်ခဲ့သည်။ ကျွန်ုပ်နှင့်အတူ စကားနည်းသောမိတ်ဆွေတစ်ဦးနှင့် အောင်မြင်ကျော်ကြားသော ကဗျာဆရာလူငယ်တစ်ဦးလည်း လိုက်ပါလာကြသည်။ နွေရာသီဖြစ်၍တောရိပ်ဝန်းကျင် ရှုခင်းတစ်ခုလုံးမှာ ရွှင်လန်းသာယာနေပေသည်။ လူငယ်ကဗျာဆရာသည် ပတ်ဝန်းကျင်ရှုခင်းအလှကိုသဘောကျနှစ်သက်နေ၏။ သို့သော် သူ့ခမျာ ကြည်နူးမှု ပီတိသုခကိုကား မခံစားရရှာ။ ဤအလှအပအားလုံးသည် မတည်မြဲသည့်အရာတွေပါတကား၊ ဆောင်းရာသီရောက်လျှင် ပျောက်ကွယ်သွားကြလိမ့်တကားဟူသောအတွေးက သူ့ကိုနှောက်ယှက်နေပါသည်။ လူ့အလှအပ၊ လူဖန်တီးသည့် အလှအပနှင့်ကြီးကျယ်ခန်းနားမှုတွေအားလုံးမတည်မမြဲ ပျောက်ကွယ်သွားသလို မျိုးပေ့ါ။ သူနှစ်သက်မြတ်နိုးသော အရာအားလုံးသည်နှစ်သက်မြတ်နိုးစရာကောင်းနေပါလျက် မတည်မြဲခြင်းသဘောရှိနေသောကြောင့် သူအဖို့ ဘာမှတန်ဖိုးမရှိသလိုဖြစ်နေရပါသည်။

လှပကောင်းမွန်သောအရာအားလုံး၏ ပျက်စီးတတ်ခြင်းသဘောသည် စိတ်ထဲတွင် လှုံ့ဆော်မှုနှစ်မျိုးကို ဖြစ်စေနိုင်ပါ

www.burmeseclassic.com



သည်။ လှုံ့ဆော်မှုတစ်ခုက ကဗျာဆရာလူငယ် ခံစားရသည့် စိတ်မချမ်းမြေ့မှုမျိုးကို ဖြစ်စေသည်။ ကျန်လှုံ့ဆော်မှုက မတည်မြဲခြင်းသဘောကို ဆန့်ကျင်ပုန်ကန်သည့်စိတ်မျိုးကို ဖြစ်ပေါ်စေသည်။ သဘာဝ၏ အလှ၊အနုပညာ၏အလှ၊ စိတ်ခံစားမှုနယ်ပယ်၏အလှ၊ အပြင်ဗဟိဒ္ဓ ကမ္ဘာကြီး၏အလှ၊ သည်အလှတွေအားလုံး အချည်းနှီးသုညတအဖြစ် ပျောက်ကွယ်သွားရမည်ဆိုခြင်းကာ ဘယ်လိုမှမဖြစ်နိုင်။ အချည်းနှီး သုညတ ဖြစ်ပြီး ပျောက်ကွယ်သွားရလိမ့်မည် ဟူသောအချက်မှာ ယုံကြည်၍မရနိုင်လောက်အောင် အဓိပ္ပာယ် ကင်းမဲ့လွန်းလှသည်။ ကြောင်းကျိုးမဲ့လွန်းလှသည်။ ဤအလှတို့သည် တစ်နည်းနည်း နှင့်တည်တံ့ ခိုင်မြဲနိုင်ကြရမည်၊ ပျက်စီးစေတတ်သော စွမ်းအားမှန်သမျှကို ရှောင်တိမ်းလွတ်ြမြောက်နိုင်ရမည် စသည်ဖြင့် မတည်မြဲခြင်းသဘောကို ဆန့်ကျင် ပုန်ကန်သည့်စိတ်မျိုး ဖြစ်သည်။

သို့သော် ဤကဲ့သို့ ထာဝရတည်မြဲမှုအား တောင်းဆိုချက်သည် စိတ်ဆင်းရဲစေသောအရာသည်လည်း အမှန်တရားဖြစ်နိုင်သည် ဟူသောအချက်ကို မသိကြောင်း ထင်ရှားလွန်လှသည့် အလိုဆန္ဒတို့၏ အကျိုးရလဒ်တစ်ခုသာ ဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့်ကား အရာအားလုံး၏ မတည်မြဲခြင်းသဘောကို ငြင်းချက်ထုတ်ဖို့လည်း မတတ်နိုင်၊ လှပကောင်းမွန်သော အရာဘက်လိုက်ပြီး ကန့်ကွက်ဖို့လည်း မတတ်နိုင်ခဲ့ပါ။ သို့သော် လှပသောအရာ၏ တန်ဖိုးသည် မတည်မြဲခြင်းသည် မတည်မြဲခြင်းသဘောကြောင့် လျော့ပါးဆုံးရှုံးရသည်ဟူသော အဆိုးမြင်ဝါဒီ ကဗျာဆရာ၏ အမြင်ကိုမူ ငြင်းဆိုခဲ့ပါသည်။

စင်စစ် တန်ဖိုးမလျော့ရုံမကတိုးပင်တိုးလာချေသေး

www.burmeseclassic.com



၏။ မတည်မြဲခြင်းဟူသော သဘောသည် အချိန်အားဖြင့် တိုတောင်းနည်းပါးခြင်းဟူသည့် သဘောပင်ဖြစ်သည်။ ပျော်ရွှင်မှုတစ်ခု၏ နောက်အလားအလာကို ကန့်သတ်လိုက်ခြင်းသည် ယင်းပျော်ရွှင်မှု၏ တန်ဖိုးကို မြှင့်တက်သွားစေပါ၏။ အလှအပ၏ မတည်မြဲခြင်းသဘောကို တွေးမိလိုက်ခြင်းသည် ယင်းအလှအပအပေါ် နှစ်သက်ကြည်နူးခြင်းအား ဝင်ရောက်နှောက်ယှက်ရသည့် အချက်ကို နားမလည်နိုင်ဟု ကျွန်ုပ်ကပြောလိုက်သည်။ သဘာဝဝန်းကျင်အလှကို ဆောင်းရာသီက ဖျက်ဆီးပစ်လိုက်သော်လည်း နောင်နှစ်နွေရာသီတိုင်းမှာ ယင်းသဘာဝဝန်းကျင်အလှ ပြန်ပေါ်ထွန်းလာမည်သာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘဝသက်တမ်းနှင့်ယှဉ်လျှင် ယင်းအလှကို ထာဝရတည်မြဲသည်ဟုပင် သတ်မှတ်နိုင်ပါသည်။ လူသား၏ ရုပ်ရည်အသွင်သဏ္ဌာန်အလှတို့သည် ကျွန်ုပ်တို့၏ ဘဝသက်တမ်းတစ်လျှောက် အစဉ်မပြတ် ပျောက်ကွယ်နေကြပါသည်။ သို့သော် ယင်းသို့ မတည်မမြဲ ပျောက်ကွယ်သွားမှုသည်ပင် အသစ်အသစ်သော ဆွဲဆောင်မှု (ဝါ)ညို့စာတတ်တစ်ခုကို ပေးနေပါ၏။ တစ်ညတာမျှသာ ပွင့်လန်းလိုက်ရသော ပန်းကလေးတစ်ပွင့်သည် တစ်ညတာမျှသာခံသည့်အတွက် အလှလျော့သွားသည်ဟု ကျွန်ုပ်တို့မထင်ကြပါ။ အနုပညာလက်ရာတစ်ခု သို့မဟုတ် အသိပညာဆိုင်ရာ စွမ်းဆောင်ချက်တစ်ခု၏ လုပကောင်းမွန်မှုသည် ထာဝရ မတည်တံ့ခြင်းကြောင့် တန်ဖိုးလျော့သွားရသည်ဟူသော အချက်ကိုလည်း ကျွန်ုပ်ပို၍ပင် နားမလည်နိုင်ပါ။ ကျွန်ုပ်တို့ ယနေ့ကာလ၌ နှစ်သက်မြတ်နိုးနေသော ပန်းချီကားများ၊ ပန်းပုရုပ်များသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဖုန်မှုန့်များ ဖြစ်သွားကြပါမည်။

www.burmeseclassic.com



ကျွန်ုပ်တို့၏ ကဗျာစာဆိုတော်ကြီးများ၊ အတွေးအခေါ် ပညာရှင်ကြီးများ၏ စာပေကျမ်းဂန်တို့ကို နားမလည်သော လူ့အနွယ်တစ်ရပ်လည်း တစ်ချိန်ချိန်မှာပေါ်လာပါဦးမည်။ ဤကမ္ဘာမြေပေါ်ရှိ သက်ရှိသတ္တဝါတွေအားလုံး နိဂုံးကမ္ပတ် အဆုံးသတ်သွားသည့် ဘူမိယုဂ်တစ်ခုလည်း ရောက်ချင်ရောက်လာပါလိမ့် ဦးမည် သို့သော် ဤအလှအပအားလုံးနှင့် မြင့်မြတ်ကောင်းမွန်မှုအားလုံး၏ တန်ဖိုးကို စိတ်ခံစားမှုဆိုင်ရာ ဘဝအတွက် အရေးပါမှုတစ်ခုနှင့်သာဆုံးဖြတ်သတ်မှတ်ထားသည်ဖြစ်လေရာ ကျွန်ုပ်တို့သေလွန်ပြီးနောက် ဆက်လက်တည်တံ့ဖို့ဆိုသည်မှာ လိုအပ်သည်မဟုတ်။ ထို့ကြောင့် ယင်းလှပကောင်းမွန်မှုတို့၏တန်ဖိုးသည်ထာဝရ တည်တံ့မှုဆိုသည့်အချက်အပေါ်မှီခိုရခြင်းမှ ကင်းလွတ်နေပါသည်။

ကျွန်ုပ်အဖို့ကား ဤသုံးသပ်ချက်များမှာ ခိုင်မာလှသည်ဖြစ်၍ ငြင်းဆို၍မရနိုင်သည့်ပုံ ပေါ်နေပါသည်။ သို့သော် ကျွန်ုပ်၏သုံးသပ်ချက်များသည် ကဗျာဆရာအပေါ်မှာရော ကျွန်ုပ်၏ မိတ်ဆွေအပေါ်မှာပါ ဘာမှ ထိရောက်မှုမရှိခဲ့သည်ကိုမူ သတိပြုမိခဲ့သည်။ ထို့ကြောင့် အင်အားကြီးမားသော စိတ်ခံစားမှုဆိုင်ရာ အကြောင်းတရားတစ်ခုခုသည် သူတို့၏ဆုံးဖြတ်ချက်ကို အနှောက်အယှက်ပေးနေလိမ့်မည်ဟုသာ ကောက်ချက်ချခဲ့ရပါတော့သည်။ ယင်းအကြောင်းတရားကို ရှာဖွေတွေ့ရှိခဲ့ပြီဟုပင် နောက်ပိုင်း၌ ကျွန်ုပ်ယုံကြည်ခဲ့သည်။ သူတို့နှစ်ဦး၏စိတ်ထဲတွင်ပူဆွေးသောကကို ဆန့်ကျင်ပုန်ကန်မှုတစ်ခု ရှိနေပါမည်။ ယင်းဆန့်ကျင် ပုန်ကန်မှုသည်ပင် အလှအပအား နှစ်သက်ကြည်နူးမှုကို ဖျက်ဆီးနေခြင်း ဖြစ်ရပါမည်။ ဤသဘာဝဝန်းကျင်အလှအပဟူသမျှသည် မတည်မြဲသော အရာများသာ

www.burmeseclassic.com



ဖြစ်ကြပေသည်ဟူသော အယူအဆက ပျက်စီးမှုကြောင့် ဖြစ်ရသောပူဆွေးသောကကို သူတို့၏နုနယ်သောစိတ်အား အမြည်းသဘော မြည်းခိုင်းလိုက်သည်။ စိတ်သည်လည်း ဗီဇအရပင် ဆင်းရဲသောအရာမှ နောက်ဆုတ်စမြဲဖြစ်လေရာ သူတို့၏ ပျော်ရွှင်ကြည်နူးမှုလည်းမတည်မြဲခြင်း အတွေးအယူ၏ အနောက်အယှက် ကို ခံရလေတော့သည်။

မိမိ ချစ်ခင်မြတ်နိုးသည့်အရာ တစ်ခု ဆုံးရှုံးရသည့်အပေါ် ပူဆွေးသောကရောက်ခြင်းသည် သာမန်လူတို့အဖို့ သဘာဝကျလှသည်ဖြစ်ရာ ရှင်းပြစရာ မလိုသောအရာအဖြစ် သတ်မှတ်ထားကြသည်။ သို့သော် စိတ်ပညာရှင်တို့အဖို့မှာကား ပူဆွေးသောကဟူသည် ဇရာမပဟေဠိကြီးတစ်ခုပင် ဖြစ်ပေတော့သည်။ သူချည်းသက်သက် ဖြေရှင်း၍မရနိုင်သော သဘာဝ အခြင်းအရာတစ်ခုဖြစ်၍ ယင်းအခြင်းအရာ၌ အခြားလျှို့ဝှက်ချက်များကိုလည်း ခြေရာခံ တွေ့ရှိနိုင်သည်။ ကျွန်ုပ်တို့တွင် အချစ်စွမ်းအားကြီးတစ်ခုကို ပိုင်ဆိုင်ထားသည်။ ယင်းကို လီဗီဒို (**LIBIDO**)ဟု ခေါ်ပါသည်။ ယင်းလီဗီဒိုသည် အစောပိုင်းအကျဆုံးအဆင့်တွင် မိမိ၏အတ္တဆီသို့သာ ဦးတည်နေတတ်သည်။ နောက်ပိုင်းတွင် (နောက်ပိုင်းဆိုသော်လည်း သိပ်ပြီးနောက်ပိုင်းမကျ၊ အစောပိုင်းအဆင့်မှာပင်ရှိသေးသည်) မိမိအတ္တမှ အခြားအရာဝတ္ထုများဆီသို့ ဦးလှည့်သွားသည်။ တစ်နည်းဆိုသော ယင်းအရာဝတ္ထုတို့ကိုလည်း ဤနည်းဖြင့်ပင် မိမိအတ္တအတွင်းသို့ သွတ်သွင်းလိုက်သည်။ ယင်းအရာဝတ္ထုတို့ အဖျက်ဆီးခံရလျှင်ဖြစ်စေ၊ ပျောက်ဆုံးသွားလျှင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ အချစ်စွမ်းအား (ဝါ) လီဗီဒိုသည် ပြန်လွတ်လပ်သွားပါသည်။ သို့ဖြင့် လီဗီဒို

www.burmeseclassic.com



သည် အခြားအရာဝတ္တုများကို အစားထိုးချင် ထိုးနိုင်သည်။ သို့မဟုတ် မိမိအတ္တဆီသို့ ယာယီပြန်သွားချင်သွားနိုင်သည်။ သို့သော် မိမိရယူထားသော အရာဝတ္တုများမှ လီဗီဒို လွတ်ကင်းပြတ်တောက်သွားခြင်းသည် အဘယ့်ကြောင့် ပင်ပန်းဆင်းရဲမှုတစ်ခုဖြစ်ရလေသနည်း ဟူသည်ကိုမူ မသိနိုင်သေး။ ကျွန်ုပ်တို့အဖို့ ပဟေဠိကြီးတစ်ခုဖြစ်နေဆဲပင်။ ယခုထက်တိုင် ယင်းပဟေဠိကို ဖြေရှင်းချက်ထုတ်ပေးမည့် အဆိုကြမ်း (**HYPOTHESIS**) တစ်ခုမျှပင် ပုံမဖော်နိုင်သေးပါ။ လီဗီဒိုသည် "သူရယူထားသောအရာဝတ္တုတို့ကို စွဲလမ်း တပ်မက်နေသည်ဟူသောအချက်နှင့်" အစားထိုးစရာ အသင့်ရှိသောမှ ပျောက်ဆုံးသွားသည့်အရာတို့အား စွန့်လွှတ်ခြင်းမရှိဟူသော အချက်တို့ကိုသာ ကျွန်ုပ်တို့ သိမြင်နေရပါသေးသည်။

ကဗျာဆရာနှင့် ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့်အချိန်မှာ ပထမကမ္ဘာစစ်ကြီးမဖြစ်ခင်နှစ်၏ နွေရာသီဖြစ်သည်။ နောက်တစ်နှစ်အကြာတွင် ကမ္ဘာစစ်ကြီးဖြစ်သည်။ ယင်းကမ္ဘာစစ်ကြီးက ကမ္ဘာမြေဆီမှ အလှအပအားလုံးကို လုယက်လိုက်သည်။ ကမ္ဘာစစ်ကြီးသည် သူဖြတ်သွားရာဒေသတို့၏ သဘာဝပတ်ဝန်းကျင်အလှအပတို့နှင့် လမ်းတစ်လျှောက်တွေ့ကြုံသမျှ အနုသုခမလက်ရာတို့၏ အလှအပများကို ဖျက်ဆီးပစ်လိုက်သည်။ ထို့မျှမက ယဉ်ကျေးမှုရေးရာ စွမ်းဆောင်အောင်မြင်မှုများအပေါ်၌ ကျွန်ုပ်တို့၏ ဂုဏ်ယူဝံ့ကြွားမှုများကိုလည်းကောင်း၊ အတွေးအခေါ်ပညာရှင်များ၊ အနုပညာရှင်များအပေါ် ထားရှိသည့် ကျွန်ုပ်တို့၏ လေးစားမြတ်နိုးမှုကိုလည်းကောင်း၊ လူမျိုးရေး နိုင်ငံရေးခွဲခြားမှုကို အဆုံးသတ်ဖို့ မျှော်လင့်ချက်များကိုလည်းကောင်း

www.burmeseclassic.com



အစိတ်စိတ်အမွှာမွှာ ချေမှုန်းပစ်လိုက်ပါသည်။ ယင်းစစ်ပွဲကြီးသည် သိပ္ပံပညာ၏မြင့်မြတ်လှသော ဘက်မလိုက် တတ်မှုကို ညစ်ညမ်းစေခဲ့သည်။ ကျွန်ုပ်တို့၏ဗီဇစိတ်များကို ဘွားဘွားကြီးပေါ်လွင်စေခဲ့သည်။ အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်ကြီးများ၏ ရာစုနှစ်အဆက်ဆက် သွန်သင်ဆုံးမပေးမှုကြောင့် အစဉ်အမြဲ ယဉ်ကျေးလေပြီဟု ကျွန်ုပ်တို့မှတ်ထင်ထားကြသည့် မကောင်းဆိုးဝါးစိတ်များကို ဇတ်ကြိုးလွှတ်ပေးခဲ့သည်။ ကိုယ့်တိုင်းပြည် ကိုသေးသေးလေးတစ်ဖန်ပြန်ဖြစ်စေပြီး ကျန်ဒေသများနှင့်ဝေးကွာသွားစေခဲ့သည်။ ကျွန်ုပ်တို့ထံမှ ကျွန်ုပ်တို့ ချစ်ခင်မြတ်နိုးသည့်အရာများစွာကို လုယက်သွားပြီး မပြောင်းလဲနိုင်ဟု သတ်မှတ်ထားသော အရာတို့ကို ယာယီမျှသာခံသည့် အရာများဖြစ်ကြောင်း ပြသခဲ့ပါသည်။

ပိုင်ဆိုင်ရယူထားသည့် အရာများစွာကို လက်လွှတ်ဆုံးရှုံးသွားသော ကျွန်ုပ်တို့၏ လိဗီဒိုသည် ကျန်ရစ်ခဲ့သောအရာတို့ကို ပိုမိုပြင်းထန်စွာ စွဲလမ်းကပ်ငြိလာသည့် အချက်သည်လည်းကောင်း၊ကိုယ့်တိုင်းပြည် ကိုယ်နိုင်ငံကိုချစ်သောစိတ်၊ အနီးဆုံး သူများကို ချစ်ခင်ရင်းနှီးစိတ်၊ အားလုံးနှင့် သက်ဆိုင်သည့်အရာအပေါ် အလေးဂရုပြုသည့်စိတ်တို့ ရုတ်ချည်းအားကောင်းလာသည့်အချက်သည်လည်းကောင်း အံ့သြစရာမဟုတ်ပါ။ သို့သော် ယခင်က ကျွန်ုပ်တို့ပိုင်ဆိုင်ထားခဲ့ပြီး ယခုအချိန်မှာမူ လက်လွှတ် ဆုံးရှုံးသွားပြီဖြစ်သည့်အရာတို့သည် မတည်တမြဲ ပျောက်ကွယ် ပျက်စီးသွားသည့် အချက်ကြောင့် တန်ဖိုးလုံးလုံးမရှိသည့်အရာများ ဖြစ်ကြရပါမည်လော။ လူအတော်များများကတော့ ထိုအတိုင်းပင် ထင်မှတ်ယူဆနေကြ

www.burmeseclassic.com



ပါ၏။ သို့သော် ကျွန်ုပ်၏အမြင်၌ကား ယင်းသို့ ထင်မှတ်ယူဆချက်သည် မှားယွင်းလှပေသည်။ တန်ဖိုးရှိသောအရာများကို မတည်မြဲသောသဘောကို ဆောင်သောကြောင့်ဆိုကာ စွန့်လွှတ်ဖို့ အသင့်ဖြစ်နေကြသည့် အထက်ပါပုဂ္ဂိုလ်များသည် ဆုံးရှုံးလက်လွှတ်သွားသည့်အရာတို့အတွက် ပူဆွေးသောကရောက်နေကြသူများသာဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။

ကျွန်ုပ်တို့သိသည့်အတိုင်းပင် ပူဆွေးသောကဟူသည် မည်မျှ နာကျင်ပင်ပန်းစေကာမူ သူ့သဘာဝအတိုင်း အချိန်တန်လျှင် ကုန်ဆုံးသွားစမြဲဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လိဗိဒိုသည် ဆုံးရှုံးသွားသောအရာဟူသမျှကို စွန့်လွှတ်လိုက်(ဝါ) သံယောဇဉ်ဖြတ်လိုက်ပြီးသည့်အခါ ဆုံးရှုံးသွားသောအရာတို့၏ နေရာတွင် အလားတူတန်ဖိုးရှိသော သို့မဟုတ် ပို၍တန်ဖိုးရှိသောအရာတို့ဖြင့် အစားထိုးရန်အတွက် တစ်ဖန်ပြန်ပြီး လွတ်လပ်သွားပြန်သည်။ (ငယ်ရွယ်တတ်ကြွသည့် အရွယ်တော့ ဖြစ်ရပါမည်) စစ်ပွဲကြီးက ဖျက်ဆီးလိုက်သဖြင့် ဆုံးရှုံးသွားသည့်အရာတို့နှင့် ပတ်သက်လျှင်လည်း ထိုအတိုင်းပင် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရပါမည်။ ပူဆွေးသောကများကုန်ဆုံးသွားသည့်အခါတွင် ယဉ်ကျေးမှုဆိုင်ရာ အဖိုးတန်ရတနာတို့နှင့်ပတ်သက်သည့် ကျွန်ုပ်တွေ့ရသည့်အတွက် ဘာမှ လျော့ပါးဆုံးရှုံးသွားခြင်းမရှိသည်ကို တွေ့ရပါလိမ့်မည်။ စစ်ပွဲကြီးက ဖျက်ဆီးပစ်လိုက်သည့် အရာအားလုံးကို ယခင်ထက် ပိုမိုခိုင်မာ မြဲမြံသော အုတ်မြစ်ပေါ်တွင် တစ်ဖန်တည်ဆောက်ကြရမည်သာ ဖြစ်ပေသတည်း။

ဆစ်ခမန်ဖရိုက်

❀

www.burmeseclassic.com

# ကဗျာ သို့မဟုတ် တခြားအသံ

www.burmeseclassic.com



[ဩတာဗီယိုပက် (၁၉၁၄–        ) သည် မက္ကဆီကိုနိုင်ငံသား ကဗျာဆရာဖြစ်သည်။ ၁၉၆၂ မှ ၁၉၆၈ အထိ အိန္ဒိယဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၀ တွင် ကင်းဘရစ်တက္ကသိုလ်၌ ဆရာလုပ်သည်။ ၁၉၇၁ တွင် မက္ကဆီကိုသို့ ပြန်လာပြီး **Plural** အမည်ရှိ မဂ္ဂဇင်းကို ထုတ်ဝေသည်။ မဂ္ဂဇင်းမှာ စာပေ၊ အနုပညာ၊ နိုင်ငံရေးနှင့် ဝေဖန်ရေးကို အသားပေးသည့် မဂ္ဂဇင်းဖြစ်သည်။ ၁၉၆၃ တွင် နိုင်ငံတကာကဗျာဆု **(International Poetry Grand Prize)** ကိုလည်းကောင်း၊ ၁၉၇၇ တွင် ဂျေရုဆလမ်ဆု **(jerusalem Prize)** ကိုလည်းကောင်း ၁၉၉၀ တွင် နိုဘယ်ဆုကိုလည်းကောင်း ချီးမြှင့်ခြင်းခံရသည်။ ယခုဖော်ပြထားသောအကြောင်းအရာမှာ **POETERY AND FREE MARKET** စာအုပ်မှဖြစ်သည်။ **THE NEW YORK REVIEW OF BOOKS** ၌ ဖော်ပြထားချက်ကို ပြန်ဆိုထားခြင်း ဖြစ်သည်။]

## ကဗျာသို့မဟုတ် တခြားအသံ

မော်ဒန်ခေတ်ထဲတွင် ကြီးမားလှသော အပြောင်းအလဲတစ်ခု ပေါ်ပေါက်ခဲ့သည်။ ကဗျာဆရာများရော၊ ကဗျာဖတ်သူများပါ သင်းကွဲဝံပုလွေများ၊ ဆန့်ကျင်ဘက်အယူအဆရှိသူများ ဖြစ်လာကြသည့် အပြောင်းအလဲ။ ယင်းအဖြစ်သည် ရိုမန်တစ်ကာလမှ အစပြုသည်ဆိုရမည်။ ဘူဇွာကဗျာဆရာများ၊ ဘူဇွာ ကဗျာဖတ်သူများသည် ဘူဇွာ အသိုင်းအဝိုင်း၊ ဘူဇွာလူတန်းစား၊ ဘူဇွာ ကိုယ်ကျင့်တရားတို့ကို ပြန်ဆန့်ကျင်ပုန်ကန်ခဲ့ကြသည်။ စင်စစ် ယင်းပုန်ကန်ဆန့်ကျင်စိတ်သည်ပင် ဘူဇွာလူတန်းစား၏ အထင်ရှားဆုံး ဂုဏ်ရည်တစ်ခုဖြစ်၏။

ဘူဇွာလူတန်းစားသည် ဝေဖန်ရေးအတွေးအခေါ် တည်းဟူသော လက်နက်ကိုကိုင်စွဲ၍ အောင်ပွဲခံခဲ့သည်။ အောင်ပွဲရပြီးနောက်၌လည်း ယင်းလက်နက်ကို မစွန့်ပစ်၊ ကိုယ့်ကိုကိုယ် ဝေဖန်ဆန်းစစ်ရာ၌ ဆက်လက်အသုံးချခဲ့သည်။ ခရစ်ယာန်ဘာသာတရားဆီမှ အမွေတစ်ခုဖြစ်သည့် မိမိ၏လိပ်ပြာစိတ်နှင့် နောင်တစိတ်ကို ပြန်လည်ဆန်းစစ်ခြင်းအလုပ်သည် ကျွန်ုပ် တို့

www.burmeseclassic.com



လူ့ယဉ်ကျေးမှုကြီး၏ အနာရောဂါအတွက် အထက်မြတ်ဆုံး ဆေးစွမ်းကောင်းကြီး ဖြစ်နေဆဲပင်။ ယခင်ကလည်းဖြစ်သကဲ့သို့ ယခုလည်းဖြစ်နေဆဲ။

ဝေဖန်းဆန်းစစ်ခြင်း၊ ဆန့်ကျင်ပုန်ကန်ခြင်းဆိုသည့် မော်ဒန်ခေတ်အစဉ်အလာထဲတွင် ကဗျာသည် ဗဟိုချက်မနေရာကို ချက်ချင်းရယူခဲ့သည်။ ဆယ့်ကိုးရာစုနှင့် နှစ်ဆယ်ရာစုတစ်လျှောက် စီးဆင်းသွားသည့် ဝေဖန်ဆန်းစစ်ရေး၊ တွန်းလှန်ဖြိုဖျက်ရေး ရေစီးကြောင်းအတွင်းတွင် ကဗျာသည် အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ကြသည့်အတွက် ဤသို့ ဗဟိုချက်မနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ကြီးမြတ်သော ကဗျာဆရာကြီးများသည် လွတ်မြောက်ရေးလှုပ်ရှားမှု မှန်သမျှတိုင်းတွင် တစ်ချိန်မဟုတ်တစ်ချိန် ပါဝင်လှုပ်ရှားခဲ့ကြသည်ချည်း ဖြစ်ပါ၏။

အခြားအစွန်းတစ်ဖက်သို့ လှမ်းကြည့်လိုက်မည်ဆိုလျှင် ကား ကဗျာသည် ဘာသာရေး၏ လောကုတ္တရာနယ်မြေကို ထိစပ်နေပြန်၏။ ထို့ကြောင့်ပင် ကဗျာသည် တော်လှန်သဘောကို ဆောင်သည့်အခါ ဆောင်လိုက်၊ တန်ပြန်သဘောကို ဆောင်သည့်အခါ ဆောင်လိုက်နှင့် တစ်လှည့်စီ ဖြစ်နေရသည်။ ဘာသာရေးနှင့် တော်လှန်ရေးအကြားတွင် ကဗျာသည် သီးခြားသတ်သတ်ဖြစ်ပါသည်။ တခြားအသံဖြစ်ပါသည်။ အဘယ့်ကြောင့် သီးခြား ဖြစ်နေရသနည်း။ အဘယ့်ကြောင့် တခြားအသံ ဖြစ်နေရသနည်း။

လောကီရမ္မက်စိတ်တို့နှင့် လောကုတ္တရာအာရုံတို့၏ အသံ ဖြစ်နေခြင်းကြောင့်ပင်။ ကဗျာ၏ အသံသည် လက်တွေ့လောကကြီးနှင့်လည်း ပတ်သက်နေသကဲ့သို့ စိတ်ကူးယဉ်

www.burmeseclassic.com



လောကနှင့်လည်း ပတ်သက်နေပါ၏။ အတိတ်ကာလနှင့် သက်ဆိုင်သကဲ့သို့ ပစ္စုပ္ပန်ကာလနှင့်လည်း သက်ဆိုင်နေပါသည်။ ကဗျာသည် မွေးနေ့ရက်စွဲမရှိသော ရှေးဟောင်းပစ္စည်းတစ်ခု ဖြစ်သည်။ ကဗျာသည် ဘာသာရေးကို ကိုင်းရှိုင်းတတ်သကဲ့သို့ ဆန့်ကျင်ဘက်လည်း ပြုတတ်၏။ ကဗျာသည် အပြစ်ကင်းစင်သကဲ့သို့ ဖောက်ပြန်တတ်ခြင်းလည်းရှိ၏ ကြည်လင်သန့်ရှင်းမှုလည်းရှိသကဲ့သို့ မည်းမှောင်ညစ်ထေးမှုလည်းရှိ၏။ အထက်ကောင်းကင်ဘုံမှာ တည်နေတတ်သလို သေရည်ဆိုင်နှင့်လည်း သက်ဆိုင်နေတတ်၏။ လက်တစ်ကမ်းအနီးအနားမှာ ရှိနေတတ်သကဲ့သို့ မြေအောက်ဘုံမှာလည်း ရှိနေတတ်၏။ ရသေ့ရဟန်းတို့၏ ကျောင်းသင်္ခမ်းနှင့် ပတ်သက်နေတတ်သကဲ့သို့ တစ်မျှော်တစ်ခေါ် အဝေးအလံမှာလည်း ရှိနေတတ်၏။ ထို့ကြောင့်ကဗျာသည် ဘာနှင့်မှ မတူသော တခြားအသံ ဖြစ်နေပေတော့သည်။

မော်ဒန်ခေတ်ကဗျာဆရာတို့၏ အသိုင်းအဝိုင်းကို လေ့လာကြည့်လိုက်လျှင် သူတို့၏ ထူးထူးဆန်းဆန်းနိုင်လှပုံကို ပီပြင်လေးနက်စွာ သိမြင်လာရမည်။ မူးမတ်မျိုးနွယ်ဝင် ကဗျာဆရာ ဒါဗင်ဝက်လောက်ကလွဲ၍ ကျန်မော်ဒန်ကဗျာဆရာအားလုံးမှာ လူလတ်တန်းအစားဝင်တွေချည်းဖြစ်သည်။ တက္ကသိုလ်ပညာသင်ကြားဖူးသူ ချည်းလည်းဖြစ်နေသည်။ အချို့မှာ ရှေ့နေများ၊ သတင်းစာဆရာများ၊ ဆရာဝန်များ၊ ပါမောက္ခများ၊ သံတမန်များဖြစ်ကြ၏။ တစ်ချို့ကတော့ လူထုပြန်ကြားဆက်သွယ်ရေး သမားများ၊ ကြော်ငြာလုပ်ငန်းသမားများ၊ ဘဏ်လုပ်ငန်းသမားများ၊ ကုန်ပစ္စည်းလုပ်ငန်းရှင်များ၊ ဗျူရိုကရက်အရာရှိများ ဖြစ်ကြသည်။ ဗာလိန်း (**VERLAINE**) နှင့် ရန်းဗိုး (**RIMBAUD**)

www.burmeseclassic.com



တို့လောက်သာ အလုပ်အကိုင်မရှိ ကပ်ပါးများ၊ ဝရမ်းပြေးများ ဖြစ်နေကြသည်။ သို့တိုင် ဗာလိန်းမှာ ရင်းနှီးမြှပ်နှံမှုလုပ်ငန်း တစ်ခုမှ ဝင်ငွေရှိနေသည်။ ရန်းဗိုးကား ကျေးလက်ဘူဇွာလူတန်း စားမှ လွင့်ထွက်လာသူဖြစ်၏။

သည်ကဗျာဆရာအားလုံးသည် မော်ဒန်ခေတ်ကြီးက မွေးထုတ်ပေးလိုက်သူချည်း ဖြစ်ကြသည်။ ဘူဇွာလူတန်းစားက ချည်းဖြစ်ကြသည်။ သို့သော် တစ်ယောက်မကျန်ဆိုသလိုပင် သည် ကဗျာဆရာအားလုံးသည် မော်ဒန်ဝါဒကို ပြန်ဆန့်ကျင်သူ များလည်းဖြစ်နေကြသည်။ သားကောင်လည်းသားကောင်၊ ရန်သူလည်းရန်သူဟုပင် ဆိုရပေလိမ့်မည်။ ထိုအချက်ကြောင့်ပင် သူတို့သည် ရေမရောသည့် မော်ဒန်ကဗျာဆရာအစစ်တွေ ဖြစ်နေ ကြပေ၏။

လွှမ်းမိုးတည်ရှိနေသည့် စနစ်တစ်ရပ်ကို ကောင်းချီး ပေးနေလျက်က အစဉ်အလာကို လမ်းခွဲသူလည်း ဖြစ်နေတတ် သည်။ ဥပမာ–တီအက်အဲလီယော့ (**T.S.ELIOT**)။ လီနက်ဝါဒ၏ ဘုရားရှိခိုးစာများကို တတွတ်တွတ်ရွတ်ဆိုနေလျက်က အစဉ် အလာကို ဆန့်ကျင်သူလည်း ဖြစ်နေပြန်သည်။ ဥပမာ ဘား တော့ဘရက် (**BERTOLT BRECHT**)၊ ပါဘလိုနရူဒါ (**PABLO NERUDA**)။ နိုင်ငံရေးသမားအတု၏ ဘုန်းတော်ဘွဲ့ကိုရေးပေး နေလျက်က လွတ်လပ်ဝါဒကို ယုံကြည်သူလည်း ဖြစ်နေပြန် သည်။ ဥပမာ အက်ဇရာပေါင်း (**EZRA-POUND**)။

ယူနီဖောင်းကိုပင် ဝတ်ထားဝတ်ထား၊ အဝတ်စုတ် အဝတ်နွှတ်ကိုပင် ဝတ်ထားဝတ်ထား၊ ယောကျ်ားဖြစ်စေ၊ မိန်းမ ဖြစ်စေ မည်သို့သော အလုပ်ကိုပင် လုပ်ကိုင်လုပ်ကိုင်၊

www.burmeseclassic.com



ဘယ်လိုယုံကြည်မှုတွေရှိရှိ။ ဘယ်ပါတီ ဘယ်ဂိုဏ်းဂဏမှာပါဝင်ပါဝင်၊ ကမ္ဘာ့အနှံ့လျှောက်သွားချင်သွား၊ မသွားဘဲ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်အိမ်ရာအခန်းကျဉ်းကလေးထဲမှာပဲနေနေ ကဗျာဆရာမှန်သမျှသည် အပြင်ဗဟိဒ္ဓအသံကို နားထောင်သူများမဟုတ်။ မိမိအတွင်း အဇ္ဈတ္တက အသံကိုသာ နားထောင်သူများဖြစ်သည်။ တခြားအသံကို နားထောင်သူများဖြစ်သည်။ မော်ဒန်အသံဖြစ်သည့် လက်ရှိနေရာ၊ လက်ရှိမအချိန်၏ အသံကို နားမထောင်ဘဲ အခြားတစ်ဖက်ကအသံကို နားထောင်နေကြသူများဖြစ်၏။

ယနေ့အချိန်တွင် ကျွန်ုပ်တို့သည် မော်ဒန်ဝါဒ၏နိဂုံးကိုပင် တွေ့ကြုံရမည်လား သို့မဟုတ် မော်ဒန်ဝါဒအသစ်ပြန်လည်တည်ဆောက်မှုကိုပင် တွေ့ကြုံရမည်လားဆိုသည်ကို မသိကြသေး။ သည်အချိန် သည်ကာလတွင် ကဗျာ၏ အလုပ်သည် ဘာဖြစ်လိမ့်မည်နည်း။ နိုင်ငံရေးအတွေးအခေါ် ပုံစံသစ်တစ်ခုသည် စတင်ဖြစ်ထွန်းနေပါပြီ။ သည်နိုင်ငံရေးအတွေးအခေါ်သစ်ကို ဖန်တီးမည့်သူများသည် "တခြားအသံ" ကို နားထောင်ကြရပါလိမ့်မည်။ ကျွန်ုပ်တို့ခေတ်၏ တော်လှန်ရေးသဘောတရားရှင်ကြီးများသည် "တခြားအသံ" ကို ဂရုမစိုက်ခဲ့ကြ။ အရေးမလုပ်ခဲ့ကြ။ ထို့ကြောင့် သူတို့၏ စီမံကိန်းကြီးများလည်း ဗုန်းဗုန်းလဲ သွားကြခြင်းဖြစ်၏။

ယခုလည်း မော်ဒန်ခေတ် ယောကျ်ား၊ မိန်းမများဖုံးကွယ်မြှုပ်နှံထားသည့် အမှန်တရားကို နိုင်ငံရေးအတွေးအခေါ်သစ်က လျစ်လျူရှုထားဦးမည်ဆိုလျှင် ယခင်အတိုင်း ဗုန်းဗုန်းလဲပျက်စီးသွားပါဦးမည်။ လွန်ခဲ့သည့် အနှစ်နှစ်ရာမှစ၍ ကဗျာသည်

www.burmeseclassic.com



ဤလိုနှစ်မြှုပ်နေသော အမှန်တရားများကို သိမြင်အောင် ဖော်ထုတ်ပေးခဲ့သည်။ အနာဂတ်ကဗျာသည်လည်း ယင်းအလုပ်ကိုပင် ဆက်လုပ်ရမည်ဖြစ်သည်။ အခြားလုပ်စရာမရှိ။

ကဗျာ့ကျေးဇူးဟူသည်ကား အကြံသစ်ဉာဏ်သစ်များပေးခြင်းမဟုတ်။ ရာစုနှစ်နှင့်ချီ၍ ခေါင်းမာမာနှင့် လျစ်လျူရှုမေ့လျော့ထားခဲ့သော အမှန်တရားတို့ကို လူသိရှင်ကြားဖြစ်လာအောင် ကြေညာပေးခြင်းသာဖြစ်သည်။ အမှတ်သညာမှ စိတ်ကူးရုပ်ပုံဖြစ်လာ၊ စိတ်ကူးရုပ်ပုံမှ အသံဖြစ်လာ၊ ယင်းသည်ပင်ကဗျာ။

"တခြားအသံ" ဟူသည် သင်္ချိုင်းကုန်း၏ ဟိုဘက်မှလာသည့် အသံမဟုတ်။ လူ့လောက၏ နှလုံးသားများကို စုစည်းထားသည့် တစ်ခုတည်းသော နှလုံးသား၏ အတွင်း၌ အိပ်မောကျ နေသောလူသား၏ အသံဖြစ်၏။ ယင်းလူသားသည် အနှစ်တစ်ထောင်ခန့် အသက်ရှိနေသူလည်းဖြစ်၍ ကျွန်ုပ်တို့နှင့် သက်တူရွယ်တူလည်း ဖြစ်၏။ ကျွန်ုပ်တို့၏ အဘိုးလည်း ဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ညီလည်း ဖြစ်၏။ တစ်ဖန် ကျွန်ုပ်တို့၏မြစ်လည်း ဖြစ်၏။

နှစ်ဆယ့်တစ်ရာစုက လူသားများ နှင့်သူတို့ အဖွဲ့အစည်းများ အဘယ်သို့ ဦးတည်နေလိမ့်မည်ကို ကျွန်ုပ်တို့မသိနိုင်။ မော်ဒန်ခေတ်နှင့်အတူ အစပြုခဲ့သည့် မေးခွန်းများကိုပြေလည်အောင်ဖြေဆိုပေးမည့် အတွေးအခေါ်သစ်ကြီး ပေါ်လာဖို့ဆိုသည်မှာ ရှုးရှုးမူးမူးမျှော်လင့်ချက်မျှလောက်သာ ဖြစ်ချင်ဖြစ်နေလိမ့်မည်။ဤသို့ဆိုလျှင် အလွန်ကြောက်စရာကောင်းနေပါပြီ။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် ကမ္ဘာ့ဒေသအတော်များ

www.burmeseclassic.com



များ၌ ရှေးဟောင်း ဘာသာရေးစိတ်ဓာတ်များ၊ တစ်ယူသန် မျိုးချစ်ဝန်ဒများ၊ လူမျိုးစွဲဝါဒများ၏ မကောင်းဆိုးဝါ အမှတ်လက္ခဏာများ ပေါ်ပေါက်လာနေသောကြောင့်ဖြစ်၏။ လစ်ဘရယ်ဆန်သည့် ဆင်ခြင်တုံဝါဒကရော၊ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒဟူသော မျက်နှာဖုံးကို ဝံ့ဝံ့ကြွားကြွား တပ်ဆင်ခဲ့သည့် အုပ်ချုပ်ရေးစနစ်တို့ကပါ နှိပ်ကွပ်ခဲ့ကြသည့် ယုံကြည်ကိုးကွယ်မှုတို့သည် ခေါင်းပြန်ထလာကြလေပြီ။ ယင်းယုံကြည်ကိုးကွယ်သူများသည် ယခင်ကလည်း အလွန်အန္တရာယ်ပေးခဲ့ကြ၏။ ယခုလည်း နိုင်အောင်မနှိမ်ပစ်ပါက အန္တရာယ်ပေးလိမ့်ဦးမည်ဖြစ်သည်။

အနာဂတ်ကာလ၌ သေချာပေါက်ဖြစ်လာမည့် ကိစ္စတစ်ရပ်မှာ ယခုအတွတ်အထိပ်သို့ရောက်နေသော ဈေးကွက်စီးပွားရေးစနစ်ကြီး ပြောင်းလဲသွားမည့်ကိစ္စဟု ထင်ပါသည်။ လူတို့၏ အသိဉာဏ်ကို မွမ်းမံပြင်ဆင်ပေးလိုက်သည့်အတွက်ကြောင့်ပင် ဤဈေးကွက်စီးပွားရေးစနစ်ကြီး ပြောင်းလဲသွားမှာလား သို့မဟုတ် သူ့စနစ်အတွင်းမှာရှိနေသည့် အလွန်အကျွံဖြစ်မှုများ၊ ပဋိပက္ခများကြောင့်ပင် ပြောင်းလဲသွားမှာလား ဆိုသည်ကိုတော့ ကျွန်ုပ် မပြောတတ်။ အကယ်၍ သူ့ဘာသာပျက်စီးပြီး ပြောင်းလဲသွားခြင်းမျိုးဆိုလျှင် ဒီမိုကရေစီအဖွဲ့အစည်းများလည်း တရွတ်တိုက်ပြီး ပါသွားပါလိမ့်မည်။ ယင်းသို့ဖြစ်မည်ကို ကျွန်ုပ် အလွန်ကြောက်ရွံ့မိသည်။ အကြောင်းမှာ နောက်ထပ်အမှောင်ခေတ်ကြီးတစ်ခေတ်အတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်သွားရမည် ဖြစ်သောကြောင့်တည်း။

မည်သို့ဖြစ်စေ လူသားမျိုးနွယ်အနေနှင့် ဤကမ္ဘာမြေကြီးပေါ်တွင် ဆက်လက်တည်တံ့နေချင်သေးသည် ဆိုလျှင်

www.burmeseclassic.com



သဘာဝ အရင်းအမြစ်တို့ကို အလွန်အကျွံသုံးစွဲပစ်ခြင်း၊ မိုက်မိုက် ကန်းကန်းသုံးစွဲပစ်ခြင်း၊ ကိုယ့်အကျိုး ကိုယ်ပြန်ဖျက်သလို အလ ဟဿဖြုန်းတီးပစ်ခြင်းတို့ကို ချက်ချင်းရပ်ဆိုင်းရန် လိုအပ်နေ သည်မှာ ထင်ရှားသည်။ ကျွန်ုပ်တို့၏ ပစ္စုပ္ပန်နှင့် အနာဂတ် ပစ္စည်းဥစ္စာတို့ကို ဤသို့ လွန်လွန်ကျွံကျွံ ဖြုန်းတီးပစ်နေခြင်း၏ အကြောင်းရင်းကား သံသရာလည်နေသော ဈေးကွက်စီးပွားရေး ဖြစ်စဉ်ကြီးပင်ဖြစ်၏။

ဈေးကွက်ကြီးသည် အလွန်အစွမ်းကောင်းနေပါပြီ။ အင်အားကြီးမားနေပါပြီ။ သို့သော် ယင်းဈေးကွက်ကြီး၌ ရည်ရွယ်ချက်ပန်းတိုင်ကားမရှိသေး။ ဈေးကွက်ကြီး၏ တစ်ခု တည်းသောရည်ရွယ်ချက်မှာ “ပိုသည်ထက်ပို စားသုံးနိုင်ရန် အတွက် ပိုသည်ထက်ပို ကုန်ထုတ်လုပ်ရေး” သာ ဖြစ်နေ၏။ လက်တင်အမေရိက၊ အာရှနှင့် အာဖရိကတိုက်ရှိ ဖွံ့ဖြိုးမှုအနည်း ဆုံးနိုင်ငံများက အစိုးရအဖွဲ့တို့၏ ထံအလွန်းသော စီးပွားရေး မူဝါဒများသည် ကမ္ဘာကြီးနှင့်ချီသော ချို့တဲ့ပျက်စီးမှုများကို ဖြစ်ပေါ်စေ၏။ ရေအိုင်များ၊ မြစ်ချောင်းများ၊ ပင်လယ်များ၊ တောင်ကြားချိုင့်ဝှမ်းများ၊ သစ်တောများ၊ တောင်ကုန်းတာင် တန်းများ စသည်တို့ကို ပျက်စီးစေ၏။ ညစ်ညမ်းစေ၏။ ဤမျှ အထိမိုက်မဲပြီး ဤမျှအထိ စက်ယန္တရားဆန်ကာ ဤမျှအထိ သတိတရားကင်းမဲ့၍ ဤမျှအထိ ဖျက်ဆီးသမှုပြုတတ်သော ကြမ္မာဆိုး၏ဒဏ်ကို ဘယ်တုန်းကမှ မခံခဲ့ကြရဖူးပါ။

ကျွန်ုပ်တို့၏ နိုင်ငံရေး ၊ လူမှုရေးစနစ်များ မည်သို့ ဖြစ်နေဖြစ်နေ၊ ကျွန်ုပ်တို့၏ ယုံကြည်မှု၊ ကြံစည်တွေးခေါ်မှုတွေ ဘယ်လိုဖြစ်နေဖြစ်နေ အကျပ်အတည်းကြီးကတော့ ကျွန်ုပ်တို့

www.burmeseclassic.com



အပေါ် ကျရောက်နေပါပြီ။ နှစ်ဆယ်ရာစုနှစ် နောက်ဆုံးနှစ်များ၏ အဓိကအကြောင်းခြင်းရာမှာ နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းရေးမဟုတ်၊ အသစ်ပြန်လည်ဖွဲ့စည်းရေးမဟုတ်။ လူ့လောကကြီးဆက်လက်တည်တံ့နိုင်ရန် မည်သို့ဆောင်ရွက်ရမည်နည်းဟူသောအရေးကြီးသည့် မေးခွန်းသာဖြစ်၏။ ယင်းသို့ပြောခြင်းသည်ချဲ့ကားပြောလွန်းရာမကျပါ။

ဤသို့သော တကယ့်အဖြစ်မှန်တရားတို့၏ ရှေ့မှောက်တွင် ကဗျာသည် ဘာများလုပ်နိုင်မည်နည်း။ "တခြားအသံ" က ဘာများပြောစရာရှိမည်နည်း။ အဆိပ်သင့်ပြီး ပျက်စီးခြင်းကြီးပျက်စီးနေသည့် သည်ကမ္ဘာမြေကြီးအပေါ်တွင် လူသားမျိုးနွယ်၏ ဆက်လက်တည်တံ့ရေးပြဿနာကြီးနှင့် ရင်ဆိုင်နေရချိန်တွင်ကဗျာ၏ ဩဇာသည် တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်၍သာသက်ရောက်ရပါမည်။ နှစ်မြုပ်နေသော အမှန်တရားများကိုဖော်ထုတ်ခြင်း၊ ပြန်လည်အသက်သွင်းပေးခြင်း၊ တင်ပြပေးခြင်း၊လူသိရှင်ကြားဖြစ်အောင် လုပ်ပေးခြင်း၊ တိုက်တွန်းနိုးဆော်ပေးခြင်းစသော အလုပ်များကိုသာ လုပ်ရပါမည်။ ကဗျာအနေနှင့်အကြောင်းနှင့် အကျိုးနှင့် ရှင်းလင်းဖွင့်ဆိုနေခြင်းမျိုး လုပ်ရမည်မဟုတ်ဘဲ တင်ပြခြင်းမျိုးလောက်ကိုသာ လုပ်ရမည်ဖြစ်သည်။

ကဗျာအတွေးအခေါ်၏ အလုပ်မှာ စိတ်ကူးပုံထုတ်ခြင်းဖြစ်သည်။ ယင်းသို့ စိတ်ကူးပုံထုတ်သည့်အလုပ်တို့အထဲတွင်အဓိကအကျဆုံးမှာ အမျိုးမျိုးကွဲပြားနေသည့် အမှန်တရားတို့ကိုဆက်စပ်စုစည်းပြီး နေရာချပေးသည့် စွမ်းရည်ဖြစ်သည်။ ကဗျာပုံစံတိုင်းတွင် ပါတတ်စမြဲအရာမှာ မတူညီသည့်အရာများ၏နောက်ကွယ်၌ ဖုံးနေသော တူညီမှုကိုရအောင် ရှာဖွေတတ်ခြင်း

www.burmeseclassic.com



ဖြစ်သည်။ အချို့ကဗျာများမှာဆိုလျှင် ယင်းဆန့်ကျင်ဘက်များကို ပေါင်းစည်းထားသည်မျိုးကိုပင် တွေ့ရတတ်သည်။ ကဗျာ၌တွေ့ရသော ဥပမာလင်္ကာများ၊ ရူပကအလင်္ကာများ၊ ဝက်ဝုတ္တိအလင်္ကာများ စသည့် နည်းပရိယာယ်အားလုံးသည် မတူညီသည့် အရာများကို ပေါင်းစည်းထားသည့် စိတ်ကူးရုပ်ပုံတစ်ခုကို ဖော်ကျူးရန် ရည်ရွယ်နေသည့်အရာတွေချည်းဖြစ်သည်။ ကဗျာသည် ဘာသာစကားကို အသက်ရှိသည့် စကြဝဠာတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ယင်းစကြဝဠာကို ဆွဲငင်မှုနှင့် တွန်းကန်မှု အမွှာနှစ်ခုကွဲနေသည့် ရေစီးကြောင်းက ဖြတ်သန်းနေသည်။ ဘာသာစကား၏ အထဲတွင် ကြယ်တာရာများ၊ ကလပ်စည်းများ အနုမြူမှုန်များ၊ လူသားတို့၏ပေါင်းစည်းမှုနှင့် ပိုင်းခြားမှု၊ ချစ်ခင်မှုနှင့် ခွဲခွာမှုများကို ထုတ်လုပ်ထားသည်။ ကဗျာတစ်ပုဒ်၏ အကြောင်းအရာ၊ ကဗျာတစ်ပုဒ်၏ပုံစံ၊ ကဗျာတစ်ပုဒ်၏ အတွေးအခေါ်သည် မည်သို့ဖြစ်နေဖြစ်နေ၊ အရေးအကြီးဆုံးအချက်မှာ ယင်းကဗျာသည် အသက်ရှိသည့် စကြဝဠာလေးတစ်ခု ဖြစ်နေဖို့ပင်။ ကဗျာသည် စကြဝဠာကိုဖန်းတီးသည့် အရာပေါင်းတစ်သောင်းကို ပေါင်းစည်းထားသည်ဟု ရှေးဟောင်းတရုတ်လူမျိုးတို့က ဆိုခဲ့ကြပါသည်။

စကြဝဠာ၏ ချစ်ခင်ပေါင်းစည်းမှုကို ထင်ဟပ်ပြနေသော ကြေးမုံမှန်ပြင်ဆိုသည့် ကဗျာသည် လူ့အဖွဲ့အစည်းက အတုယူရမည့်ပုံစံလည်းဖြစ်ပါသည်။ သဘာဝအပျက်အစီးများ၏ ရှေ့မှောက်မှာပင် ကြယ်တာရာများနှင့် အနုမြူမှုန်များ အကြားရှိ ချစ်ခင်ပေါင်းစည်းမှု၊ ဓာတ်သဘာဝပစ္စည်းများနှင့် အသိစိတ်အကြားရှိ ချစ်ခင်ပေါင်းစည်းမှုတို့ကို သက်ရှိထင်ရှား

www.burmeseclassic.com



သက်သေပြပေးနေသူကား ကဗျာသာဖြစ်ပါ၏။ ကဗျာသည် ကွဲပြားမှုတို့ကို သိစေပြီး တူညီမှုများကိုလည်း မြင်စေ၏။ ကဗျာတစ်ပုဒ်သည် သူရဲကောင်းတစ်ယောက်၏ ဒေါသမာန်ဟုန်ကို ဖော်ကျူးသည်ဖြစ်စေ၊ အစွန့်ပစ်ခံလုံမပျိုတစ်ယောက်၏ ဖော်မဲ့ တစ်ကိုယ်ဘဝကို ဖွဲ့နွဲ့သည်ဖြစ်စေ၊ ကြေးမုံပြင်၏ ရေပြင်ငြိမ် အတွင်းသို့ ထိုးဆင်းသွားသည့် စိတ်အကြောင်းကို ရေသီသည် ဖြစ်စေ၊ သဟဇာတ ဖြစ်မှုနှင့် ညီညွတ်မှုသဘောကို လက်တွေ့ပြ သသည့် သင်ခန်းစာတစ်ခုသာ အမှန်ဖြစ်ပါသည်။ ထို့ကြောင့် ကဗျာသည် စက်မှုနည်းပညာနှင့် ဈေးကွက်စီးပွားရေးအတွက် ဖြေဆေးဖြစ်ပါ၏။ လက်ရှိကာလနှင့် လာမည့်အနာဂတ်ကာလ တို့၌ရှိမည့် ကဗျာ၏အလုပ်မှာ အထက်ဖော်ပြပါ အလုပ်သာ ဖြစ်၏။ ထို့ထက် ပိုလည်းမပို၊ လျော့လည်းမလျော့။

သို့ဆိုလျှင် ကဗျာကို ဘယ်လိုလူတွေက ဖတ်ကြမည် နည်း။ အဘယ်လောက်များများ ဖတ်ကြမည်နည်း။ ဤမေးခွန်း သည် မော်ဒန်ခေတ်ကမ္ဘာကြီးအတွင်း ကဗျာ၏ ဆက်လက် တည်တံ့မှုပြဿနာနှင့် မလွဲမရှောင်သာ ဆက်စပ်နေပါသည်။ ထို့ထက်ပို၍ အရေးလည်းကြီး အလျင်စလိုလည်း နိုင်လှသည့် လူ့လောကကြီး ဆက်လက်တည်တံ့ရေးပြဿနာနှင့်လည်း နီးကပ်စွာ ဆက်စပ်နေပြန်ပါသည်။ စင်စစ် စကြဝဠာကြီးအတွင်းရှိ အနုမြူမှုန်များ၊ အသွင်သဏ္ဌာန်များ၊ သက်ရှိသတ္တဝါများ၏ ချစ်ကြည် ပေါင်းစည်းမှုအပေါ်တွင် အခြေခံ၍ တည်ရှိနေသည့် ကဗျာသည် ဆက်လက်တည်တံ့ရေးအတွက် စံပြပစ္စည်းတစ်ခုပင် ဖြစ်နေပါတော့သည်။

လူသားနှင့် ကဗျာ၏အကြားရှိ ဆက်သွယ်မှုသည်

www.burmeseclassic.com



သမိုင်းနှင့်အမျှ ရှည်ကြာခဲ့ပါပြီ။ လူသားဟူ၍ ဖြစ်တည်လာက တည်းက ကဗျာလည်း တည်ရှိခဲ့ခြင်းဖြစ်သည်။ သမိုင်းဦးကာလ က အစောဆုံးအမဲလိုက်မုဆိုးများ၊ သစ်သီးသစ်ဥ ရှာဖွေသူများ သည် ကဗျာတစ်ပုဒ်၏ ရေပြင်ငြိမ်အတွင်းတွင် မိမိကိုယ်ကို တအံ့တသြ ပြန်ကြည့်မိသည်။ ထိုအချိန်မှစ၍ ကဗျာကြေးမုံ ပြင်၌ကိုယ့်ကိုကိုယ် ပြန်ကြည့်သည့်အလုပ်ကို အဆက်မပြတ် လုပ်လာခဲ့သည်။ သည်လိုနှင့် လူသားတို့သည် မိမိကိုယ်မိမိ စိတ်ကူးရုပ်ပုံများ၏ ဖန်ဆင်းရှင်များအဖြစ်ရော၊ ဖန်ဆင်းမှု၏ စိတ်ကူးရုပ်ပုံများအဖြစ်ပါ ပြန်မြင်လာကြသည်။ သည်အချက် ကြောင့်ပင် လူသားတွေတည်ရှိနေသရွေ့ ကဗျာလည်း တည်ရှိနေ လိမ့်မည်ဟု ကျွန်ုပ်ပြောဝံ့သည်။ လူသားတို့၏ စိတ်ကူးဉာဏ်မှ မွေးဖွားသန္ဓေစင်လာခဲ့သည့် ကဗျာသည် စိတ်ကူးဉာဏ်ပျက်သုဉ်း သေဆုံးသွားလျှင် သူလည်း ပျက်သုဉ်းသေဆုံးသွားမည်ဖြစ် သည်။ လူသားတို့အနေနှင့် ကဗျာကို မေ့လျော့ပစ်မည်ဆိုလျှင် မိမိကိုယ်မိမိမေ့လျော့ပစ်လိုက်ခြင်းနှင့် အတူတူဖြစ်ပါ၏။ ထိုသို့ မေ့လျော့ပစ်မည်ဆိုလျှင် ကမ္ဘာတည်စကရှိခဲ့သည့် ကသောင်းက နင်းအခြေအနေကြီးအတွင်းသို့ ပြန်ရောက်သွားပါလိမ့်မည်။

သြတာဗီယိုပက်

❁

www.burmeseclassic.com

ခေါင်းဆောင်

www.burmeseclassic.com



[တွိုင်ဘီ (၁၈၈၉–၁၉၇၅) သည် အင်္ဂလိပ်လူမျိုး သမိုင်းပညာရှင်ကြီးဖြစ်သည်။ အထက်ပါစာတမ်းသည် **UNESCO** မှ ထုတ်ဝေသော **TIME AND THE PHILOSOPHIES** စာအုပ်တွင် ဖော်ပြပါရှိသော **"THE LEADER"** ကို ပြန်ဆိုခြင်းဖြစ်ပါသည်။]

www.burmeseclassic.com

## ခေါင်းဆောင်

ရုရှအင်ပါယာနိုင်ငံကြီးကို အုပ်စိုးတော်မူခဲ့သော ဘုရင်ကြီးပီတာနှင့် ဘုရင်မကြီးကက်သရင်း၏အမည်ရှေ့တွင် "မဟာ" ဟူသော ဝိသေသစကားလုံးကို ထည့်သွင်းကာ မဟာပီတာ၊ မဟာကက်သရင်းဟု ခေါ်ဝေါ်ကြသည်။ ယင်း"မဟာ" ဟူသော စကားလုံးက လူသားတို့တွင်ရှိသော သဘာဝစွမ်းရည်သည် မတူညီမှုဘဲဆူကြဲ့နိမ့်မြင့်ကွဲပြားနေကြသည်ဟူသော အမှန်တရားကို အသိအမှတ်ပြု ရည်ညွှန်းနေပါသည်။ နိုင်ငံရေးနယ်ပယ်၌ ယင်းအချက်ကို အသိအမှတ်ပြုပြီးဖြစ်သည်။ သို့သော် အခြားနယ်ပယ်တို့၌လည်း ယင်းအချက်ကို သိမြင်နိုင်ပါသည်။ အလယ်ခေတ်ကပေါ်ထွန်းခဲ့သည့် အနောက်တိုင်းအတွေးအခေါ်ပညာရှင် အဲဘတ် (ALBERT) ကိုလည်း မဟာအဲဘတ်ဟုပင် ခေါ်ခဲ့ကြသည်။ စင်စစ် အဲဘတ်သည် အလယ်ခေတ်က ခရစ်ယာန်အင်ပါယာရှင်များ၊ ဘုရင်များထက် ထို "မဟာ" ဘွဲ့ထူးနှင့်ပိုမိုထိုက်တန်ပါသည်။ သို့သော် ကေန်စင်စစ် ကြီးကျယ်မြင့်မြတ်ကြကုန်သော ယောကျာ်း၊ မိန်းမ များစွာတို့သည် ထို

www.burmeseclassic.com



"မဟာ" ဘွဲ့ထူးကို မရရှိလိုက်ဘဲ နေသွား၊ သေသွားကြရကုန်၏။ သူတို့ခမျာ အသိအမှတ်ပြုခြင်း မခံကြရရှာ။ အကြောင်းမူကား သူတို့တွင်ရှိသည့် သဘာဝစွမ်းရည်ကို လက်တွေ့ကျင့်သုံးပြီး အခြားသူတို့အား ပြသနိုင်သည့် အခွင့်အလမ်း မရရှိခဲ့သောကြောင့်ဖြစ်ပေသည်။ ယင်းအချက်သည်ပင် ဆယ့်ရှစ်ရာစုခေတ် အင်္ဂလိပ်ကဗျာစာဆိုကြီးဂရေး(GRAY)၏ ထင်ရှားသောတမ်းချင်းကဗျာတစ်ပုဒ်၏ အကြောင်းအရာဖြစ်ခဲ့သည်။

"သမိုင်းဝင်ပုဂ္ဂိုလ်" ဟူသော အသုံးအနှုန်းက "မဟာလူသား" ဟူသော အသုံးအနှုန်းထက်ပိုပြီး အဓိပ္ပါယ်ရှင်းပါသည်။ အကြီးအကျယ်ဆုံး လူသားတစ်ယောက် မိမိ၏ကြီးကျယ်မှုကို အကောင်အထည်ဖော်ဖို့အတွက် အချိန်ကောင်း အခါကောင်းမှာ အံဝင်ခွင်ကျမွေးဖွားရန် လိုအပ်သည်ဟူသောအချက်ကို ယင်းအသုံးအနှုန်းက ဖော်ပြနေသောကြောင့်ဖြစ်သည်။ ထိုထက်ပို၍ သင့်လျော်သည့် စကားလုံးမှာ "ခေါင်းဆောင်" ဟူသော စကားလုံးဖြစ်သည်။ ခေါင်းဆောင်သူနှင့် နောက်လိုက်သူတို့အကြား ဆက်သွယ်မှုရှိနေသည့်အချက်ကိုလည်းကောင်း၊ ခေါင်းဆောင်လုပ်မည့်သူသည် မိမိ၌ကိန်းဝပ်နေသော စွမ်းရည်ကို လူအများအသိအမှတ်ပြု လက်ခံသဘောကျသည့်အရာ တစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိလာစေရန်အလို့ငှာ မိမိနှင့် နောက်လိုက်တို့အကြားတွင် ဆက်သွယ်ရေးတစ်ခုကို တည်ဆောက်ဖို့ လိုအပ်

---

**THOMAS GRAY 1716-1771** ၏ **ELEGY WRITTEN IN A COUNTRY CHURCHYARD** ကဗျာကို ရည်ညွှန်းခြင်းဖြစ်သည်။ (ဘာသာပြန်သူ)

www.burmeseclassic.com



သည်ဟူသည့်အချက်ကိုလည်းကောင်း ယင်းစကားလုံးက အထင် အရှားပြသနေသောကြောင့်ဖြစ်သည်။ "ခေါင်းဆောင်"ဟူသော စကားလုံးသည် လူတစ်ဦးတည်းမျှကိုသာမကူဘဲ ယင်းလူ အပြင် အခြားလူများကိုပါ ရည်ညွှန်းနေပြီး ခေါင်းဆောင်နှင့် ခေါင်းဆောင်ခြင်းခံရသူတို့အကြား အပြန်အလှန်ဆက်ဆံမှုကို လည်း ဖော်ပြနေပါသည်။

ထို့ကြောင့် "ခေါင်းဆောင်" ဟူသော စကားလုံးကို သုံးစွဲရသည်မှာ အဆင်ပြေလှသည်။ ထိုမျှမက ယင်းစကားလုံးကို ပစ်ပယ်၍လည်းမရအပ်။ ကျွန်ုပ်တို့ခေတ်တွင် နောက်လိုက်တို့၏ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့ကြသည့် ခေါင်းဆောင်များ ကြောင့် အီတလီဘာသာစကားရှိ **DUCE** နှင့် ဂျာမနီဘာသာ စကားရှိ **FUHRER** တို့မှာ အပုပ်နံ့ထွက်နေရသည်။ သို့ဖြစ် စေကာယင်းဘွဲ့ထူးတို့နှင့် ထိုက်တန်ကြမည့် အနာဂတ် ခေါင်းဆောင်တို့ကြောင့် ယင်းစကားလုံးများ မူလဂုဏ်ရည် ပြန်ရလာမည်ကိုမူ မျှော်လင့်နိုင်ပါသည်။ ပရိဘောဂ စကားတွင်မူ အလားတူစကားလုံးသည် ဂုဏ်သိက္ခာ ပြည့်စုံသော မူလ အနက်မှ ဖောက်လွဲဖောက်ပြန် မဖြစ်ဖူးပါ။ စိတ်ဝိညာဉ်တို့၏ ခေါင်းဆောင် **(PSY-CHOPOMPOS)** ဟူသော ဘွဲ့ထူးသည် ခရစ်ယာန်ဘာသာ မပေါ်ပေါက်ခင် ရှိနေခဲ့သော ဂရိနတ်ဘုရား ဟာမီး **HERMES** ၏ ဘွဲ့ထူးတစ်ခု ဖြစ်သည်။ လမ်းရှာသူ **HODIEGETRIA** ဟူသော ဘွဲ့ထူးသည်လည်း ဂရိတို့က အပျိုစင်

---

**DUCE** နှင့် **FUHRER** တို့မှာ ခေါင်းဆောင်ဟုအနက်ထွက်သော စကားလုံးများဖြစ်ပါသည်။ (ဘာသာပြန်သူ)

www.burmeseclassic.com



မာရီ **VIRGIN MARY** အား ပေးအပ်ထားသည့် ဘွဲ့ဖြစ်သည်။

ခေါင်းဆောင်ဖြစ်မည့်သူ၌ နောက်လိုက်ကောင်း ရှိဖို့လိုသည်။ နောက်လိုက်ကောင်းဆိုသည်မှာ ခေါင်းဆောင်၏ အလိုဆန္ဒကို မတုံ့မနှေး လိုက်နာဖြည့်ဆည်းပေးသူဖြစ်သည်။ ထို့တူ အကျပ်အတည်းဆိုက်နေသည့် နိုင်ငံတစ်ခုသည်လည်း အစွမ်းထက်မြက်သည့် ခေါင်းဆောင်တစ်ယောက်ရှိဖို့ လိုအပ်၏။ ဤအပြန်အလှန်လိုအပ်ချက်သည် အရေးကြီးသော စစ်ရေးစစ်ရာနှင့် နိုင်ငံရေးဆိုင်ရာအခြေအနေတို့တွင် ထူးခြားစွာပေါ်လွင်နေပါသည်။ ဗြိတိန်နိုင်ငံသားတို့အနေနှင့် လိုအပ်သည့် အချိန်တွင် ချာချီလို မဟာလူသားတစ်ဦးကို မရရှိခဲ့ပါက ဒုတိယကမ္ဘာစစ်၌ အရှုံးကို ရှောင်လွှဲနိုင်ခဲ့မည်မဟုတ်။ ချာချီဘက်မှ ကြည့်ပြန်လျှင်လည်း "စစ်နိုင်လိုလျှင် သွေး ချွေး မျည်ရည်တို့ကို ပေးဖို့လိုသည်" ဟူသော သူ၏တောင်းဆိုချက်ကို လိုက်နာလိုသည့် ဗြိတိန်လူမျိုးတို့သာ မရှိခဲ့ပါက အစွမ်းပြနိုင်ခဲ့မည်မဟုတ်။ ၁၉၄၀ ခုနှစ်အတွင်း၌ စစ်ပွဲအောင်နိုင်ရေးကိစ္စမှာ ချာချီအဖို့လည်း မတတ်နိုင်သလို ဗြိတိန်နိုင်ငံအနေနှင့်လည်း ဖြစ်နိုင်သောအရာမဟုတ်။ သို့သော် အပြန်အလှန်ပံ့ပိုးပေးသည့် ပူးပေါင်းဆောင်ရွက်မှုဖြင့်ကား အောင်ပွဲဆင်နိုင်ခဲ့ပေသည်။ ယင်းသို့ပူးပေါင်းမှုသည် အောင်မြင်ရေး၏ သော့ချက်ပင်ဖြစ်၏။

၁၉၂၀ တုန်းကလည်း တူရကီတို့သည် ထိုနည်းတူပင် အကျပ်ဆိုက်ကာ ဒုက္ခရောက်ခဲ့ကြသည်။ သို့သော် ခေါင်းဆောင်ကောင်းတစ်ယောက်၏ စည်းရုံးမှုကိုလိုက်နာကာ အောင်ပွဲဆက်နိုင်ခဲ့ကြသည်။ ယင်းခေါင်းဆောင်ကောင်းသည်ကား အတာတပ် **(ATATURK)** ဖြစ်သည်။ အတာတပ်သည် လုံးဝမျှော်လင့်ချက်

www.burmeseclassic.com



ကင်းဝေးသည့်အနေအထားကို တွန်းလှန်တိုက်ခိုက်ရန် တူရကီတို့အား စည်းရုံးခဲ့သည်။

ဘိုင်ဇင်တိုင်းခေတ် (BYZANTINE) က ဂရိတို့သည် လည်း အင်ပါယာအရှင် ဟဲရောကလီယပ် (HERACLIUS)၏ ခေါင်းဆောင်မှုကို အလားတူပင် လိုက်နာခဲ့ကြသည်။ ဘိုင်ဇင်တိုင်းအင်ပါယာသမိုင်းရှိ ယင်းအကျပ်အတည်းကာလတွင် ဟဲရောကလိယပ် သွန်းလုပ်ခဲ့သော ဒင်္ဂါးပြား များပေါ်၌ "ဘုရား သခင်သည် ရောမသားတို့ကို စောင့်ရှောက်တော်မူသည်" ဟူသောလှုံ့ဆော်စာတန်း ပါရှိသည်။ ဤအဖြစ်အပျက်ကား ခေါင်းဆော်ကိုယ်တိုင်ပင် အရေးကြီးဆုံးကာလမှာ မျှော်လင့် ချက်ကုန်ခန်းနေသည်။ သူခေါင်းဆောင်ရမည့်သူတို့က ခေါင်း ဆောင်မှုကို သူတို့ဘာသာ တာဝန်ယူသွားကြသည်။ သူတို့သည် ခေါင်းဆောင်၏ သူရသတ္တိကို ပြန်လည်အသက်သွင်းပေးကာ အောင်ပွဲသို့ရောက်သည်အထိ ခေါင်းဆောင်လုပ်သူ ဇွဲမလျော့ သွားအောင် အားပေးနေခဲ့ကြသည်။ ခေါင်းဆောင်နှင့် နောက် လိုက်တို့အကြား အပြန်အလှန် ဆက်သွယ်မှုသည် ဤအဖြစ် အပျက်တွင် အထူးထင်ရှားနေသည်။

ဟဲရာကလီယပ်ခေတ်မတိုင်မီ နှစ်ပေါင်းတစ်ထောင် ကျော်တုန်းက သီမီစတိုးကလီး (THEMISTOCLES) ၏ ခေါင်းဆောင်မှုနှင့် အေသင်မြို့သားတို့၏ နောက်လိုက်မှုတို့ ကြောင့် ပါရှားအင်ပါယာ၏ လွှမ်းမိုးမှုမှ အေသင်မြို့ လွတ်ခဲ့ရ သည်။ အတ်ထိကာ (ATTICA) ဒေသ၌ ငွေသတ္တုကို ရှာတွေ့ သည့်အခါ ယင်းအဖိုးတန်သတ္တုကို အေသင်မြို့သားတို့အကြား ဆုကြေးအဖြစ်ခွဲဝေယူကြမည့်အစားရေတပ်သင်္ဘောများ တည်

www.burmeseclassic.com



ဆောက်ရေး အတွက် အသုံးပြုဖို့ သီမိစတိုးကလီးက အေသင်မြို့သားတို့အား စည်းရုံးပြောဆိုခဲ့သည်။ ထို့နောက် ပါရှားတို့ ကျူးကျော်တိုက်ခိုက်လာသော် ကျူးကျော်သူတို့ဖျက်ဆီးဖို့ ကုန်းမြေဒေသကို စွန့်ခွာထားရစ်ခဲ့ရန် တိုက်တွန်းပြောဆိုပြန်သည်။ သို့မှသာ ကုန်းမကြီးနှင့် ဆာလာမီ (SALAMIS) ကျွန်းအကြားရှိ ရေလက်ကြား၌ အသစ်တည်ဆောက်ထားသော ရေတပ်ဖြင့် ရန်သူအပေါ် အပြတ်အသတ် အနိုင်တိုက်နိုင်မည့် အခွင့်အလမ်းကို ရရှိမည်ဖြစ်သည်။

စာရေးဆရာတစ်ဦးက စိတ်ကူးယဉ်ခေတ်သစ်သမိုင်းစာအုပ်တစ်အုပ် ရေးသားဖူးသည်။ ယင်းစိတ်ကူးယဉ်သမိုင်းတွင် ပြင်သစ်တော်လှန်ရေးတို့၊ နပိုလီယန်စစ်ပွဲတို့မပါရှိ။ စာရေးဆရာက ၁၈၅၂ ခုနှစ်၌ အသက်ရှစ်ဆယ်ကျော် စစ်ဗိုလ်ကြီးနှစ်ဦးကွယ်လွန်သည်ဟု သူ့သမိုင်းစာအုပ်၌ မှတ်တမ်းတင်ရေးသားထားသည်။ တစ်ဦးမှာ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးဖြစ်၍ ကျန်တစ်ဦးမှာ ပြင်သစ်စစ်ဗိုလ်ကြီးဖြစ်သည်။ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးဝတ်စလေ (WELLESLEY)၏ နာရေးကြော်ငြာတိုကလေးကို လန်ဒန်တိုင်းသတင်းစာတွင် တွေ့သလိုမျိုး ရေးထားသည်။ ဗိုလ်ချုပ်ကြီး ဝက်စလီကား ဆယ့်ကိုးရာစုနှစ်အစောပိုင်းတွင် အိန္ဒိယ စစ်ဆင်ရေးအချို့၌ ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်သည်။ သို့သော် ဗြိတိန်နိုင်ငံက အိန္ဒိယနိုင်ငံအပေါ် အုပ်စိုးမှုကို နိဂုံးချုပ်လိုက်သည့်အခါ စစ်ဗိုလ်ချုပ်ကြီး ဝက်စလီအတွက် အောင်ပွဲခံစရာ အခွင့်အလမ်းမရှိတော့။ ပြင်သစ်စစ်ဗိုလ်မှာ တိုက်ပွဲဝင်ဖို့ အခွင့်အလမ်းဟူ၍ လုံးဝမရှိခဲ့ရာ။ ပြင်သစ်တို့က အယ်ဂျီယားကို စတင်အောင်နိုင်သည့် ၁၈၃၀ ခုနှစ် မတိုင်မီကပင် အငြိမ်းစား

www.burmeseclassic.com



ယူခဲ့ရသည်။ (စာရေးဆရာ၏ စိတ်ကူးယဉ်သမိုင်း၌ ယင်းစစ်ပွဲသည် အမေရိကန်လွတ်လပ်ရေးစစ်ပွဲ၌ ပြင်သစ်တို့ပါဝင်ပြီးနောက်ပြင်သစ်တို့၏ ပထမဆုံးစစ်ဖြစ်၏။ ယင်းစစ်ပွဲနှစ်ခုကြားအနှစ်ငါးဆယ်ကျော်ကွာသည်) ယင်းပြင်သစ် အမြောက်တပ်ဗိုလ်ကြီးသည် လူမသိသူမသိ သေဆုံးသွားရာ သတင်းစာများထဲ၌ပင်သူ့နာရေးသတင်းမပါခဲ့။ သို့သော် စာရေးဆရာက ပြင်သစ်နိုင်ငံရီဗီအာရာကမ်းခြေရှိ မြို့ငယ်လေးတစ်မြို့က ဘုရားကျောင်း၏သေစာရင်း၌ အမှတ်မထင် တွေ့ရှိခဲ့ရသည်ဟု ရေးသားထားသည်။ ယင်းမြို့ငယ်ကလေး၌ပင် ပြင်သစ်ဗိုလ်ကြီးသည်ဘဝ၏နောက်ဆုံးကာလများကို ကုန်ဆုံးစေခဲ့သည်။ ပြင်သစ်စစ်ဗိုလ်တွင် အီတလီသံထွက်သော အမည်တစ်ခုတော့ပါရှိ၏။ နပိုလီယန်ဘိုနာပတ် ဟူ၏။ သို့သော် သူ့ကို ဘယ်မှာမွေးသည်ကိုမူ မှတ်တမ်းမရှိ။

အကျပ်အတည်းကြီးစွာဆိုက်နေသော နိုင်ငံကြီးတစ်နိုင်ငံ၏ လိုအပ်ချက်များသည် သာမန်လူတစ်ယောက်ကိုကားကြီးကျယ်မြင့်မြတ်လာအောင် လုပ်မပေးနိုင်။ ဘယ်ဘီနား (BELBINA) အမည်ရှိ ကျွန်းကလေးတစ်ကျွန်းက သာမန်လူတစ်ဦးက သီမီစတိုးကလီးယား "သင်ရဲ့ အဖနိုင်ငံဟာ အေသင်နိုင်ငံမဟုတ်ဘဲ ကျုပ်တို့ဘယ်ဘီနား ကျွန်းကလေးသာ ဖြစ်ခဲ့မယ်ဆိုရင် သင်ဟာ သင် အောင်မြင်ခဲ့တဲ့အလုပ်တွေကို လုပ်နိုင်ခဲ့မယ်မဟုတ်ဘူး" ဟု ပြောခဲ့ဘူးသည်။ ထိုသူသည် သီမီစတိုးကလီး၏အောင်မြင်စွမ်းဆောင်မှုကို အေသင်နိုင်ငံ၏ အောင်မြင်စွမ်းဆောင်မှုမျှသာ ဖြစ်သည်ဟု လှီးလွှဲပြောဆိုကာ အပုပ်ချဖို့ ကြိုးစားလိုက်ခြင်းဖြစ်သည်။ သီမီစတိုးကလီးကလည်း "သင်ပြောတာ

www.burmeseclassic.com



မှန်ပါပေတယ်၊ သို့ပေမယ့် သင့်ရဲ့နိုင်ငံဟာ အေသင်ဖြစ်ခဲ့ရင်လည်း သင်ဟာ ကျုပ်စွမ်းဆောင်ခဲ့တာတွေကိုတော့ စွမ်းဆောင်နိုင်မယ် မဟုတ်ဘူး” ဟု ပြန်လည်ချေပခဲ့သည်။ ဘီစီ ၄၈၀ အတွင်း အေသင်နိုင်ငံ၏ အရေးကြီးလှသည့် အခြေအနေသည် ခေါင်းဆောင်တစ်ယောက်ကို အပြင်းအထန် တောင်းဆိုနေခဲ့သည်။ သီမီစတိုးကလီက ယင်းလိုအပ်နေသည့် ကဏ္ဍကို စွမ်းဆောင်ခဲ့ပါသည်။ သို့သော် ယင်းအခန်းကဏ္ဍကို သီမီစတိုးကလီး၏ အပြတ်ချေပပြောဆိုခြင်းခံရသူ အကြင်လူသာမန်သည် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။

အများပြည်သူဆိုင်ရာ အရေးအခင်းနှင့် ခေါင်းဆောင်ကောင်းတို့အကြားရှိ သမိုင်းတွင်သော ဆက်စပ်မှုကို နောက်ထပ်ထင်ရှားသည့်ပုံစံများဖြင့်လည်း သရုပ်ဖော်ပြနိုင်ပါသေး၏။

ပထမဦးဆုံးသော တရုတ်အင်ပါယာအရှင်သည်လည်းကောင်း၊ သူ့နောက် အနှစ်နှစ်ရာတွင် ပေါ်ထွန်းခဲ့သည့် ပထမဦးဆုံး ရောမအင်ပါယာအရှင်သည်လည်းကောင်း စည်းလုံးခိုင်မာသော အုပ်ချုပ်မှုဖြင့် လူ့အဖွဲ့အစည်းကြီးများကို ပျက်စီးခြင်းဘေးမှ ကယ်တင်ခဲ့ကြသည်။ သူတို့နှစ်ဦးစလုံးပင် တူညီသောအခွင့်အလမ်းကို ရရှိခဲ့ကြသည်။ သူတို့ ကယ်တင်လိုက်သည့် လူ့အဖွဲ့အစည်းကြီးသည် မူလက နယ်မြေဒေသများစွာ အစိတ်စိတ်အမွှာမွှာ ကွဲပြားနေခဲ့သည်။ တစ်နယ်နှင့်တစ်နယ်လည်း အဆက်မပြတ် စစ်ဖြစ်နေခဲ့ကြသည်။ စစ်ပွဲဖြစ်သည့်အခါတိုင်းမှာပင် ယင်းနယ်မြေကလေးများသည် ငြိမ်းချမ်းရေး ကိုတော်မွတ်ကြသည်။ တိုင်း၍ယက်သည့်ပင်္ကလာ မိုးရွာသည်နှင့်အဆင့်သင့် ဆိုသကဲ့သို့ပင် နယ်မြေအားလုံးကို စုစည်း

www.burmeseclassic.com



လိုက်သည့်အင်ပါယာအရှင်က သူတို့အား ငြိမ်းချမ်းရေးကို ပေးလိုက်သည်။ မဟာလူသား၏ ခေတ်ကာလအတွင်းရှိ မဟာလူသား၏ လူ့အဖွဲ့အစည်းအခြေအနေက မဟာလူသား ရှီဝမ်တီ (SHI HWANG-TI) နှင့် ဩဂတ်စတပ် (AUGUSTUS) တို့၏ ကြီးကျယ်မှုကို ထင်ရှားပေါ်လွင်ခွင့် ရရှိစေခဲ့သည်။ ရှီဝမ်တီနှင့် ဩဂတ်စတစ်တို့သည် ထိုအလုပ်များကို အဘယ်ကြောင့် စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သိမြင်နားလည်ရန်အတွက် ယင်းအခြေအနေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါ၏။

စိန့်ဖရန်စစ် (ST.FRANCIS) သည် ယနေ့ထက်တိုင်ပင်အနောက်တိုင်း ခရစ်ယာန်ဘာသာရေးလောကတွင် အကြီးကျယ် အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။ သို့သော် စိန့်ဖရန်စစ်ကို နားလည်ရန်မှာလည်း သူ့ခေတ်ကာလအခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲနှင့် မဖြစ်နိုင်ပါ။ စိန့်ဖရန်စစ်ခေတ်တွင် အနောက်တိုင်း ခရစ်ယာန်လောကသည် ဥစ္စာနေ ကြွယ်ဝချမ်းသာနေပါပြီ။ အသင်းတော်သည် ဩဇာလွှမ်းမိုးလာပြီး ပုပ်ရဟန်းမင်းသည်လည်း တန်ခိုးကြီးလာသည်။ တန်ခိုးကြီးလာသော ပုဒ်ရဟန်းမင်းသည် သူ၏အာဏာကို အလွဲသုံးလာတော့သည်။ အကျိုးဆက်အားဖြင့် ပုပ်ရဟန်းမင်းနှင့် အသင်းတော်တစ်ခုလုံး သိက္ခာကျဆင်းလာသည်။ မကောင်းသတင်း ကျော်စောလာသည်။ သူတို့အား ဆန့်ကျင်ဝေဖန်သည့် ဘာသာရေးလှုပ်ရှားမှုများ ပေါ်ထွန်းလာတော့သည်။ ပုပ်ရဟန်းမင်း၏ အဖွဲ့က ငွေကြေးကို ငမ်းငမ်းတတ်ကြီး ရသည့် ငွေကြေးတို့ကို စည်းစိမ်ခံသည့် အလုပ်တို့တွင် သုံးဖြုန်းနေမှုအား ဆန့်ကျင်ပြသည့်အနေနှင့်ဆင်းဆင်းရဲရဲကျင့်ကြံနေထိုင်သော ခရစ်ယာန်ဂိုဏ်းခွဲများ

www.burmeseclassic.com



အလျှိုလျှိုပေါ်လာကြသည်။ ခရစ်ယာန်ဘာသာနှင့် ပြိုင်ဘက် ဘာသာရေးတစ်ခုဖြစ်သော ကသာရီဘာသာရေး **CATHARISM** သည် ဘူဂေးရီးယားမှ လွန်ဘာဒီနှင့် လင်ဂူဒေါ်အထိ ပျံ့နှံ့နေခဲ့ သည်။ ကသာရီ ဘာသာရေးခေါင်းဆောင်တို့သည်ကား အလွန် ခြိုးခြံချွေတာကြသော ဘုန်းကြီးများ ဖြစ်ကြ၏။

စိန့်ဖရန်စစ်၏ဖခင်မှာ အောင်မြင်သော အထည်ကုန် သည်တစ်ဦးဖြစ်သည်။ သို့သော် စိန့်ဖရန်စစ်သည် ဖခင်၏ ငွေကြေးဓနကို စွန့်ပစ်လိုက်ပြီး "ဆင်းရဲခြင်းသတို့သမီး" နှင့် လက်ထပ်လိုက်သည်။ ဖရန်စစ်ဂိုဏ်းသားတို့သည် ပုပ်ရဟန်းမင်း ၏ အသင်းတော်ကို ဖျက်ဆီးမည့် မိစ္ဆာဒိဋ္ဌိများမဟုတ်မူဘဲ ခရစ် ယာန်အသင်းတော်ကို ကူညီကယ်မမည့်သူများသာဖြစ်သည်ဟု ပုပ်ရဟန်းမင်း တတိယအင်နိုးဆင့် (**INNOCENT III**)နှင့် သူ၏ဂိုဏ်းချုပ်ဂိုဏ်းအုပ် ဘုန်းတော်ကြီးများကို ယုံကြည်အောင် လုပ်နိုင်ခဲ့သည်။ အကယ်၍သာ ခရစ်ယာန်အသင်းတော်သည် အကျင့်မပျက်ဘဲ လူတို့၏ကြည်ညိုမှုကို ဆက်လက်ခံယူရရှိနေ လျှင်ဖြစ်စေ၊ ပုပ်ရဟန်းမင်း၏ အကြံပေး ဂိုဏ်းချုပ်ဂိုဏ်းအုပ် ဘုန်းတော်ကြီးများက ဖရန်စစ်အား အသင်းတော်ကို ကယ်တင် မည့်သူအဖြစ် မမြင်နိုင်ခဲ့လျှင်ဖြစ်စေ၊ ဖရန်စစ်ကို အက်စီစီ **ASSISI** မြို့သူမြို့သားအပေါင်းတို့က "ဟစ်ပီ" တစ်ယောက် အဖြစ် ကြည်ထားမည်သာဖြစ်၍ လူမသိသူမသိ အညတြဘဝဖြင့် သာ နေသွားသေသွားရပေမည်။

ချားဒါဝင် (**CHARLES DARWIN**) သည် ၁၈၅၉ ခုနှစ်တွင် "မျိုးစိတ်တို့၏မူလအစ" ဟူသော စာအုပ်ကိုထုတ်ဝေ ခဲ့သည်။ ယင်းစာအုပ်၌လူအပါအဝင် သက်ရှိမျိုးစိတ်ပေါင်းအနန္တ

www.burmeseclassic.com



သည် ဖန်ဆင်းရှင် ဣသရေတစ်ပါး၏ အကူအညီမလိုဘဲနှင့် အဆင့်ဆင့် ပြောင်းလဲလာခဲ့ကြသည်ဟု သက်သေပြခဲ့သည်။ အကယ်၍သာ ယင်းစာအုပ်ကို မော်ရိုကိုနိုင်ငံ၌ ၁၈၅၉ ခုနှစ် အတွင်း ထုတ်ဝေခဲ့လျှင်ဖြစ်စေ၊ ဗြိတိန်နိုင်ငံ၌ ၁၄၅၉ ခုနှစ် အတွင်းထုတ်ဝေခဲ့လျှင်ဖြစ်စေ ၊ ချားဒါဝင်သည် ဘုရားမဲ့ဝါဒီ အဖြစ် အသတ်ခံရပေလိမ့်မည်။ ဗြိတိန်နိုင်ငံ၌ ၁၈၅၉ ခုနှစ်မှာ ပင် အပြင်းအထန် ဆန့်ကျင်ဝေဖန်ခြင်းခံရသည်။ သို့သော် အနောက်ဘက်ကမ္ဘာကတော့ ယင်းစာအုပ်ကို ယေဘုယအားဖြင့် လက်ခံခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၁၈၅၉ ခုနှစ်မတိုင်မီ အနှစ်နှစ်ရာခန့်ကပင် အနောက်တိုင်းသားတို့တွင် သိပ္ပံနည်းကျ စိတ်ဓာတ်များရှိနေကြပြီး ခရစ်ယာန်ဘာသာ၏ တရားသေ သဘောတရားနှင့် ပတ်သက်၍လည်း သံသယဝင်နေကြသော ကြောင့်ဖြစ်သည်။

ဘစ်မတ် (**BISMARCK**) သည် ဆယ့်ကိုးရာစု အနောက်တိုင်းကမ္ဘာ၏ အအောင်မြင်ဆုံး နိုင်ငံခေါင်းဆောင်ဖြစ် သည်။ သူ၏အောင်မြင်မှုသည် တစ်စိတ်တစ်ပိုင်းအားဖြင့် သူ၏ ပုဂ္ဂလိက အရည်အချင်းများပေါ်တွင် တည်နေကြောင်း ထင်ရှား သည်။ ဘစ်မတ်သည် ရည်မှန်းချက်ကိုတိတိကျကျ သတ်မှတ် တတ်သည်။ ယင်းရည်မှန်းချက်အတိုင်းလည်း တိတိကျကျ ဆောင်ရွက်တတ်သည်။ စွမ်းနိုင်သည့်အရာပင် ဖြစ်စေကာမူ မူလရည်မှန်းချက်ထက် ကျော်လွန်နေလျှင် ဆက်မလုပ်တတ်။ ဟက်ဘတ် (**HABSBURG**) ဘုရင့်နိုင်ငံကို အောင်နိုင်ပြီးသည့် အခါတွင် နဂို နယ်နိမိတ်အတိုင်းပင် ဆက်လက်ထားရှိသည်။ သူ၏မူလရည်ရွယ်ချက်မှာ အခြားဂျာမနီနိုင်ငံငယ် ကလေးများ၏

www.burmeseclassic.com



အရေးကိစ္စကို ဩစတြီးယားတို့ ဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိအောင် လုပ်ဖို့သာဖြစ်လေရာ ယင်းရည်မှန်းချက်အောင်မြင်သည်နှင့် ကျေနပ်သွားတော့သည်။ ထို့နောက် ပြင်သစ်ကို အနိုင်ရပြန်သည်။ ထိုအခါ ပြင်သစ်စကား ပြောဆိုသူတို့ နေထိုင်ရာ ပြင်သစ်ဒေသများမှ (ဥပမာအားဖြင့် ဘယ်ဖိုး BELFORT ဒေသ)ခွာနေဖို့ ပရပ်ရှား ဗိုလ်ချုပ်ကြီး၏ တောင်းဆိုချက်ကို တတ်နိုင်သလောက် မလိုက်လျောဘဲ တင်းခံနေခဲ့သည်။ သို့တိုင် ဘစ်မတ်သည် မဟာဖရက်ဒရစ် (FREDERICK THE GREAT) နှင့် ခေတ်ပြိုင်သာဖြစ်ခဲ့ပါမူ ဂျာမနီနိုင်ငံကြီးတစ်ခုလုံးကို စုစည်းအောင်လုပ်နိုင်စွမ်း ရှိခဲ့မည်မဟုတ်။ ဆယ့်ကိုးရာစုနှစ်အတွင်းတွင်ဂျာမနီ ပြည်သူပြည်သားတို့သည် နိုင်ငံရေး စည်းလုံးမှုအတွက် အသင့်ရှိနေခဲ့လေရာ ယင်းအခွင့်အလမ်းကောင်းကို ဘစ်မတ်သည် မိမိရရ ဆုပ်ကိုင် ဖမ်းယူနိုင်ခဲ့သည်။

ဂျာမနီနိုင်ငံသည် နပိုလီယန်၏ စိုးမိုးအောင်နိုင်မှုကြောင့် ဂုဏ်သိက္ခာကျဆင်းခဲ့ရသည်။ စစ်ရေးကိစ္စတွင် ဂျာမနီသည် ပြင်သစ်တို့၏ပြဿနာကို နုရသည့် အခြေသို့ ဆိုက်ခဲ့ရသည်။ ယင်းအကျိုးရလဒ်၏ အကြောင်းရင်းကို ပြန်လည်ရှာဖွေကြည့်သောအခါ ဂျာမနီနိုင်ငံကြီးသည် ကိုယ့်မင်းကိုယ့်ချင်းဒေသငယ်ကလေးများဖြင့် အစိတ်စိတ်အမွှာမွှာ ကွဲပြားနေသောကြောင့် ဟုတွေ့မြင်ရသည်။ ယင်းကိုယ့်မင်းကိုယ့်ချင်း ဒေသငယ်ကလေးများကား တစ်ခုချင်းအနေနှင့် ပြင်သစ်ကို ဘယ်လိုမှ မယှဉ်ပြိုင်နိုင်။ ထို့နောက် နပိုလီယန်စစ်ပွဲများ ပြီးဆုံးသည့်အချိန်တွင် စက်မှုတော်လှန်ရေးသည် ဂျာမနီတွင် စတင်ဖြစ်ထွန်းလာသည်။ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုမရှိဘဲနှင့်

www.burmeseclassic.com



စက်မှုလုပ်ငန်းကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်၍မရနိုင်ကြောင်း ဂျာမနီနိုင်ငံသားတို့ သဘောပေါက်ကြသည်။ ဘစ်မတ် အာဏာမရခင် ဂျာမန်ပြည်နယ်ဒေသတို့သည် ပရပ်ရှားဘုရင့်နိုင်ငံတော်ကို စတင်ထူထောင်သည့် အနေနှင့် အခွန်ဘဏ္ဍာသမဂ္ဂတစ်ခုကို ဖွဲ့စည်းပြီးလေပြီ။ နောက်ထပ်လှမ်းမည့်ခြေလှမ်းမှာ နိုင်ငံရေးစည်းလုံးမှုပင်ဖြစ်သည်။ ဆိုသည့်အချက် ထင်ရှားသည်။ ဘစ်မက်အတွက် လမ်းခင်းပေးသူများဖြစ်ကြကုန်သော မဟာဖရက်ဒရစ်၊ စတိန်း (STEIN)နှင့် အခြားထင်ရှားသည့် ပရပ်ရှားနိုင်ငံခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် ပရပ်ရှားဘုရင်နိုင်ငံတော်သည် ၁၈၆၀ ခုနှစ်များအတွင်းတွင် ဂျာမနီနိုင်ငံကြီး ပေါင်းစည်းရေးအတွက် အစွမ်းထက်မြက်သော စစ်ရေးနိုင်ငံရေး အမြုတေတစ်ခုကို ဖြစ်ထွန်းစေခဲ့သည်။ နိုင်ငံ့ခေါင်းဆောင် ဘစ်မတ်သည်လည်း သိပ္ပံပညာရှင် ဒါဝင်နှင့် ဘာသာရေးသူတော်စင် စိန့်ဖရန်စစ်ကဲ့သို့ပင် ထူးခြားသော အခြေအနေရှိသည့် လူမှုဝန်းကျင်တွင် နေထိုင်လှုပ်ရှားခဲ့ရသူဖြစ်သည်။ သူ၏ ကြီးကျယ်မြင့်မြတ်မှုကို ပြသဖို့အတွက် အချိန်သင့်အခါသင့် ဖြစ်ခဲ့သည်။

တမန်တော်မိုဟာမက်ကိုကြည့်လိုက်ပါဦး။ သူ့စွမ်းရည်သက်သက်ဖြင့် လူ့သမိုင်းလမ်းကြောင်းကို ပြောင်းလဲစေခဲ့သည့် မဟာလူသားတစ်ဦးပုံမျိုးပင် ပထမတော့ ထင်မြင်ရပါသည်။ မိုဟာမက် သည် ဝေးလံခေါင်ဖျားဒေသများမှ ခေတ်နောက်ကျကျန်နေသော လူမျိုးတစ်မျိုးကို ဘုရားတစ်ဆူဝါဒ ဟောကြားခဲ့သည်။ သူ၏အယူဝါဒကို အစ္စလာမ်ဟု ခေါ်တါင်သည်။ ယင်းအစ္စလာမ် ဘာသာအတွင်းသို့ ဝင်ရောက်လာကြသော အာရတ်

www.burmeseclassic.com



လူမျိုးတို့ကိုပင် ယင်းအစ္စလာမ်ဘာသာအား အာရေဗျဒေသမှ သည် အိမ်နီးချင်းဒေသများဆီသို့ ပြန့်ပွားသွားအောင် စစ်ရေး နည်းဖြင့် သာသနာပြုဖို့ လှုံ့ဆော်သွေးထိုးခဲ့သည်။ ကြောင်းကျိုး ရှင်းလင်းနိုင်ခြင်း မရှိသဖြင့် ကြိုတင်တွက်ဆ၍ မရနိုင်သော သမိုင်းဖြစ်ရပ်တစ်ခု၏ ပုံစံအဖြစ် မိုဟာမက်၏ စွမ်းဆောင်ချက်နှင့် အကျိုးဆက်တို့ကို ရည်ညွှန်းတတ်ကြသည်။ သို့သော် မျက်လုံး ကောင်းကောင်းနှင့် သေသေချာချာ စစ်ကြည့်လိုက်မည်ဆိုပါမူ မိုဟာမက်၏ ခေတ်တွင် အာရေဗျဒေသသည် တော်လှန်ရေး တစ်ရပ်ဖြစ်လာတော့မည့် အခြေအနေ၌ ရောက်နေသည်ကို လည်းကောင်း၊ ယင်းတော်လှန်ရေးကြီးသည် ကျန်ကမ္ဘာ့ဒေသ များသို့ ရိုက်ခတ်မည့် အနေအထားကိုလည်းကောင်း မြင်တွေ့ရ ပေလိမ့်မည်။

၆၃၂ ခုနှစ်တွင် မိုဟာမက်သည် အာရေဗျဒေသကို နိုင်ငံရေးအရ စုစည်းခဲ့သည်။ ထိုအချိန်တွင် အာရေဗျဒေသ၏ မြောက်ဘက်အိမ်နီးချင်းများဖြစ်သော ရောမနှင့် ပါရှား အင်ပါ ယာများသည် တစ်ဖက်နှင့်တစ်ဖက် ရေရှည်စစ်ပွဲကြီး ဆင်နွှဲနေ ကြသည်။ တစ်ဖက်တစ်ဖက်က ယတိပြတ် နိုင်သွားအောင် လည်း မတတ်နိုင်ကြ။ သို့သော် ပျက်စီးမှုတွေတော့ ဖြစ်ကြလေ ရာ အင်ပါယာကြီးနှစ်ခုလုံး အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်နေ ကြပေသည်။ ယင်းအားကုန်နေသော အင်ပါယာကြီးနှစ်ခုသည် စည်းလုံးညီညွတ်သော အာရတ်စစ်တပ်အတွက် အလွယ်နှင့် အနိုင်ယူစရာ သားကောင်များ ဖြစ်နေပေတော့သည်။

အာရေဗျဒေသကို စည်းလုံးစေသည့် အင်အားသည် ကား မိုဟာမက်၏ ဘုရားတစ်ဆူဝါဒ (ဝါ) အစ္စလာမ်ဘာသာပင်

www.burmeseclassic.com



ဖြစ်ပေသည်။ သို့သော် အာရေဗျဒေသသည် ယခင်ကတည်းက ပင် ဘုရားတစ်ဆူဝါဒအတွက် အစစအရာရာ အသင့်ဖြစ်နေခဲ့ သည်။ မြေကို ထွန်ယက်ပြီး၍ မျိုးစေ့များကို စိုက်ပျိုးပြီးသား ဖြစ်နေခဲ့သည်။ နောက်အတော်ကြာမှ အသီးအပွင့်ကို ဆွတ်ခူးရန် မိုဟာမက် ရောက်ရှိလာခြင်းဖြစ်သည်။ မြောက်ဘက်ရှိ လခြမ်း ဒေသ (**THE FEXTILE CRESCENT**) နှင့် အနောက်တောင်ရှိ အီသီယိုးပီးယားဒေသတို့မှ ဦးစွာပထမ ဂျူးဘာသာသည်လည်း ကောင်း၊ ထို့နောက် ခရစ်ယာန်ဘာသာသည်လည်းကောင်း၊ အာရေဗျဒေသအတွင်းသို့ စိမ့်ဝင်နေခဲ့သည်။ အိမ်နီးချင်းဒေသတို့ တွင်ရှိသော ဘာသာရေးကျမ်းစာမျိုး မိမိတို့မှာ မရှိသည့်အဖြစ်ကို လည်း အာရတ်တို့ သိမြင်လာကြသည်။ မိုဟာမက်သည် အာရတ်ဘာသာဖြင့် ရေးသားထားသော ကျမ်းမြတ်ကိုရမ်ကို အာရတ်လူမျိုးတို့အား ပေးအပ်လိုက်ခြင်းဖြင့် သူတို့၏လိုအင်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ထို့ကြောင့် မိုဟာမက်၏ စွမ်းဆောင် ချက်သည် သူ့အရည်အချင်းသက်သက်ချည်းကြောင့်တော့ မဟုတ်။ ယင်းစွမ်းဆောင်ချက်တို့ကို ကြောင်းကျိုးရှင်းပြ၍ မရ နိုင်စရာလည်းမရှိ။ ထို့ကြောင့် ကြိုတင်တွက်ဆ၍ မရနိုင်သော အရာလည်း မဟုတ်တော့။ ဤကိစ္စတွင်လည်း သမိုင်းကို လှည့် ပြောင်းလိုက်သည့် ဖြစ်ရပ်သည် ပုဂ္ဂိုလ်ရေးကြီးကျယ်မှု နှင့် အခွင့် အလမ်းကောင်းတို့ ပေါင်းစည်းခြင်းပင် ဖြစ်နေပါသည်။

မိုဟာမက်သည်ကား ဘာသာရေးနယ်မှာရော နိုင်ငံ ရေးနယ်မှာပါ ကြီးကျယ်သူဖြစ်၏။ နိုင်ငံရေးခေါင်းဆောင်ကြီး နပိုလီယန်နှင့် ဘာသာရေးခေါင်းဆောင်ကြီး စိန့်ပေါ (**SAINT PAUL**) တို့၏ စွမ်းဆောင်ချက်များကို ကြည့်လိုက်မည်ဆိုလျှင်

www.burmeseclassic.com



လည်း ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးသည်လည်း အခွင့်အလမ်းကောင်းကို ရရှိလိုက်ကြသော ကံထူးသူများပင် ဖြစ်သည်ကိုသာ တွေ့ရပါမည်။ ပြင်သစ်စစ်တပ်အတွင်း အရာရှိတစ်ဦးဘဝ၌ နပိုလီယန်ရှိနေစဉ် ပြင်သစ်တော်လှန်ရေးကြီးသာ မဖြစ်ပွားခဲ့ပါက မထင်မရှားနေသွား သေသွားရမည်သာဖြစ်ကြောင်း ရှေ့မှာ တွက်ဆပြခဲ့ပြီ။ သို့သော် နပိုလီယံ၏ ကံကြမ္မာကို စီမံဖန်တီးမည့် နိုင်ငံရေးအဖြစ်အပျက်မှာ ပြင်သစ်တော်လှန်ရေးကြီး တစ်ခုတည်းမျှမဟုတ်ပါ။ ပြင်သစ်တော်လှန်ရေးကြီး မဖြစ်မီ ရာစုနှစ်များစွာကြအောင် ပြင်သစ်နိုင်ငံ၏ အိမ်နီးချင်းများဖြစ်ကြသော ဂျာမနီနှင့် အီတလီတို့သည် နိုင်ငံရေးအရ အစိတ်စိတ်အမွှာမွှာ ကွဲပြားနေကြလေရာ ပြင်သစ်နှင့် အခြားအင်အားကြီးနိုင်ငံများ၏ ပြုသမျှငုံ့ခံရမည့်အနေအထားမှာ ရောက်ရှိနေသည်။ နပိုလီယန်က ဂျာမနီအပေါ် စစ်နိုင်လိုက်သည့် အဖြစ်အပျက်သည်ပင် နောက်ပိုင်းကာလ ဆယ့်ကိုးရာစု၌ ဘစ်မတ်အတွက် အခွင့်အလမ်းကောင်းတစ်ခုကို ဖန်တီးပေးသည့် သမိုင်းဆိုင်ရာ အကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့ပေသည်။ ပရပ်ရှားနှင့် ဩစတြီးယားကို ကျန်ဂျာမနီဒေသများ၏ အရေးကိစ္စ၌ ဝင်ရောက်စွက်ဖက်နိုင်ခြင်း မရှိအောင် ဖယ်ထုတ်ပစ်လိုက်ခြင်း၊ ဩစတြီးယားကို အီတလီမှ ဖယ်ထုတ်လိုက်ခြင်း စသည်အားဖြင့် နပိုလီယန်သည်သူ၏အင်ပါယာကြီးကို ထူထောင်ခဲ့သည်။ ပြင်သစ်ပြည်အတွင်းသို့ နယ်မြေအသေးအမွှား ကလေးများကို တွဲဆက်လိုက်သည်။ ယင်းနယ်မြေများအကြား၌ အီတလီနှင့် ဂျာမနီကို ခွဲခြားထားလိုက်သည်။ ပထမတွင် ပြင်သစ်ပြည်၏ အရှင်သခင်အဖြစ် ထို့နောက် ဂျာမနီနှင့် အီတလီတို့၏ အရှင်သခင်အဖြစ် ရောက်ရှိ

www.burmeseclassic.com



အောင်စွမ်း ဆောင်နိုင်ခဲ့သည့် နပိုလီယန်၏ အောင်မြင်မှုအတွင်း မှာ အကြောင်းနှစ်ခုရှိသည်။ တစ်ကြောင်းမှာ သူ့ခေတ်မှာ ဖြစ်ပွားခဲ့သည့် ပြင်သစ်တော်လှန်ရေးကြီးဖြစ်သည်။ နောက်တစ် ကြောင်းမှာ ရာစုနှစ်များစွာအတွင်း တရွေ့ရွေ့ဖြစ်ထွန်းလာခဲ့ သော ဂျာမနီနှင့် အီတလီနိုင်ငံရှိ အခြေအနေတစ်ရပ်ဖြစ်သည်။ နပိုလီယန်၏ စွမ်းဆောင်ချက်သည် နပိုလီယန်၏ စွမ်းရည်သက်သက်ကြောင့်ချည်း ဖြစ်လာသည်မဟုတ်။

စိန့်ပေါ၏ စွမ်းဆောင်ချက်သည်လည်း နပိုလီယန်နှင့် မိုဟာမက်တို့၏ စွမ်းဆောင်ချက်များလိုပင် တော်လှန်သော သဘောကိုဆောင်၏။ သို့သော် နပိုလီယန်၏ အင်ပါယာကြီးကို တစ်ဒင်္ဂမျှသာ တည်တံ့ခြင်းမျိုးမဟုတ်ဘဲ မိုဟာမက်၏ စွမ်းဆောင်ချက်လို ရေရှည်တည်တံ့နေခဲ့သည်။ သို့သော် မိမိ၏ ပြောင်မြောက်သောစွမ်းရည်ကို ပြသနိုင်မည့် အခွင့်အခါကောင်းကို အမိအရ ဖမ်းဆုပ်ရယူနိုင်ခြင်းအရာ၌ကား မိုဟာမက်နှင့်ရော နပိုလီယန်နှင့်ပါ တူ၏။ စိန့်ပေါသည် ဂျူးဘာသာရေးဂိုဏ်းခွဲ တစ်ခုကို ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးတစ်ခုအဖြစ်သို့ ပြောင်းလဲ ပေးလိုက်သည်။ အလွန်အံ့ဩဖွယ်ကောင်းသော စွမ်းဆောင်ချက် ဖြစ်ပါသည်။ သို့သော် အချိန်အခါ မကိုက်ခဲ့ပါမူ စိန့်ပေါသည် ယင်းအလုပ်ကို လုပ်နိုင်ခဲ့မည်မဟုတ်ပါ။

မိုဟာမက်ခေတ်က အာရေဗျဒေသရှိ အာရတ်များကဲ့ သို့ပင် စိန့်ပေါခေတ်က ရောမအင်ပါယာရှိ အများပြည်သူတို့ သည်မိရိုးဖလာကိုးကွယ်လာခဲ့သော နတ်ဘုရားအများဝါဒအပေါ် စိတ်ကျေနပ်မှုမရှိကြ။ ဘုရားတစ်ဆူဝါဒကို ဆာလောင်မွတ်သိပ် နေကြသည်။ ထို့ကြောင့်ပင် မြေထဲပင်လယ်ဒေသ၏ မြစ်ဝှမ်း

www.burmeseclassic.com



တစ်လျှောက် အခြေစိုက်နေထိုင်ကြကုန်သော ဂျူးလူမျိုးစုတို့သည် ဂျူးလူမျိုး မဟုတ်သူတို့ကို စွဲဆောင်နိုင်ခဲ့ကြသည်။ ဂျူးလူမျိုးမဟုတ်သူများသည် ဂျူးလူမျိုးတို့၏ ဘုရားတစ်ဆူဝါဒကို လက်ခံကြသော်လည်း၊ ဂျူးလူမျိုးတို့ လိုက်နာကျင့်သုံးရသည့် ဓလေ့ထုံးစံ ကျင့်ဝတ်စည်းကမ်းတို့ကိုမူ သဘောမတူကြ။ သို့ဖြင့် ဂျူးလူမျိုးစုအတွင်း တင်ပြည့်ကျပ်ပြည့် မဝင်ရောက် ကြဘဲ တစ်ဝက်တစ်ပျက်သာ ဝင်ရောက်နေကြသည်။

ယေရှုကိုယ်တော်သည် ဘုရားပင်ဖြစ်ကြောင်းကို ဂျူးတို့ လက်ခံလာအောင် စိန့်ပေါ မလုပ်နိုင်ခဲ့။ လူသားတစ်ဦးကို ဘုရားအဖြစ် ယုံကြည်လက်ခံဖို့ကိစ္စမှာ ဂျူးလူမျိုးတို့အဖို့ ဂျူးဘာသာ၏ အနှစ်သာရကို ဖောက်ဖျက်လိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ဂျူးမဟုတ်သူတို့အဖို့မှာကား လူသားတစ်ဦးကို ဘုရားတစ်ဆူအဖြစ် သတ်မှတ်လက်ခံရခြင်းကိစ္စနှင့် အကျွမ်းဝင်ပြီး ဖြစ်၍ အဆင်ပြေလှသည်။ လူသားကို ဘုရားအဖြစ် သတ်မှတ် ခြင်းအစီအစဉ်တွင် လတ်တလော အသတ်မှတ်ခံရသူမှာ အင်ပါယာအရှင် ဩဂတ်စတပ် ဖြစ်သည်။ ဩဂတ်စတပ်သည် ကမ္ဘာဟောင်း **(OLD WORLD)**၏ အနောက် ဖျားဒေသတွင် ယဉ်ကျေးမှုကို မပျက်သုဉ်းရအောင် ထိန်းသိမ်းခဲ့သူဖြစ်သည်။ ဩဂုတ်စတပ်မတိုင်မီက မဟာအလက်ဇန္ဒြားနှင့် သူ့နောက်ဆက်ခံသူတစ်ပြုံတစ်မကြီးကို နတ်ဘုရားများအဖြစ် သတ်မှတ်ခဲ့ကြသည်။ အလက်ဇန္ဒြားမတိုင်မီ အီဂျစ်ပြည်၏ ဖာရိုဘုရင်များ **(PHARO AHS)** ကို ဘုရားများအဖြစ် သတ်မှတ်ခဲ့ကြသည်မှာ အနှစ်နှစ်ထောင်တော့ အနည်းဆုံးရှိမည်။ ထို့ကြောင့် ဂျူးဘာသာရေးကို လက်ခံကိုးကွယ်ကြသည့် ဂျူးလူမျိုးမဟုတ်သူများအနေနှင့်

www.burmeseclassic.com



ယေရှုအား ဘုရားအဖြစ် လက်ခံယုံကြည်ဖို့ အသင့်ဖြစ်နေခဲ့ သည်။ ထိုသို့ လက်ခံယုံကြည်နိုင်သည့် အကြောင်းကြောင့် ဂျူးလူမျိုးမဟုတ်သူတို့၏ ခရစ်ယာန်အဖွဲ့တစ်ခုအတွင်းသို့ ထိုသူများကို စိန့်ပေါက ဝင်ရောက်ခွင့်ပေးနိုင်ခဲ့သည်။ ထိုသို့ဝင်ရောက်ရာ၌ ဂျူးစည်းကမ်းဥပဒေကို လိုက်နာစရာ လုံးဝမလိုအပ်။ မြေထဲပင်လယ်ဒေသတစ်ဝှမ်းက တိုင်းပြည်များတွင် နေထိုင်ကြသော ဂျူးလူမျိုးနှင့် ဂျူးလူမျိုးမဟုတ်သူတို့၏ ရှေးသမိုင်းအခြေအနေသည် စိန့်ပေါအား အခွင့်အလမ်းကောင်း ပေးခဲ့သည်။

ဘီစီလေးရာစုတွင် စန္ဒြဂုပ္ပတမောရိယသည် အိန္ဒိယတိုက်ငယ်၏ ဒေသအများစုကို နိုင်ငံရေးအရ စုစည်းနိုင်ခဲ့သည်။ အင်ပါယာကြီးတစ်ခုကို ထူထောင်သူအနေနှင့် သူ့မှာ ပါရမီရှိသည်။ သို့သော် အခြေအနေ အခွင့်အလမ်းတို့ကလည်း သူ့ကို မျက်နှာသာပေးနေခဲ့သည်။ ယမုနာနှင့် ဂင်္ဂါမြစ်ဝှမ်းဒေသတွင် နိုင်ငံရေးစည်းလုံးမှုမှာ ရှိနှင့်ပြီးဖြစ်သည်။ အိန္ဒုမြစ်ဝှမ်းရှိ ဒေသတွင် နိုင်ငံရေးစည်းလုံးမှုမှာ မဟာအလက်ဇန္ဒြားက သိမ်းပိုက်အောင်နိုင်ထားသည်။ သို့သော် မဟာအလက်ဇန္ဒြား သေလွန်ပြီးနောက် ဆက်ခံသူတို့သည် သူတို့ဌာနေနှင့် ဝေးကွာလှမ်းလွန်းသော အိန္ဒုဒေသကို ဆက်လက်မထိန်းချုပ်နိုင်ကြ။ စန္ဒြဂုပ္ပတသည် အိန္ဒုမြစ်ဝှမ်းဒေသမှ မာစီဒိုနီယန်းခံတပ်များကို တွန်းလှန်တိုက်ထုတ်ပစ်နိုင်သည့် အခွင့်ကောင်းကို အရယူလိုက်သည်။ ထို့နောက် စုစည်းပြီးဖြစ်နေသော ယမုနာနှင့် ဂင်္ဂါလွင်ပြင်တို့ကို သိမ်းယူနိုင်ရန်အတွက် အိန္ဒုမြစ်ဝှမ်းဒေသကို အခြေခံစခန်းအဖြစ် အသုံးချသည်။ ရှေ့လူများက အသင့်ချထားခဲ့သည့် အခြေခံအုတ်မြစ်များကို မရရှိခဲ့ဘဲ အင်ပါယာကြီးကို သုညမှစ၍ ထူထောင်ရမည်

www.burmeseclassic.com



ဆိုလျှင် စန္ဒြဂုပ္ပတသည် လက်ရှိအောင်မြင်မှုတို့ကို ရအောင် စွမ်းဆောင်နိုင်ခဲ့မည်မဟုတ်။

ဂန္ဓာရီပညာကို အစ္စလာမ်မူရင်းအယူဝါဒနှင့် သဟဇာတဖြစ်သော အရာဟူ၍ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လက်ခံလာအောင် မွတ်စလင်ဂန္ဓာရီပညာရှင် အယ်ဂဇာလီ (ALGHAZALI)က ဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်။ ထာဝရဘုရားသခင်ကို သက်ဝင်ယုံကြည်သော ဘာသာရေးတစ်ခု၏ အာဏာပိုင်များအဖို့ ဂန္ဓာရီပညာသည် သံသယဖြစ်စရာ ပညာသာဖြစ်လေရာ ယင်းပညာကို လက်ခံလာအောင် စည်းရုံးနိုင်ခဲ့သော ဂဇာလီ၏ သံတမန်အရည်အသွေးကား ပြောင်မြောက်လှပေသည်။ ဂန္ဓာရီပညာ၏ ရည်ရွယ်ချက်မှာ လူသားနှင့် ဘုရားသခင်အကြားရှိ အတားအဆီးကို ဖြိုဖျက်ဖယ်ရှားပစ်ရန် ဖြစ်၏။ သို့သော် ဘုရားသခင်ကို သက်ဝင်ယုံကြည်သူအဖို့မှာ ဘုရားသခင်သည်လည်းကောင်း၊ လူသားသည်လည်းကောင်း သီးခြားပုဂ္ဂိုလ်များဖြစ်သဖြင့် ယင်းနှစ်ခု ပေါင်းစည်းသွားပါက ယင်းတို့၏ သီးခြားဖြစ်မှု ပျောက်ပျက်ပြီး တစ်ခုတည်းသောအရာဖြစ်သွားပါမည်။

ထို့ကြောင့်ပင် မွတ်စလင်ဂန္ဓာရီပညာရှင်များနှင့် ခရစ်ယာန်ဂန္ဓာရီပညာရှင်များ ရံဖန်ရံခါ ရက်ရက်စက်စက် ပြုမူခံရခြင်းဖြစ်၏။ ဂဇာလီမတိုင်မီက မိမိကိုယ်ကို ဘုရားသခင်နှင့် အတူတူဖြစ်သည်ဟုဆိုသော မွတ်စလင် ဂန္ဓာရီပညာရှင် အယ်ဟာလာ (AL-HALLAI)ကို သုတ်သင်ပစ်ကြသည်။ အဘယ်ကြောင်းကြောင့် အစ္စလာမ်ဘာသာရေးနှင့် ဂန္ဓာရီပညာကို သဟဇာတဖြစ်အောင် ဂဇာလီ လုပ်နိုင်ခဲ့လေသနည်း။ ဂဇာလီ၏

www.burmeseclassic.com



ခေတ်တွင် အစ္စလာမ်ကမ္ဘာကြီးသည် စစ်မက်ဖြစ်ပွားနေ၏။ ထို့ကြောင့် ဘုရားသခင်နှင့် ပိုမိုရင်းနှီးနီးကပ်ရာမှ ရမည့် ပုံပိုး ဖြေသိမ့်မှုကို မွတ်စလင်တို့ တောင့်တနေကြ၏။ သူတို့အလိုရှိနေကြသည့် ဘုရားသခင်မှာ အစ္စလာမ် မူရင်းအယူဝါဒ၌ ဖော်ပြပါရှိသော ဘုရားသခင်ကဲ့သို့ လူသားနှင့် အလှမ်းဝေးလွန်းပြီး ကြောက်ရွံ့ဖွယ်မကောင်းစေရ။ ဂဇာလီသည် ယင်းသို့သော စိတ်ဓာတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အသစ်တို့ကို တွေ့ကြုံခဲ့ရသည်။ ထို့ကြောင့်ပင် အယ်ဟာတာ မတတ်နိုင်ခဲ့သည့်အလုပ်ကို သူ စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်၏။ အကယ်၍ သူသည် အယ်ဟာလာ၏ ခေတ်ကာလမှာသာ လူဖြစ်ခဲ့ပါမူ အယ်ဟာလာ၏ ကံကြမ္မာကိုမျှဝေခံစားရပေလိမ့်မည်။

အစ္စလာမ်ဘာသာရေးသမိုင်း၏ အစောပိုင်းတွင် အဘူမွတ်စလင် (**ABU MUSLIM**) သည် တမန်တော်မိုဟာမက်၏ တော်လှန်ရေးမျိုးနှင့် အလားတူသော နိုင်ငံရေးတော်လှန်မှုတစ်ရပ်ကိုဦးဆောင်ဖန်တီးခဲ့ဖူးသည်။ သူ၏ တော်လှန်ရေးကိုကြည့်လိုက်လျှင် ပထမတော့ ရုတ်ချည်း ပေါ်ထွန်းလာသလို ထင်မြင်ရသည်။ သို့သော် အဘူမွတ်စလင်သည် မြေအောက်ဝါဒဖြန့်ချိရေးကို သုံးနှစ်ကြာအောင် လုပ်ပြီးမှ ဥမေယတ် (**UMAYYARD**) မင်းဆက်အား ဖြိုဖျက်လိုက်သည့် တော်လှန်ရေးလှုပ်ရှားမှုကို ထင်ထင်ပေါ်ပေါ် လုပ်နိုင်ခြင်းဖြစ်သည်။ အဘူမွတ်စလင်သည် ပါရမီရှိသော တော်လှန်ရေးခေါင်းဆောင်တစ်ယောက်လည်း ဖြစ်သည်။ ထို့အပြင် လောင်စာကလည်း အသင့်ရှိနေသောကြောင့် တော်လှန်ရေးမီးကြီး ဟုန်းဟုန်းတောက်လောင်ကျွမ်း အောင်လုပ်နိုင်သည့် အခွင့်အလမ်းကောင်းကိုလည်း ရရှိခဲ့၏။

www.burmeseclassic.com



ခေါင်းဆောင်တစ်ယောက်၏ နောက်လိုက်များသည် ခေါင်းဆောင်၏ နောက်လိုက် မလိုက်ပဲ သပိတ်မှောက်နေပါမူ ပါရီမအရှိဆုံး၊ အစွမ်းအထက်ဆုံးဆိုသည့် ခေါင်းဆောင်များပင် ဘာမှမတတ်နိုင်ဘဲ ဖြစ်ရပါသည်။ ပါရှားအင်ပါယာကြီးအပေါ် မဟာအလက်ဇန္ဒြား၏ အောင်ပွဲခံမှုသည် ဖခင်ဖြစ်သူ ဖိလစ်ဘုရင်ကြီး ထူထောင်ပြီး အမွေပေးခဲ့သော အင်အားကောင်းလှသည့် စစ်တပ်ကြီးကြောင့်ဖြစ်သည်။ ယင်းစစ်တပ်ကြီးသည် အလက်ဇန္ဒြား၏ အမိန့်ကို နာခံနေသရွေ့ အလက်ဇန္ဒြားသည် ဘယ်တော့မှ စစ်ရှုံးမည်မဟုတ်။ ယင်းစစ်တပ်ကြီးသည် ပန်ဂျပ်ပြည်နယ်၏ မြစ်ကြီးငါးသွယ်အနက် အရှေ့တောင်ဘက် အစွန်ဆုံးက ဘီယား (BEAS)မြစ်ကမ်းနဖူးသို့ ရောက်လေသော် ရှေ့သို့ ဆက်လက်ချီတက်ရန် လက်သင့်မခံ ငြင်းဆန်လေတော့သည်။ ထိုအခါ အလက်ဇန္ဒြားသည် လက်လျှော့ပြီး တစ်ခေါက်ပြန်လာရတော့သည်။ အလက်ဇန္ဒြား၏ အစွမ်းမှာ သူ့စစ်တပ်က ခွင့်ပြုသည့်အတိုင်း အတာလောက်သာ ရှိပါသည်။ အကယ်၍ ခမည်းတော် ဖိလစ်ဘုရင်ကြီးသာ အင်အားကြီးမားသည့် စစ်တပ်ကြီးတစ်တပ်ကိုလည်း မထူထောင်ခဲ့၊ အချင်းချင်းစစ်ဖြစ်နေကြသော ဂရိမြို့ပြ နိုင်ငံများကို ငြိမ်းချမ်းအောင်လည်း မလုပ်နိုင်ခဲ့ဆိုပါမူ အလက်ဇန္ဒြားသည်လည်း ဂရိဒေသ၏ အနားစွန်းပေါ်က နိုင်ငံငယ်လေးတစ်ခုကို အုပ်ချုပ်သူအဖြစ်ဖြင့်သာ နေသွားသေသွားရပါလိမ့်မည်။

ဂရိမြို့ပြနိုင်ငံတို့သည် နိုင်ငံရေးအရ စည်းလုံးမှုမရှိဘဲ အကွဲကွဲအပြားပြား ဖြစ်နေသရွေ့ ပါရှားအင်ပါယာကြီးသည် ဘေးမသီရန်မခ လုံခြုံနေပါမည်။ အကယ်၍ အလက်ဇန္ဒြားသည်

www.burmeseclassic.com



ဖိလစ်ဘုရင်ကြီး၏ သားမဟုတ်မူဘဲ ဖခင်သာဖြစ်ခဲ့ပါမူ အလက်ဇန္ဒြား၏ ကြီးမားသော နိုင်ငံရေး၊ စစ်ရေးစွမ်းရည်သည် နယ်ခြားစစ်ပွဲငယ်များကို အောင်ပွဲခံနိုင်ရုံမျှအတွက်သာ ဖြစ်ခဲ့ပါလိမ့်မည်။

ကြီးကျယ်သောပုဂ္ဂိုလ်၏ ကံကြမ္မာကို ဆုံးဖြတ်ရာတွင် ယင်းပုဂ္ဂိုလ်၏ ပတ်ဝန်းကျင်အခြေအနေသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို အလက်ဇန္ဒြား၏ အဖြစ်အပျက်တို့က သရုပ်ဖော်ပြသနေပါသည်။ ထို့အပြင် တစ်ယောက်ထက်မကသောလူတို့က လျှပ်ရှားမှုတစ်ခုကို တစ်ပြိုင်နက်တည်း လုပ်မိတတ်ခြင်း၊ အသစ်တစ်ခုကို တစ်ပြိုင်နက်တည်း တွေ့ရှိမိတတ်ခြင်းအဖြစ်ကလည်း သရုပ်ဖော်ပြနေပါသေးသည်။ ခရစ်သက္ကရာဇ် ခုနှစ်ရာစုအတွင်းတွင် မိုဟာမက်သည် အာရေဗျဒေသ၌ အောင်မြင်သော တမန်တော်ဖြစ်ပါသည်။ သို့သော် သူလုပ်သည့်အလုပ်မျိုးကို အခြားသူတစ်ယောက်ကလည်း လုပ်နေသေး၏။ ထိုသူမှာ မက်လာမာ (MASLAMAH) ဟူသော သူဖြစ်၏။ ယင်းပြိုင်ဘက်ကား မိုဟာမက်လို အောင်မြင်မှု မရရှိ။ ၁၈၅၀ ခုနှစ်များအတွင်းတွင် ချားဒါဝင်နှင့် အဲဖရက်ရပ်ဆယ်ဝေါလေ့ (ALFRED RUSSELL WALLACE) ဟူသော အင်္ဂလိပ်လူမျိုးနှစ်ဦးသည် "ဖန်ဆင်းရှင် အယူအဆမပါဘဲ ကမ္ဘာမြေပေါ်ရှိ သက်ရှိမျိုးစိတ်များ ကွဲပြားရပုံအကြောင်းကို ရှင်းလင်းပြနိုင်သည်" ဟူသော ကောက်ချက်ကို တစ်ပြိုင်နက် ရောက်ခဲ့ကြပါသည်။ ၁၈၆၀ ခုနှစ်များအတွင်းမှာလည်း ဝှိုက်နိုင်းမြစ် (WHITE NILE) ဖြစ်ဖျားအစကို စတင်တွေ့ရှိပြီဟု ပြောဆိုသူ အင်္ဂလိပ်လူမျိုးသုံးဦး ရှိခဲ့၏။

စွမ်းရည်နှင့် အခွင့်အလမ်းတို့တွင် ပိုမိုအရေးပါသည်မှာ

www.burmeseclassic.com



အခွင့်အလမ်းဖြစ်ကြောင်းကို ယင်းကဲ့သို့ လူနှစ်ဦးသုံးဦး တစ်ပြိုင်တည်း လုပ်ကြတွေ့ကြသည့်အဖြစ်က ထောက်ခံနေပါသည်။ ခုနစ်ရာစုနှစ်တွင် အာရေဗျဒေသအတွင်း ဘာသာရေး ဖွံ့ဖြိုးတိုးတက်မှုသည် ဘုရားတစ်ဆူဝါဒကို ဟောကြားမည့် တမန်တော်တို့အတွက် အခွင့်အလမ်းကောင်းရမည့် အဆင့်သို့ ရောက်ရှိခဲ့သည်။ ၁၈၅၀ ခုနှစ်များအတွင်း အင်္ဂလန်နိုင်ငံအတွင်းရှိ သိပ္ပံဆိုင်ရာ အသိပညာတိုးတက်မှုသည် သက်ရှိဘဝ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကို ရှင်းလင်းပြနိုင်ရန်အတွက် သဲလွန်စပေးနိုင်သည့် အဆင့်သို့ ရောက်ခဲ့သည်။ ၁၈၆၀ ခုနှစ်များအတွင်း ဥရောပသား နယ်သစ်ရှာဖွေသူများသည် အာဖရိကတိုက်အတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ရာ ဗိုက်တိုရီးယားရေတံခွန်ကို ရောက်သည့် ပထမဆုံး ဥရောပသားဟူသော ဘွဲ့ထူးအတွက် ယှဉ်ပြိုင်နိုင်သည့်အဆင့်သို့ ရောက်ခဲ့သည်။

အချိန်ကာလ၏ အရေးပါမှုကို အချိန်စောနေသဖြင့် မအောင်မြင်ရသည့်ကိစ္စများ၊ သေလွန်ပြီးချိန်ရောက်မှ အောင်မြင်မှုရသည့် ကိစ္စများဖြင့် သရုပ်ဖော်နိုင်ပါသေးသည်။

အင်္ဂလန်နိုင်ငံ၏ သိပ္ပံပညာတိုးတက်မှုသမိုင်းတွင် ရော်ဂျာဘေကွန် (ROGER BACON)သည် ခေတ်စောပြီး လူဖြစ်လာလေရာ သူ့စွမ်းဆောင်ချက်တို့ကို ခေတ်ပြိုင်ပုဂ္ဂိုလ်တို့က နားမလည်နိုင်ဖြစ်ကြပြီး အရေးမစိုက် လျစ်လျူရှုခဲ့ပါသည်။ ဖရန်စစ်ဘေကွန် (FRANCIS BACON) သည်လည်း ကတိခံနယ်မြေ (PROMISED LAND) ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်လောက်အောင် နီးကပ်ခဲ့သော်လည်း ခြေချနိုင်သည့်အဆင့်သို့မူ မရောက်ခဲ့။ သို့သော် ဖရန်စစ်ဘေကွန်၏ ကြိုတင်သိခြင်းချက်

www.burmeseclassic.com



တို့သည် နောက်မျိုးဆက်သစ် သိပ္ပံပညာရှင်တို့ကို အားပေးလှုံ့ဆော်ခဲ့ရာ ၁၆၆၀ ခုနှစ်၌ တော်ဝင်သိပ္ပံအသင်းကြီး (ROYAL SOCIETY ကို ထူထောင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အသိပညာရာသီဥတုသည် သာယာကောင်းမွန်လာပြီး သိပ္ပံပညာသည်လည်း အရှိန်အဟုန်ပြင်းပြင်းနှင့် အစဉ်တစိုက် တိုးတက်လာပါတော့သည်။

အချိန်စောသည့် အဖြစ်ကို နိုင်ငံရေးနယ်ပယ်ရှိ ဖြစ်ရပ်ပုံစံတို့ဖြင့် သရုပ်ဖော်နိုင်သည်။ ဘီစီ ၂၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် နိုင်ငံရေးအရ တစ်ခုတည်းဖြစ်ခဲ့သည်။ သို့သော် ထိုအချိန်မှစ၍ တရုတ်လူမျိုးတို့သည် ပြဿနာကြီးတစ်ခုနှင့် နပမ်းလုံးနေခဲ့ရသည်။ ဆွေမျိုးသားချင်း ကောင်းစားရေးအတွက် အာဏာကို အလွဲသုံးနိုင်သည့် ရာထူးမျိုးမပါရှိသော အုပ်ချုပ်ရေးတစ်ခု ဖန်တီးရေးပြဿနာကြီးဖြစ်သည်။ ခရစ်သက္ကရာဇ် ပထမရာစုနှစ်တွင် ယင်းပြဿနာကြီးကို ဝမ်မမ်း (WANG MANG) က ပထမဆုံး စတင်ကြိုးပမ်း ဖြေရှင်းခဲ့သည်။ ထို့နောက် ဆယ့်တစ်ရာစု ဒုတိယပိုင်းတွင် ဝမ်အမ်ရှီ (WANGAN-SHIH) က ဒုတိယအကြိမ် ထပ်မံကြိုးစားပြန်သည်။ တတိယကြိုးပမ်းမှုမှာ နှစ်ဆယ်ရာစုအလယ်ပိုင်းရောက်မှ ဖြစ်ပေါ်လာသည်။ တတိယအကြိမ်ရောက်မှ မန်ဒရင်းမှူးမတ်အသိုင်းအဝိုင်းကို နေရာမပေးသည့် အုပ်ချုပ်ရေးတစ်ခုအတွက် အချိန်သင့်အခါသင့် ဖြစ်တော့သည်။ တရုတ်လူမျိုးတို့သည် မန်ဒရင်းမှူးမတ်တို့၏ဒဏ်ကို အနှစ်နှစ်ထောင်ခန့် ခံစားခဲ့ရသည်။ ယင်းသို့ ဝဋ်အောင် ခံစားရပြီးမှပင် အဆုံးသတ်အားထုတ်မှုကြီးကို ပြုနိုင်ခဲ့ကြသည်။ ယင်းသည်ပင် ယဉ်ကျေးမှုတော်လှန်ရေး၏ ရည်မှန်းချက် ဖြစ်ခဲ့ပုံရသည်။

www.burmeseclassic.com



ဧေယဂရေခပ် (GAIUS GRACCHUS) သည် ဘီစီ ၁၂၃ ခုနှစ်အတွက် ရောမ ဓနသဟာယအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး အဖြစ်အရွေးခံရသည်။ ယင်းသို့ အရွေးမခံရမီပင် မြေထဲပင် လယ်ဒေသတစ်ဝှမ်းလုံးကို လွှမ်းခြုံနေပြီဖြစ်သော အင်ပါယာကြီး ကို အုပ်ချုပ်ဖို့ ရောမမှူးမတ် အုပ်ချုပ်ရေးအဖွဲ့သည် မသင့်တော် တော့ပြီကို သူ ကြိုတင်သိမြင်သည်။ အကယ်၍ သူ့မှာသာ လုပ်ပိုင်ခွင့်အာဏာ အပြည့်ရှိနေခဲ့လျှင် သူ့ကိုယ်သူ မှူးမတ် အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်မှ သက်တော်ရှည်အာဏာရှင်အဖြစ် ပြောင်းလဲပစ်လိုက်ပါမည်။ မှူးမတ်အုပ်ချုပ်ရေးထံမှ နိုင်ငံရေး အခွင့်ထူးများကို ဖယ်ရှားပစ်လိုက်ခြင်းဖြင့် ရောမအင်ပါယာသား တို့အတွက် အစိုးရကောင်းတစ်ခုကို ပေးခဲ့ပါလိမ့်မည်။ သို့သော် ဧေယုမှာ ခေတ်စော၍ လူဖြစ်ခဲ့လေရာ သူ့အစ်ကိုတော် တိုင်ဘား ရီးယပ် (TIBERIUS)ကဲ့သို့ပင် ဆိုးဝါးသောဇာတ်သိမ်းနှင့် တွေ့ ကြုံသွားရပါသည်။ နောက်ရာစုနှစ်သို့ရောက်သော် ဧေယု မအောင်မြင်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဩဂတ်စတပ်က ခလုပ်မထိ ဆူးမငြိဘဲ လုပ်နိုင်ခဲ့သည်။ ဩဂတ်စတပ် အောင်မြင်ရသည့်အကြောင်းမှာ အချိန်အခါနှင့် အံဝင်ခွင်ကျသော ကြောင့် ဖြစ်သည်။ နှစ်တစ်ရာတိုင်တိုင် ပြည်တွင်းစစ်တွေဖြစ်၊ နိုင်ငံရေး ကသောင်းကနင်းဖြစ်သောကြောင့် ရောမလူမျိုးတို့သည် သမားရိုးကျ အုပ်ချုပ်ရေးစနစ်ကို စွန့်လွှတ်လိုက်ပြီး စနစ်ကျ သော အုပ်ချုပ်ရေးအသစ်ကို လက်ခံလိုက်ကြသည်။

သေလွန်ပြီးနောက်မှ အောင်မြင်မှုရရှိသည့် ဖြစ်ရပ်တို့ လည်း အထင်အရှားရှိသည်။ အသက်ရှင်စဉ်တုန်းက လျစ်လျူရှု ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းခံရသော အစ္စရေးနှင့် ပါလက်

www.burmeseclassic.com



စတိုင်းဒေသ၏ တမန်တော်များသည် ယေရှု၏ ခေတ်သို့ရောက်သော် ပြန်ပြီး ရိုးသေလေးစားခြင်း ခံကြရသည်။ ကွန်ဖျူးရှပ်သည် နိုင်ငံဝန်ထမ်းတစ်ယောက်အဖြစ် အောင်မြင်မှုမရရှိသောကြောင့် ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးအတွေးအခေါ်ကို သင်ပေးသည့် ဆရာဘဝသို့ ကူးပြောင်းခဲ့ရသည်။ နိုင်ငံရေးအရ တရုတ်နိုင်ငံကြီး စုစည်းပြီးသည့်နောက်တွင် ကွန်ဖျူးရှပ်၏ ဟောကြားချက်တို့ကို တရုတ်အင်ပါယာကြီး၏ နိုင်ငံဝန်ထမ်းဆိုင်ရာ ပညာရေးနှင့် လမ်းညွှန်အဖြစ် သတ်မှတ်လိုက်ကြသည်။ ကွန်ဖျူးရှပ်သည် တရုတ်ပြည်ကြီး စုစည်းသွားမည့်အဖြစ်ကို ကြိုတင်မသိမြင်ခဲ့။ ယင်းအဖြစ်သည် နိုင်ငံရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှုတစ်ခုဖြစ်၍ ရှေးရိုးစဉ်လာသမားဖြစ်သော ကွန်ဖျူးရှပ်အနေနှင့် သဘောကျကောင်းမှ ကျပေလိမ့်မည်။ ဇီဝဗေဒဘာသာရပ်နယ်တွင် မင်ဒယ် (MENDEL)၏ တွေ့ရှိချက်မှတ်တမ်းတို့ကို နှစ်ပေါင်းများစွာကြာအောင် လျစ်လျူရှုခဲ့ကြသည်။ မျိုးရိုးဗီဇဆိုင်ရာ သိပ္ပံပညာ အတော်ကြီးတိုးတက်လာသောအခါကျမှ ယင်းတွေ့ရှိချက်များ အရေးပါပုံကို လက်ခံလာကြသည်။

ခေါင်းဆောင်မှုကိစ္စတွင် အောင်မြင်မှုရရန်အတွက် မပါမဖြစ်သည့် အကြောင်းရင်းတစ်ရပ်မှာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိုးထွင်းသိမြင်မှုနှင့် စာနာထောက်ထားမှုဖြစ်သည်။ ခေါင်းဆောင်သည် နောက်လိုက်တို့ကို သူနှင့်အတူ ပါအောင် ခေါ်ဆောင်ရမည်ဖြစ်သည်။ ယင်းသို့ မခေါ်ဆောင်နိုင်လျှင် သူ၏စွမ်းရည်ပါရမီမှာ ပျက်ပြားသွားမည်ဖြစ်၏။ မဟာအလက်ဇန္ဒြားကို သူ့စစ်သားတို့က ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်ကြစေကာမူ သူတို့ဆန္ဒထက် ပိုပြီးခိုင်းစေမိသည့်အခါ နောက်ပြန်

www.burmeseclassic.com



ဆုတ်ခဲ့ရသည့်အခြေသို့ ဆိုက်ခဲ့ရသည်။ သည်းခံစိတ်ရှည်မှုမရှိဘဲ နိုင်ငံထက်စီးနင်း ခိုင်းစေတတ်သည့် ခေါင်းဆောင်တို့သည် ဆန့်ကျင်မှုတွေကို ဖန်တီးမိရက်သား ဖြစ်တတ်သည်။ ယင်းဆန့်ကျင်မှုတို့က လုပ်ခဲ့သည့် အလုပ်များကို ပြန်ဖျက်ဆီးပစ်တော့သည်။ တရုတ်ပြည်ကြီးကို ဦးစွာစုစည်းခဲ့သူ ချင်ရှီဝမ်တီသည် တရုတ်အင်ပါယာကြီး၏ အုပ်ချုပ်ရေးကို အစမွနည်းလမ်းဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ရာ သူသေသည်နှင့်တစ်ပြိုင်နက် ပုန်ကန်ထကြွမှုကြီးတစ်ခုပေါ်ပေါက်လာပြီး မင်းမဲ့အခြေအနေနှင့် ပြည်တွင်းစစ်ဖြစ်ပွားလာတော့သည်။ တရုတ်ပြည်ကို ဒုတိယအကြိမ် ပြန်လည်စုစည်းသူ ဟန်လျူပင် (**HANG LIUPANG**) သည် ရှေ့လူ၏အမှားမှ သင်ခန်းစာကို ကောင်းကောင်းယူတတ်သူဖြစ်၏ သူသည် အလောတကြီးမဟုတ်ဘဲ စိတ်ရှည်ရှည်ထားပြီး ဖြည်းဖြည်းချင်းသာလုပ်၏ ရှီဝမ်တီ ဆယ့်နှစ်နှစ်အတွင်း လုပ်ခဲ့သည့်အလုပ်တို့ကို လျူပင်နှင့် သူ့နောက်ခံတို့က ခုနှစ်ဆယ့်ငါးနှစ်ကြာအောင်လုပ်၏ ထို့ကြောင့် သူတို့၏အလုပ်မှာ ရေရှည်ခံ၏။

ကြဂတ်စတပ်၏ ဦးရီးတော်လည်းဖြစ်၊ ပထွေးတော်လည်းဖြစ်သူ ဂျူလီယက်ဆီဆာသည် သူ့ရှေ့က ခေယုညီနောင်နှစ်ပါးလိုပင် ဆိုးဝါးသော နိဂုံးနှင့် ကြုံတွေ့ခဲ့ရသည်။ စင်စစ် ဩဂတ်စတပ်သည် စွမ်းရည်အရာတွင် ဆီဆာကို မပြိုင်နိုင်ပါ။ သို့သော် ဩဂတ်စတပ်သည် ဆီဆာလိုမဟုတ်ဘဲ သတိတရားကြီးကြီး ပရိယာယ်ကြွယ်ကြွယ်နှင့် လုပ်ကိုင်၏။ ထို့ကြောင့် သူ့စွမ်းဆောင်ချက်တို့မှာ ရေရှည်တည်တံ့ခဲ့ပြီး ဆီဆာ၏စွမ်းဆောင်ချက်တို့မှာတော့ လေနှင့်အတူ လွင့်မျောသွားတော့သည်။

www.burmeseclassic.com



စိတ်မရှည်ခြင်းနှင့် နိုင်ထက်စီးနင်းလုပ်တတ်ခြင်းသည် ပြုပြင်ပြောင်းလဲရေးသမား ဖာရိုအက်ခနာတန် (PHAROAH AKHENATEN)၏ ပျက်စီးမှု ဖြစ်ခဲ့သည်။ သူ၏ နိုင်ထက်စီးနင်းလုပ်တတ်မှုကြောင့် အီဂျစ်ဘာသာရေးအဖွဲ့က အကြီးအကျယ် မကျေနပ်။ မောက်မာမှုကြောင့် အီဂျစ်ပြည်သူတို့က လည်း မထောက်ခံ။ ပုပ်ရဟန်းမင်း သတ္တမမြောက် ဂျော့သည်လည်း အက်ခနာတန်နှင့်တူသည်။ သူ၏ ရန်လိုမှုက ဆိုးကျိုးတို့ကိုသာ ဖြစ်စေခဲ့သည်။ သတ္တမမြောက်ဂျော့၏ရှေ့က နဝမမြောက်လီယိုကမူ အုပ်ချုပ်ရေးအဖွဲ့ဝင်တို့ကို ရန်သူအဖြစ် ရန်သူအဖြစ်သို့ မရောက်စေရဘဲ ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်နိုင်သည့် အတတ်ပညာကို ပိုင်ဆိုင်သူဖြစ်သည်။ သတ္တမမြောက် ဂရီဂိုရီအား ဆက်ခံသူ ဒုတိယမြောက် အာဘန် (URBURN II) တွင်လည်း လူထုကြီးအား ဘာသာရေးကိုင်းရှိုင်းမှု ဖြစ်ပေါ်လာအောင် နှိုးဆွပေးနိုင်သည့် အတတ်ပညာရှိသည်။ ဂရီဂိုရီကမူ ယင်းအတတ်ပညာ နှစ်ခုလုံး ချို့တဲ့လေရာ သူ၏ဆောင်ရွက်ချက်တို့သည် ဆုံးရှုံးခြင်းနှင့်သာ နိဂုံးချုပ်ခဲ့ရပါသည်။ သတ္တမမြောက်ဂရီဂိုရီ၊ အက်ခနာတန်၊ ဆီဆာတို့၏ နိုင်လိုမင်းထက် စိတ်ဓာတ်မျိုးပိုင်ဆိုင်သူဝမ်အမ်ရှိသည်လည်း မအောင်မြင်ဘဲ ရှုံးနိမ့်ခဲ့ရပါသည်။

စာနနားလည်မှုကြောင့် အောင်မြင်ခဲ့ရသည့်ပုံစံတို့တွင် အထင်ရှားဆုံးမှာ မိုဟာမက်၏ စွမ်းဆောင်ချက်ဖြစ်သည်။ မိုဟာမက်သည် သူ့ခေတ်၏ သဘောသဘာဝနှင့် တစ်သားတည်းကျအောင် နေထိုင်ခဲ့သူဖြစ်လေရာ သူ့ခေတ်က အာရတ်လူမျိုးတို့၏ လိုအင်ဆန္ဒကို သူကိုယ်တိုင်လည်း ခံစားသိရှိခဲ့ရပြီး အိမ်နီးချင်းတွကတစ်ဆင့်လည်း သိမြင်ခဲ့ရသည်။ ယင်းအလိုဆန္ဒသည်

www.burmeseclassic.com



ကား အာရတ်ဘာသာဖြင့် ရေးသားထားသော ဘုရားတစ်ဆူဝါဒ ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် သူ၏ သာသနာပြုအလုပ်သည် အလွန်ခက်ခဲမည်ကိုလည်း သူသိခဲ့သည်။ အခက်ခဲဆုံး အလုပ်မှာ သူ့ဇာတိမြို့ မက္ကာ (MECCA)တွင် နေထိုင်ကြသည့် ကိုရိုက် (QURAYSH) လူမျိုးစုတို့အား သူ့ဘာသာအတွင်းသို့ ကူးပြောင်းလာအောင်လုပ်ရေး ဖြစ်ပါသည်။ ကိုရိုက်လူမျိုးစုတို့ကို အစ္စလာမ်ဘာသာဝင်းများအဖြစ် သွတ်သွင်းချင်သည်မှာ အကြောင်းနှစ်ခု ရှိသည်။ မိမိ၏ဆွေမျိုးရင်းချာ များဖြစ်သောကြောင့်တစ်ကြောင်း၊ တိရစ္ဆာန် မွေးခြင်းအလုပ်ဖြင့် လှည့်ပတ်သွားလာနေသော အာရတ်လောကတွင် ယင်း ကိုရိုက်လူမျိုးစုသည် လူရည်လည်သော ကုန်သည်အုပ်စု ဖြစ်နေသောကြောင့် တစ်ကြောင်း ဖြစ်သည်။ သို့သော် ကိုရိုက်တို့ကား မိုဟာမက်၏ ဘုရားတစ်ဆူဝါဒအပေါ် အဆိုးမြင်နေကြသည်။ သူတို့၏ စီးပွားကြီးပွားကို ဖျက်ဆီးပစ်မည့်အရာဟု ယုံကြည်နေကြသည်။ ရောင်းဝယ်ဖောက်ကားမှုဖြင့် အသက်မွေးကြသော ကိုရိုက်လူမျိုးစု၏ ကုန်သည်အလုပ်မှာ မက္ကာရှိ ဘုရားကျောင်းကြီး၏ စည်ကားတိုးတက်မှုအပေါ်တွင် အမှီပြုနေသည်။ ကဘာ (KABAH) ဟု အမည်တွင်သည့် ယင်းဘုရားကျောင်းကြီးသည် ကားဘုရားတစ်ဆူတည်းအတွက် ရည်စူးထားသည့် ကျောင်းကြီး မဟုတ်ဘဲ ဘုရားအများအတွက် ရည်စူးထားသည့် ကျောင်းကြီး ဖြစ်ပါသည်။

မိုဟာမက်၏ စာနာစိတ်နှင့်ယှဉ်သော အသိပညာသည် အောင်ပွဲကြီးနှစ်ခုကို ဆွတ်ခူးရရှိစေသည့် အရည်အချင်းပင် ဖြစ်သည်။ တစ်ခါသော် တမန်တော်သည် မက္ကာမြို့မှ မဒီနာမြို့

www.burmeseclassic.com



**MADINA** သို့ ရွှေ့ပြောင်းခဲ့ရသည်။ ထိုသို့ ရွှေ့ပြောင်းရာတွင် အစ္စလာမ်ဘာသာဝင်ထားသည့် မက္ကာမြို့သားတစ်စုလည်း ပါသည်။ ယင်းမက္ကာမြို့သားတို့နှင့် မဒီနာမြို့သားတို့ကို အုပ်စု တစ်စုတည်းဖြစ်အောင် မိုဟာမက်က ဖျောင်းဖျစည်းရုံးနိုင်ခဲ့ပါ သည်။ ထို့နောက် အစ္စလာမ်ဘာသာကို ဆန့်ကျင်ကြသော မက္ကာ မြို့သားတို့ကို အညှဲခံစေပြီး အစ္စလာမ်ဘာသာအတွင်း ကူးပြောင်း စေနိုင်သည့်အချိန်တွင် အလိုရှိသလို အပြစ်ဒဏ်ခတ်နိုင်စေကာမူ သည်းခံခွင့်လွှတ်ခဲ့ပါသည်။ ထိုသို့ ကရုဏာနှင့် ယှဉ်သော အသိ ပညာကြောင့်ပင် အစ္စလာမ်ဘာသာကို အစွန့်ရှည်အောင် လုပ်နိုင် ခဲ့ခြင်းဖြစ်၏။ သူသေလွန်ချိန်တွင် ရန်သူဟောင်းများဖြစ်ကြ သော မက္ကာမြို့သားအချို့သည် အစ္စလာမ်ဘာသာအပေါ် အမြင် ပြောင်းသွားကြသည်။ အစ္စလာမ်ဘာသာသည် မက္ကာကို ဖျက်ဆီးမည့်အရာမဟုတ်ရုံမက ကောင်းကျိုးချမ်းသာကိုပင် ပေး လိမ့်ဦးမည်ဟု နားလည်သွားကြသည်။ သို့ဖြင့် အတင်းအကျပ် ဘာသာပြောင်းပေးခြင်းခံခဲ့ရသော ကိုရိုက်လူမျိုးစုသည် အစ္စ လာမ်ဘာသာ ပြန့်ပွားရေးလုပ်ငန်း ၊ အစ္စလာမ်နိုင်ငံ၏ နယ်နိမိတ် ချဲ့ထွင်ခြင်းလုပ်ငန်းတို့တွင် ခြေပစ်လက်ပစ် ပါဝင်ဆောင်ရွက် ကြတော့သည်။ သို့ဖြင့် မိုဟာမက်ကွယ်လွန်ပြီးနောက်၌ အစ္စ လာမ်နိုင်ငံသည် အလျင်အမြန် နယ်ကျယ်လာပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ကိုရိုက်တို့၏ အရည်အချင်းနှင့် အတွေ့အကြုံတို့ ကြောင့်ဖြစ်ပါ၏။ သို့သော် ယင်းကိုရိုက်တို့ကို အစ္စလာမ်နိုင်ငံ၏ တာဝန်ထမ်းဆောင်ဖို့ စာရင်းသွင်းသည့် အလုပ်ကြီးကိုကား မိုဟာမက်က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကုန်ရောင်းကုန်ဝယ်အလုပ်တွင် ညှိနှိုင်းဆောင်ရွက်ခြင်း

www.burmeseclassic.com



လိုအပ်၏။ ကုန်ရောင်းကုန်ဝယ်အလုပ်ကို အတင်းအဓမ္မ လုပ်ယူ ၍မရ။ မိုဟာမက်၏ အမျိုးထဲ၌ အဓိကအကျဆုံး ကုန်သည်ကြီး နှစ်ဦးမှာ အဘူဆူဖီယန် (ABU SUFYAN) နှင့် သူ၏ ဇနီး ဟင် HIND တို့ဖြစ်သည်။ သို့နှင့် သူတို့၏သား မူအာဝီယာ (MUAWIYAG) သည် အစ္စလာမ်နိုင်ငံ အုပ်ချုပ်ရေးအဖွဲ့တွင် မိုဟာမက်၏ ပဥ္စမမြောက်ဆက်ခံသူ ဖြစ်လာသည်။ အူအာဝီယာ တွင် မိုဟာမက်၊ ဩဂတ်စတပ်၊ ဟန်လျူပင်တို့ ပြသခဲ့သည့် စနာစိတ်နှင့်ယှဉ်သော အသိပညာမျိုးရှိ၏။ ယင်းစွမ်းရည်ကို အသုံးချခြင်းဖြင့် မိုဟာမက်၏ စတုတ္ထမြောက် ဆက်ခံသူအလီ (ALI) ထက် အာရတ်လူမျိုးတို့၏ ထောက်ခံချက်ကို ပိုမိုရရှိခဲ့ သည်။ အာရတ်လူမျိုးတို့သည်ကား အစ္စလာမ်နိုင်ငံ၏ စစ်သား များဖြစ်လာအောင် အစ္စလာမ်ဘာသာက စုစည်းလိုက်သည့် သူများ ဖြစ်သည်။ ဒေါသကြီး၍ ခက်ထန်သော အာရတ်မျိုးစု တို့ကို မိမိအပေါ်မှာလည်း ကျေနပ်နေအောင်၊ သူတို့အချင်းချင်း လည်း သင့်မြတ်နေအောင်လုပ်ဖို့အတွက် လိုအပ်သည့် သည်းခံ စိတ်ရှည်မှုနှင့် နည်းပရိယာယ်တို့ကို မူအာဝီယာ ပိုင်ဆိုင်ထားပါ သည်။ အရှေ့ရောမအင်ပါယာအရှင် ပထမမြောက် အလက်ဇီယို (ALEXIOI) သည် ပထမခရူးစိတ်စစ်ပွဲတွင် ဂျေရုဆလင်သို့ ချီတက်ရန်အတွက် ကွန်စတန်တီနိုပယ်ကို ဖြတ်သန်းရာ၌ အနောက်တိုင်း ခရစ်ယာန်မှူးငယ် မတ်ငယ်ကလေးများကို ပိုင်ပိုင် နိုင်နိုင် ကိုင်တွယ်အုပ်ချုပ်ခဲ့သလိုမျိုးပင် မူအာဝီယာသည်လည်း ယင်းအာရတ်တို့ကို ကျွမ်းကျင်စွာ အုပ်ချုပ်နိုင်ခဲ့သည်။

အီဘရာဟင်လင်ကွန်း (ABRAHAM LINCOLN) သည် အလွန်စည်းကမ်းကြီးသူဖြစ်သည်။ သို့သော် အကင်းပါးပြီး

www.burmeseclassic.com



ပရိယာယ်ကြွယ်သူလည်းဖြစ်၏။ သူ၏ရည်မှန်းချက်မှာ တရားဝင်တည်ရှိနေသော ကျွန်စနစ်ကို ဖျက်သိမ်းပစ်ဖို့ဖြစ်သည်။ ပြည်နယ်အချို့တွင် ကျွန်စနစ်သည် တရားမဝင်တော့သော်လည်း ကျန်ပြည်နယ်အချို့မှာ တရားဝင်ဖြစ်နေသေးပါက အမေရိကန်ပြည်ထောင်စုကြီးအနေနှင့် နိုင်ငံရေးစည်းလုံးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည် မဟုတ်ကြောင်းကို သူ သိမြင်သဘောပေါက်နေပါသည်။ကျွန်စနစ် တရားမဝင်တော့သည့် ပြည်နယ်တို့တွင် လူထု၏ဆန္ဒမှာ ပြည်ထောင်စုကြီး မပြိုကွဲရေးသာဖြစ်၏။ ပြည်တွင်းစစ်ပင် ဖြစ်ရပါစေ ပြည်ထောင်စုကြီးဆက်လက်တည်တံ့အောင် ထိန်းသိမ်းရမည်ဟု ဆန္ဒပြင်းပြနေကြသည်။ သို့သော် ယင်းပြည်နယ်အတွင်းရှိ လူတို့သည် ကျွန်စနစ်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ကား တညီတညွတ်တည်း မဖြစ်ကြ။ ယင်းကိစ္စသည် နိုင်ငံရေးအရ အဟန့်အတားဖြစ်နေသောကြောင့်ဖြစ်သည်။ ဤအချက်ကို လင်ကွန်းသည် အသေအချာသဘောပေါက် သိမြင်နေသည်။ ထို့ကြောင့် ပြည်တွင်းစစ်ကြီးဖြစ်ပွားသည့်အခါ လင်ကွန်းသည် ပြည်ထောင်စုကြီးအားဆက်လက်ထိန်းသိမ်းဖို့ကို ထောက်ခံကြရန် စည်းရုံးပြောဆို၏။ ကျွန်စနစ်ဖျက်သိမ်းရေးကိစ္စအတွက် ဘာမှမလုပ်။ ပြည်ထောင်စုကြီးကို ဆက်လက်ထိန်းသိမ်းရေးအတွက် တိုက်ပွဲဝင်နေကြသည့်ပြည်နယ်များအတွင်း ကျွန်စနစ်ဖျက်သိမ်းရေးကိစ္စသည် အငြင်းပွားစရာအဖြစ်မှ ရပ်စဲသွားသည့်အခါမှသာ ကျွန်စနစ်ဖျက်သိမ်းရေးလှုပ်ရှားမှုတို့ကို လုပ်၏။ လင်ကွန်း၏ အကင်းပါးမှု၊ ကျွမ်းကျင်လိမ္မာမှုတို့သည် အမေရိကန်ပြည်ထောင်စုကြီး တည်တံ့ရေးကိုရော၊ ကျွန်စနစ် ဖျက်သိမ်းရေးကိုပါ စွမ်းဆောင်ပေး

www.burmeseclassic.com



နိုင်ခဲ့သည်။

နောက်ဆုံး အနေနှင့်ခေါင်းဆောင်အလုပ်ကို မလုပ်လိုကြသည့် ခေါင်းဆောင်တို့အကြောင်းကို သုံးသပ်ရပါဦးမည်။ ပထမဆုံးတပည့်ကြီးဖြစ်သူ ဘားနဒ် (BERNARD)သည် သူနှင့်ပူးပေါင်းပြီး သူ့နည်းတူ ဆင်းရဲခြင်းသတို့သမီးနှင့် လက်ထပ်လိုက်သည့်အခါ စိန့်ဖရန်စစ်သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိ၏။ သို့သော် သူ့ရည်ရွယ်ချက်မှာ အသင်းအဖွဲ့တစ်ခုခု ထူထောင်ဖို့မဟုတ်ပါ။ ယင်းမှာ ခရစ်တော်ကို အတုယူခြင်းဖြစ်သည်။ ခေါင်းဆောင်ဖြစ်လာသည့်အခါတွင်လည်း အမိန့်ပေးသည့် ဗိုလ်နေရာက မနေလိုဘဲ သာမန်စစ်သားကလေးနေရာကသာ နေလိုကြောင်း ပြောပါသည်။ ဖရန်စစ်၏ စံပြပုဂ္ဂိုလ်ဖြစ်သော ယေရှုခရစ်သည်လည်း ဂျူးလူမျိုးတို့က တမန်တော်အဖြစ် အရိုအသေပေးခြင်းကို လက်ခံသော်လည်း စစ်မက်လိုလားသော တမန်တော်မျိုးအဖြစ်ကိုမူ ငြင်းဆိုခဲ့သည်။ ထိုအချိန်အထိ ဂျူးလူမျိုးတို့ စိတ်ကူးမျှော်မှန်းခဲ့သည့် တမန်တော်မှာ စစ်မက်လိုလားသော တမန်တော်မျိုးသာဖြစ်သည်။

ယေရှုနှင့် ဖရန်စစ်တို့သည် အခွင့်လမ်းကောင်းကို ငြင်းပယ်ခဲ့လေသလား။ သူတို့သည် အခွင့်အလမ်းကို မိမိကိုယ်ကျိုးအလို့ငှာ အသုံးမချကြ၊ သို့သော် ထိုသို့ ကိုယ်ကျိုးမရှာ အခွင့်အရေးမယူခဲ့ခြင်းသည်ပင် သူတို့၏ ရည်မှန်းချက်များနောက်သို့ နောက်လိုက်သာဝကများ လိုက်အောင် လှုံ့ဆော်ပေးခဲ့သည်။ နည်းနည်းတော့ ဆုံးရှုံး၏။ သို့သော် များများကြီး အကျိုးရ၏။ ခရစ်ယာန်ဘာသာဝင်တို့သည် ခရစ်တော်များကားဖြစ်မလာကြ။ ဖရန်စစ်ဂိုဏ်းဝင်တို့သည်လည်း စိန့်ဖရန်စစ်များ

www.burmeseclassic.com



ဖြစ်လာကြ။ သို့တိုင် ခရစ်တော်နှင့် စိန့်ဖရန်စစ်တို့၏ စိတ်ဓာတ်အရှိန်အဝါသည် သူတို့အမည်ကို ဆောင်ထားသည့် ဘာသာရေးအသင်းတို့အား အသက်ဝင်နေစေ၏။ အခွင့်အလမ်းသည် လုံးလုံးလျားလျား ဆုံးရှုံးသွားသည်မဟုတ်ပါ။

ကြီးကျယ်မြင့်မြတ်မှုနှင့် အခွင့်လမ်းကောင်းတို့သည် တစ်ခုကိုတစ်ခု အမြဲလိုအပ်နေသည်ဟုသာ ကောက်ချက်ချရပါလိမ့်မည်။ သူတို့နှစ်ခု ပူးပေါင်းခြင်းသည် အသီးအပွင့်ဖြစ်ထွန်းလာစေပြီး တစ်ခုနှင့်တစ်ခု မပေါင်းဆုံမိပါမူ ဘာမှ အကျိုးမဖြစ်ထွန်းလာဘဲ မြုံနေလိမ့်မည်သာ ဖြစ်ပါ၏။

တွိုင်ဘီ

❁